
www.burmeseclassic.com

တက္ကသိုလ်
# တင်မြင့်



# ထွက်ပြေးနေသောလူတစ်ယောက်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## ထွက်ပြေးနေသော လူတစ်ယောက်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၉၀၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၃၉၁၀၀၈

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်တင်မြင့်

## ထွက်ပြေးနေသောလူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## အခန်း ၁

သူသည် မြေပြင်ကမ်းစပ်မှာပင် သူလွယ်ပိုးလာ
ည့် အလွန်လေးပုံရသော ကျောပိုးအိတ်ကြီးကို သစ်ပင်ရင်းတွင်
ချလိုက်သည်။

ပြီး သူ့ကျောပိုးအိတ်ကြီးကိုပင် ကျောမှီကာ ခြေနှစ်
က်ဆန့်တန်းထားပြီး အပန်းဖြေအညောင်းဖြေထိုင်နေလိုက်သည်။

ကျောမှီခြေဆန့်ရင်း လှမ်းမြင်နေရသော ကန်ကြီး၏
ပြင်ကို မျှော်ကြည့်လိုက်သည်။

ကန်ရေမှာ ကြည်လင်သောအသွင်ရှိသည်။

သူသည် တစ်ခဏနားပြီးမှ ထရပ်ကာ ကန်ရှိရာ
က်သို့ လျှောက်သွားသည်။ ခါးကိုင်းကာ ကန်ရေကို လက်ခုပ်တွင်
ယူပြီး ကြည့်ပြန်သည်။ လက်ခုပ်ထဲမှရေသည် သူ၏လက်ဝါးတွင်
နေသော လက္ခဏာအရေးအကြောင်းများကို မြင်ရသည်အထိ

www.burmeseclassic.com

www.burmeseclassic.com

ကြည်လင်သည်ကိုတွေ့ရသည်။

လက်ခုပ်ထဲမှရေကို သူ့ပါးစပ်တွင် မော့ငုံပြီး လျှာဖြင့် ရေ၏အရသာကိုခံမြည်းသည်။

မဆိုး။

ပကတိရေကောင်းရေသန့်၏အရသာပင်ရှိသည်။ ထုံးဓာတ်၊ ကန့်ဓာတ်၊ သံဓာတ် စသည့် ဓာတ်သတ္တုဘာမျှမပါသော ရေကြည်ဖြစ်နေသည်ကိုတွေ့ရသည်။

ဤရေကန်နှင့် မနီးမဝေးမှာပင် သူ စခန်းချတော့မည်ဟု ဆုံးဖြတ်လိုက်ပါ၏။

ကောင်းကင်ကိုမော့ကာ နေ၏အသွားအလာလမ်းကြောင်းကိုကြည့်မြန်ပြီ။ အရှေ့အနောက် တောင်မြောက် သူခွဲခြားနိုင်သည်။

နေသည် အနောက်ဘက်သို့ဆင်းနေပေပြီ။

သူ လက်ပတ်နာရီကိုကြည့်လိုက်ရာ ညနေ လေးနာရီခွဲခန့် နာရီအိမ်မြောင်အတိုအရှည်က ညွှန်ပြနေသည်။

သူသည် ကျောပိုးအိတ်ကြီးကိုဖွင့်လိုက်သည်။ အိတ်ကြီးထဲမှ ပလတ်စတစ် ယာယီတဲ ကင့်(ပ်)ထုပ်ကြီးကိုထုတ်ယူလိုက်သည်။ တစ်ဆက်တည်းပင် ပလတ်စတစ်ဘူးဖြင့် ထည့်ထားသော လက်သမားကိရိယာဘူးကိုထုတ်ယူသည်။

သူစခန်းချပြီး တစ်မိုက်ကို ခုတ်ထွင်ရှင်းလင်းသည်။ ထို့နောက် သူနေရန် ပလတ်စတစ်ယာယီတဲထိုးလိုက်တော့သည်။ သူတဲထိုးရာနေရာသည်မြေမာကျောက်စရစ်မြေမှိုအဆင်ပြေသွားသည်။

BURMESE CLASSIC



အားလုံး တဲထိုးကိစ္စပြီးသည်နှင့် တဲထဲတွင် အိပ်ရာလိပ်ခင်းပြီးနောက် ဘောင်းဘီတိုနှင့်ပင် ကိုယ်တုံးလုံး ကန်ထဲဆင်း ရေစိမ်ရေချိုးတော့သည်။

ကန်ရေက အေးစိမ့်ကြည်လင်နေသည်မို့ သူတစ်နေ့လုံးပင်ပန်းခဲ့သမျှ အပန်းပြေသွားသည်။

ရေချိုးပြီး တစ်ကိုယ်လုံးမျက်နှာသုတ်ပဝါဖြင့် သွေ့ခြောက်စေပြီး အဝတ်အစားလဲလိုက်သည်။ အဝတ်ဟောင်းတွေကို ကျောပိုးအိတ်ထဲပြန်ထည့်ထားလိုက်သည်။

ညစာအတွက် အသားဘူးကိုဖောက်သည်။ ပေါင်မုန့်ခြောက်နှင့်စားသည်။ စားသောက်ပြီး အနီးအနားတွင် သစ်ကိုင်းခြောက်တွေလိုက်ကောက်ပြီး မီးဖိုလိုက်သည်။

သူ့တွင် ကော်ဖီထုပ်တွေ အများကြီးပါသည်။ စစ်သည်များဆောင်လေ့ရှိသော သံရေဘူးလည်းပါသည်။ သံရေဘူးတွင် ရေထည့်ပြီး မီးဖိုတွင် တန်းပစ်ဆွဲချိတ်ပြီး ရေနွေးရသည်နှင့် ကော်ဖီထုပ်ဖောက်ပြီး ပလတ်စတစ်ခွက်နှင့်ကော်ဖီသောက်တော့သည်။

အပန်းလည်းပြေပြီ၊ ဗိုက်လည်းဝပြီ။

အတန်ငယ်မှိုးချုပ်သွားပြီမို့ သူနှင့်သိပ်မဝေးသော ရွာမှ မီးထွန်းထားသည်ကို လှမ်းမြင်ရသည်။

သူသည် သူယခုရောက်ရှိနေသော တောကန်သည် ဘာတောကန်မှန်းမသိ။ ဟိုခပ်လှမ်းလှမ်းတွင် အိမ်တွေမီးထွန်းထားသည်ကို လှမ်းမြင်စေကာမူ ရွာတစ်ရွာပေလား၊ မြို့ငယ်တစ်ခုပေလားလည်း သူမသိ။

www.burmeseclassic.com

www.burmeseclassic.com



ရွာကြီးတစ်ရွာပဲဖြစ်ဖြစ် မြို့ငယ်တစ်ခုပဲဖြစ်ဖြစ် ထိုနေရာသည် ယခုပုံနှိပ်ထုတ်ဝေရောင်းချနေသော မြန်မာပြည်မြေပုံထဲတွင် ရှာမတွေ့နိုင်၊ မပါသေးနိုင်ဟု သူတွက်ချက်သည်။

ယနေ့ခေတ်တွင် နိုင်ငံတော်အစိုးရက မြို့အသစ်တွေ တိုးချဲ့ရွာတွေ အများအပြားဆောင်ရွက်နေသည်ဖြစ်ပါ၏။

သူသည် မြို့ကိုပဲဖြစ်ဖြစ် ရွာကိုပဲဖြစ်ဖြစ် သေချာအကဲခတ် မလေ့လာဘဲ မြို့ထဲရွာထဲ ချက်ချင်းဖြောင်ဝင်ရောက်သွားရဲသူတစ်ဦးမဟုတ်ပါလေ။

သူသည် ရာဇဝတ်မှုမကင်းခဲ့သူတစ်ဦးဖြစ်နေပါ၏။ သူ့ကိုယ်သူ ကိုယ်ယောင်ဖျောက်နေရသူဖြစ်ပါ၏။

သူသည် ခပ်လှမ်းလှမ်း၌မြင်ရသော မီးရောင်များကိုကြည့်ကာ ထိုမီးရောင်များရှိရာသို့ လျှောက်လာခဲ့သည်။

နှစ်ဖာလုံနီးပါးခန့်တော့ရှိမည်။

သူသည် တောတန်းထဲမှထွက်ကာ ရွာစွန်အဖျားနေရာသို့ ရောက်လာသည်။

သစ်ပင်ကြီးများ၏ အရိပ်ကျအမှောင်များမှတစ်ဆင့် ရွာစွန်ထိပ်အိမ်၏ခြံမြေထဲသို့ သူဝင်ရောက်လိုက်သည်။

ခြံမြေသည် ကျယ်ဝန်းပါ၏။

ခြံကြီး၏ ရှေ့ပိုင်းလက်ျာဘက်တွင် သပ်ရပ်ခိုင်မာစွာဆောက်လုပ်ထားသော တစ်ထပ်အိမ်ရှိသည်။ ပျဉ်ထောင်သွပ်မိုးအိမ်ဖြစ်ပေသည်။

ငါးပင်လေးခန်းအိမ်မို့ သေးသောအိမ်မဟုတ်။



အနည်းဆုံး အိပ်ခန်း(၃)ခန်းပါရှိနိုင်သည်။

ထိုအိမ်၏နောက်ဘက်ပိုင်းတွင် မီးခိုးအခေါင်းတိုင်ကြီးရှိသော မြေစိုက်သွပ်ကာအဆောက်အဦကြီးတစ်ခုရှိသည်။

စက်ရုံတစ်ခုဖြစ်နိုင်ပါ၏။

စက်ရုံကြီးနှင့်တွဲလျက် အပြိုင်လာတင်ထားသော စင်မြင့်ကြီးကိုလည်းတွေ့ရသည်။

လည်ပတ်နေသော စက်ရုံဆိုလျှင် ဘွိုင်လာကိုမီးထိုးထားရမည်။ စက်ရုံခေါင်းတိုင်မှ မီးခိုးများထွက်နေရမည်။ ယခုဘွိုင်လာမီးမထိုး၊ အခေါင်းတိုင်မီးခိုးမထွက်သောကြောင့် စက်ရုံရပ်ဝိတ်ထားသော စက်ရုံဖြစ်မည်။

ဆန်စက်ပေလား။

ဆီစက်ပေလား။

စက်ရုံနှင့်တွဲလျက်သား ဂိုဒေါင်ကြီးတွေလည်းရှိပေသည်။ ကုန်ကြမ်း၊ ကုန်ချောလှောင်သောဂိုဒေါင်ကြီးများဖြစ်ပေမည်။

သူသည် ရပ်ခါမီးလင်းနေသောအိမ်ကြီးကို အတန်ကြာ ငေးကြည့်အကဲခတ်နေပါ၏။ အိမ်ထဲ မီးအလင်းရောင်ပင် မှန်ပြတင်းပေါက်များမှ အိမ်အတွင်းသို့မြင်နေရပေသည်။

စက်ရုံပိုင်ရှင်အိမ်မို့ထင်ပါ၏။

ခေတ်မီအဖိုးတန်အိမ်ထောင်ပရိဘောဂများထားရှိသည်ကိုတွေ့ရသည်။

ဆိုဖာဆက်တီကုလားထိုင်စားပွဲများ ရှိုးကေ့(စ်)မှန်

www.burmeseclassic.com



ဗီရိုများ၊ ပြတင်းပေါက်တိုင်းတွင် ဇာခန်းဆီးလှလှလေးများတပ်ဆင်ထားသည်ကိုတွေ့ရသည်။

သူက အိမ်ထဲသို့ငေးကြည့်နေစဉ်မှာပင် အိမ်ကြီးထဲ၌ အမျိုးသမီးတစ်ဦးလှုပ်ရှားသွားလာသည်ကိုတွေ့ရပြန်သည်။

မီးဖိုဘက်မှ ညနေခန်းဘက်သို့ထွက်လာသည်ကို ပြေ့ရခြင်းဖြစ်ပါသည်။

မီးရောင်အောက်မှာပင် ယင်းအမျိုးသမီးသည် မိန်းမချော မိန်းမလှတစ်ယောက်ဖြစ်နေသည်ကို သူမြင်ရသည်။

အမျိုးသမီး အသက်မှာ အသက်(၂၅)နှင့် (၂၆) လောက်ဟု ခန့်မှန်းသည်။

ညပိုင်း သူမ၏အိမ်တွင် သူမဘာသာဝတ်ဆင်ထားသည်မို့လားမသိ ပွင့်ရိုက်ဘလောက်(စ်)အင်္ကျီတစ်ထပ်တည်းနှင့် တရုတ်ပွင့်ရိုက်ထဘီတစ်ထပ်တည်း ဝတ်ထားဟန်တူသည်။

မီးရောင်၏ ထွက်နေသည့်အလင်းတွင် လှုပ်ရှားလမ်းလျှောက်သည်မို့ တစ်ထပ်တည်းပါးလွှာသောအင်္ကျီထဘီများကို မီးရောင်ထွင်းဖောက်သောကြောင့် သူမ၏ကိုယ်ထည် ပေါင်တံစသည်တို့၏ပုံရိပ်ကိုမြင်ရသောကြောင့် တစ်ထပ်တည်းသောအင်္ကျီထဘီဝတ်ထားသည်ဟု သိသာစေခြင်းဖြစ်ပေသည်။

ဆံပင်အုံကောင်းသည်၊ ရှည်လျားသည်ကို တစ်ပတ်လျှိုထုံးကာ မြင်းမြီးလိုနောက်ကျောတွင် တွဲလောင်းချထားသည်။ မည်းနက်တောက်ပသော ဆံပင်ဖြစ်ပါ၏။

ခပ်လှမ်းလှမ်းအပြင်ဘက်မှ မြင်ရသည်ပင် တော်ကြည့်ကောင်းသောအမျိုးသမီးဖြစ်နေပါ၏။



သူသည် ကြည့်မြဲကြည့်နေသည်။

အိမ်ထဲမှ အမျိုးသမီးသည် ညနေခန်းမှတစ်ဖန် ရေချိုးခန်းသို့ဝင်သွားသည်ကို တွေ့ရပြန်သည်။ ညနေခန်းတွင် (၁၅)တိုင်အားမီးလုံးသေးသေးထွန်းပြီး မီးချောင်းကိုပိတ်လိုက်ပြီးမှ ရေချိုးခန်းကို ဝင်သွားခြင်းဖြစ်သည်။

တချို့အမျိုးသမီးတို့သည် အိပ်ရာဝင်ခါနီး ရေချိုးသန့်စင်ပြီး ဝင်တတ်သောအကျင့်ရှိတတ်ပါ၏။

သူမ၏ရေချိုးခန်းတံခါးမှာ မှန်နောက်တပ်ဆင်ထားသောကြောင့် ရေချိုးခန်းမီးဖွင့်ချိုးရာတွင် သူမ၏ပုံရိပ်အမည်းရောင်ပေါ်ထွက်နေသည်ကို တံခါးမှန်နောက်တွင် ပုံရိပ်ပေါ်နေပါ၏။

အရပ်အမောင်း၊ လက်တံ၊ ခြေတံ၊ ရင်၊ တင်၊ ခါးတို့ အချိုးကျပြေပြစ်ကျော့ရှင်းသော အမျိုးသမီးတစ်ဦးပါပေ။

သူသည် ထိုအိမ်ဘက်ဆီသို့ တိုးလျှောက်လာခဲ့သည်။ ပိတ်ထားသောဝင်ပေါက်တံခါး ပိတ်ထားသည်ကို တွန်းကြည့်ရာ အတွင်းဂလန့်မထိုး သော့မပိတ်ထားသေးကြောင်း ... အလွယ်ပင် တံခါးပွင့်သွားရ၏။

ခြေသံမကြားအောင် ဖော့နင်းရင်း သူအိမ်ထဲသို့ ဝင်လာခဲ့သည်။

သူသည် နဂိုထဲက မျက်စိအားကောင်းပြီး မျက်စိလည်းလျင်သူမို့ (၁၅)ဝပ်ရောင်မီးစိမ်းလုံးအရောင်ဖြင့်ပင် အိမ်အတွင်း အရာရာကိုမြင်နိုင်စွမ်းရှိပေသည်။

အိမ်ထဲသို့ သူတိတ်တဆိတ်ဝင်လာသည်မှာ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုသောမကောင်းမှုတစ်ခုကိုမှ လုပ်လိုသောကြောင့် ဝင်ရောက်လာခြင်းမျိုးမဟုတ်ပါလေ။ တောတန်းထဲတွင် မိမိစခန်းချထားသောနေရာနှင့် အနီးဆုံးရွာစွန်အိမ်ဖြစ်သောကြောင့် လေ့လာရန်သဘောသက်သက်ရှိပါ၏။

ဧည့်ခန်း၊ အိပ်ခန်း (၂)ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ ရေအိမ် စသည်များ သူ့နေရာနှင့်သူ သပ်ရပ်စွာဖွဲ့စည်းထားသည်။

ထမင်းစားခန်းထဲရှိ ရေခဲသေတ္တာမှာ လူတစ်ရပ်ကိုတံခါးဖွင့်ကြည့်သည်။

ဘီလပ်ရည်ပုလင်းများ၊ နွားနို့ပုလင်းများ၊ ထောပတ်ဘူး၊ နို့ဆီ၊ ပလတ်စ်တစ်အိတ်နှင့်ထုပ်ထည့်ထားသော ကြက်သားစိမ်းထုပ် စသည်များတွေ့ရသည်။

ဤအိမ်ရှင်သည် အထိုက်အလျောက် ငွေကြေးပြည့်စုံသူ တစ်ဦးဟု သူခန့်မှန်းပါ၏။

အိပ်ခန်းနှစ်ခန်းတွဲလျက်သားဆီသို့ သူလျှောက်သွားပြန်သည်။

ပထမ အိပ်ခန်းကို သူ တံခါးဖွင့်ကြည့်သည်။

ပွင့်သွားပါ၏။ အထဲတွင် နှစ်ပေမီးချောင်းထွန်းထားသည်မို့ အားလုံး မြင်တွေ့နိုင်သည်။

တစ်ယောက်အိပ်ခုတင်၊ စာကြည့်စားပွဲ၊ အဝတ်ဗီရိုမှန်တင်ခုံ မီးခံသေတ္တာ စသည်တို့ကိုတွေ့ရသည်။

မှန်တင်ခုံပေါ်တွင် ရှိသမျှပစ္စည်းအားလုံးသည်အမျိုးသမီးအလှပြင်ပစ္စည်းတွေချည်းသာ ဖြစ်သည်။ အမျိုးသမီး၏



အခန်းဖြစ်ပေမည်။ သူသည် တံခါးကိုငြင်ငြင်သာသာပြန်ပိတ်သည်။

တွဲလျက်သား ဒုတိယအိပ်ခန်းကို သူဖွင့်ကြည့်ပြန်သည်။

အိပ်ခန်း၏ နံရံကပ်တစ်ဘက်စီတွင် တစ်ယောက်အိပ်ခုတင်လေးကိုယ်စီဖြင့် အိပ်နေသော ကလေးနှစ်ယောက်ကိုတွေ့ရသည်။

ညာဘက်နံရံတွင် အိပ်နေသော ကလေးမှာ ... အသက်(၈)နှစ်ခန့်အရွယ် ယောက်ျားလေးဖြစ်ပါ၏။ ရင်ဘတ်ထက်ပွမ်းဆောင်အနားဖုံးအုပ်ထားသည်မို့ ချာတိတ်၏မျက်နှာလေးကိုသူတွေ့ရသည်။

အသားလည်းဖြူ၊ မျက်ခုံးကောင်း၊ နှာတံပေါ်ဖြင့်ချစ်စရာကောင်းသောရုပ်ရှိသည့်ချာတိတ်ပါပေ။

လက်ဝဲဘက်နံရံကပ်ခုတင်မှ ကလေးကိုကြည့်ပြန်သည်။ ချာတိတ်မလေးဖြစ်ပါ၏။ ဂျပန်ဆံထောက်လေးနှင့်ဖြစ်သည်။ ဟိုဘက်ချာတိတ်ထက် အသက်ပိုငယ်သည်။ (၆)နှစ်ခန့်ရှိ၏။ သည်ချာတိတ်မလေးကလည်း မျက်နှာပေါက်ခြင်းဆင်သဖြင့်မောင်နှမမှန်းသိသာ။

ရေချိုးခန်းဆီမှ ရေကျသံ၊ ရေလောင်းသံမကြားတော့ပြီမို့ သူသည် ချာတိတ်နှစ်ယောက်ခန်းမှထွက်လာကာဧည့်ခန်းဖြတ်ပြီး တံခါးဖွင့်ဆင်း ပြန်လျှောက်သွားလေတော့သည်။

"ပို့ပို့ ... ပို့ပို့ ... ညီမလေးထစမ်း ... "

"အင် ... အာ ... ကိုတိုတိုးကလည်း ဘာလုပ်မလို့လဲ"

"ထ ... ထ ... ညီမလေးထပြီး ဟောဒီပြတင်းပေါက်ကနေ

www.burmeseclassic.com

www.burmeseclassic.com



အပြင်ကိုလှမ်းကြည့်စမ်း ... မြန်မြန်ထကြည့် ညီမလေး ငါပြမယ် ...”

ပို့ပို့ဆိုသည့်ချာတိတ်မလေးသည် သူမ၏ကိုကိုတိုးက ဖွတ်ပြောနေသဖြင့် ကိုကိုတိုးလက်ညှိုးထိုးပြရာသို့ မှန်ပြတင်းမှ လှမ်းကြည့်သည်။

“လူကြီးတစ်ယောက် လမ်းလျှောက်သွားတာပဲ ပို့ပို့မြင်တယ်”

“အဲဒီလူကြီးကိုပဲ ငါကပြတာပဲညီမလေး ...”

“ဘာလို့ပြတာလဲ ...”

“ခုနက အဲဒီလူကြီး တို့အိမ်ထဲရောက်နေတယ် ... တို့အိပ်ခန်းတံခါးကိုဖွင့်ပြီး တို့နှစ်ယောက်ကို သူသေချာကြည့်တယ်၊ ငါကြောက်လိုက်တာ ပို့ပို့ရာ ... ငါအိပ်ချင်ဟန်ဆောင်ပြီး လှုပ်တောင်မလှုပ်ရဲဘူး ... ငါသိပ်ကြောက်လို့ ချွေးတွေတောင် ထွက်နေတယ် ... ဒီမှာ စမ်းကြည့်ပို့ပို့ ...”

ညီမလေးပို့ပို့က ကိုကိုတိုးဝတ်ထားသော စွပ်ကျယ်အင်္ကျီကို သူမလက်ဖြင့် စမ်းကြည့်သည်။

“ဟုတ်တယ်နော် ... ကိုကိုတိုးအင်္ကျီမှာ ချွေးတွေရွှဲနေတယ်၊ ဒါဆို မာမာကောဟင် ... မာမာကောကိုကိုတိုး”

“မာမာ့ရေချိုးခန်းထဲဝင်နေတုန်း ဒီလူကြီးဝင်လာတာဖြစ်မှာပေါ့ ... လာ ... ပို့ပို့ ... မာမာ့ဆီ တို့သွားပြီးပြောရအောင်”

“ဟင့်အင်း ... ပို့ပို့ကြောက်တယ် ... အပြင်မထွက်ရဲဘူး”

“လာပါ လူကြီးကသွားပြီပဲဟာ ... လာ ... ကိုကိုတိုးလက်



ကိုဆွဲပြီး လိုက်ခဲ့ ... မာမာ့ဆီသွားမယ် ...”

မောင်နှမနှစ်ယောက် လက်ဆွဲပြီး အပြင်သို့ထွက်လာကြသည်။

ရေချိုးခန်းမှထွက်လာသော အမျိုးသမီးက မျက်နှာသုတ်ပဝါအကြီးစားကို ရင်အထက်ထိပတ်ပြီး ဒူးဆစ်ဖုံးအထိ မျက်နှာသုတ်ပဝါအနားကျနေပါလေ၏။

“ဟယ် ... တိုးတိုးနဲ့ပို့ပို့ မအိပ်ကြသေးဘူးလား ... သားနဲ့သမီးကို မေမေသိပ်ခဲ့လို့ အိပ်ပျော်နေပြီပဲဟာ ... ဘာလို့ထွက်လာကြပြန်တာလဲကွယ် ...”

“မာမာ သိပ်ခဲ့လို့ တိုးတိုးရော ညီမလေးပါ အိပ်ပျော်သွားပြီးပါပြီမာမာ ... ဒါပေမဲ့ ဒီအိမ်ထဲကို လူကြီးတစ်ယောက်ဝင်လာတယ်မာမာရဲ့ ...”

“ဟုတ်လား ... ကိုစောဦးများလား ... သူလာရင်လည်း မော်တော်ကားနဲ့ဖြစ်ဖြစ် မော်တော်ဆိုင်ကယ်နဲ့ဖြစ်ဖြစ်လာတာပဲဟာ ... မာမာ ... ကားသံဆိုင်ကယ်သံမကြားမိပါလား ...”

“ဦးစောဦးကြီးမဟုတ်ဘူး မာမာ ...”

“အယ် ... ဒါဆိုမဟုတ်တာ ... မာမာတို့အိမ်ကို လာတတ်တာ ဦးစောဦးပဲရှိတာ ...”

“ပို့ပို့လှမ်းမြင်တာလည်း ဦးစောဦးကြီးမှ မဟုတ်တာမာမာ”

အမျိုးသမီးမျက်မှောင်ကြုတ်မိသည်။

အကြီးကောင် တိုးတိုးသည် အသက်(၈)နှစ်ရှိရုံမကေ ပါးနုပ်သောကလေးမို့ သူ၏ဦးနှောက်လေးမှာ အသိကြွယ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နဂိုမွေးစီဇကိုကလည်း ဉာဏ်ကောင်းထက်မြက်သူလေးဖြစ်ပါ၏။

တိုးတိုးနှင့် ပို့ပို့တို့၏ ဖေဖေသည် လွန်ခဲ့သော တစ်နှစ်ခွဲက ရုတ်တရက် ဆုံးသွားပြီးနောက် အမျိုးသမီးသည် ဘာမဆို သားကြီးတိုးတိုးအား တိုင်ပင်လေ့ရှိသောကြောင့် အိမ်ကိစ္စနှင့်ပတ်သက်ပြီး သေဆုံးသွားသော ဖခင်ကိုယ်စား သူ့ဟာသူဘာဝပေး အသိကြွယ်တာလေးတွေလည်းရှိနေသည်။

အငယ်မလေး ပို့ပို့ကတော့ ဖခင်ဆုံးချိန်က လေးနှစ်သမီးသာသာလေးသာရှိသေးသောကြောင့် ဘာကိုမှ သဲသဲကွဲကွဲ မသိရှာသေးဘဲ အစ်ကိုတိုးတိုး၏ နောက်လိုက်အနေနှင့်သာရှိပေသည်။

သားကြီးတိုးတိုး စကားပြောတတ်စအရွယ်က မိခင်နှင့်ဖခင်ကို ဒက်ဒီဟုလည်းကောင်း မာမီဟုလည်းကောင်း ခေါ်ရန် သင်ပေးခဲ့ရာ ကလေးငယ်ဘဝမို့ သင်ပေးသည့်အတိုင်း စခေါ်တတ်ပဲ၊ ဖခင်ကို ဒီဒီဟုခေါ်သည်။ မိခင်ကို မာမာဟုသာခေါ်တတ်သည်။

ယခုကြီးလာတော့လည်း နှုတ်ကျိုးနေသည့်အတိုင်း ဒီဒီ မာမာဟုသာခေါ်တော့သည်။

အကြီးကောင်ခေါ်သလိုပင် အငယ်မလေးပို့ပို့ကလည်း ဒီဒီ မာမာဟုပင် ခေါ်ဆိုနေကြခြင်းဖြစ်ပါသည်။

"ဒါဆို ... သားပြောတဲ့လူကြီးတစ်ယောက်ဆိုတာ ဘယ်သူဖြစ်နိုင်မှာလဲသားလေးရယ် ... ကေန္တ သားအိပ်မက်တွေ ပေါက်ကရမက်ပြီး ရုတ်တရက်လန့်နိုးတော့ အိပ်မက်ကို တကယ်ထင်နေတာဖြစ်မှာပေါ့ ..."

"ဟာ ... မာမာကလည်း တိုးတိုး မျက်စိနဲ့တပ်အပ်မြင်တာ



ကြီးပဲဟာ ... နော်ညီမလေး ..."

"ဟုတ်တယ်မာမာ ... ပို့ပို့လည်း ဒီလူကြီးကို မြင်တာပဲ"

"ကဲ ... ဒါဆို ... အဲဒီလူကြီးရဲ့ ပုံပန်းသဏ္ဍာန် မာမာ့ကိုပြောပြစမ်းတိုးတိုး ..."

မေးမြန်းပြောဆိုရင်း မျက်နှာသုတ်ပဝါရင်လျားနှင့်မို့ အမျိုးသမီးသည် သူမ၏အိပ်ခန်းသို့လျှောက်ဝင်သွားသည်။

တိုးတိုးနှင့်ပို့ပို့က မီးရထားခေါင်းတွဲနောက်က တွဲများပမာ တန်းစီလိုက်ပါသွားသည်။ ပြီး တိုးတိုးက ပြောပြသည်။

"အဲဒီလူကြီးက ... ဒီဒီ့အရွယ်လောက်ရှိပြီ ... အရပ်ရှည်တာလည်း ဒီဒီလောက်ပဲ ... ဒါပေမဲ့ ကိုယ်လုံးကိုယ်ထည်ကျတော့ ဒီဒီထက်ပိုပြီးကြီးမားတယ် ... ဒီဒီလို ဗိုက်မပူဘူး ... အဲဒီလူကြီးက ဒီဒီထက်ပိုကြည့်ကောင်းတယ် ... မျက်နှာကလည်း ဒီဒီထက်ပိုချောတယ် ..."

အမျိုးသမီးသည် သဘက်ကြာစ်ထည်ယူဝတ်ပြီးမှ မျက်နှာသုတ်ပဝါအပတ်ကို ခွာလိုက်ကာ ဘဘီကိုရင်လျားသည်။

မီးပူထိုးပြီးသား အဖြူရောင်လောက်(စ်)အင်္ကျီကို ရင်လျားပေါ်မှာပင် ထပ်ဝတ်ပြီးမှ ရင်လျားထဘီကိုဖြုတ်ကာ ပုံမှန်ခါးတွင်ပြင်ဝတ်သည်။ ပြီးနောက် မှန်တင်ခုံကုလားထိုင်တွင်ဝင်ထိုင်ပြီး ဘီးနှင့်၊ ဘရပ်(ရှ်)နှင့် သူမ၏အုံကောင်းရှည်လျားမည်းနက်သောဆံပင်ကိုဖြီးသည်။ ရှင်းသည်။

"တိုးတိုးရော ပို့ပို့ရော ... သေချာ ဒီလူကြီးကိုမြင်တာပါဆိုရင်တော့ မာမာတို့ အိမ်ထဲသူခိုးဝင်တာဖြစ်နိုင်နေတယ် ... လာ ... မာမာတို့အိမ်ထဲက ဘာပစ္စည်းတွေပျောက်သွားသ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ စစ်ဆေးကြည့်ရအောင် ...”

“စစ်မနေနဲ့မာမာ ... ဒီလူကြီးလက်ထဲမှာ ဘာမှပါမသွားတာ တိုးတိုးသေချာမြင်တာ ...”

“သူခိုးမဟုတ်ရင် ဘာလို့အိမ်ထဲဝင်သလဲကွာ ...”

“သူတော်ကောင်းသူခိုးမို့ ဘာမှယူမသွားတာဖြစ်မှာပေါ့မာမာ”

သားပြောပုံကိုသဘောကျပြီး အမျိုးသမီးရယ်သည်။

အမျိုးသမီးက သားကြီးနှင့်သမီးငယ်ကို သူတို့အိပ်ခန်းသို့ ပြန်ခေါ်ခဲ့ပြီး ခုတင်ကိုယ်စီတွင် ပြန်အိပ်စေရင်း မအိပ်မီ ပြောနေကျထုံးစံအတိုင်း ပုံပြောပြသည်။

အမျိုးသမီးသည် သားနှင့်သမီးအား ဒဏ္ဍာရီပုံပြင်မျိုး ဘယ်တော့မှမပြော။

အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ အလောင်းမင်းတရားကြီး၊ ရှိတ်စပီးယား၊ ဒေးကာနယ်ဂျီ စသည့် ဘုရင်ကောင်းများ၊ မဟော်သဓာ စသည့်ပညာရှိကြီးများအကြောင်းကို စိတ်ဝင်စားအောင် ပုံပြင်သဖွယ်ပြောပြလေ့သာရှိသည်။ ယခု စစ်သူကြီးမဟာဗန္ဓုလအကြောင်းပြောရင်း သားနှင့်သမီးကို အိပ်ပျော်စေပါ၏။

✡✦✡



## အခန်း ၂

မြို့သစ်မြို့၏ ရဲစခန်းမှ ဒုရဲအုပ် ကိုစောဦးသည် ရဲယူနီဖောင်းဝတ်စုံကို သေသပ်ကျနစွာဝတ်ပြီး ရဲကားကိုကိုယ်တိုင်မောင်းကာ ရဲစခန်းမှ ထွက်လာခဲ့သည်။

မြို့သစ်မြို့၏ မြောက်ဘက်ပိုင်းအစွန်တွင် တည်ရှိသော ခြံကျယ်ကြီးတစ်ခုထဲသို့ မောင်းဝင်လာသည်။

ခြံကျယ်၏အလယ်တွင် ခေတ်မီလှပသော တစ်ထပ်တိုက်အိမ်လေး၏ပေါ်တီကိုအောက်တွင် သူ၏ရဲကားကို ရပ်လိုက်သည်။ ပြီး တိုက်အိမ်လေးထဲသို့ဆင်းပြီး ဝင်ရောက်လိုက်သည်။

“ဟော ... လာ ... ကိုစိုးဦး ... အခုပဲ မောင်ရင့်အကြောင်း ဟောဒီလူ့ငဘွားကပြောနေတုန်း မောင်ရင်ရောက်လာတာပဲ ... မောင်ရင်အသက်ရှည်ဦးမယ် ...”

တိုက်အိမ်လေး၏ဧည့်ခန်းဆိုဖာဆက်တီတွင် ဖင်

www.burmeseclassic.com

www.burmeseclassic.com



မြုပ်အောင်ထိုင်နေသူနှစ်ဦးရှိပါ၏။

တစ်ဦးမှာ ဉပဒိရပ်ကောင်းပြီး အသားဖြူဝဖိုင့်သော အသက်(၅၀)ခန့် ပုဂ္ဂိုလ်ကြီးနှင့် နောက်တစ်ဦးမှာ အသက်(၃၅)ခန့်ရှိ ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းလူရွယ်ဖြစ်ပါ၏။

ဖြူခန့်ဝပုဂ္ဂိုလ်ကြီးမှာ ဦးသိဒ္ဓိဖြစ်ပြီး ကျန်လူရွယ်မှာ ကိုလှိုင်ဘွားဆိုသူဖြစ်ပေသည်။

ကိုလှိုင်ဘွားသည် ဦးသိဒ္ဓိ၏လူယုံတပည့်ကြီးဖြစ်ပေတော့သည်။

"ဒီကို တမင်ဝင်လာတာပဲ ဦးသိဒ္ဓိ ... ကျွန်တော် အခု ယင်းတိုက်ရွာကိုသွားမလို့ ... ဦးသိဒ္ဓိဘာမှာချင်သေးသလဲ ဆိုတာ ဝင်မေးတာ ..."

ကိုလှိုင်ဘွားကဝင်ပြောသည်။

"ဘာလဲဗျ ကိုစောဦး ... ယင်းတိုက်ရွာကို ရွေးစွန်ညိုကြီး မဒွေးလိုလို့သွားဝဲမှာပဲမဟုတ်လား ..."

ကိုစောဦးက ဘာမှမပြောသေးမီ ဦးသိဒ္ဓိက သူ့တပည့်လှိုင်ဘွားကို ပြန်မေးလိုက်သည်။

"ဘာလဲကွလှိုင်ဘွား ... ကိုစောဦး ယင်းတိုက်ရွာကိုသွားမယ်ဆိုတာ အဲဒီရွာက မုဆိုးမလေး မခင်နှောင်းကို ရွေးစွန်ညိုသွားဝဲတာလို့ ဆိုလိုတာလား ..."

"ဒါပေါ့အာစရိ ... ကိုစောဦးက မခင်နှောင်းကိုဝဲနေတာကြာပြီပဲ ... လွန်ခဲ့တဲ့လေးငါးလလောက်ကတည်းကပေါ့"



ဦးသိဒ္ဓိက သူ့ပေါင်ကြီးကြီး၊ သူ့လက်ဝါးဖြင့် ပုတ်လိုက်ရင်း ...

"ဟာ ... ဒါဆို ဟန်ကျတာပေါ့ ... ကိုစောဦးနဲ့မခင်နှောင်း ဖြစ်မြောက်သွားရင် တို့ရဲ့ ယင်းတိုက်ရွာမှာ ဟိုတယ်တည်ဆောက်ရေးကိစ္စ ပိုပြီးအဆင်ပြေသွားမှာပေါ့ ... အခုလောလောဆယ်မှာတော့ အဲဒီမုဆိုးမလေး မခင်နှောင်းက ခေါင်းမာလွန်းနေတယ်လေကွာ ..."

ဦးသိဒ္ဓိသည် တကယ့်စီးပွားကျားကြီးဖြစ်သည်။ ယင်းတိုက်ရွာတွင် ဟိုတယ်ကြီးတစ်ခုတည်ဆောက်ရေးအတွက် သက်ဆိုင်ရာမှ ဝါမစ်ရပြီးဖြစ်ပါ၏။

သို့သော် ဟိုတယ်တည်ဆောက်ဖို့အတွက် မြေနေရာ အခက်အခဲရှိနေသည်။ ဦးသိဒ္ဓိလိုချင်သောမြေမှာ မုဆိုးမလေး မခင်နှောင်း၏ခြံမြေဆန်စက်ဂိုဒေါင်တည်ရှိရာနေရာကိုရော၊ မခင်နှောင်းမြေနှင့် ခြံခြင်းက တွဲလျက်ရှိနေသော ဦးချစ်မောင်၏ လုပ်ငန်းမြေနေရာကိုရော ဦးသိဒ္ဓိမျက်စိကျနေသည်။ သိပ်လိုချင်နေသည်။

ဦးသိဒ္ဓိက ထိုမြေနှစ်ကွက်ကို ဝယ်ယူဖို့ ကြိုးစားနေသည်ဖြစ်ပါ၏။

အခြားမြေလွတ်များကို ဦးသိဒ္ဓိမကြိုက်၊ အကွက်အကွင်းမကောင်းသည့်ပြင် မြေခံတွေက သဲမြေတချို့ နွံမြေတချို့ ဖြစ်နေသည်သာမက သစ်ပင်မရှိ၊ လွင်တီးခေါင်ပြင်ဖြစ်နေသောကြောင့် ဟိုတယ်ပရဝုဏ်တွင် အရိပ်အာဝါသတို့ စိမ်းလန်း စိုပြည်

www.burmeseclassic.com

www.burmeseclassic.com



မှုမရှိ။ တချို့တောင်ကမူများကိုလည်း ဖြိုရဦးမည်။

မခင်နှောင်း၏မြေနေရာနှင့် ဦးချစ်မောင်၏မြေနေရာမှာ သဲမြေနှင့်ကျောက်စရစ်မြေဖြစ်သည်။ သစ်ပင်များ အုပ်ဆိုင်းဖြာဝေစိုပြည်သည်။ ပြီး ဆံနံစက်နှင့် ဂိုဒေါင်များဘေးတွင် ယင်းတိုက်ချောင်းကြီးရှိသည်။

ရှေးအခေါ်အစဉ်အလာအရ ယင်းတိုက်ချောင်းဟု ခေါ်စေကာမူ ယင်းတိုက်ချောင်းရှေပြင်ကျယ်သည့် ဟိုဘက်ကမ်းကို မှန်ဘီလူးဖြင့် လှမ်းကြည့်လောက်အောင် ကျယ်ပြောသည်။

ယင်းတိုက်ချောင်းသည် ... မြစ်ငယ်နီးပါးတစ်ခုလောက် ကျယ်ဝန်းသည်။

ယင်းတိုက်မြစ်ဟု ခေါ်နိုင်လောက်သည်။

ယင်းအချက်တွေကြောင့် မခင်နှောင်းနှင့် ဦးချစ်မောင်၏ မြေနေရာကို ဦးသိဒ္ဓိသိပ်အလိုရှိနေခြင်းဖြစ်ပါ၏။

မခင်နှောင်း၏ခြံမြေနေရာ၏အရှေ့ဘက်တွင် ယင်းတိုက်ချောင်း၏သဘာဝရှုခင်း၊ အနောက်ဘက်တွင် ပြေလျောသော တောင်ကုန်းတွင် ယင်းတိုက်ရွာ၏အလှအပနှင့် မြောက်တွင် တောတန်းကြီးရှိသည်။ တောတန်းထဲတွင် အမဲလိုက်ဝါသနာပါသူတို့ သမင်၊ ဒရယ်၊ ချေ၊ စိုင်ဆတ်၊ ယုန်၊ တောကြောင်၊ တော၀က် စသည့် အကောင်ဗလောင်တွေရှိသည်။

ထို့ထက်ပိုပြီး တောနက်ရာသို့ဝင်သွားလျှင် တောနက်တွင်း သဘာဝပေါက်နေသော သစ်ခွမျိုးစုံရှိသည်။

လိပ်ပြာလှလှလေးတွေရှိသည်။



ရောင်စုံ ငှက်မျိုးစုံတွေရှိသည်။

တော၀က်လိုအကောင်၊ ပြောင်လိုအကောင်တွေရှိသည်။ ဟိုဘက်ဆက်ပြီး တောတန်းအတိုင်းသွားကာ တောင်နှစ်လုံးကို ကျော်ဖြတ်လိုက်လျှင် ဟိုဘက်နိုင်ငံ၏နယ်စပ်သို့ရောက်သွားသည်။

နိုင်ငံခြားသားကြိုက်နေရာမျိုး ဖြစ်ပါ၏။

အမဲလိုက်မည်လား။ အပန်းဖြေမည်လား အားလုံးအဆင်ပြေသည်။ ဟိုဘက်နိုင်ငံကူးလူးပြီး အရောင်းအဝယ်ပြုသူများ ယင်းတိုက်ရွာဟိုတယ်ကြီးတွင် တည်းခိုစခန်းချကာ လုပ်ငန်းလုပ်ဆောင်နိုင်ပေသည်။ ဤအမြော်အမြင်များဖြင့် ဦးသိဒ္ဓိက စီးပွားရေးမျက်စိကျကာ ယင်းတိုက်ရွာ မခင်နှောင်းနှင့် ဦးချစ်မောင်၏မြေနေရာတွင် ခမ်းနားခေတ်မီသော ဟိုတယ်ကြီးဆောက်ရန် ဖြစ်ပေတော့သည်။

သို့သော် မခင်နှောင်းက သူ့မြေသျှခြံကို မရောင်းလိုဟု ငြင်းပယ်နေသည်။

ဘယ်နှစ်သိန်းပေးပေး ကွယ်လွန်သွားသော ခင်ပွန်းအခြေချတည်ဆောက်ခဲ့သော မြေ၊ ဆန်စက်နှင့် ယခုလက်ရှိလုပ်ဆောင်နေသော မွေးမြူရေးလုပ်ငန်းတွေကို မစွန့်လွှတ်နိုင်ပါဟု ဘင်းမာစွာ မရောင်းလိုကြောင်း ငြင်းဆန်ထားသည်။

ဟို မုဆိုးမလေး မခင်နှောင်းကို ဒုရဲအုပ်ကိုစောဦးက နီးစပ်ရန် ကြိုးစားနေသည်ဆိုခြင်းကို ဦးသိဒ္ဓိသိပ်သဘောကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ကိုစောဦးက မခင်နှောင်းကို လက်ထပ်နိုင်လျှင် ခြံမြေကိစ္စ ကိုစောဦးပြီးလျှင် ပြီးသွားနိုင်မည်။ ကိုစောဦးလိုလူအား ဦးသိဒ္ဓိက သိမ်းသွင်းရန်မခက်ခဲဟုလည်း ယုံကြည်သည်။

လှိုင်ဘွားက ကိုစောဦးအား စကားဆက်ပြောပေသည်။

"ကျုပ်အာစရိုကရော ကျုပ်ကရော ကိုစောဦးနဲ့စကားပြောချင်နေတာပါ ... ယင်းတိုက်ဘက်ခြမ်းနယ်မြေကို ကိုစောဦးက ကိုင်တွယ်ထားတာမဟုတ်လား"

"ဒါကတော့ မြို့သစ်စခန်းမှူးကြီး တာဝန်ချပေးတဲ့နယ်မြေကို ကျုပ်တာဝန်ယူဆောင်ရွက်ရတာပါ ..."

ကိုစောဦးသည် မတ်တတ်ပြောရင်းမှ သူတို့က စကားပြောချင်သည်ဆိုသောကြောင့် ကြာဦးမည်ဖြစ်သဖြင့် ဆိုဖာအလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။

ဦးသိဒ္ဓိက ငါးသုံးလုံးစီးကရက်နှင့် မက္ကနက်မီးခြစ်ကို ကိုစောဦးရှေ့သို့ချပေးသည်။ ကိုစောဦးက စီးကရက်တစ်လိပ်ထုတ်ယူ ညှိသောက်ပါ၏။

"ဘယ်လိုလဲ အခုတော်တော်နီးစပ်နေပြီလား ကိုစောဦး ..."

"ဘာကိုပြောတာလဲ ကိုလှိုင်ဘွား ..."

"မခင်နှောင်းနဲ့ခင်ဗျားအခြေအနေလေဗျာ ..."

ကိုစောဦးက စီးကရက်ကို ရှိုက်ဖွာပြီး ထွက်သက်နှင့်အတူ ပြန်မှတ်ရင်း ပြောလိုက်သည်။

"မခင်နှောင်းက မလွယ်ဘူးဗျ ... တော်တော် အသည်းမာ



တယ် ... သတ္တိလည်းရှိတယ် ..."

"ဘာလဲ ... ခင်ဗျားကပ်လို့မရဘူးလား ..."

"အကပ်မခံတာမျိုးလည်းမဟုတ်ဘူး ... ကျုပ်ပြောသမျှနားထောင်တယ် ... နောက်ပြီးမှ စဉ်းစားပါရစေလို့ပြောတာချည်းပဲ ..."

"မိန်းမသားတစ်ဦးက ဒါမျိုးမှာ စဉ်းစားပါရစေလို့ ပြောလာတာဟာ ကိုယ့်ဘက်က ငါးဆယ်ရာခိုင်နှုန်းသေချာနေတာပဲ ..."

"မထင်နဲ့ကိုလှိုင်ဘွား ... မခင်နှောင်းဟာ တခြားယေဘုယျမိန်းမသားတွေနဲ့မတူတဲ့ အချက်တွေ အများကြီးရှိတယ်"

"ခင်ဗျားလိုလူမျိုး လူလွတ် လက်ရှိရာထူးနဲ့ မကြာခင် ရဲအုပ်ဖြစ်တော့မယ့်လူ၊ ရုပ်လည်းသားနားတယ် ... အရွယ်ကလည်း အသက်သုံးဆယ်အရွယ်ကောင်းပဲဗျာ ... ခင်ဗျားမခင်နှောင်းက သိက္ခာပိုင်းတွေကြောင့် ဟန်ရေးလုပ်နေတာပါ ... သူက ကလေးနှစ်ယောက်အမေပဲဗျာ ... ယောကျ်ားဆုံးသွားတာ တစ်နှစ်ခွဲသာကြာသေးလို့ သူများကဲ့ရဲ့မှာစိုးပြီး အိုက်တင်ခံနေတဲ့သဘောပါ ... တမင်အချိန်ဆွဲနေတာပါ ... ခင်ဗျားလိုလူကို သူ့ရင်ထဲက သဘောကျမှာ အမှန်လို့ကျုပ်လောင်းရဲတယ် ..."

"ခင်ဗျားပြောသလိုဖြစ်ပါစေလို့ ကျုပ်ဆုတောင်းရမှာပေါ့ဗျာ ..."

——ဦးသိဒ္ဓိက ဝင်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် … ကိုစောဦး … ယင်းတိုက်ရွာမှာ ကျူပ်ဟိုတယ် ဆောက်ဖို့ ကိုဒေါင်မှာ သိုလှောင်ထားတာတွေ အများကြီး ရောက်နေပြီ … အဖိုးတန်ပစ္စည်းတွေ အများကြီးပဲ … ယင်းတိုက်ဟာ ကိုစောဦးတာဝန်ယူထားတဲ့အပါအဝင်မို့ ကျူပ်ပစ္စည်းတွေကို စောင့်ရှောက်ပေးပါဗျာ … "

ဒုရဲအုပ် ကိုစောဦးက ခေါင်းမညိတ် ခေါင်းမခါပင် နေလိုက်လေသည်။

"နောက်တစ်ချက် ကျူပ်အကြံပေးချင်တာက မခင်နှောင်းကို ကိုစောဦး မြန်မြန်လက်ထပ်နိုင်အောင် ကြိုးစားပါ … လက်ထပ်လိုက်တာနဲ့ ကိုစောဦးရဲ့ခြံမြေဖြစ်သွားပြီ … အဲဒီခြံမြေရော အဆောက်အအုံကိုရော ကျူပ်တန်ဖိုးအများကြီး ပေးမယ် … အဲဒီငွေနဲ့ ကျူပ်ဟိုတယ်လုပ်ငန်းထဲမှာ ကိုစောဦးတို့ ရှယ်ယာဝင်ခွင့်လည်းပေးမယ် … ဟိုတယ်မန်နေဂျာလည်းပြန်ခန့်မယ် … ဒါဆို ကိုစောဦး နေ့ချင်းညချင်း သူဌေးပေါက်စဖြစ်သွားမယ် … "

"ကောင်းပါတယ် … မခင်နှောင်းကိုလည်း ရမယ် … သူဌေးလည်းဖြစ်သွားမယ်ဆိုတော့ … သားရွှေအိုးထမ်းလာတာ မြင်ရတဲ့ကိန်းပေါ့ဗျာ … ကျွန်တော်ကတော့ မခင်နှောင်းကို ဒါတွေမက်လှလို့မဟုတ်ပါဘူး … တကယ်မေတ္တာရှိ … သဘောကျလို့ ကြိုးစားနေတာပါ … ကဲ … ဦးသိဒ္ဓိရော ကိုလှိုင်ဘွားရော ကျွန်တော်သွားမယ် … "

ကိုစောဦး ထွက်ခွာသွားသည်နှင့် ကိုလှိုင်ဘွားက



သူ့ဆရာဦးသိဒ္ဓိကို ပြောလိုက်ပါ၏။

"အာစရိပြောလိုက်ပုံက … ဟိုတယ်ဆောက်ဖို့မှာ အချိန်ဆွဲလွန်းရာမရောက်ဘူးလား … ကိုစောဦးက မခင်နှောင်းကို လက်ထပ်ပြီးမှ ဟိုတယ်ဆောက်ရမလိုဖြစ်နေပြီ … "

"ဟဲ … ဟဲ … ဟဲ"

ဦးသိဒ္ဓိက ရယ်လိုက်ပြီးပြန်ပြောပါ၏။

"ဒီမယ်လှိုင်ဘွား … ငါးမျှားတဲ့နေရာမှာ နှစ်နည်းရှိတယ် … ပထမတစ်နည်းက ကိုင်းထောက်တဲ့နည်း … အဲဒီနည်းက ငါးမျှားချိတ်မှာ ငါးစာတပ် ရေထဲချထားပြီး ငါးမျှားတံရှည်ကို ကမ်းစပ်မြေကြီးပေါ်မှာ စိုက်ထားခဲ့တယ် … အဲဒီလို ငါးမျှားတံတွေအများကြီးကိုင်းထောက်ထားပြီး ကိုယ်ကလုပ်စရာရှိတာတွေသွားလုပ်နေတယ် … အချိန်ရောက်မှ ကိုယ်ချထားခဲ့တဲ့ ကိုင်းထောက်ငါးမျှားချိတ်ကိုသိမ်းတဲ့အခါ မိတဲ့ငါးလည်းမိနေတာပဲ … မမိတဲ့ချိတ်မှာလည်းမမိဘူးပေါ့ … ဒါပေမဲ့ လူမပင်ပန်းဘဲ မိတဲ့ငါးဟာ ကိုယ့်အတွက် အမြတ်ချည်းပဲနားလည်လား … "

"ပြောပါအာစရိ နောက်တစ်နည်းကကော … "

"နောက်တစ်နည်းက ကိုယ်တိုင်ငါးမျှားတံကိုကိုင်ပြီး မျှားတယ်လေ … ငါးတွတ်တာနဲ့ ဆွဲတင်ပြီး ငါးကိုယူရုံပဲ … အဲဒီနည်းက ကိုယ်မျှားရင် မျှားသလောက်ငါးတွေရတယ်၊ အေး … ဒါပေမဲ့ … လူကိုယ်တိုင်လုပ်ရတာဆိုတော့ နည်းနည်းပင်ပန်းတာပေါ့ကွာ … အခု ကိုစောဦးကို ငါက ပထမ

www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့ကိုင်းတောက်လိုက်တာပဲလှိုင်ဘွား ... ဒုတိယနည်းကိုတော့ နက်ဖြန်ညမှာ ငါသုံးတော့မယ် ... မင်းခေါင်းဆောင်ရမယ် ... အောင်မောင်းနဲ့သိုက်ထွန်းကို မင်းခေါ်သွား ... ဘာလုပ်ရမယ်ဆိုတာ ငါညွှန်ကြားမယ် ... ”

ဦးသိဒ္ဓိက ဆက်ပြီး လှိုင်ဘွားအား ဘာတွေလုပ်ရမည်ကိုဆက်၍ ညွှန်ကြားပေတော့သည်။

✡◆✡



## အခန်း ၃

ဒုရဲအုပ် ကိုစောဦးသည် တာဝန်ထမ်းဆောင်ရင်းအခြားရွာနှစ်ရွာသို့ဝင်ခဲ့ပြီး ညနေစောင်းလောက်မှ ယင်းတိုက်ရွာမခင်နှောင်းအိမ်သို့ ကားမောင်းဝင်လာသည်။

ကိုစောဦး ကားနှင့်လာသည်ကို တွေ့သည်နှင့်တိုးတိုးသည် မာမာ၏အလစ်တွင် လေသေနတ်လေးကိုကိုင်မြောက်ဘက်တောတန်းထဲသို့ လှစ်ခနဲထွက်လာပေတော့သည်။

ဤသို့သော ညနေစောင်းဆိုလျှင် ငှက်မျိုးစုံသည်တောတန်းသစ်ပင်များဝယ် အိပ်တန်းစတင်ဝင်ရောက်ကြသည်ကိုတိုတိုး က လေသေနတ်လေးနှင့်ပစ်ရန် ဝါသနာသိပ်ကြီးပါ၏။ လေသေနတ်လေးမှာ ဘီအက်(စ်)အေ နံပါတ်ဝမ်းသေနတ်လေးဖြစ်ပြီးဒီဒီမကွယ်လွန်မီက သားတိုးတိုးကိုဝယ်ပေးထားသော သေနတ်လေးဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မာမာက လေသေနတ်ပစ်သည်ကိုတော့ မဟန့်တားသော်လည်း တောတန်းထဲသွား၍ပစ်သည်ကိုတော့ ဟန့်တားသည်။ မာမာလစ်မှ တောတန်းထဲဝင်ရခြင်းဖြစ်ပါ၏။

ယခု ကိုစောဦးလာလျှင် မာမာငြှေ့ခံရသည်မှာ အချိန်ကြာတတ်သည်မို့ ညီမလေးပိုပို့ကို မာမာ့နားမှာပဲ နေဟုမှာကြားပြီး မြောက်ဘက်တောတန်းထဲသို့ ဝင်လာခြင်းဖြစ်တော့သည်။

ယင်းအချိန်မှာပင် ...

သူသည် ယုန်တစ်ကောင်ကိုလိုက်၍ရမိပြီး အရေခွံထုတ်၊ ဝမ်းတွင်းသားတွေထုတ်ပစ်ပြီး သူ၏ပလတ်စတစ်တဲဘေးမီးဖိုမှာပင် တန်းပစ်ပြီး တံစို့ထိုးထားသော ယုန်ကောင်ကို မီးကင်ထားခဲ့ပြီး ပလတ်စတစ်တဲထဲပြန်ဝင်သွားသည်။

တဲထဲတွင် ခေါင်းအုံးကျောမှီပြီး သူ၏ကျောပိုးအိတ်ထဲမှ အတာချီကေ့(စ်)ကို ထုတ်ယူကာ ခလုတ်နှိပ်အဖုံးဖွင့်လိုက်သည်။

ဖွင့်လိုက်သည်နှင့် အပေါ်ဆုံးတွင် စာရွက်ခေါက်တစ်ခုနှင့် ပစ္စတိုသေနတ်တစ်လက်ကိုတွေ့ရှိရသည်။

ပစ္စတိုကိုယူပြီး သူ၏ခါးကြားတွင်ထိုးထည့်ထားလိုက်ပြီး စာရွက်ခေါက်ကို သေတ္တာဘေးချထားပြီး အထဲတွင်ထည့်ထားသော ငွေစက္ကူထုပ်များကို စစ်ဆေးကြည့်သည်။

ငါးရာတန်အုပ်နှစ်အုပ် တစ်သိန်းနှင့် နှစ်ရာတန်အုပ် (၁၀)အုပ် (၂)သိန်း စုစုပေါင်း (၃)သိန်းတွေ့ရသည်။

သူပြုံးလိုက်ပါ၏။



သူ၏ညီတော်မောင်သည် စေ့စပ်သေချာလှပါ၏။ သူ့အစ်ကိုရာဇဝတ်ဘေးဖြင့်ပြေးရပြီမို့ လမ်းတစ်လျှောက်တွင် လိုအပ်သလို သုံးစွဲနိုင်စေရန် ငွေတွေထည့်ပေးလိုက်သည်။

ပြီး ပစ္စတိုသေနတ်အတွက် ကျည်အပြည့်ထည့်ထားသော ကျန်ကျည်ပိုတွေထည့်ပေးလိုက်သေးသည်။

သူသည် စာရွက်ခေါက်ကို ဖွင့်ဖတ်သည်။

*ကိုကိုဖေယျ*

*ပစ္စတိုရယ် ကျည်ကပ်သုံးကပ်အပိုရယ်၊ ငွေသုံးသိန်းရယ်ထည့်ပေးလိုက်တယ်၊ ငွေက လက်တလောအိမ်မှာရှိသမျှအားလုံးထည့်ပေးလိုက်တာပါ။ နောက်နေ့ကျမှ ဘဏ်ကပြန်ထုတ်ယူမယ်၊ မမစိမ်းကို ဆေးရုံအရေးပေါ်မှာတင်ထားတယ်။ ကျည်ဆန်ဟာ မမစိမ်းရင်ဘတ်ကိုထိတယ်။ အရေးပေါ်ချက်ချင်း ဆရာတွေကခွဲစိတ်ပြီး ကျည်ဆန်ကိုထုတ်ယူတယ်။*

*သေမယ်ရှင်မယ်ဆိုတာကို ခွဲစိတ်ဆရာဝန်က အဖြေမပေးသေးဘူး။ မစိမ်းတို့မိဘတွေဘက်က အမှုဖွင့်တယ်။ ရဲတွေ ကိုကိုဖေယျနောက်ကိုလိုက်ရှာနေကြတယ်။*

*ကျွန်တော့်ထံကို ကိုကိုဖေယျအဆင်ပြေသလို ဆက်သွယ်ပါ။ နောက်ထပ်ငွေရော တခြားကိုကိုဖေယျမှာ လိုအပ်တာရော ကျွန်တော်ပို့ပေးမယ်။*

*ဒါပါပဲကိုကိုရှေယျ။*

www.burmeseclassic.com

www.burmeseclassic.com



*လင်မယားရန်ဖြစ်ပြီး သေနတ်ကိုအပြန်အလှန်လှရင်း ကျည်ဆန်ထွက်သွားတာကို ဘယ်သူမှထည့်မပြောဘဲ မျက်မြင်သက်သေမရှိဘူးပေါ့။*

*ညီ-ဒေဝ*

စာကိုဖတ်ပြီး ပြန်ခေါက်ပြန်ထည့်ထားလိုက်သည်။

ပစ္စတိုကျည်ကပ်ကိုဖြုတ်ပြီး ကျည်ဆန်တွေကို စစ်ဆေးကြည့်သည်။

အားလုံး ခြောက်တောင့်ဖြစ်နေသည်။

ကျည်ကပ်တွင် သူခုနစ်တောင့်ထည့်နေကျမို့ ယခုကျည်ကပ်တွင် တစ်တောင့်လျော့နေသည်။

စိမ်းရင်ဘတ်ကို ကျည်တစ်တောင့်ထိသွားသည်ဆိုခြင်းမှာ ဒီလျော့နေသော ကျည်ဆန်တစ်တောင့်ပင်ဖြစ်ပါ၏။

သူသည် စိမ်းသေနက်မှန်ပြီးလဲကျသွားပြီး ပြန်မထသည်နှင့် ဤပစ္စတိုသေနတ်ကို ပြတင်းပေါက်မှလွှင့်ပစ်ခဲ့သည်။

ယင်းပစ္စတိုကို ရဲများမတွေ့မီ ညီဒေဝကတွေ့ပြီး ဖွက်ထားဟန်တူသည်။ ရဲတွေတွေ့သွားပါက သက်သေခံလူသတ်လက်နက်ဖြစ်သွားမှာ စိုးရိမ်၍ဖြစ်ပေမည်။

သူသည် ကျည်ကပ်ဟောင်းကို သေတ္တာထဲပစ်ထည့်ပြီး ခုနစ်တောင့်အပြည့်ပါရှိသော ကျည်ကပ်အသစ်တစ်ခုကို ပစ္စတိုထဲပြန်ထည့်ထားလိုက်သည်။

ဃွတ် ... ဂျက်ဖြင့် တဲအပြင်ဘက်တွင် သစ်ကိုင်း



ခြောက် လူနင်းသဖြင့် ကျိုးသောအသံကို တဲအတွင်းမှ သူကြားသည်နှင့် သေတ္တာကိုပြန်ပိတ် လက်တွင်ဖစ္စတိုကိုင်လျက်သားပင် ဇစ်ဆွဲ။ တဲဝင်ပေါက်ထွက်ပေါက်မှ သူထွက်ကြည့်လိုက်သည်။

သူရိပ်မြင်သည်နှင့် ပစ္စတိုနှင့်ချိန်ထားပြီးသားဖြစ်ပါ၏။

ချာတိတ်လေးတစ်ယောက်။

ယုန်ကင်ထားသော မီးပုံဘေးတွင် ချာတိတ်လေးတစ်ယောက် ငုတ်တုတ်လေးထိုင်နေသည်ကိုတွေ့ရသည်။

သူ၏မှတ်ဉာဏ်က ဤချာတိတ်လေးသည် မနေ့ညက သူဝင်ရောက်ခဲ့သော ရွာစွန်ပျဉ်ထောင်အိမ်ကြီးတွင် အိပ်နေသည်ကို တွေ့ခဲ့ရသည့် ချာတိတ်မှန်း ချက်ချင်းမှတ်မိသည်။

ချာတိတ်လေးသည် သူက သေနတ်နှင့်ချိန်ထားသည်ကို ထိတ်လန့်ကြောက်ရွံ့သော အသွင်လေးရှိနေပါ၏။

သူက သေနတ်ကိုခါးကြားပြန်ထိုးကာ ယုန်ကင်ရှိရာ မီးပုံဆီသို့ လျှောက်လာပြီး ချာတိတ်ဘေးတွင် ထိုင်ချလိုက်သည်။

"ဦးဦးက ဒီတောထဲမှာနေသလားဟင် ..."

သူ ဘာမှပြန်မပြောသေး။ ချာတိတ်ကို သေချာအကဲခတ်နေသည်။

ရဲစုံထောက်အဖွဲ့သည် တစ်ခါတစ်ရံ လိုအပ်ပါက ဤသို့လျှင် ကလေးငယ်လေးတွေကို သူတို့စုံစမ်းထောက်လှမ်းရေးတွင် အသုံးပြုတတ်ကြောင်း သူကြားဖူးနားဝရှိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤချာတိတ်သည် ... ဤနေရာသို့ သွေးရိုးသားရိုး ရောက်လာခြင်းပေလား။

သို့မဟုတ် ...

သူ၏မီးပုံမှ မီးခိုးများထွက်သည်ကို ရွာမှလှမ်းမြင်သောကြောင့် စုံစမ်းရန် ချာတိတ်ကိုစေလွှတ်ခြင်းပေလား။

"မင်းဘယ်သူလဲ ... ဒီကိုဘာလို့လာတာလဲ ... "

"တိုးတိုးက ဘယ်မှာနေမှန်း ဦးဦးသိပြီးသားပါ ... မနေ့ညက ဦးဦးက တိုးတိုးတို့အိမ်ထဲဝင်လာပြီး တိုးတိုးတို့အိပ်ခန်းကိုတောင် ဖွင့်ဝင်ပြီး တိုးတိုးနဲ့ပို့ပို့ကိုကြည့်သွားသေးတာပဲ"

ချာတိတ်က သူ့ကိုမှတ်မိနေပါ၏။

ချာတိတ်ဘေးတွင် ဘီအက်(စ်)အနေပါတ်ဝမ်း လေသေနတ်လေးနှင့်အတူ ချိုးသေလေးနှစ်ကောင်ချထားသည်ကိုလည်း သူတွေ့ရသည်။

ချာတိတ်သည် ငှက်ပစ်ရင်း သွေးရိုးသားရိုး မိမိ ပလဲတ်စတာရိတ်တဲသို့ရောက်လာသည်ဖြစ်ကြောင်း သူ့စိတ်ထဲ သေချာသွားသည်။

သူ၏ပင်ကိုယ်စိတ်ခတ်ကိုကပင် ကလေးချစ်တတ်ပါ၏။

"မင်းနာမည် တိုးတိုးတဲ့လား ... "

"အိမ်က မာမာရော ... ရွာထဲကလူတွေကရော ကျွန်တော့်ကို ငယ်နာမည် တိုးတိုးလို့ခေါ်ကြတာပါ ... ကျောင်းနာမည်ကျတော့"



"နေပါစေတော့ကွာ ... ကျောင်းနာမည်သိဖို့မလိုပါဘူး ... မနေ့ညက မင်းအိပ်ခန်းထဲမှာ အတူအိပ်တဲ့ချာတိတ်မလေးကကော ... "

"ပို့ပို့တဲ့ ... တိုးတိုးရဲ့ညီမလေး ... ကျောင်းနာမည်ပြောဖို့မလိုဘူးနော် ... "

သူပြုံးလိုက်ပါ၏။ ချာတိတ်သည် ပါးနပ်ပုံရပေသည်။

ယုန်ကင်မှာ ရနံ့လေးမွှေးကြိုင်လာပါ၏။

"မနေ့ညက တိုးတိုးတို့အိမ်ကို ဦးဦးဝင်လာတုန်းက ရေချိုးခန်းထဲမှာ တံခါးပိတ်ရေချိုးနေတဲ့အမျိုးသမီးတစ်ယောက်ရှိတယ် ... သူကကောဘယ်သူလဲ ... "

"အဲဒါ ... မာမာလေ ... "

"သူ့နာမည် မာမာတဲ့လား ... "

"ဟင့်အင်း ... မာမာဆိုတာက တိုးတိုးနဲ့ညီမလေး ပို့ပို့က ခေါ်တာ ... တိုးတိုးငယ်ငယ်က မာမီလို့ခေါ်ဖို့သင်ပေးတာ တိုးတိုးက မာမီလို့မခေါ်တတ်ဘဲ မာမာလို့ခေါ်တာလေ ... ညီမလေးကျတော့လည်း တိုးတိုးခေါ်သလို မာမာလို့လိုက်ခေါ်တာ ... "

"ဒါဆို သူ့နာမည်အမှန်ကကောကွာ ... "

"မခင်နှောင်းတဲ့ ... "

သူစဉ်းစားသည်။ မနေ့ညက သူတို့အိမ်ရောက်စဉ်က တိုးတိုးတို့ဖေဖေကို မတွေ့ခဲ့ရ။ အလုပ်ကိစ္စနှင့် ခရီးထွက်သွားလေသလားမသိ။

www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးတို့ဖေဖေကကောကွာ ... "

"ဒီဒီမရှိတော့ဘူး ... သေသွားပြီ ... ဒီဒီသေတုန်းက ညီမလေးကိုတောင် ကျောင်းမထားသေးဘူး ... "

"တိုးတိုးတို့ဖေဖေက ဒီဒီတဲ့လား ... "

ချာတိတ်က ရယ်ပါ၏။ ရယ်လျှင် ပို၍ချစ်စရာကောင်းသောချာတိတ်ပါပေ။

"ဒက်ဒီလို့သင်ပေးတာကို တိုးတိုးမပီမသနဲ့ ဒီဒီလို့ခေါ်တာတဲ့ ... မာမာလို့ခေါ်သလိုပေါ့ ... ဒီဒီ့နာမည်က ဦးအောင်ဌေး ... လို့ မာမာပြောတယ် ... "

"မင်း အိမ်က ဘာစားပြီးပြီလဲ ... "

"ဘာမှမစားခဲ့ဘူး ... မာမာ့အလစ်မှာ ငိုက်ပစ်ထွက်လာတာမို့ ဘာမှမစားခဲ့ရသေးတာ ... "

ဤမျှဆိုလျှင် မိမိ၏ပလက်စတစ်တဲနှင့် အနီးဆုံးရှိနေသော မိသားစုအကြောင်းသိရပြီ။ မုဆိုးမနှင့်ကလေးနှစ်ယောက်မို့ တဲနှင့်နီးသော်လည်း အရေးမကြီးလှဟု သူသဘောပိုက်လိုက်သည်။ ပြီး ... ယင်းသားအမိသုံးယောက် မိသားစုသည် ဖခင်လင်ယောကျ်ားမရှိစေကာမူ တင့်တောင်းတင့်တာယ်နေနိုင်စားနိုင်ပြီး အဆင့်မြင့်ကြောင်း သိသာပေသည်။

ကရုဏာသက်စေလောက်သော ... သားအမိသုံးယောက်ပါပေ။

ခင်ပွန်းယောကျ်ားမရှိတော့သဖြင့် မိန်းမသားမုဆိုးမအနေနှင့် မစွမ်းဆောင်နိုင်သော ဘိုင်လာတတ် ဆန်စက်မလည်



ဝတ်နိုင်ရှာပါလားဟုလည်း ဆက်စပ်ပြီး သူတွေးမိသည်။

ဤချာတိတ်လေးသည် ရုပ်သန့်သည်။ လူချောလေးတစ်ယောက်ဖြစ်သည်။ ပါးနပ်ပြီး လိမ္မာသောစိတ်ကလေးများရှိပုံရသည်။ ပြောပုံဆိုပုံပြုမူပုံလေးတွေက ချစ်စရာကောင်းသည်။ သူကိုယ်တိုင်ကလည်း ကလေးချစ်တတ်သူပေကိုး။

"ဦးဦးနာမည်ကကော ... "

"ဦးနာမည် ... အဲ ... ဦးဦးနာမည်လား ... "

ပထမတော့ မိမိကဝရမ်းပြေးဖြစ်နေသောကြောင့်နာမည်လိမ်ပြောရကောင်းမလားဟု စိတ်ကူးသေးသည်။ သို့သော်

ကလေးက ချာတိတ်ပင်ဖြစ်စေကာမူ သူလိမ်ညာမပြောချင်။ မပြောလိုက လုံးလုံးဘာမှပြန်မပြောသည်က ပို၍ကောင်းသည်။

မြန်မာလူမျိုးတွင် နာမည်ချင်းထပ်တူတွေအများကြီးရှိသည်။ ပြီးသက်ဆိုင်ရာက စစ်ဆေးလာပါက အမျိုးသားမှတ်ပုံတင်ကတ်ပြားထုတ်ပြလျှင် အမည်မှန်ပေါ်လေမည်သာ။

"ဦးဦးနာမည်ကို ဦးဦးက မပြောချင်ဘူးလား ... "

"ပြောပါတယ်ကွာ ... ဦးဦးနာမည် ... ဧယျတဲ့"

"ဦးဦးဧယျပေါ့နော် ... ဦးအောင်ဧယျဆိုရင် ပိုတောင်ကောင်းသေး ... "

"ဘာလို့လဲကွ ... "

"မာမာက တိုးတိုးတို့မောင်နှမအိပ်ခါနီးသိပ်တိုင်း ပြောပြတဲ့ အထဲမှာ မုဆိုးဖိုရွာက ဦးအောင်ဧယျဆိုတဲ့သူဟာ လူစွမ်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ ...”

သူရယ်မိပြန်သည်။ ရယ်ချင်သည့် စိတ်ကြည်နူးခြင်း ပုံရိပ်ပေါ်ထွက်ခြင်းဖြစ်ပါ၏။

“မင်း ... ယုန်သားကင်စားမလား ချာတိတ်”

“စားချင်တယ် ဦးဦး ... အခုဗိုက်လည်းဆာနေတယ် ... နောက်ပြီး အိမ်မှာဆို မာမာက ဘာအသားဖြစ်ဖြစ် ချက်ကျွေး ကျော်ကျွေးတယ် ... အခုလိုကင်တာမျိုးတစ်ခါမှ မစားဖူးဘူး ...”

“အေး ... ဒါဆို အခုယုန်ကင်စားကြမယ် ... စားပြီးမှ တိုးတိုးရဲ့ ချိုးလေးနှစ်ကောင်ကို ဦးဦးကင်ပေးလိုက်မယ် ...”

ယုန်ကင်ကိုစားနှင့်လျှိုး ထောပတ်သုတ်ဆားပွတ်ပြီး နှစ်ယောက်သားစားကြသည်။

တိုးတိုးသည် ကျွေးသည်ကို မစားမီ ဆောင့်ကြောင့်လေးထိုင် လက်အုပ်လေးချီကာ ...

ဘုရား ... တရား ... သံဃာ ... မိဘ ... ဆရာ အနန္တော အနန္တငါးပါးကိုရှိခိုးပူဇော်ပါ၏ဟုဆိုပြီးမှ ဖင်ပြန်ထိုင်ချကာ ယုန်ကင်ကိုစားခြင်းဖြစ်ပါ၏။

သူသည် တိုးတိုးပြုမူလေးကိုကြည့်ကာ ...

လူလိမ္မာသားယဉ်ပါး

လူမိုက်သား ရမ်းကား

ဟု လူကြီးများဆိုလေ့ရှိသောစကားကို သတိရလိုက်မိပါ၏။



“သိပ်စားလို့ကောင်းတယ်ဦးဦး ... နက်ဖြန်ကျရင် မာမာကို အခု ဦးဦးလုပ်တဲ့အတိုင်း ပြောပြပြီး လုပ်ခိုင်းဦးမယ်”

“မင်းတို့အိမ်မှာ ယုန်သားရှိလို့လား ...”

“ဟာ ... ရတယ် ဦးဦး ... ရွာကမနက်ဈေးမှာဆိုရင် ဆတ်သား၊ ချေသား၊ ယုန်သားတွေရောင်းတယ်လို့ မာမာပြောဖူးတယ်၊ မာမာက အဲဒီတောကောင်တွေရဲ့ အသားမဝယ်ဘူး၊ ရိုးရိုးကြက်သား၊ ဝက်သားပဲဝယ်တာ ...”

သူက ချာတိတ်ကိုမေးချင်မိသည်။ ဖခင်သေဆုံးပြီးနောက် သားအမိသုံးယောက် ဘာလုပ်ကိုင်စားသောက်ကြသလဲဟူ၍။

သို့သော် ထိုမေးခွန်းကို သူမမေးတော့ပေ။ မိမိမေးလိုက်မှ ဒီချာတိတ်ကလေးသည် သူ့ဖခင်ကိုတမ်းတပြီး စိတ်ကလေးသုခပျော်ရွှင်ကြည်နူးနေရာမှ ညှိုးငယ်သွားမည်ကို စိုးရိမ်သဖြင့် မမေးတော့ခြင်းဖြစ်ပါ၏။

“ဦးဦးက ထမင်းမစားဘူးလား ...”

“မစားတော့ဘူးတိုးတိုးရာ ... ထမင်းချက်ရတာ အလုပ်ရှုပ်တယ် ...”

“မာမာကပြောတယ် ... ထမင်းမစားရင် ရင်ပူတတ်တယ်တဲ့ ... ဦးဦးရင်ပူမှာပေါ့ ... တိုးတိုးကတော့ အိမ်ရောက်ရင် ထမင်းစားမှာ ...”

“ကဲ ... တိုးတိုးရဲ့အကောင်လေးတွေပေး ... ဦးဦးလုပ်ပေးလိုက်မယ် ...”

www.burmeseclassic.com

www.burmeseclassic.com



ကိုဇေယျသည် ချိုးနှစ်ကောင်စလုံးကို အမွေးနှုတ်မနေဘဲ ခေါင်းနှင့်ခြေကိုဖြတ်ကာ အရေခွံခွာလိုက်သည်။ ရင်ခွဲကာ ကလီဇာတွေထုတ်ပစ်သည်။ ပြီးဝါးခြမ်းဖြင့် ဟိုဘက်ဒီဘက်ညှပ်ချည်ပြီး မီးကင်တော့သည်။

"တိုးတိုးက အကျက်ညီအောင် အကောင်ကဝါးခြမ်းကို ဟိုဘက်ဒီဘက်လှည့်ပေး ... ဦးဦးရေချိုးလိုက်ဦးမယ် ..."

တိုးတိုးက ခေါင်းညိတ်ပြသည်။

အောက်ခံဘောင်းဘီတိုဖြင့် ကိုဇေယျသည်ကန်ထဲဆီသို့ ဆပ်ပြာခွက်ကိုင်ပြီးသွားသည်။

ရေကူးသည်။ ရေချိုးသည်။ ဆပ်ပြာတစ်ကိုယ်လုံးတိုက်သည်။ ရေပြန်စိမ်ချိုးသည်။

တိုးတိုးက သူ့ဦးဦးရေချိုးသည်ကို လှမ်းကြည့်လိုက် ချိုးကင်ကို ဟိုဘက်ဒီဘက်လှည့်ပေးလိုက်လုပ်ဆောင်နေသည်။

တိုးတိုး၏ရင်ထဲတွင် ဒီဒီမသေမီက မိမိကိုဘာမဆို အလိုလိုက်သည်ကို သွားသတိရမိသည်။

ယခု ဦးဦးကလည်း သူ့ကိုအလိုလိုက်သည်ဟု ရင်ထဲက မှတ်ချက်ချမိသည်။

ရေချိုးပြီး ကိုဇေယျပြန်ရောက်လာသည်။ ဖလတ်စတာစ်တဲထဲဝင်ကာ မျက်နှာသုတ်ပဝါဖြင့် တစ်ကိုယ်လုံးသုတ်ပြီး တီရှပ်နှင့်ဂျင်းဘောင်းဘီဝတ်လိုက်သည်။ ပစ္စတိုခါးထိုးထားလိုက်ပြန်ပါ၏။ ပြီး တိုးတိုးရှိရာသို့လျှောက်လာခဲ့သည်။

ချိုးသည် အသားနူးညံ့သဖြင့် အကျက်မြန်သည်။



အကောင်သေးသောကြောင့်လည်း အကျက်မြန်သည်။ နှစ်ကောင်စလုံး ညှပ်ဝါးခြမ်းထဲတွင် ကျက်သောအနံ့ရောင်ထွက်နေသည်။ ဝါးခြမ်းတချို့တစ်ပိုင်း မီးကျွမ်းထားသည်။ ကိုဇေယျက ထောပတ်ရွှဲအောင်သုတ်ပေးသည်။

"နေဝင်တော့မယ် ... တိုးတိုးပြန်တော့ ... မင်း မာမာစိတ်ပူနေမယ် ..."

"ဟုတ်တယ်ဦးဦး ... မာမာဆီကိုဧည့်သည်လာတုန်း တိုးတိုး အလစ်ထွက်လာတာ ... ဧည့်သည်ပြန်ရင် မာမာ တိုးတိုးကိုလိုက်ရှာနေမှာ ..."

"ဧည့်သည်က ဘယ်သူလဲ ..."

"အလကားပါ ... မြို့သစ်မြို့ရဲစခန်းက ဒုတိယရဲအုပ် ဦးစောဦးတဲ့ ... မာမ့ကိုလာရိုတ်နေတာ ... မာမာကမကြိုက်ဘူး၊ ဒါပေမဲ့ အရေးအကြောင်းရှိရင် အကူအညီရအောင် အလိုက်အထိုက်ဆုပ်နေရတာလို့ မာမာပြောတာပဲ ..."

နေဝင်စပြုပြီမို့ တောတန်းမှအိမ်သို့ တိုးတိုးပြန်ရန် ကိုဇေယျစိတ်မချဖြစ်မိသည်။

"ကဲ ... လာ ... တိုးတိုး ... ရွာစွန်ထိပ်အထိ ဦးဦးလိုက်ပို့ပေးမယ် ... အဲ ... တစ်ခုတော့ ဦးဦးမှာလိုက်မယ်နော် ... ဒီတောထဲမှာ ဦးဦးကိုတွေ့တာ ဘယ်သူ့ကိုမှမပြောရဘူး၊ အဲဒီလိုမပြောပါဘူးလို့ ဦးဦးကို ကတိပေးမလား ..."

"ပြန်မပြောပါဘူးဦးဦး ... တိုးတိုးကတိပေးပါတယ်"

"တကယ်နော် ... ယောကျ်ားဆိုတာ ကတိတည်ရတယ်

www.burmeseclassic.com

www.burmeseclassic.com



ကတိမတည်ရင် နောက်တစ်ခါ တိုးတိုးပစ်လို့ရလာတဲ့ အကောင်လေးတွေကို ဦးဦးကင်မပေးတော့ဘူး”

“တိုးတိုး ... မာမာနဲ့ပို့ပို့ကိုတောင်မပြောဘူးလို့ ကတိဖေးတယ်ဦးဦး”

“အေး ... ယောက်ျားဆိုတာ ဒီလိုမှ”

တိုးတိုးကိုလက်ဆွဲခေါ်ပြီး ကိုဇေယျတောတန်းထဲမှ တဖြည်းဖြည်းထွက်လာခဲ့သည်။

တောတန်းထိပ်အရောက်တွင် ... ဆည်းဆာချိန် ရောက်နေပေပြီ။ တိုးတိုးတို့အိမ်ကို လှမ်း၍မြင်ရသေးသည်။

တိုးတိုးအိမ်ရှေ့တွင် ရဲကားအပြာတစ်စီးရပ်ထားပြီး ရဲကားဘေးတွင် ရဲယူနီဖောင်းဝတ်တစ်ဦးနှင့် တိုးတိုး၏မိခင် မခင်နှောင်းတို့နှစ်ဦး ရပ်နေသည်ကို မလင်းမမှောင်ဆည်းဆာရောင်ဖြင့် မြင်ရသည်။

“ဟော ... မာမာနဲ့ ... ဦးစောဦးကြီး အိမ်ရှေ့ရောက်နေပြီ ဒီလူကြီးပြန်တော့မှာ ... တိုးတိုးအိမ်နောက်ဖေးပေါက်က တိတ်တိတ်လေးပြန်သွားတော့မယ် ... ဦးဦး”

တိုးတိုးသည် အပြေးကလေးအိမ်နောက်ဘက်သို့ ဝင်သွားသည်။

ကိုဇေယျက ရပ်မြဲရပ်ကြည့်နေမိပါ၏။

ယူနီဖောင်းဝတ် ရဲအရာရှိပြောသမျှကို မခင်နှောင်းက ခေါင်းရမ်းပြနေသည်ကိုတွေ့ရသည်။

ဒီနောက် ရဲအရာရှိက မခင်နှောင်း၏ပခုံးနှစ်ဖက်



ပေါ်သို့ သူ့လက်ဝါးတစ်ဖက်စီတင်လိုက်သည်။

မခင်နှောင်းက ရဲအရာရှိ၏လက်နှစ်ဖက်စလုံးကို ဖုတ်ချပြီး အိမ်ထဲသို့ ချာခနဲလှည့်ဝင်သွားပေသည်။

ကိုဇေယျသည် နောက်ပြန်လှည့်ကာ သူ့တဲတန်းရှိရာသို့ ပြန်လာခဲ့ပေတော့သည်။

မခင်နှောင်းသည် အိမ်တံခါးကိုပိတ်၊ ကလန့်ထိုးကာ အိမ်ထဲသို့ဝင်ခဲ့သည်။

သားတိုးတိုးနှင့်သမီးလေးပို့မို့တို့စကားပြောသံ ထမင်းစားခန်းဆီမှ ကြားရသဖြင့် ထမင်းစားခန်းနှင့် မခင်နှောင်း ဝင်လာခဲ့သည်။

မောင်နှမနှစ်ယောက်သည် ရယ်ကာမောကာဖြင့် ပလုတ်ပလောင်းတစ်ခုခုစားနေသည်ကို မခင်နှောင်းတွေ့မြင်နေရသည်။

လူကိုရှေ့စားပွဲပေါ်တွင် စားခွက်ချထားသည်ကိုရော မောင်နှမနှစ်ယောက်စလုံး နှုတ်ခမ်းကိုယ်စီတွင် ဆီတွေဝေ့ပေ၍နေသည်ကိုရော တွေ့ရပြန်သည်။

တိုးတိုးထိုင်သော ကုလားထိုင်ဘေးအောက်ကြမ်းပြင်တွင် ... ဝါးခြမ်းမီးကျွမ်းစ,များကိုလည်း မခင်နှောင်းသတိထားမြင်မိသည်။

“သားလေးနဲ့သမီးလေးမောင်နှမနှစ်ယောက် ဘာတွေစားပြီး ဘာတွေဝါးနေလဲ ဟော”

“ချိုးကင်စားနေတာမာမာ ... တိုးတိုးငှက်ပစ်တာ ချိုးနှစ်ကောင်ရတယ် ... အဲဒါကို ကင်စားနေကြတာ မာမာစား

www.burmeseclassic.com

www.burmeseclassic.com



ကြည့်အရမ်းကောင်းတယ်"

မခင်နှောင်းထမင်းစားပွဲဆီသို့ တိုးကပ်သွားပြီး ချိုးကောင်ကင်တစ်ဖွဲ့ယူကာ စားကြည့်သည်။

"ဟဲ့ ... ထောပတ်နဲ့ကင်ထားပါလား ... အဲဒါဘယ်ကရတာလဲ တိုးတိုး"

"ဓွဲတာတန်းထိပ်မှာ တိုးတိုးလေသေနတ်နဲ့ သွားပစ်တာလေမာမာ အဲဒါကို ကင်စားတာ"

တိုးတိုး၏လေသေနတ် စားပွဲပေါ်တွင်ရှိနေသည်ကို တွေ့ရသည်။

မခင်နှောင်း ခေါင်းခါလိုက်ပါ၏။

"ချိုးနှစ်ကောင်ကို တိုးတိုးပစ်လို့ရလာတာဆိုတာတော့ မာမာလက်ခံတယ် ... ခါတိုင်းတိုးတိုးပစ်လာလို့ရလာရင် မာမာပဲ ... အမွေးနှုတ်ကြော်ပေးခဲ့တာချည်းပဲ"

"ဒီတစ်ခါတော့ တိုးတိုး မီးကင်တယ်လေ မာမာ"

"မဖြစ်နိုင်ဘူး တိုးတိုး အဲဒီလောက်တတ်လည်း မတတ်ဘူး ... မကျွမ်းလည်းမကျွမ်းကျင်မှန်း မာမာသိတာပေါ့"

ပြောရင်း ... မခင်နှောင်းသည် မီးဖိုဘက်သို့ လှမ်းကြည့်သည်။ ပြီး ခေါက်ထားသော ဝါးခြမ်းမီးကျွမ်းစကိုလည်း ကောက်ယူကာ တိုးတိုးကိုထောင်ပြသည်။

"မီးဖိုထဲမှာ မာမာ မီးငြိမ်းထားတာကြာပြီ ... နောက်ပြီး ဒီလိုဝါးခြမ်းနဲ့ညှပ်ပြီး မီးကင်ရမှန်း တိုးတိုးတစ်ခါမှ မသိခဲ့ဖူးဘူး ... နောက်ပြီး မာမာကြော်ပေးရင်း ပဲဆီနဲ့ပဲကြော်တယ် အခုအကင်မှာက ထောပတ်နဲ့ရတယ်"



"စားလို့သိပ်ကောင်းတယ်နော် မာမာ"

"ကောင်းပါတယ် မာမာကို မှန်မှန်ပြောစမ်း တိုးတိုးကို ဒီချိုးကင် ဘယ်သူကင်ပေးလိုက်တာလဲ"

တိုးတိုးကလုံးဝ မပြောပေ။

"ပြောလေ တိုးတိုး"

"ဟင့်အင်း ... မပြောဘူး"

"မပြောရင် တိုးတိုးကို မာမာရိုက်မှာနော်"

"ရိုက်ချင်ရင်ရိုက်မာမာ ... ယောက်ျားဆိုတာ ကတိတည်ရတယ်တဲ့ ... တိုးတိုးဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးလာတာ ... တိုးတိုးယောက်ျားပါ မာမာ"

မခင်နှောင်း ပြုံးရပါ၏။

သားတိုးတိုးနှင့် တွေ့ခဲ့သူတစ်ယောက်ယောက်တော့ ရှိပေမည်။ ထိုသူက သူနှင့်တွေ့ခဲ့ကြောင်း တိုးတိုးအား ဘယ်သူ့မှ မပြောရန် ကတိတောင်းခဲ့ရာ၌ ယောက်ျားဆိုတာ ကတိတည်ရမယ်ဟုပြောသည်ကို တိုးတိုးက ဘယ်သူ့မှမပြောပါဟု ကတိပေးခဲ့ဟန်တူပါ၏။

ယခု တိုးတိုးက သူ့အား မာမာရိုက်ချင်ရိုက်၊ အရိုက်ခံမည်။ ယောက်ျားဆိုတာ ကတိတည်ရမယ်ဟု ပြန်ပြောသည်ကို မခင်နှောင်းသဘောကျမိ၍ ပြုံးမိခြင်းဖြစ်ပါ၏။ သားတိုးတိုး၏စိတ်ဓာတ်လေးကိုလည်း မခင်နှောင်းကျိတ်၍သဘောကျမိသည်။

တိုးတိုးသည် ဘယ်လိုလူမျိုးနှင့်တွေ့လာပါလိမ့်မှဟု မခင်နှောင်းအတွေးပိုရပါ၏။

✡✦✡

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၄

သားလေးနှင့်သမီးလေးက ကျောင်းပိတ်ရက်တွင်း ရုပ်ရှင်ကြည့်ချင်သည်ဟု ပူဆာသောကြောင့် မခင်နှောင်းသည် သူ၏ ဆန်နီပစ်ကပ်ကားလေးကိုမောင်းကာ သားလေးနှင့်သမီးလေးအား မြို့တစ်မြို့သို့သွားရောက်ပြီး ရုပ်ရှင်ပြလေသည်။

ရုပ်ရှင်ပြချိန်က ညနေ(၆)နာရီခွဲတွင်ပြပြီး ည(၉) နာရီလောက်မှ ပြီးလေသည်။

ယင်းတိုက်ရွာနှင့်မြို့တစ်မြို့သည် သိပ်ကွာဝေးလှသည်မဟုတ်၊ (၆)မိုင်သာရှိသည်။ မော်တော်ကားလမ်းကတ္တရာလမ်းသို့ တစ်ခဏအတွင်း အသွားအပြန်လွယ်ကူသည်။

ကားမီထိုးပြီး ခြံထဲသို့ မောင်းဝင်လိုက်သည်နှင့် ခြံထဲတွင်တစ်ခုခုဖြစ်ပြီမှန်း မခင်နှောင်း ချက်ချင်းမြင်တွေ့သဘောပေါက်ပေသည်။



ခြံအဝင်ဝတွင် မွေးထားသောဝက်များအနက် နှစ်ကောင်သည် သွေးသံရဲရဲဖြင့်လဲသေနေသည်ကိုလည်းကောင်း၊ ဥစားကြက်ခြံကြီးပွင့်ကာ ညဘက်တွင်ဖွင့်ထားသောကြက်များမှာ ဟိုပြေးဒီပြေးဖြစ်နေသည်ကိုလည်းကောင်း တွေ့မြင်လိုက်ရသည်။

"မာမာ ... ဝက်တွေကို ဘယ်သူသတ်သွားလဲဟင် ... ကြက်ခြံကြီးလည်းပွင့်နေတယ်"

မခင်နှောင်းသည်တိုးတိုးမေးသည်ကို ပြန်မဖြေတက်သေး။ အရိပ်အခြေကြည့်ရင်းကာ ကားခြံထဲသို့ ဆက်မောင်းဝင်ခဲ့သည်။

"ဝုန်း ... ဝုန်း ... "

မခင်နှောင်းမဆင်းသေးမီမှာပင် လူသုံးယောက် မှောင်ထဲမှဘွားခနဲထွက်လာသည်။

တစ်ယောက်လက်ထဲတွင် ဝါးဆစ်ပိတ်တုတ်တစ်ချောင်းကိုင်ထားသည်။

ကျန်တစ်ယောက်က ဆန်စက်တွင် အလုပ်သမားသုံး လက်ကိုင်ရိုးနှင့်သံချွန်ကောက်ကို ကိုင်ထားသည်။

ခေါင်းဆောင်ဖြစ်သူကတော့ လက်ထဲတွင် ဘာမှကိုင်ဆောင်ထားသည်ကို မတွေ့ရ။

အားကိုးမဲ့ကလေးနှစ်ယောက်နှင့် မုဆိုးမတစ်ဦးအား အန္တရာယ်ပြုရာတွင်ဝါးရင်းတုတ်၊ သံချွန်ကောက်နှင့်ပင် လုံလောက်သည်ဟု ယူဆပုံရသည်။

ဝုန်းခနဲ ဝါးရင်းတုတ်နှင့်လူက ကားရှေ့ဘော

www.burmeseclassic.com

www.burmeseclassic.com



ကိုရိုက်လိုက်သည်။ သံချွန်ကောက်သမားကလည်း သူ့သံချွန် ဘေးတိုက်ပုံစံချနှင့် မော်တော်ကားဘေး မခင်နှောင်းထိုင်ရသည့်ဘက်သို့ ဒိုင်းခနဲထုနက်သည်။

"မာမာ ... မာမာ ..."

ကလေးတွေလန့်အော်ကြသည်။

မခင်နှောင်းသည် ကားပြတင်းမှန်တင်ထားပြီးသားမို့ အတွင်းခလုတ်တွေနှိပ်ပြီး ခတ်လိုက်သည်။

"အဲဒါ ဘာလုပ်ကြတာလဲ ... ဘာလုပ်တာလဲ ..."

မခင်နှောင်းကားထဲမှ ကုန်းအော်သည်။

ဓါးရင်းတုတ်သမားက မခင်နှောင်းဘက်မှ ပြတင်းမှန်တံခါးကို ခွပ်ခနဲ သူ့တုတ်ဖြင့်ရိုက်ပြန်သည်။ ကားတံခါးမှန်သိပ်နိုင်သည် ကွဲမသွား။

မခင်နှောင်းသည် စက်မရပ်ရသေးသော ကားကို ဘက်ဂီယာသွင်းပြီး နောက်ပြန်ဆုတ်သည်။ 'ဂ'ငယ်ကွေ့ပြန်ကွေ့ကာ ခြံပြင်သို့ပြန်မောင်းထွက်ရန် အရှိန်ဖြင့်မေးလိုက်သည်။

သို့သော် ...

အထိတ်တလန့်ကြောင့် ပျာယီပျာယာမောင်းမိသဖြင့် ကားဘီးနှစ်ဖက်မှာ လမ်းဘေးချိုင့်စောင်းကျသွားသည်။

ပြန်၍မောင်းပြီးတင်သော်လည်း မရတော့ပေ။

လူသုံးယောက် နောက်မှပြေးလိုက်လာပြီး မခင်နှောင်း၏ကားကို ဗိုခလောက် ဆိုင်ဝိုင်းလိုက်ကြတော့သည်။

"မာမာ ... မာမာ ... မာမာ"



တိုးတိုးရော ပို့ပို့ရော ငိုသံပါလေးတွေနှင့်ကြောက်လန့်ပြီး မိခင်ကိုသာအားကိုးတကြီးခေါ်ကြသည်။

"ဟေ ... လူတွေ ဘာမတရားလုပ်နေကြတာလဲ ... ထွက်သွားကြစမ်း ..."

အောင်မြင်ပြတ်သားရုံမက ဟိန်းနေသောအသံဖြင့် အော်ပြောလိုက်သံတစ်ခုထွက်ပေါ်လာသည်။

ထိုလူမှောင်ထဲမှထွက်လာသည်။လူဆိုးသုံးယောက်နှင့် မလှမ်းမကမ်းတွင် မားမားကြီးရပ်လိုက်သည်ကို ကားထဲမှ မခင်နှောင်းတို့အတိုင်းသာ တွေ့မြင်နေရသည်။

"ဟင် ... ဦးဦးဇေယျ ..."

ဟု တိုးတိုးက အားရပါးရအသံလေးနှင့်ပြောလိုက်ပေသည်။

လူဆိုးသုံးယောက်က ထိုမာမာကြီးထွက်လာသောလူဆီသို့ ဦးတည်သွားသည်။ အာရုံရောက်သွားသည်။

ခေါင်းဆောင်က ထိုမားမားရှူကို မေးလိုက်သည်။

"မင်းဘယ်သူလဲ ... မင်းဘာကောင်လဲ ..."

"ကျုပ်ဘယ်သူဆိုတာတွေ ... ကျုပ်ဘာကောင်ဆိုတာတွေ အရေးမကြီးပါဘူး ... အခု ခင်ဗျားတို့လုပ်နေတာတွေက မတရားလွန်နေပြီပဲ ... ထွက်သွားကြတော့ဗျာ ... မိန်းမသားတစ်ယောက်နဲ့ ကလေးနှစ်ယောက်ကို ခင်ဗျားတို့ယောကျ်ားရင့်မကြီးသုံးယောက်က လက်နက်တွေနဲ့ရန်လုပ်တာ ... မတရားလည်းမတရားဘူး ... ကြည့်လို့လည်း

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလေဗျာ ... ”

“ဟာ ... ဒီကောင်ဟီးရိုးလာလုပ်နေတယ် ချကွာ”

ခေါင်းဆောင်က အမိန့်ပေးသည်နှင့် ဝါးရင်းတုတ်ကိုင်လူဆိုးသည် လှစ်ခနဲပြေးဝင်ကာ ကိုဖေယျ၏ဦးခေါင်းကို သူ့တိုက်အပေါ်မြှောက်ရိုက်ချလိုက်သည်။

ထိုရိုက်ချက်ကို ကိုဖေယျက သူ၏လက်ဖျံအိုးကြီးနှင့် ဆီးကာလိုက်ပြီး ရိုက်တုတ်ကိုအမိအရဖမ်းဆုပ်ယူပိုက်ကာ သူ့လက်ထဲတုတ်ရောက်သည်နှင့် ဝါးရင်းတုတ်ကို ပက်ချာလှည့်လိုက်ရာ တုတ်ကိုမလွှတ်တမ်း ကိုင်ဆုပ်ထားသော ထိုလူဆိုးလည်း ပက်ချာလည်သွားသည်။

ဇာလူဆိုး၏ကျောပိုင်း ကိုဖေယျရင်ဘတ်ဆီရောက်လာသည်နှင့် ကိုဖေယျသည် တုတ်ထိပ်စနှစ်ဖက်ကိုကိုင်ကာ ထိုလူဆိုး၏လည်ပင်းအား ကန့်လန့်ဖြတ်မိထားလိုက်ရာ လူဆိုးမှာ လည်ပင်းအစ်ပြီး မျက်လုံးပြူးလျှာတစ်လစ်ထွက်လာသည်။ ဒီထက်ပို၍ ဖိညှစ်လျှင် ထိုလူဆိုးအသက်ထွက်သွားနိုင်လောက်သည်။

ကိုဖေယျက တုတ်ကိုအရယူလိုက်ပြီး ထိုလူဆိုးအားခါးအထက်ကျောပိုင်းကို ဆောင့်ကန်ပစ်လိုက်သည်။

ကန်ချက်ပြင်းသောကြောင့် လူဆိုးမှာ ရှေ့ဆုံးမှာ ရှေ့ခြောက်ပေလောက်အကွာဆီလွင့်သွားပြီး အားလျားမှောက်ကြီးလဲကာ ပြန်မထနိုင်တော့ပေ။

သံချွန်ကောက်ကိုင်လူဆိုးက နောက်မှဝင်လာသည်ကို တိုးတိုးသည် ကားမှန်ချကာလှမ်းအော်ပြောသည်။



“ဦးဦး ... နောက်မှာ ... နောက်မှာ ... ”

ကိုဖေယျက ဘေးဘက်သို့ ခွေ့ခနဲခုန်ပြီး နေရာရွှေ့ပေးလိုက်ရာ သံချွန်ကောက်သမားမှာ စိုက်ချလိုက်သောသံချွန်ကောက်ကြီးက ကိုဖေယျကိုမထိဘဲ အနီးသစ်ပင်ကိုသွားစိုက်ပြီး ပြန်နုတ်မရဖြစ်သွားသည်။

ကိုဖေယျက လက်ထဲမှ ဝါးရင်းတုတ်ဖြင့် ထိုလူ၏မျက်နှာနားထင်ဘေးတိုက်ကို ရိုက်ချလိုက်ရာ ထိုသံချွန်ကောက်လူဆိုးမှာလည်း အားခနဲအော်ပြီး ပုံလဲကျသွားတော့သည်။

ကိုဖေယျက ကျန်သော ခေါင်းဆောင်လူဆိုးရှိရာသို့ ဝါးရင်းတုတ်ကိုင်ပြီး ခြေလှမ်းစဉ်မှာပင် လဲကျသွားသောလူဆိုးနှစ်ယောက်သည် လူးလဲထကာ ကားဝင်ခဲ့သော ခြံတံခါးပေါက်ဆီသို့ ထွက်ပြေးသွားကြတော့သည်။

တပည့်နှစ်ယောက်ထွက်ပြေးပြီမို့ ခေါင်းဆောင်လူဆိုးသည် ကိုဖေယျ၏အရည်အချင်းကိုလည်း မျက်မြင်မို့ မယှဉ်ပြိုင်တော့ဘဲ သူလည်း ခြံတံခါးဝဆီသို့ ထွက်ပြေးသွားပေတော့သည်။

ကိုဖေယျသည် လက်ထဲမှဝါးရင်းတုတ်ကို ဝေးရာသို့ လွှင့်ပစ်လိုက်ပြီး မော်တော်ကားကစောင်ကြီးကျနေရာသို့လျှောက်လာသည်။

မခင်နှောင်းသည် ကားတံခါးပြန်ဖွင့်ကာ ခြေဟပ်ထက်အောက်ဆင်းရင်း ကိုဖေယျကို ငေးကြည့်နေမိသည်။

ကိုဖေယျကလည်း မခင်နှောင်းကို ပြန်စိုက်ကြည့်မိ၏။ ကားရှေ့မီးကြီးမပိတ်သေးသောကြောင့် တစ်ဦးကိုတစ်ဦးမြင်

www.burmeseclassic.com

www.burmeseclassic.com



မြင်ထင်ထင်ပင် တွေ့နေရပေသည်။

အနီးကပ် ကိုဧယျာရောက်လာသည်။

"သိပ်ကို အရမ်းကိုကျေးဇူးတင်ပါတယ် ... ဒါပေမဲ့ ရှင့်ကို ကျွန်မ မသိပါလား ..."

"ဟာ ... မာမာကလည်း ... အဲဒါ တိုးတိုးမိတ်ဆွေဦးဦးလေ၊ ဦးဦးဆီသွားတုန်းက ယုန်သားကင်လည်းကျွေးတယ် ... ချိုးလေးနှစ်ကောင်လည်း ဇာင်ပေးလိုက်တဲ့ဦးဦးပေါ့"

ကိုဧယျာက အေးဆေးစွာပင်ပြန်ပြောပေသည်။

"ကျုပ် ဧယျာပါ ... တိုးတိုးနဲ့တော့ သိကျွမ်းပြီးသားပါ"

"တိုးတိုးက အဲဒီလို သိကျွမ်းတာ ပြောမပြဘူး ..."

"ဟုတ်တယ်လေမာမာ ... ဦးဦးက တောတန်းထဲမှာ သူနဲ့ တွေ့ခဲ့တာကို ဘယ်သူမှပြန်မပြောပါဘူးလို့ တိုးတိုးက ကတိပေးထားတာမို့ မာမာကိုမပြောတာ ... အခုမာမာနဲ့ ဦးဦးတွေ့ကြပြီမို့ အခုမှပြောတာ ..."

မခင်နှောင်း ကားပေါ်မှဆင်းသည်။

တိုးတိုးလည်း ကားပေါ်မှဆင်းကာ အပြေးကလေး ကိုဧယျာကို လက်ဆွဲထားသည်။

"ကဲ ... တိုးတိုး သားရဲ့ဦးဦးဧယျာကို အိမ်ထဲလာပါလို့ ဖိတ်ခေါ်လေသား ... ဦးဦးဧယျာမှ လူဆိုးတွေနဲ့ သတ်ပုတ်ထားလို့ဒဏ်ရာကို ဆေးထည့်ပေးရမယ်မဟုတ်လား ..."

"လာ ... ဦးဦး အိမ်ထဲလိုက်ခဲ့လေ ... ဦးဦး ဘယ်နာသွားလဲဟင် ... တိုးတိုးတို့အိမ်မှာ ဆေးသေတ္တာရှိပါတယ် ...



လာပါ ..."

"ဦးဦး ... ဘယ်မှာမှမနာဘူး ... ဦးဦးကိုမှ မထိတာ"

"ဟုတ်တယ် ... ဟုတ်တယ် ... တိုးတိုး ကားထဲက အကုန် မြင်နေတာ ... ဦးဦးဖိုက်လိုက်တာ ဦးဦးကိုတော့ ဘာမှမထိဘဲ သူတို့သုံးယောက်လုံးပဲ နာပြီးထွက်ပြေးလိုက်တာ မှုန့်နေတာပဲ ..."

တိုးတိုးက အားရပါးရ ရွှင်မြူးစွာပြောနေခြင်းဖြစ်ပါ၏။ ပို့ပို့ကတော့ ကားပေါ်ကမဆင်းသေးပေ။ သူမ၏ မာမာအခေါ် စောင့်နေပုံရသည်။

"ကဲ ... တိုးတိုး ... သားရဲ့ဦးဦးတို့အိမ်ပေါ်အတင်းဆွဲခေါ်ခဲ့ ... မာမာ ကော်ဖီတိုက်ပါရစေလို့ ..."

ပြောရင်း မခင်နှောင်း မျက်ဝန်းစုံက ကိုဧယျာကို ကြည့်မိပြန်သည်။ ကိုဧယျာကလည်း ပြန်ကြည့်နေသည်မို့ မျက်လုံးချင်းဆုံမိပါ၏။

မခင်နှောင်း၏မျက်ဝန်းအိမ်အကြည့်နှင့် နှုတ်ခမ်းအပြုံးတွင် သူမ၏အိမ်သို့လာစေချင်သောအရိပ်အရောင်ပါရှိနေသည် ဟု ဧယျာထင်မိသည်။

မခင်နှောင်းက ကားထဲမှ ပို့ပို့ကိုချီပြီး ရှေ့မှ အိမ်ပေါ်သို့တက်သွားသည်။

တိုးတိုးက ကိုဧယျာလက်ကိုဆွဲပြီးခေါ်လာခဲ့သည်။

ညှော်ခန်းဆက်တီတွင် ဧယျာထိုင်လိုက်သည်။

"ကိုဧယျာက ဒီနယ်မြေမှာ လူစိမ်းသက်သက်ပဲနော် ...

www.burmeseclassic.com

www.burmeseclassic.com



ခင်နှောင်းတစ်ခါမှ မမြင်ဖူးဘူး ... ”

“ဟုတ်ပါတယ် ... ကျွန်တော်က နေရာတစ်ခုမှာ စိတ်ကြိုက် မဖြစ်တာနဲ့ တခြားတစ်နေရာကို စိတ်ကြိုက်ရှာပြီး သွားနေတဲ့လူပါ ... စိတ်ကြိုက်နေရာဆိုရင် ရက်အကန့်အသတ်မရှိ နေတတ်ပါတယ် ... ဒါကြောင့် ဘယ်နေရာရောက်ရောက် တောထဲမှာပဲ အနေများတယ် ... ပလတ်စတစ်ယာယီတဲ ထိုးပြီးပေါ့လေ ... ”

“ဘာလို့ ... တောထဲမှာနေတာလဲ ... ကိုဧယျအမဲလိုက် သလား ... မုဆိုးဝါသနာနဲ့လားဟင် ... ဒီလိုမေးကာ စိတ် မဆိုးနဲ့နော် ... ခုလူဆိုးသုံးယောက်ကို ကိုဧယျတစ် ယောက်တည်းနဲ့ အနိုင်ယူနိုင်တာဟာ တောလိုက်မုဆိုးရဲ့ ကျွမ်းကျင်မှုတွေပါနေသလားလို့မေးမိတာပါ ... ”

“အင်း ... အသတ်အပုတ်ကတော့ငယ်ငယ်တည်းကဝါသနာ အရ သင်ကြားလေ့လာလိုက်စားခဲ့ပါတယ် မခင်နှောင်း ... ကျန်းမာရေးလေ့ကျင့်တဲ့အနေမျိုးနဲ့ လေ့ကျင့်တဲ့သဘော ပါ ... တကယ်တန်းကျွန်တော့်အလုပ်ကတော့ တောထဲမှာ သစ်ခွမျိုးကောင်းတွေလိုက်ရှာတာရယ် ... လိပ်ပြာအထူး အဆန်းလှလှလေးတွေရှာဖွေတာရယ် အဓိကပဲ ... သစ်ခွ မျိုးကောင်းနဲ့တွေ့ရင်မျိုးစေ့ယူတယ် ... တန်ဖိုးကြီးမားတဲ့ သစ်ခွအချင်းချင်းမျိုးစပ်တယ် ... အဲဒါကျတော့ ကျွန်တော် အမြဲနေတဲ့ခြံကြီးထဲမှာ မှန်မိုးမှန်ကာအဆောက်အုံထဲမှာ လုပ်ဆောင်တယ် ... ဒါကြောင့် မြန်မာပြည်ထဲက တောအနှံ့



တောင်အနှံ့မှာ ကင့်(ပ်)ထိုးပြီး သစ်ခွတွေရှာတာပါ ... ”

“စိတ်ကြိုက်တွေ့ရင် ရက်အကန့်အသတ်မရှိနေပြီး စိတ် ကြိုက်မတွေ့ရင် ချက်ချင်းပြောင်းရွှေ့သွားတယ်ဆိုတာက ကော ... ”

ကျွန်တော် EAMP ကင့်(ပ်)ချတဲ့နေရာဒေသတစ် ဝိုက်မှာ ကျွန်တော်လိုချင်တဲ့သစ်ခွမျိုးမတွေ့ရင် တခြားကိုပြောင်း ရွှေ့တဲ့သဘောပါ။

“ဒါဆို အခု မိုးပျောက်တောထဲမှာရော စိတ်ကြိုက်သစ်ခွ တွေ့ထားပြီလား ... ”

“မိုးပျောက်တောဟုတ်လား ... ”

“အဲ ... အခုကိုဧယျကင့်(ပ်)ချထားတာ မိုးပျောက်တော လို့ခေါ်တာပေါ့ ... ဟိုရှေးခေတ် သက်ကြီးပုဂ္ဂိုလ်တွေခေတ် အချိန်က အခုကိုဧယျနေတဲ့တောထဲမှာ သစ်ပင်ကြီးတွေ က သိပ်ကြီးမားပြီး ရွက်အုပ်ဖားကြီးတွေ တစ်ပင်နဲ့တစ်ပင် ယှက်နွယ်နေတာမို့ မော့ကြည့်ရင် မိုးကိုတောင်မမြင်အောင် ဖုံးလွှမ်းနေတာကို အကြောင်းပြုပြီး ဒီတောကို ‘မိုးပျောက် တော’လို့ နာမည်ပေးခဲ့ကြတာတဲ့လေ ... ”

“အခု ကျွန်တော့်ကင့်(ပ်)ထိုးထားတဲ့နေရာမှာတော့ အဲဒီ လောက်ကြီးတော့မထူးပါဘူး ... မော့ကြည့်ရင် ကောင်း ကင်ကိုမြင်ရတာချည်းပဲ ... အင်းပေါ့လေ ... အခုကျွန်တော် နေတဲ့နေရာက တောစပ်ပဲ ... ဒီအိမ်နဲ့နှစ်ဖာလုံလောက်ပဲ ဝေးတယ် ... ဒီရောက်လာတာလည်း တစ်ညအိပ်နှစ်ရက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတာ ... သစ်ခွရှာတဲ့လုပ်ငန်း လုံးဝမစရသေးဘူး ... ဒါပေမဲ့ ကျွန်တော်နေတဲ့နေရာက ကန်ကြီးမှာတော့ လိပ်ပြာမျိုးတော်တော်စုံအောင်တွေ့တယ် ... မျိုးကောင်းမျိုးသန့် တန်ဖိုးရှိတဲ့လိပ်ပြာတစ်မျိုးလည်းတွေ့တယ် ... ဒါကြောင့် ဒီနေရာမှာ ကျွန်တော် ရက်အကန့်အသတ်မရှိ ကြာချင်ကြာမလားပဲ ... ”

“လိပ်ပြာကို ကိုဇေယျ စိတ်ဝင်စားတယ်နော် ... ခင်နှောင်း အနေနဲ့ကတော့ လိပ်ပြာလှလှလေးတွေ့ရင် လှလိုက်တာ ဆိုတာထက်ပိုပြီး စိတ်မဝင်စားမိဘူး ... ”

“လိပ်ပြာတွင်မကပါဘူး ... ကိုင်းခြောက်ကောင်တွေ ... နံ့ကောင်တွေလည်း ကျွန်တော်သုတေသနလုပ်ပါတယ်”

“ဘယ်လိုသုတေသနလုပ်တာလဲဟင် ... ကိုဇေယျပြောမှ ခင်နှောင်းလည်း စိတ်ဝင်စားလာတယ် ... အဲ ... ခင်နှောင်းနဲ့တော့ ဘယ်လိုမှ အတွေ့အကြုံမရှိသေးတဲ့ကိစ္စပဲ ... ”

ခင်နှောင်းနှင့် ကိုဇေယျသည် ကော်ဖီသောက်ရင်း စကားကောင်းနေသည့်မို့ တိုးတိုးနှင့်ပို့ပို့ အိပ်ငိုက်နေပေပြီ။ မျက်တောင်လေးတွေစင်းပြီး သမ်းနေကြလေပြီ။

“ခဏလေးနော်ကိုဇေယျ ... သားနဲ့သမီးကို ခင်နှောင်းသိပ်လိုက်ဦးမယ် ... ကဲ ... လာ ... သားလေးနဲ့သမီးလေး အိပ်စို့ ... ”

ပို့ပို့ကိုချီပြီး တိုးတိုးကိုလက်ဆွဲကာ သူတို့၏အိပ်ခန်းဆီသို့ မခင်နှောင်းသွားလေသည်။



သူတို့အိပ်ခန်းဝသို့ရောက်မှ တိုးတိုးသည် မိခင်လက်တွဲကိုဖြုတ်ကာ ကိုဇေယျထံသို့ပြန်လာသည်။

ဘာမပြောညာမပြော ကိုဇေယျ၏လည်ပင်းကိုဖက်ကာ ပါးပြင်ကို မွှေးမွှေးပေးလိုက်ပါလေ၏။

မခင်နှောင်းသည် တိုးတိုး၏လုပ်ရပ်ကို ရီဝေသောအကြည့်ဖြင့်ကြည့်နေမိသည်။

ဖအေတော်နေသောသားလေးပါပေ။

ကိုဇေယျကိုယ်တိုင်လည်း လုံးဝမမျှော်လင့်ဘဲ ပြုမူလိုက်သော တိုးတိုး၏အပြုအမူကြောင့် ရင်ထဲတွင် နင့်ခနဲ တစ်မျိုးကြီး ခံစားလိုက်ရပါလေ၏။

ကိုဇေယျ၏လက်နှစ်ဖက်သည် အလိုလိုပင် တိုးတိုး၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး အပြစ်ကင်းစွာချောမွေ့နေသော တိုးတိုး၏မျက်နှာလေးကိုစိုက်ကြည့်နေမိသည်။

“တိုးတိုးအိပ်တော့မယ် ဦးဦး ... ”

ဇေယျက ခေါင်းညိတ်ပြပြီး တိုးတိုး၏ပါးပြင်လေးကို ပြန်၍နမ်းလိုက်မိတော့သည်။ ပြီးဆုပ်ကိုင်ထားခြင်းမှ လွှတ်လိုက်သည်နှင့် တိုးတိုးသည် မိခင်ရှိရာသို့ပြန်သွားပြီး အိပ်ခန်းထဲဝင်ရောက်သွားကြသည်။

စိတ်ပိုင်းဆိုင်ရာအရ တိုးတိုးကို ကိုဇေယျနားလည်သဘောပေါက်ပါ၏။

သားငယ်သမီးငယ်များ၏ အမိကအားကိုးရာသည် ဖခင်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု တိုးတိုးတွင် ဖခင်မရှိတော့ပြီ။

တိုးတိုး ဖခင်မရှိကတည်းက အားငယ်နေပုံရသည်။ ပို့ပို့ကတော့ ငယ်လွန်းသောကြောင့် တိုးတိုးလောက် အသိဉာဏ် မကြွယ်တတ်သေး။

ဖခင်ဆုံးပါးပြီးနောက် သူ မာမာကအစ သူတို့လေး နှစ်ယောက်ကို အနိုင်ကျင့်လိုသူစော်ကားသူတွေရှိလာသည်မျိုးကို တိုးတိုးက သဘောပေါက်နားလည်ပုံရသည်။

ပြီး တိုးတိုးတွင် သားယောကျ်ားလေးအနေနှင့် ဖခင်နှင့်ရင်းနှီးမှုမျိုးဆုံးရှုံးနေရသည်။

ယင်းသို့သောအခြေအနေရှိနေခိုက်ဝယ် မနေ့ညနေ ပိုင်းက တိုးတိုးသည် မိုးပျောက်တောတန်းထဲဝင်ငှက်ပစ်ရင်း မိမိထံ သို့ရောက်လာသည်။

ပထမတွေ့တွေ့ချင်း ကိုဇေယျက သေနတ်နှင့် သူ့ ကို ချိန်သည်ကို ကြောက်လန့်သွားရှာသေးသည်။ ထို့နောက် သူ့ အပေါ်တွင် ကိုဇေယျ၏လိုက်လျောမှုတွေသည် ဖခင်က သားငယ် ကို အလိုလိုက်သည့်သဘောသက်ဝင်သည်ဟု တိုးတိုးယူဆပုံရ သည်။

တစ်ဖန် …

ယခု စောစောက အဖြစ်အပျက်ကလည်း လူဆိုးသုံး ယောက်က တိုးတိုးတို့မိသားစုအား အနိုင်ကျင့်ခြင်းဖြစ်ပေသည်။ သားအမိသုံးယောက်အတွက် ကြီးမားသောအန္တရာယ်ဆိုးကျရောက် နိုင်ပါ၏။



ဒါကို မိမိကဝင်ရောက်ကယ်တင်ပေးလိုက်သည်။ ကယ်တင်ရှင်မိမိကို တိုးတိုးရင်ထဲက တကယ့်တကယ့် သူရဲကောင်း တစ်ယောက်ဟု မိမိကိုသိပ်အထင်ကြီးသွားပေမည်။

ယောကျ်ားသား တိုးတိုးတို့အရွယ်ဆိုသည်မှာ သူရဲ ကောင်းအား ကြည်ညိုစိတ်ရှိတတ်စမြဲသာ။ လူကြမ်းအား ဓာတ် လိုက်က ဒိုင်ပင်ထိုးဝင်သတ်ပုတ်သည်ကိုပင် ရုပ်ရှင်ဓာတ်ကြည့်ပြီး လက်ခုပ်တီးလေ့ရှိသောအရွယ်ဖြစ်ပါ၏။

အကယ်၍သာ …

စောစောကအဖြစ်အပျက်တွင် သူတို့၏ဖခင်ကိုယ် တိုင်သော်လည်းကောင်း၊ ဦးလေးသားချင်းသော်လည်းကောင်း မိမိ လို ဝင်ရောက်ကယ်လိုက်လျှင် ဒါငါ့အဖေကွ ဒါငါ့ဦးလေးကွဟု ဂုဏ်ယူကြွားဝင့်ချင်သောအရွယ်လည်းဖြစ်ပါ၏။

ဤသို့သောစိတ်မျိုးဖြင့် တိုးတိုးသည် ကိုဇေယျအား တိုတောင်းလှသောအချိန်ကာလအတွင်းမှာပင် ကြုံကြိုက်ရသည့်ဖြစ် ရပ်များအပေါ်မူတည်ပြီး ခင်မင်စိတ်၊ အားကိုးစိတ် အထွတ်အထိပ် ရောက်သွားဟန်တူပါလေ၏။

"ပျင်းနေပြီလားကိုဇေယျ …"

နာရီဝက်မပြည့်သေးမီ မခင်နှောင်းပြန်ရောက်လာ ပြီး ခုနကထိုင်သွားသောဆက်တီမှာပင် ပြန်ထိုင်သည်။

"မပျင်းပါဘူး မခင်နှောင်း … တိုးတိုးအကြောင်းစဉ်းစား နေမိတာပါ …"

"အဲ … တိုးတိုးကတော့ ကိုဇေယျကို အရမ်းချီးမွမ်းနေတာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ … အိပ်ရာထဲရောက်ကာ ဦးဦးဧယျုက သိပ်တော်တာပဲ … ဦးဦးဧယျုတစ်ယောက်တည်းနဲ့ချလိုက်တာ … ဟိုလူဆိုးကြီးတွေ တစ်ခါတည်းထွက်ပြေးတာ ရယ်စရာကြီးလို့ ပြောရင်း အိပ်ပျော်သွားတယ်လေ … ”

“ဒါပေါ့မခင်နှောင်း … တိုးတိုးအရွယ်ဆိုတာ လူစွမ်းကောင်းတို့ သူရဲကောင်းတို့ဆိုရင် အထင်ကြီးကြည်ညိုတတ်တဲ့အရွယ်ပဲ … ကိုယ်တိုင်လည်း သူရဲကောင်း၊ လူစွမ်းကောင်းဖြစ်ချင်ကြတယ်လေ … ကျွန်တော်က ခုနက လူစွမ်းကောင်းဆန်သွားတော့ သူချီးမွမ်းရောပေါ့ … ဒါထက်မခင်နှောင်းကို ကျွန်တော်မေးချင်တယ် … ”

“မေးပါကိုဧယျု … ”

“အခုလောက်သိရသေးတဲ့အချိန်ကာလလေးလောက်နဲ့ ကျွန်တော်ကစိမ်းလွန်းနေသေးတော့ မမေးသင့်တဲ့မေးခွန်းပဲ … မေးရင် ရိုင်းမှန်းလည်းကျွန်တော်သိပါတယ် … ဒါပေမဲ့ ဒီရန်ဟာအေးသွားမှာမဟုတ်တာမို့ မခင်နှောင်းတို့သားအမိအပေါ် စိုးရိမ်စိတ်နဲ့မေးတာပါ … မေးချင်တာက ခုနကရမ်းကားသွားတဲ့သုံးယောက်ဟာ ဘယ်သူတွေလဲ … ဘာဖြစ်လို့ ဒီလောက်ကြီး အသားလွတ်ရမ်းကားပြီး အနိုင်ကျင့်ချင်တာလဲ … မခင်နှောင်းကို ဘာလို့ရန်အန္တရာယ်ပြုချင်တာလဲ … ”

“အဲဒါကိုပြောရင် အရှည်ကြီးပြောရမှာ ကိုဧယျု … နောက်အေးအေးဆေးဆေးကျမှ ခင်နှောင်း ကိုဧယျုကိုပြောပြပ့ါ



မယ် … အခုတော့ ခုနကိုဧယျုပြောခဲ့တဲ့ လိပ်ပြာတို့၊ နံ့ကောင်တို့၊ ကိုင်းခြောက်ကောင်တို့အကြောင်း ဆက်ပြောပါလား၊ ခင်နှောင်းစိတ်ဝင်စားသွားလို့ … ”

“ပြောပြမယ်လေ … အဲဒီနံ့ကောင်တချို့ ကိုင်းခြောက်ကောင်တချို့နဲ့ လိပ်ပြာတချို့ဟာ သစ်ရွက်တို့ သစ်ကိုင်းခြောက်တို့ကနေပြီး သက်ရှိအကောင်လေးတွေဖြစ်လာတာ၊ အဲဒီလို ဥကဖြစ်စေ၊ အကောင်လိုက်ဖြစ်စေ သန္ဓေတည်ပြီးဖြစ်လာတာမဟုတ်ဘဲ သူ့အလိုလို သက်ရှိဖြစ်လာတာကိုပဲ ကျွန်တော်က သုတေသနလုပ်နေတာ … ဘယ်လို သစ်ရွက်အမျိုးအစား ဘယ်လိုသစ်ကိုင်းခြောက်အမျိုးအစားတွေက ဘယ်ပုံဘယ်နည်းအသက်ဝင်လာပြီး သက်ရှိရုပ်အကောင်၊ ခြေ၊ လက်၊ မျက်စိတွေဖြစ်လာရသလဲဆိုတာမျိုးတွေကို လေ့လာသုတေသနလုပ်နေတာပါ မခင်နှောင်း၊ ဒါပေမဲ့ လေ့လာသုတေသနပြုလုပ်ချက်က အစလောက်ပဲရှိပါသေးတယ် …, တော်တော်ကြာအောင် စောင့်ကြည့်လေ့လာရမယ့်အလုပ်ဖြစ်နေတယ် … ”

“ဟုတ်တယ်နော် … တော်တော်စိတ်ဝင်စားစရာပဲ … ခင်နှောင်းကိုယ်တိုင် ခင်ပွန်းသည် ကိုအောင်ဗွေဆုံးသွားစက ညညအိပ်မပျော်လို့ ခြံထဲမှာသွားထိုင်နေရင်း ကိုယ့်ရှေ့မှာပဲ ငုံနေတဲ့ပန်းဖူးကလေးတွေ တဖြည်းဖြည်းပွင့်လာတာတွေကို စိတ်ဝင်တစား ငေးကြည့်နေမိတယ် … သဘာဝက သိပ်အံ့သြဖို့ကောင်းတာပဲ … ပန်းငုံလေးတွေဟာ ရှုက

www.burmeseclassic.com

www.burmeseclassic.com



လက်နဲ့နှာပေးသလို သူ့အလိုလိုပွင့်ဖတ် တစ်ဖတ်ချင်းလန် တက်လာပြီး နောက်ဆုံး ပန်းပွင့်လေးဖြစ်သွားတယ်လေ"

နှစ်ယောက်သားခေတ္တငြိမ်သွားကြပြန်သည်။

ကိုဇေယျကပင် စကားကိုပြန်ကောက်လိုက်ပေသည်။

"စောစောက လူဆိုးလူရမ်းကားသုံးယောက်ဟာ မခင်နှောင်းကို ဘာလို့ ဒီလိုအနိုင်လာကျင့်တယ်ဆိုတာ ... တစ်လက်စတည်းပြောပြပါလားမခင်နှောင်း ... ကျွန်တော် ဒီခြံထဲကို မခင်နှောင်းတို့ကားပြန်မလာခင်ကတည်းက ရောက်နေတာပါ ... သူတို့သုံးယောက်ရောက်လာပြီး ကြက်ခြံတံခါးဖွင့်လိုက်တယ် ... ကြက်တွေကို မောင်းထုတ်တယ်၊ ဝက်ခြံတံခါးဖွင့်ပြီး ဝက်နှစ်ကောင်ထွက်လာတာကို ပစ်သတ်တယ် ... ဒါပေမဲ့ မခင်နှောင်းအိမ်ပေါ်ထပ်သို့ အထဲဝင် အဖိုးတန်ပစ္စည်းတွေယူဖို့တော့ လုံးဝမလုပ်ကြဘူး"

"ဒါဆို သူတို့မရောက်ခင်ကတည်းက ကိုဇေယျရောက်နေတယ်ဆို ... သူတို့ ဗရမ်းဗတာလုပ်နေတာကို ... ကိုဇေယျ ဝင်ပြီး မဟန့်တားဘူးလား ... "

"ဘယ်လိုအကြောင်းပြချက်နဲ့ ကျွန်တော်ဝင်ပြီး ဟန့်တားနိုင်မှာလဲ မခင်နှောင်း ... ကျွန်တော်က ဒီဒေသမှာ လူစိမ်းသက်သက် ... သူတို့ဘာအကြောင်းနဲ့ ဒီလိုလုပ်မှန်းလည်း ကျွန်တော်မသိ ... ကိုယ်နဲ့လည်း ဘယ်လိုမှမပတ်သက်တော့ ကွယ်ရာကပဲကြည့်နေတယ် ... မခင်နှောင်းတို့မော်



တော်ကားဝင်လာပြီး သားအမိကို အနိုင်ကျင့်တော့မှ ကျွန်တော်မဝင်ဘဲ မနေနိုင်တော့ဘူး ... ပထမအချက်က တိုးတိုးကို ကျွန်တော်က သိကျွမ်းထားပြီးသားဖြစ်ရုံမက တိုးတိုးအပေါ်မှာ ကျွန်တော် ခင်မင်စိတ်လေးသက်ဝင်မိတယ် ... ဒုတိယအချက်က အားနည်းတဲ့ မိန်းမသားတစ်ယောက်နဲ့ လူမမယ်ကလေးနှစ်ယောက်အပေါ် အနိုင်ကျင့်တာကို ကျွန်တော်မကြည့်ရက်ဘူး ... ဒါကြောင့် ကျွန်တော်ဝင်ပြီး လူစွမ်းကောင်းလုပ်လိုက်မိတာပဲ မခင်နှောင်း"

"အဲဒီအတွက် ခင်နှောင်းက ကိုဇေယျကို အရမ်းကြီး ဘယ်လို ကျေးဇူးတင်ရမှန်းတောင်မသိဘူး ... ကိုဇေယျသာ ဝင်မကယ်ရင် ကိုလှိုင်ဘွားဟာ ခင်နှောင်းကို ဘာဆက်လုပ်မယ်ဆိုတာတောင် မတွေးဝံ့ဘူး ... ကိုလှိုင်ဘွားဟာ ခင်နှောင်းတို့ကလေးနှစ်ယောက် အမေမဆိုးမဆိုပြီး ရိသဲ့သဲ့လုပ်နေတဲ့လူလေ ... "

"ကိုလှိုင်ဘွားဆိုတာက ဘယ်သူလဲ ... "

"သူတို့သုံးယောက်ထဲက ခေါင်းဆောင်လူပေါ့ ... "

"ဪ ... အဲဒီလူလား သူ့မှာသေနတ်ပါတယ် ... ဝက်နှစ်ကောင်ကို ပစ်သတ်တာ ဘယ်သူလဲ ... ကဲ ... ပြောပါဦး ကိုလှိုင်ဘွားက မခင်နှောင်းအပေါ်မှာ ဒီလိုဘာလို့လုပ်တာလဲ ... "

"ကိုလှိုင်ဘွားဟာ ဦးသိန္ဒီရဲ့ ညာလက်ရုံးတပည့်ပဲ ... ဒီည ဒီလိုလာလုပ်တာ ဦးသိန္ဒီရဲ့စေခိုင်းချက်အရဖြစ်မှာပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com

"ဦးသိဒ္ဓိဆိုတာကကော ဘယ်သူလဲ ..."

"ဦးသိဒ္ဓိက မြို့သစ်မြို့မှာ တော့်တော်ချမ်းသာပြီး တော်တော်တွင်ကျယ်နေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပဲ ... အဲ ... တိုးတိုးပြောရရင်တော့ ... ကိုအောင်ဌေး မကွယ်လွန်ခင်ကတည်းက ဒီယင်းတိုက်ရှာက ခင်နှောင်းတို့ပိုင်တဲ့ ဆန်စက်ဝန်းမြေနေရာရယ် ... အိမ်ခြံမြေရယ် ... ပြီးတော့ ခင်နှောင်းတို့နဲ့ကပ်လျက်သားက ဦးချစ်မောင်ရဲ့ ခြံမြေရယ် ဦးသိဒ္ဓိက သိပ်လိုချင်နေတယ် ... ဒီနေရာမှာ သူက ခေတ်မီခမ်းနားတဲ့ ဟိုတယ်ကြီးတစ်ခုဆောက်မလို့တဲ့လေ ... အဲဒါကိုအောင်ဌေးကလည်း မရောင်းဘူး ... ဟိုဘက်ခြံက ဦးချစ်မောင်ကလည်းမရောင်းဘူး ... ဒီခြံမြေ ဒီဆန်စက်ဟာ ကိုအောင်ဌေးရဲ့ မိဘလက်ထက်ကတည်းက ဆင်းသက်လာတဲ့ ခြံမြေနဲ့ ဆန်စက်မို့ ကိုအောင်ဌေးက ဘယ်လောက်တန်ဖိုးပေးပေးမရောင်းဘူး ... ဟိုဘက်က ဦးချစ်မောင်ကလည်း မရောင်းဘူးပဲ ... ဒီကြားထဲမှာပဲ ကိုအောင်ဌေးက ရုတ်တရက်ကွယ်လွန်သွားတယ် ..."

"ရုတ်တရက် ကွယ်လွန်တယ်ဆိုတာက ဘယ်လိုပုံစံနဲ့ ကိုအောင်ဌေးကွယ်လွန်သွားတာလဲ မခင်နှောင်း ..."

"တောင်ပေါ်က မော်တော်ဆိုင်ကယ်စီးဆင်းလာတဲ့ ... ကိုအောင်ဌေးနဲ့ ချည်တိုင်ကလွတ်သွားတဲ့ နွားသိုးတစ်ကောင် မျက်နှာချင်းဆိုင်ပက်ပင်းတိုးပြီး နွားဆိုးက ဝှေ့ချလို့ ကိုအောင်ဌေးရော မော်တော်ဆိုင်ကယ်ရော တောင်


www.burmeseclassic.com

ပေါ်က လိမ့်ကျပြီး ကိုအောင်ဌေး ပွဲချင်းပြီးဆုံးသွားတာ ... ကိုအောင်ဌေးမှာ နဂိုကတည်းကလည်း နှလုံးရောဂါအခံရှိနေတာလည်းပါတယ်ပေါ့လေ ... ဆရာဝန်ရဲ့ဆေးစာမှတ်ချက်ကတော့ နွားသိုးအဝှေ့ခံလိုက်ရတဲ့အချိန်မှာ နှလုံးရောဂါ အတက်(ခ်)ဝင်လိုက်တာနဲ့ဆုံပြီး ကိုအောင်ဌေးဆုံးသွားတာလို့ ဖော်ပြထားတာပဲ ..."

"ဒါဆို ... ချည်တိုင်က နွားသိုးလွတ်သွားတာဆိုတာက ရိုးရိုးမှဟုတ်ရဲ့လား ... ဒါကတော့ထားပါတော့လေ ... အဲ ကိုအောင်ဌေးဆုံးပြီးတဲ့နောက်ကျတော့ကော ..."

"ကိုအောင်ဌေးဆုံးပြီး ဘာကြာလဲ ... သုံးလေးလအကြာမှာပဲ ဦးသိဒ္ဓိက ခင်နှောင်းတို့ခြံမြေရောင်းဖို့ကိစ္စဆက်ပြောလာတာပဲ ... ဆန်စက်ကိုတော့ သူမြေနေရာရော ပြန်လည်ရွှေ့ပြောင်းတည်ဆောက်ခရော အားလုံးသူအကုန်ကျခံမယ်တဲ့၊ ခင်နှောင်းမရောင်းဘူးလို့ပဲ ငြင်းလိုက်တယ် ... ဒီတော့ ဦးသိဒ္ဓိတပည့် ကိုလှိုင်ဘွားက ခင်နှောင်းကိုလက်ထပ်ပါရစေလို့ ဆိုလာပြန်တယ် ... သူကိုယ်တိုင်မဟုတ်ပါဘူး အောင်သွယ်လွှတ်ပြောတာပါ ... ဒါလည်း ဦးသိဒ္ဓိရဲ့လက်ချက်ဖြစ်မှာပါ ... ကိုလှိုင်ဘွားက သူ့ဆရာကြီး ဦးသိဒ္ဓိစကားဆိုရင် ဘုရားဟောစကားပဲ ... ကိုလှိုင်ဘွားကို ခင်နှောင်းက လက်ထပ်လိုက်ရင် ခင်နှောင်းရဲ့ခြံမြေဟာ သူတို့သဘောအတိုင်းဖြစ်မယ်ဆိုပြီး စမ်းလိုက်တဲ့သဘောပါ"

"ခင်နှောင်းကဘာပြန်ပြောလဲ ..."

www.burmeseclassic.com

"ဝေးသေးပေါ့ ကိုဇေယျ ... ကိုလှိုင်ဘွားလိုလူကို ခင်နှောင်း အနေနဲ့ ဒီတစ်သက်မဟုတ်ဘူး ... နောက်ဆယ်သက် တောင်မနှစ်သက်ဘူး ... လက်မခံဘူးလို့ ငြင်းလိုက်တာ ပေါ့"

"ဒါဆို ကနေ့ည သူတို့လုပ်လိုက်တာဟာ မခင်နှောင်းကို ခြိမ်းခြောက်လိုက်တဲ့သဘောပေါ့ ... "

"အဲဒီသဘောပေါ့ ကိုဇေယျ ... အဲဒီသဘောထဲမှာ နည်းနှစ် နည်းပါမယ် ... ပထမနည်းက ခြိမ်းခြောက်တာကိုကြောက် ပြီး ခြံမြေနေရာကိုရောင်းပါတော့မယ်လို့ ခင်နှောင်းဖြစ်လာ နိုင်တယ် ... "

"ဒုတိယအချက်ကကော ... "

"ကိုလှိုင်ဘွားက ခင်နှောင်းကို ဖွတ်အမွှကြံစည်မယ် ... ကြံစည်လို့အောင်မြင်သွားရင် ခင်နှောင်းအနေနဲ့ မထူးတော့ ပါဘူး ... တည်မိတဲ့ဘုရားလဒနားနားဆိုတာမျိုးဖြစ်ပြီး သူ့ကိုလက်ထပ်မှာပဲဆိုတဲ့အချက်မျိုးလည်းပါနိုင်တယ် ကိုဇေယျ ... သူ့ကိုခင်နှောင်းလက်ထပ်တာနဲ့ ခြံမြေဟာ ဦးသိဒ္ဓိသဘောအတိုင်းဖြစ်သွားနိုင်တယ်လေ ... "

"တော်တော်ကြီးကို ယုတ်မာတဲ့အကြံအစည်လုပ်ဆောင် ချက်ကြီးပဲ ... "

"ဒါကြောင့်ပြောတာပေါ့ ... ကိုဇေယျသာဝင်မကယ်ရင် ခင်နှောင်းဘဝပျက်နိုင်တယ်လို့ ... အဲ ... ခင်နှောင်းဘဝ က အပျိုလေးတော့မဟုတ်ဘူးပေါ့လေ ... "



"အခုညကိစ္စကို မခင်နှောင်း ရဲစခန်းကိုမတိုင်ဘူးလား ... အမှုမဖွင့်ဘူးလား ... "

မခင်နှောင်းခေါင်းခါပြသည်။

"ဘာထူးမှာလဲကိုဇေယျ ... အမှုဖွင့်လည်း ခင်နှောင်းရှုံးမှာပဲ ဟာ ... ဒီနေ့ဒီရက်ဒီညမှာ ကိုလှိုင်ဘွားဟာ ဘယ်လိုပုဂ္ဂိုလ် တွေနဲ့အတူတူရှိနေတာပါလို့ မြို့သစ်ကထွက်ဆိုပေးမယ့် ပုဂ္ဂိုလ်တွေတစ်ရှေ့ကြီး ... နောက်တစ်ချက်က ဒီမှာ ကိုလှိုင်ဘွားနဲ့သူ့တပည့်တွေရမ်းကားသွားပါတယ်ဆိုတာကို ဘယ်သူ့ကိုခင်နှောင်းသက်သေပြနိုင်သလဲ ... "

"ကျွန်တော့်ကို ... "

ဟုပြောလိုက်ပြီးမှ ကိုဇေယျသည် ချက်ချင်းစကား ရပ်နှုတ်ပိတ်လိုက်ပါ၏။

ကျွန်တော့်ကို မျက်မြင်သက်သေပြလိုက်ပေါ့ဟု စေတနာ ကရုဏာအရ ကိုဇေယျပြောမိလိုက်ချင်ပါ၏။ ဒါကို ခင်နှောင်းရိပ်မိသည်။

"ကျေးဇူးထပ်ပြီးတင်ပါတယ် ကိုဇေယျ ... ကိုဇေယျကို သက်သေတင်ပြလည်း ခင်နှောင်းပဲ အမှုရှုံးမှာပါ ... ဘာလို့ လဲဆိုတော့ ဒီဒေသနယ်မြေမှာ ကိုဇေယျက လူစိမ်းသက် သက်တစ်ယောက်လည်းဖြစ်နေတယ် ... ဒီနယ်မြေမှာ အထင်ကရပုဂ္ဂိုလ်တစ်ယောက်လည်းမဟုတ်ဘူး ... ကိုလှိုင် ဘွားဘက်မှာက မြို့သစ်မြို့မှာ အင်မတန်အရေးပါနေတဲ့ ဦးသိဒ္ဓိလို့ ပုဂ္ဂိုလ်ကြီးရှိနေတယ် ... ဦးသိဒ္ဓိကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွားဟာ အဲဒီညက ကျုပ်နဲ့အတူ ဘယ်ပုဂ္ဂိုလ်တွေနဲ့ အတူရှိနေတာလဲလို့ပြောလိုက်တာနဲ့ ခင်နှောင်းအမှုရှုံးပြီလေ … ဒါကြောင့် အမှုမဖွင့်ချင်တာပါ … ”

“နို့ … မခင်နှောင်းရဲ့ဆန်စက်က မလည်ဘဲ ဘာလို့ပိတ်ထားလဲ … ”

“ခင်နှောင်းဦးစီးပြီးမလုပ်နိုင်ဘူးလေ … ကိုအောင်ဌေးဆုံးပြီးကာစက ခင်နှောင်းအရှိန်နဲ့ဆက်လည်ကြည့်သေးတယ်၊ မရဘူး … ခင်နှောင်းမနိုင်ဘူး … အရှုံးပေါ်တယ် … ”

“မခင်နှောင်း ဘယ်လိုမနိုင်မနင်းဖြစ်တာလဲ … ”

“ဆန်စက်တစ်ခုလည်ပတ်ရင် လာရောက်ကြိတ်ခွဲတဲ့ဖောက်သည်တွေရှိတယ် … ပခုံးထမ်းအလုပ်သမားပိုင်းကိစ္စတွေရှိတယ် … စက်ပိုင်းဆိုင်ရာ စက်ဆရာနဲ့သူ့တပည့်တွေအပိုင်းရှိတယ် … ကိုအောင်ဌေးရှိတုန်းကတော့ ပခုံးထမ်းအလုပ်သမားအပေါ်မှာရော စက်ပိုင်းဆိုင်ရာလူတွေအပေါ်မှာရော သြဇာရှိတယ် … ကိုအောင်ဌေးကို မထီလေးစားဘယ်သူမှ မလုပ်ရဲကြဘူး … အကျိုးအမြတ်လည်းများခဲ့တယ် … ခင်နှောင်းကျတော့ အလုပ်သဘောကိုတော့ နားလည်ပါရဲ့၊ မုဆိုးမမိန်းမသားအနေနဲ့ အားလုံးဟာ လေးလေးစားစားမရှိကြဘူး … အုပ်ချုပ်ရေးပိုင်းမှာ ခင်နှောင်းမနိုင်မနင်းတွေဖြစ်လာတယ် … အလုပ်သမားပိုင်းရော စက်ပိုင်းမှာရော လစ်ရင်လစ်သလို အလုပ်လည်းခိုတယ် … ခိုးယူတာတွေလည်းရှိတယ် … ခင်နှောင်းမှာက သားလေးနဲ့သမီးလေး ကျောင်း



ကိစ္စပြုစုပျိုးထောင်ကိစ္စတွေနဲ့ ဆန်စက်လုပ်ငန်းမှာ လစ်ဟင်းတယ် … ဒါကြောင့် မထူးတော့ပါဘူးဆိုပြီး ပိတ်ထားလိုက်တာ … ”

“ဒါဆိုလည်း မခင်နှောင်းရယ် … ဦးသိဒ္ဓိဆီမှာ ကိုယ်စိတ်ကြိုက်ဈေးတောင်းပြီး ခြံမြေရော ဆန်စက်ရော ရောင်းပစ်လိုက်ပါလား … ကျွန်တော် စေတနာနဲ့ပြောတာနော် … ဒီည ကိုလှိုင်ဘွားလက်ကလွတ်သွားပေမယ့် နောက်ပိုင်းကယ်ပေးမယ့်သူမရှိတဲ့အခါ မခင်နှောင်းမှာ အန္တရာယ်တွေဝင်ရောက်လာနိုင်တာမို့ ကျွန်တော်က မခင်နှောင်းနဲ့ တိုးတိုးတို့မောင်နှမပေါ် တကယ့်စေတနာသက်ရောက်မှုနဲ့ အကြံပေးတာပါနော် … အဲ … ကျွန်တော် ဒီနားမှာရှိနေသရွေ့တော့ အတတ်နိုင်ဆုံး မခင်နှောင်းတို့သားအမိသုံးယောက်ရဲ့အန္တရာယ်ကို ကာကွယ်မှာပါ … ”

“ကိုဇေယျပြောတာဟုတ်ပါတယ် … အဲဒီလိုလည်း ခင်နှောင်းတွေးမိပါတယ် … ဒါပေမဲ့ ခက်တယ်ကိုဇေယျ … ခင်နှောင်းက ငွေတန်ကြေးအပေါ်မှာ ထည့်မှမတွက်တာ၊ ဒီခြံမြေ ဒီဆန်စက်ဟာ ကိုအောင်ဌေးရဲ့ဘိုးစဉ်ဘောင်ဆက်ကစပြီး သားတွေမြေးတွေအထိ အမွေဆက်ခံလာခဲ့တာပါ။ အစဉ်အဆက်တည်ထောင်လာတဲ့ဆန်စက်နဲ့ခြံမြေဟာ ကိုအောင်ဌေးလက်ထက်ကျမှပဲ မျိုးပြတ်တာပဲဆိုတာမျိုး အဖြစ်မခံနိုင်လို့ပါ … သားလေးတိုးတိုး ဆယ်တန်းအောင်ဘွဲ့ရပြီးတဲ့အခါ သားလေးတိုးတိုးက မိဘအမွေကိုဆက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်စေချင်လို့ မရောင်းဘဲကို တမင်တကာထားသလို ဖြစ်နေလို့ပါကိုဇေယျ ...”

မခင်နှောင်း၏ထားရှိသောစိတ်ဓာတ်နှင့် သဘောထားကို ကိုဇေယျရင်ထဲက ကျိတ်ပြီး ချီးကျူးမိရလေတော့သည်။

“ဆန်စက်ပိတ်ထားတော့ အခုလက်ရှိမခင်နှောင်းရဲ့ စား ဝတ်နေရေး တိုးတိုးနဲ့ပို့ပို့ကုန်ကျစရိတ်တွေအတွက်ကျတော့ ကော မခင်နှောင်း ...”

“ကိုအောင်ဒွေး ဘဏ်မှာအပ်ထားခဲ့တဲ့ ငွေတွေရှိတယ် ကိုဇေယျ ... ပြီးတော့ ခင်နှောင်းမွေးမြူရေးလုပ်စားတယ် ဝက်မွေးတယ် ... ဥစားကြက်တွေမွေးထားတယ် ... အဲဒီက ဝင်ငွေဟာ ခင်နှောင်းတို့မိသားစုသုံးယောက်အတွက် လုံလောက်ပါတယ် ... ဘဏ်ကငွေကိုတောင် မထိပါဘူး ဘဏ်ကလည်း နှစ်စဉ်ဘဏ်တိုးငွေတွေရနေပါတယ် ခင်နှောင်းအနေနဲ့ တစ်နေ့လုံး အားလပ်နေတာမို့ မွေးမြူ ရေးလုပ်ငန်းကို ခင်နှောင်းနိုင်အောင်လုပ်နိုင်တယ် မြို့သစ်နဲ့ ယင်းတိုက်တို့နေ့စဉ်ပြေးနေတဲ့ မြင်းလှည်းနှစ်စီး မြင်းနှစ်ကောင်လည်းရှိတယ် ... ကိုအောင်ဒွေးလက်ထက် ကတည်းကထောင်ထားတဲ့မြင်းလှည်းတွေပါ ... အဲဒီဝင်ငွေ တွေနဲ့ ခင်နှောင်းမှာ ကောင်းကောင်းလောက်ပါတယ် ကိုဇေယျ ...”

ကိုဇေယျသည် လက်ပတ်နာရီကိုငုံ့ကြည့်လိုက် သည်။ ည(၁၁)နာရီထိုးခါနီးပြီ။



“ကဲ ... ကျွန်တော်ပြန်သင့်ပြီ မခင်နှောင်းခြံဝမှာသေနေတဲ့ ဝက်နှစ်ကောင်နဲ့ လွှတ်နေတဲ့ကြက်တွေကို မခင်နှောင်း ဘာလုပ်ဖို့စိတ်ကူးသလဲ ...”

ဝက်နှစ်ကောင်ကိုတော့ ခြံထဲမှာပဲ မြေကြီးတွင်းတူး မြှုပ်မယ်။ ကြက်တွေကို ခင်နှောင်းပြန်လိုက်ပြီး ခြံထဲပြန်မောင်း သွင်းမယ်ကိုဇေယျ။

“ကဲ ... ဒါဆို ပေါက်တူးနဲ့ပေါက်ပြားပေး ... ကျွန်တော်မြှုပ် ပေးမယ် ... မြှုပ်မယ် ... နေရာကိုသာလိုက်ပြပေး”

“ဟာ ... နေပါစေ ... ကိုဇေယျကူညီတာတွေများလွန်း သွားပြီ ... အဲဒါမျိုးလောက်တော့ ခင်နှောင်းကိုယ်တိုင် လုပ်နိုင်ပါတယ် ...”

“ကျွန်တော် မြှုပ်မပေးရင် ... မခင်နှောင်းပင်ပန်းမှာပေါ့။ တိုးတိုးအရွယ်ကလည်း ... ပေါက်တူးနိုင်သေးတဲ့အရွယ်မှ မဟုတ်တာ ... ကျွန်တော်အဖို့ ဒီအလုပ်ဟာ ပင်ပန်းတာမှ မဟုတ်တာ ... အဲ ... တစ်ခုတော့ တင်ကြိုပြောထားပါရ စေ ... ကျွန်တော်ကူညီတာတွေဟာ ဘာမျှော်လင့်ချက်မှ မထားဘဲ စေတနာနဲ့ ကရုဏာသက်သက်ကြောင့် ကူညီ တာဆိုတာကိုတော့ မခင်နှောင်းတင်ကြိုခံယူနားလည်ထား စေချင်တယ် ... ကျွန်တော်က ဒီနယ်မြေမှာ ကြာကြာနေ မယ့်လူလည်းမဟုတ်ဘူး ... အခုလုပ်ကိုင်ပေးနေတာဟာ တိုးတိုးလေးအပေါ် ခင်မင်တာကအစပြုတာဆိုရင် မမှား ဘူး”

www.burmeseclassic.com

www.burmeseclassic.com



ခင်နှောင်းကျေနပ်စွာပြုံးမိပါ၏။

ပြုံးလေ လှလေ အမျိုးသမီးပါလား။

ဂိုဒေါင်ထဲမှ ပေါက်တူး၊ ပေါက်ပြား၊ ရဲတင်း စသည်တို့ကို မခင်နှောင်းက ယူပေးသည်။ ပြီးမြှုပ်ရမည့်နေရာကို လိုက်ပြသည်။

သူ အင်္ကျီချွတ်လိုက်သည်။ အတွင်းခံစွပ်ကျယ် ဘောင်းဘီလိပ်တင်ပြီး စတင်ကာပေါက်တူးပေါက်တော့သည်။

ဒုတ်ခနဲ ပေါက်တူးချက်တစ်ချက်သည် မြေတွေဖွာခနဲဖြစ်သွားစေပါ၏။

မခင်နှောင်းထိုင်ကာ ကိုဇေယျကိုငေးကြည့်နေမိသည်။

ကိုဇေယျအင်္ကျီဝတ်ထားစဉ်က ထွားကျိုင်းသောလူတစ်ယောက်ဟု သာမန်သဘောသာမြင်ရသည်။

ယခုအင်္ကျီချွတ် ပေါက်တူးပေါက်လေမှ တင်ပြီးမို့နေသော ရင်အုံ၊ ကျယ်ပြန့်သောပခုံးတန်းအပေါ်တွင် ထစ်နေသောမာဆတ်၊ ပေါက်တူးကိုအားပြုလေတိုင်း လက်မောင်းအိုးကြီးမှ ဖုထစ်လာသောကြွက်သားကြီးတွေကိုမြင်ရပြီး ယောက်ျားပီသလွန်းပါလားဟု မခင်နှောင်းရင်ထဲက မှတ်ချက်ချမိသည်။

"ခင်ဗျား အိမ်ထဲပြန်တော့လေ မခင်နှောင်း ..."

"ရပါတယ် ..."

"အလုပ်တစ်ခုမှာ တစ်ယောက်တည်းလုပ်ရင် ပြီးသွားမယ်၊ အလုပ်မှာ တခြားတစ်ယောက်က ဘေးကထိုင်စောင့်ပေး



နေတာဟာ လူနှစ်ယောက်ရဲ့အင်နာဂျီကို အချည်းနှီးသုံးပစ်ရာရောက်တယ် ... မခင်နှောင်းထိုင်စောင့်နေတော့ ခင်နှောင်းပင်ပန်းရုံကလွဲပြီး အကျိုးဘာမှထူးလာမှာမို့လဲ"

"ဟုတ်ကဲ့ ... ဒါဆို ခင်နှောင်းပြန်ပြောပါရစေ ... လူတစ်ယောက်က စေတနာသန့်သန့်နဲ့ လာရောက်ကူညီပေးတာကို ဒီအတိုင်းထားခဲ့ပြီး ကိုယ်က အိမ်နဲ့အိမ်ပေါ်မှာ သွားနေတာကကော လူမှုရေးရဲ့ယဉ်ကျေးမှုတစ်ခုကို မလိုက်နာရာမရောက်ဘူးလား ... အဲ တန်ရာတန်ကြေးပေးခိုင်းတဲ့ အလုပ်သမားလုပ်နေတာဆိုရင်တော့ ခင်နှောင်းက ဒီလိုဘယ်ထိုင်စောင့်ကြည့်မှာလဲ ..."

"မဆိုးဘူးဗျ ... မခင်နှောင်းစာတတ်တယ် ..."

နှစ်ယောက်သားရယ်မောကြပါ၏။

သာမန်လိုက်ဖရော ရယ်မောကြပုံမျိုးမဟုတ်ပါလေ။ ကျေနပ်မှုကို အရင်းခံကာ ကြည်နူးမှု၏ ခံစားချက်ကြောင့် ရယ်မောခြင်းမျိုးဖြင့် နှစ်ဦးစလုံး ရယ်မောခြင်းဖြစ်ပါ၏။

ယင်းအချက်ကို သူကိုယ်တိုင်သိမှသိပါလေစ။

ဝက်သေနှစ်ကောင်မြေမြှုပ်ပြီးသွားပြီးနောက် ပျက်စီးသွားသောခြံကို ပြန်ပြုပြင်ကာ လွှတ်နေသော ဥစားကြက်တွေကို မောင်းပြီး ခြံထဲအားလုံးပြန်သွင်းလိုက်သည်။

"ကဲ ... ကျွန်တော်ပြန်မယ် ... မခင်နှောင်းတဲကိုပြန်ရောက်မှ ကန်ထဲမှာရေစိမ်ပြီးရေချိုးတော့မယ် ..."

"ညကြီးမင်းကြီး ..."

www.burmeseclassic.com

www.burmeseclassic.com



မခင်နှောင်းက ဒီလောက်မိုးချုပ်ညဉ့်နက်သန်းခေါင်ပြန်မည်ကို မလိုလားသောအမူအရာနှင့် 'ညကြီးမင်းကြီး'ဟုပြောလိုက်ခြင်းဖြစ်ပါ၏။

ကိုဇေယျ အင်္ကျီပြန်ဝတ်သည်။ ဂျာကင်ပြန်ဝတ်သည်။ ပစ္စတိုကို ခါးတွင်ပြန်ထိုးသည်။

"စောစောက ... ကိုလှိုင်ဘွားတို့နဲ့ဖြစ်တဲ့ပွဲမှာ ကိုဇေယျ သေနတ်ထုတ်မသုံးတာ သိပ်မှန်သွားတယ် ... ကိုဇေယျ သေနတ်နဲ့ပစ်လိုက်လို့ သူတို့ကိုထိသွားရင် ပြဿနာသိပ်ကြီးသွားမှာ..."

"ကျွန်တော် သေနတ်ကို အရမ်းထုတ်သုံးလေ့မရှိပါဘူး ... သူဝက်နှစ်ကောင်ကိုသေနတ်နဲ့ ပစ်သတ်ကတည်းက သူ့မှာ သေနတ်ပါလာမှန်း ကျွန်တော် ပုန်းနေရာကလှမ်းမြင်နေသားပဲ ... အဲ ... ဒါပေမဲ့ သူက သေနတ်အရင်ထုတ်ပြီး ကျွန်တော့်ကိုပစ်တော့မယ်ဆိုရင်တော့ ... ကျွန်တော်က နောက်အကျမခံပါဘူး သူပစ်ကိုယ်ပစ်, ပစ်မှာပဲ ဒီနောက်တော့ ကျွန်တော်ဒီနေရာက တစ်ခါထပ်ပြီး ဝေးရာသို့ပြေးဦးမှာပေါ့ မခင်နှောင်း ကဲ ... သွားမယ် မခင်နှောင်း"

ကိုဇေယျသည် တောတန်းရှိရာ မြောက်ဘက်တောတန်းဆီသို့ ခြေလှမ်းလိုက်သည်။

"ဒီမယ် ... ကိုဇေယျ"

ဇေယျ ခြေလှမ်းရပ်ပြီး သမင်လည်ပြန် မခင်နှောင်းကိုပြန်ကြည့်သည်။



"ဒီည ပြန်မသွားပါနဲ့တော့လားဟင် ... မခင်နှောင်းတို့ရဲ့ ဂိုဒေါင်ထဲမှာပဲ အိပ်လိုက်ပါလား ခင်နှောင်းအိပ်ရာလိပ်ယူပေးပါ့မယ် အဲ ... အိမ်ပေါ်မှာ အိပ်ဖို့ကတော့ မသင့်တော်ဘူးထင်လို့ပါ ဒီည ကိုဇေယျတဲကိုပြန်သွားရင် စိတ်မချရဘူး ကိုလှိုင်ဘွားဟာ ကိုဇေယျရဲ့ယာယီတဲကိုသိထားပြီး အဲဒီကစောင့်ချင်စောင့်နေမှာ သူတို့မှာက လူအင်အားလက်နက်အင်အားနဲ့ မှောင်ထဲမှာဆိုရင် မင်းမဲ့တိုင်းပြည်မျိုးလုပ်ချင်လုပ်မှာ"

ကိုဇေယျ ဘာမှပြန်မပြောသေး၊ ရပ်မြဲရပ်နေသည်။ မခင်နှောင်းကဆက်ပြောသည်။

"ကိုလှိုင်ဘွားနဲ့အဖွဲ့ဟာ အခုထွက်ပြေးသွားပြီ ဖြစ်ခဲ့တဲ့အခြေအနေကို သူတို့ဆရာကြီး ဦးသိဒ္ဓိကို ပြန်ပြောပြမှာ တကယ်လို့ဦးသိဒ္ဓိ နောက်တစ်ကျော့ပြန်သွားကွာဆိုရင် ပြန်လာပြီး ခင်နှောင်းကို ဒုက္ခပေးကြဦးမှာ"

ဇေယျ ချက်ချင်းဆုံးဖြတ်ပါ၏။

"ကောင်းပြီလေ ... ဒီညကျွန်တော်အိပ်ရမယ် ဂိုဒေါင်ကိုသာ လိုက်ပြပေးပါတော့"

မခင်နှောင်းက ... အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်စသည်တို့ကို လိပ်ယူလာသည်။

"လာ ... ကိုဇေယျ"

"အိမ်နှင့် အနီးကပ်ဆုံးဂိုဒေါင်အား တံခါးဖွင့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ငွေးရှိတုန်းက တစ်ခါတလေမှာ ဒီဂိုဒေါင်မှာပဲ ညအိပ်အလုပ်လုပ်တတ်တယ် ဒီဂိုဒေါင်ကသန့်ပြီးသားပါ၊ ဒီမှာ အိပ်လိုက်နော် … ခင်နှောင်း ကိုဖေယျအတွက် ကော်ဖီဖျော်ပြီးလာပို့ပေးမယ်"

"ဒါဆိုလဲ … မင်္ဂလာရှိသောညပေါ့နော် ခင်နှောင်းသွားပြီ"

မခင်နှောင်းကျောပေးထွက်ခွာသွားသည့်နောက်ကျောပိုင်းကို ကိုဖေယျငေးကြည့်နေမိသည်။

မအိုသေးဘူးမို့ အပျိုလေးနှင့်တူနေပါသေး၏။

ဂိုဒေါင်တံခါးကိုမခင်နှောင်းကပြန်စေ့ပေးသွားသည်။

ဂိုဒေါင်ထဲတွင် မြင်းလှည်းမြင်းနှစ်ကောင်အတွက် ကောက်ရိုးတွေထားသည်ကို တွေ့ရသည်။ နဝိုခင်းပြီးသားကောက်ရိုးခင်းမှာပင် အိပ်ရာလိပ်ကိုခင်းလိုက်သည်။ အိပ်ရာခင်းရင်း ဂိုဒေါင်၏ ထောင့်တစ်နေရာတွင်ထောင်ထားသော မော်တော်ဆိုင်ကယ်တစ်စီးကိုတွေ့သည်။

ထိုမော်တော်ဆိုင်ကယ်ရှိရာသို့ ကိုဖေယျလျှောက်သွားပြီး မော်တော်ဆိုင်ကယ်ကို စစ်ဆေးကြည့်သည်။ ယာမာယာအမျိုးအစားဖြစ်ပြီး ၂၅၀ စီစီ နှစ်ကောင်ခွဲ တောစီးမော်တော်ဆိုင်ကယ်အမျိုးအစားဖြစ်ပါ၏။

ကိုအောင်ငွေးစီးခဲ့သော မော်တော်ဆိုင်ကယ် ဖြစ်ပေမည်။ တောင်ပေါ်လမ်းတွင် နွားဆိုးငွေ့ခံရပြီး လိမ့်ကျသည်ဆိုစေကာမူ မော်တော်ဆိုင်ကယ်မှာ အပျက်အစီး သိပ်မရှိသည်ကို တွေ့ရသည်။



ယခုလောက်အနည်းအကျဉ်းပျက်စီးသည်လောက်တော့ ကိုဖေယျ ကောင်းကောင်းပြန်ပြင်တတ်ပါ၏။ ကိုဖေယျကောက်ရိုးမွေ့ရာတွင် ပြန်လဲလှဲချ အိပ်လိုက်လေတော့သည်။

✡✦✡

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၅

ဂိုဒေါင်တံခါးဖွင့်လိုက်သည်နှင့် နေခြည်ဖြာဝင်လာသောကြောင့် ကိုဇေယျ နိုးလာသည်။

မခင်နှောင်းသည် အဝတ်တချို့ပိုက်၍ ဂိုဒေါင်တံခါးဖွင့်ဝင်လာခြင်း ဖြစ်ပါ၏။ အဝတ်အစားတွေကို ဂိုဒေါင်ထဲရှိ စားပွဲတစ်လုံးထက်တွင် တင်ထားသည်။

"ခင်နှောင်းကြောင့် ကိုဇေယျ နိုးသွားတယ်ထင်တယ် ... ဆောရီးပဲ တိုးတိုးနဲ့ ပိုပိုကို ကျောင်းပို့ပေးရမယ်လေ၊ သူတို့ကျောင်းက နေ့ဝက်ကျောင်းပါ ကိုဇေယျ ရေချိုးပြီးဝတ်ဖို့ အဝတ်တွေ၊ ကိုအောင်ဌေးရဲ့အဝတ်တွေပါ၊ အိမ်ပေါ်မှာပဲရေချိုးပါ ကော်ဖီနဲ့မုန့်လည်း အဆင်သင့်ပဲ ခင်နှောင်းသွားမယ်နော်၊ ခဏလေးရယ်ပါ၊ ကျောင်းက ဒီရွာထဲကကျောင်းပါ"

ပြောစရာတွေကို တစ်ရှိန်ထိုးပြောပြီး မခင်နှောင်း ထွက်သွားသည်။



ကိုဇေယျ အိပ်ရာမှ ထလိုက်ပါ၏။

စားပွဲပေါ်တင်ထားခဲ့သော အဝတ်တွေကို ကြည့်မိသည်။

တံဆိပ်ပင် မဖြုတ်ရသေးသော စပို့ရှပ် အကောင်းစားအသစ်တစ်ထည်၊ ချည်ချောပလေကပ်လုံချီတစ်ထည် ဗွတ်ကျယ်ဖြူလက်ပြတ်အသစ်တစ်ထည်တို့ ဖြစ်လေသည်။

တကယ်တော့ အိမ်မှ ကမန်းကတန်း ထွက်ပြေးခဲ့သည့် ကိုဇေယျတွင် အဝတ်အစားများများပါသည်မဟုတ်၊ လမ်းတွင်ကြုံသလို ရယ်ဒီမိတ်အင်္ကျီဘောင်းဘီပုဆိုးတို့ကို လိုအပ်မှဝယ်ဝတ်ခဲ့ခြင်း ဖြစ်ပါ၏။

ယခုမခင်နှောင်းပေးသွားသောအဝတ်တွေမှာပရုတ်နံ့လေးသင်းနေသည်။ ပြီး မခင်နှောင်းကိုယ်တိုင် စေတနာနှင့် လာပို့ပေးသည်မို့ ကိုဇေယျဝတ်ပါမည်။

အဝတ်ထပ်ကိုယူပြီးကိုဇေယျအိမ်ပေါ်တက်ခဲ့သည်။ မနေ့ညပိုင်းက မြေကြီးတူး ခြံကာနှင့် ချွေးသံထွက်ခဲ့သော်လည်း ရေမချိုးဖြစ်ခဲ့။

မခင်နှောင်းအိမ်ပေါ်မှ ရေချိုးခန်းသို့အဝင်တွင် အနီးရှိစားပွဲတစ်ခုပေါ်၌ သူ၏ပစ္စတို တင်လိုက်သည် ထိုအပေါ်တွင် ဂျာကင်တင်ပြီး ရေချိုးခန်းသို့ ဝင်လိုက်သည်။ ရေချိုးခန်း အဝတ်တန်းတင် မျက်နှာသုတ်ပဝါကြီး အသစ်တစ်ထည်လွှားထားပေးသည်ကိုလည်း တွေ့ရသည်။

ကိုဇေယျသည် ရေချိုးခန်းတံခါးမပိတ်ဘဲ အင်္ကျီးခံ

www.burmeseclassic.com

www.burmeseclassic.com

ဘောင်းဘီနှင့်ပင် ရာဇဝါရေပန်းကို ဖွင့်ပြီး အားရပါးရ စိတ်ပြေနပြေ ရေချိုးတော့သည်။ ဆပ်ပြာမွှေးဖြစ်လည်း တစ်ကိုယ်လုံးပွတ်တိုက်လေသည်။

"ဟေ့လူ ... လက်နှစ်ဖက်မြှောက် တစ်ကိုယ်လုံးငြိမ်ငြိမ်ထားပြီး ဒီဘက်ကို လှည့်လိုက်"

အမိန့်ပေးသံပါသည်။ မိမိကိုလက်မြှောက်ခိုင်းချင်သည်ပင်း မိမိကိုသေနတ်နှင့် ချိန်ထားသည့်သဘောသက်ရောက်သည်။

လက်နှစ်ဖက်မြှောက်ပြီး ကိုဇေယျသည် ထိုအမိန့်ပေးသည့်ဘက်သို့ လှည့်လိုက်သည်။

ဒုံရိအုပ် ကိုစောဦးပါပေ။

ယူနီဖောင်းဝတ်စုံကို သေချာပုံကျပန်းကျဝတ်ထားသည်။ သူ့လက်ထဲတွင် ခြောက်လုံးပြူးသေနတ်တစ်လက်ကိုင်ထားပြီး မိမိကိုချိန်ထားသည်။

"ခင်ဗျား ဘယ်သူလဲ"

"ဇေယျ"

"ဘယ်ကလာပြီး ဒီအိမ်ကို ဘာလို့ရောက်လာတာလဲ" ...

ဒါကျတော့ ကိုဇေယျဖြန်းခနဲ ပြန်မဖြေနိုင်ပေ။ မိမိဘယ်နေရာတွင် ဘာတွေလုပ်ခဲ့ပြီး ဒီနေရာကို ဘာကြောင့်ရောက်လာပါသည်ဟု ဒုရဲအုပ်တစ်ယောက်အား ကိုဇေယျ ဘယ်လိုပြောရမည်နည်း။

"အယ် ... ဒါကဘာလုပ်တာလဲ ကိုစောဦး "



"ရေချိုးနေတဲ့လူကို သေနတ်ကြီးနဲ့ ချိန်ထားရသလား ... ဒါခင်နှောင်းရဲ့ ညွှသည်ပါ ကိုစောဦး ဒီလိုမလုပ်ပါနဲ့"

"ဩ ... ဩ ... သူက နှောင်းရဲ့ညွှသည်ပေါ့လား ပြောပါပြောပါဦး နှောင်းရဲ့ ဘယ်လိုညွှသည်မျိုးလဲလို့"

"ဒါ ... ခင်နှောင်းနဲ့မောင်နှမတစ်ဝမ်းတော်တဲ့ အစ်ကိုပဲ နှမညီက အစ်ကိုဇေယျ"

"နှောင်းမှာ ညီအစ်ကိုမောင်နှမရှိတယ်လို့ တစ်ခါမှ မပြောဘူးပါလား"

"အိုး ... အစ်ကိုဝမ်းကွဲပါလို့ ပြောနေသားပဲ၊ ခင်နှောင်းမှာ မွေးချင်းအစ်ကိုတို့ မောင်တို့ အစ်မတို့ ညီမတို့မရှိပေမယ့် ဝမ်းကွဲတွေတော့ ရှိတာပေါ့ ဘယ်သူမဆို စကားစပ်မိရင် အစ်ကိုအရင်း မောင်အရင်းကိုသာ ထည့်ပြောစမြဲပဲ ဝမ်းကွဲတွေအကြောင်းပြောလေ့မရှိတာ ... အစ်ကိုဇေယျဟာ ခင်နှောင်းမေမေရဲ့အစ်ကိုရင်း ... ခင်နှောင်းရဲ့ ဘကြီးအရင်းကမွေးတာ ... ကဲ ... သေနတ်ကို ပြန်သိမ်းပါ ကိုစောဦး ခင်နှောင်းတို့ညွှသည်ကို ဒီလိုလုပ်တာ ခင်နှောင်းမကြိုက်ဘူး"

ကိုစောဦးက သေနတ်ကို ခါးပတ်အိတ်ထဲသို့ ပြန်သွင်းထားလိုက်သည်။

"ဩ ... ဩ နှောင်းရဲ့ အစ်ကိုဝမ်းကွဲက ညကတော်တော်လက်စွမ်းပြလိုက်တာပဲ"

"ညက ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုစောဦးက လွှတ်ခနဲပြောပြီးမှ မခင်နှောင်းက ညက ဘာဖြစ်လို့လဲဟု ပြန်မေးမှ သူ့စကားကို ပြန်လျှောချလိုက်သည်။

"အလကားပါ၊ ညကဘာမှမဖြစ်ပါဘူး၊ ဒီစားပွဲပေါ်ကအဝတ်တွေဟာ သူ့အဝတ်တွေလား"

အနီးစားပွဲတွင် ဂျာကင်လွှမ်းပြီး အုပ်ထားသော အဝတ်တွေကို လက်ညှိုးထိုးပြီး ကိုစောဦးက မေးလိုက်သည်။

မခင်နှောင်း အကင်းပါးလှပါ၏။ ဂျာကင်အောက် အဝတ်ပုံတွင် ကိုဇေယျ၏ ပစ္စတို သေနတ်ရှိနေသည့်မှန်း ရိပ်မိသည်။ ပစ္စတိုသေနတ်ကိုသာ တွေ့သွားပါက ပြဿနာကြီးတော့မည်။

"ကဲ ... ကိုစောဦး ခင်နှောင်းဆီကိုလာတာဆိုလည်း အပြင်မှာပဲ သွားစကားပြောရအောင် ခင်နှောင်းမှာအလုပ်တွေ အများကြီးရှိသေးတယ် ... ကြက်ခြံရှင်းရဦးမယ် ... ဝက်စာ ကျိုရဦးမယ် ... အလုပ်လုပ်ရင်း စကားပြောကြတာပေ့ါ ကိုစောဦး"

"ဒါဆိုလဲ သွားကြတာပေ့ါ ... "

ကိုစောဦးသည် ကိုဇေယျ၏ အဝတ်ပုံကို မကြည့် တော့ပဲ မခင်နှောင်းဆီသို့ အာရုံရောက်သွားပြီး မခင်နှောင်းနှင့် အတူ အပြင်ဘက်သို့ပြန်ထွက်သွားလေတော့သည်။

ထိုအခါကျမှပင် သက်ပြင်းချပြီး ကိုဇေယျသည် ဆ ပြာတွေစင်အောင် ရေဆက်ချိုးတော့သည်။ ရေချိုးပြီး တန်းပေါ် မျက်နှာသုတ်ပဝါအသစ်နှင့် တစ်ကိုက်လုံး ခြောက်သွေ့အောင်သုတ် လိုက်ပြီးမှ မခင်နှောင်းပေးထားသော အဝတ်တွေကိုဝတ်လိုက်



သည်။ ပစ္စတိုကို ခါးမှာပြန်ထိုးပြီး ဂျာကင်ဝတ်ဖုံးထားလိုက်သည်။

ထမင်းစားစားပွဲတွင် ဝင်ထိုင်လိုက်သည် မကျက် တကျက်ကြော်သွားသော ကြက်ဥ၊ ပေါင်မုန့် အချပ်တွေနှင့် ကော်ဖီကို ကိုဇေယျအားလုံးစားလိုက်သည်။

စားသောက်ပြီးနောက် အိမ်ပေါ်ပြတင်းပေါက်တွင် ကိုယ်လုံးကွယ်ပြီး မခင်နှောင်းတို့ရှိရာခြံထဲသို့ ချောင်းကြည့်လိုက်သည်။

ကြက်ခြံဘေးတွင် မတ်တတ်တံမြက်စည်းရိုးကို ကိုင်ပြီးရပ်နေသည်။ မခင်နှောင်းအား ကိုစောဦးက ပွေ့ဖက်ရန်ကြိုးစားနေသည်။ မခင်နှောင်းက တံမြက်စည်းရိုးကို ကြားခံထားပြီး ကိုစောဦး အဖက်မခံဘဲ ငြင်းဆန်ရုန်းကန်နေသည်ကို တွေ့ရသည်။

ကိုဇေယျက ချက်ချင်းအပြင်ထွက်လာကာ သူတို့နှင့် မနီးမဝေးတွင် သူတို့မြင်သာအောင် မတ်တတ်ရပ်ရပ်လုံးပြလေမှ ကိုစောဦးသည် ဆက်မကြိုးစားတော့ဘဲ ရပ်လိုက်သည်။

ပြီး သူ၏ ရဲကားဆီသို့ ကိုစောဦး ပြန်တက်ရောက် မောင်းနှင်ထွက်ခွာသွားတော့သည်။

ကိုဇေယျသည် မခင်နှောင်းထံသို့ လျှောက်လာခဲ့သည်။

"တံမြက်စည်းကျွန်တော့်ကိုပေး ကျွန်တော် ရှင်းပေးမယ်"

နေပါစေဟုမခင်နှောင်းကပြောမည်လုပ်ပြီးမှမပြော တော့ဘဲ တံမြက်စည်းကို ကိုဇေယျလက်သို့ ပေးလိုက်သည်။

ကိုဇေယျ ကြက်ခြံကို လှဲကျင်းသည်။ သန့်ရှင်းရေး

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ပေးနေသည်။

မခင်နှောင်းက စကားပြောပါ၏။

"ညက ... ဒီမှာဖြစ်တာတွေ ကိုစောဦး သိထားပုံရတယ် ကိုဓေယျ"

"ဟုတ်လား ... သူက မခင်နှောင်းကို ဘာပြောလို့လဲ"

"နှောင်းရဲ့အစ်ကိုက ညကတော်တော်လက်စွမ်းပြတာပဲလို့ လွှတ်ခနဲပြောလိုက်ပြီးမှ စကားကိုချက်ချင်းရပ်လိုက်တာ ကိုဓေယျလည်းကြားသားပဲ"

"ကိုစောဦးဟာ ရဲအရာရှိငယ်တစ်ယောက်ပဲ ... နောက်ပြီး မခင်နှောင်းကိုလည်း သူမေတ္တာရှိနေပုံပဲ ... မခင်နှောင်းနဲ့ လည်း ရင်းနှီးသားပဲ"

ဘာရင်းနှီးတာလဲဟု ဆတ်ခနဲ မခင်နှောင်းက ပြန်ပြောလိုက်သည်။ ပြောသံမှာ ခပ်ငေါက်ငေါက်အသံမျိုး ဖြစ်ပါ၏။

"ကိုစောဦးဟာ မခင်နှောင်းကိုချဉ်းကပ်နေမှန်း ကျွန်တော် တွေ့နေသားပဲ ... ကျွန်တော် အကဲခတ်မိသလောက် တော့ ကိုစောဦးက မခင်နှောင်းကို မေတ္တာထားလက်ထပ် ချင်ပုံပဲ ... ဒီလိုလူကို မခင်နှောင်းအနေနဲ့ ဦးသိဒ္ဓိတို့ ကိုလှိုင် ဘွားတို့ရဲ့အန္တရာယ်က အကာအကွယ်အတွက် စိတ်မကူး ဘူးလားလို့ ကျွန်တော်က အကြံပြုစကားပြောတာပါ"

"လုံးဝ ... လုံးဝကြီးကို ခင်နှောင်းသူ့ကို စိတ်မကူးဘူး ကိုဓေယျက ခင်နှောင်းကိုလွှော့တွက်လွန်းရာ မရောက်ဘူး လား"



"ကျွန်တော် မခင်နှောင်းကို လျှော့မတွက်ပါဘူး ... အခု မခင်နှောင်းရဲ့လက်ရှိအခြေအနေက မခင်နှောင်းရှေ့မှာ မား မားမတ်မတ်ရပ်တည်ပေးမယ့်သူမရှိပဲ ဦးသိဒ္ဓိတို့ ကိုလှိုင်ဘွား တို့နဲ့ အန္တရာယ်က မိန်းမသားတစ်ယောက်အနေနဲ့ ကာ ကွယ်နိုင်ပါ့မလား ယှဉ်ပြိုင်နိုင်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ကိုစောဦးအကြောင်း ကျွန်တော်ပြောတာပါ ... ဦးသိဒ္ဓိကို ယှဉ်ပြိုင်ဖို့ မခင်နှောင်းမှာ အင်အားနည်းလွန်းနေတယ် ပြီး တော့ ... လူမမယ်တိုးတိုးနဲ့ ပိုပိုလေးကလည်းရှိသေးတယ် မဟုတ်လား ... ညကကိစ္စမျိုး မခင်နှောင်းမှာ ထပ်မဖြစ်ပါ ဘူးလို့ ပြောနိုင်မလား"

"ညက ကိုဓေယျက ကောင်းကောင်းကြီး ခင်နှောင်းကို ကာကွယ်ပေးသွားတာပဲ"

မခင်နှောင်း ဝက်စာကျိုနေသည်။ ခြံထဲတွင်ထားရှိ သည့် အုတ်ခဲဖိုခလောက်ဆိုင်တွင် မိုးပြဒယ်ကြီးနှင့် မီးဖိုကျိုချက် ခြင်း ဖြစ်ပါ၏။

"ကျွန်တော် ဒီမှာရှိနေသရွေ့တော့ တတ်နိုင်သလောက် မခင်နှောင်းနဲ့ တိုးတိုးတို့ကို ကာကွယ်ပေးမှာပါ ... ဒါပေမဲ့ ကျွန်တော်က မမြဲတဲ့လူပဲ မိုးပျောက်တောနဲ့ ယင်းတိုက်ရွာ ကို ကျွန်တော်စွန့်သွားသင့်ပြီလို့ ယူဆတဲ့နေ့မှာ ကျွန်တော် တခြားကို ထွက်သွားမှာပဲ မခင်နှောင်း ... ဒီတော့ ရာထူး လည်းရှိ အာဏာလည်းရှိ တရားဥပဒေကိုဆောင်ရွက်နေတဲ့ ကိုစောဦးလိုလူကတော့ မခင်နှောင်းကို အကာအကွယ်ပေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်မလားလို့ပါ”

မခင်နှောင်းသည် လေ့လော့်တက် သဏ္ဌာန်ရှိသော မတ်တတ်ကိုင် သစ်သားလက်ကိုင်ရိုးဖြင့် ယောက်မကြီးနှင့် ဝက်စာဒယ်ပြဲကြီးကို မွှေနေလေသည်။

“ခင်နှောင်းအဖို့တော့ လုပ်သင့်လုပ်ထိုက်တာထက် ... လုပ်ချင်တာကိုသာ ဦးစားပေးမယ် ကိုဇေယျ”

“မခင်နှောင်း ဘာကိုဆိုလိုတာလဲ”

“ကိုအောင်ဌေးကို ခင်နှောင်းလက်ထပ်တာဟာ ခင်နှောင်း ရင်ထဲနှလုံးထဲကကို ကိုအောင်ဌေးကို ချစ်လို့လက်ထပ်တာ၊ အခုကိုအောင်ဌေး ကွယ်လွန်သွားတယ် ခင်နှောင်းရင်ထဲက နောက်ထပ် ကိုအောင်ဌေးကိုချစ်သလို မေတ္တာရှိသလို နှလုံးသားထဲကရှိလာတဲ့လူကိုမှ ခင်နှောင်းနောက်အိမ်ထောင်ပြု လက်ထပ်မှာ ... အေးပေါ့လေ ... ကလေးနှစ်ယောက် အမေမုဆိုးမတစ်ယောက်က နှလုံးသားမေတ္တာ မေတ္တာ အကြောင်းပြောတာ ကလက်လည်းကလက်တယ် ရက်လည်းရက်ပါတယ် ... ဒါပေမဲ့ ဘယ်နှယ့်လုပ်မလဲ ခင်နှောင်း ရင်ထဲမှာကိုက အဲဒီလိုပဲရှိနေတာကိုး”

“မကလက်ပါဘူး ရက်စရာလည်းမဟုတ်ပါဘူး မခင်နှောင်း လူသားဟာလူသားပါပဲ ... လူသားတစ်ဦးရဲ့ နှလုံးသား မေတ္တာစိတ်ဆိုတာက သစ်ပင်ကြီးတစ်ပင်ကို ခါးလယ်က ဖြတ်ချလို့ ဘုံးဘုံးကြီးလဲကျသွားပေမယ့် ... ဒီသစ်ပင်ဟာ သေသွားတာမှ မဟုတ်တာ ... သစ်ငုတ်တိုကပဲ အကိုင်း



အခက်အရွက်အညွန့်တွေ ပြန်ထွက်စမြဲပါ ... အဲ ... ရေသောက်မြစ်ကြီးပါ ပြတ်သွားပြီဆိုရင်တော့ ဒီသစ်ပင်လုံးဝ သေတာပေါ့ ... အဲဒီလိုပဲ လူသားတစ်ယောက်ဟာ လုံးဝ ချုပ်ငြိမ်းသေဆုံးမှ ရင်ထဲက နှလုံးသားမေတ္တာဆိုတာလည်း ချုပ်ငြိမ်းမှာ ... နို့မို့ရင်တော့ သစ်ငုတ်တိုက အကိုင်းအခက် အရွက်အညွန့်အသီးထပ်ပေါ်လာမှာပဲ ... မခင်နှောင်းပြော တာ မကလက်ပါဘူး ရက်စရာမလိုပါဘူး၊ သဘာဝအမှန်ပါ”

ကိုဇေယျ၏ နှလုံးသားမေတ္တာကို သစ်ငုတ်တိုနှင့် နှိုင်းယှဉ်ပြချက်ကြောင့် ဆတ်ခနဲပင် ကိုဇေယျကို မခင်နှောင်းလှမ်း ကြည့်မိသည်။

ကိုဇေယျကတော့ သူမကိုပြန်ကြည့်နေခြင်း မဟုတ်ဘဲ ကြက်ခြံသန့်ရှင်းရေးကိုသာ လုပ်နေသည်ကို တွေ့ရသည်။

“ကိုဇေယျပြောပြတဲ့ နှိုင်းယှဉ်ချက်ဟာ သိပ်သဘာဝကျ ဆီလျော်နေတာပဲ ... နို့ ... ကိုဇေယျကိုယ်တိုင်ကတော့ ခါးလယ်ကအဖြတ်ခံလိုက်ရတဲ့ သစ်ငုတ်တိုကြီးဖြစ်ခဲ့လို့လား ဟင်”

“ဒီလောက်ကြီးမှတော့ အမြီးမပေါက်ရင် ဘာမျောက်မို့လဲ မခင်နှောင်း ... ကျွန်တော်ကိုယ်တိုင်လည်း အိမ်ထောင် ပျက်တစ်ယောက်ပါ ... အဲ ... တစ်ခုတော့ရှိရဲ့ ကျွန်တော်က တော့ ကိုအောင်ဌေးနဲ့မခင်နှောင်းလို သူကလည်းကိုယ့်ချစ် ကိုယ်ကလည်းသူ့ချစ်ပုံစံနဲ့ လက်ထပ်ခဲ့တာညားခဲ့တာမဟုတ် ဘူး၊ အရောင်းအဝယ်သဘောမျိုးနဲ့ လက်ထပ်ခဲ့ကြတာ

www.burmeseclassic.com

www.burmeseclassic.com



သူကလည်းတန်တယ်ထင်တယ် … ကိုယ်ကလည်းသူ့ကို တန်တယ်ထင်တယ် … ဒါကြောင့်တန်ဖိုးညီလက်ထပ်တာ၊ ညားတာ”

“သားသမီးကော”

“မထွန်းကားပါဘူး … သူကိုယ်တိုင်က ကျွန်တော့်သွေးပါတဲ့သားသမီး မလိုချင်ဘူးဆိုပြီး ပဋိသန္ဓေမရအောင် လုပ်ထားတာပဲ”

“အခုကော”

“ကွဲသွားကြပြီလေ … ဒါကြောင့် ကျွန်တော် လွတ်လွတ်လပ်လပ်နဲ့ ဝါသနာပါတာတွေလျှောက်လုပ်နေတာပေါ့”

“သူက နောက်အိမ်ထောင်ပြုပြီး ရှင်ကွဲကွဲတာမျိုးလား ကိုဇေယျ”

ကိုဇေယျ ပခုံးတွန့်ပြမိပါ၏။

“ကွဲလာပြီးတဲ့နောက် သူ့အကြောင်းကျွန်တော် ဘာဆိုဘာမှ မသိတော့ဘူး အခုထိ သူအသက်ရှင်နေသေးရင်တော့ ရှင်ကွဲလို့ဆိုနိုင်တာပေါ့လေ … သူသေသွားပြီဆိုလည်း သေကွဲပေါ့ … ”

“သားသမီး မထွန်းကားခဲ့တာကပဲ အခုလို လင်မယားကွဲတဲ့အခါ ပိုကောင်းတာပေါ့နော်”

“ခုနကစကား ပြန်ဆက်ပြောပါလား မခင်နှောင်း ကိုစောဦးကို မခင်နှောင်းလက်မခံတာ၊ လက်မထပ်တာလေ”

“မချစ်လို့ဆိုတာ အဓိကပေါ့”



ဟု မခင်နှောင်းက ချက်ချင်းသွက်လက်စွာ အဖြေပြပြီးမှ ဆက်ပြောသည်။

“ဒုတိယအချက်ကတော့ ကိုစောဦးကိုကြည့်ရတာ သူဟာ ခင်နှောင်းကို လိုချင်တာတော့မှန်တယ်၊ ဒါပေမဲ့ သားတိုးတိုးကိုရော သမီးလေးပို့ပို့ကိုရော သူချစ်ခင်လှပုံ မရဘူး၊ ကိုစောဦးဟာ ကလေးမချစ်တတ်ဘူးထင်ပါရဲ့၊ တိုးတိုးကိုယ်တိုင်ကလည်း ကိုစောဦးဆိုရင် အရောတဝင်မနေဘူး ကိုစောဦးလာရင် တိုးတိုးက တခြားရှောင်သွားတယ်၊ တိုးတိုးက သိတတ်တဲ့အရွယ်နဲ့ သိတတ်တဲ့စိတ်လေးရှိနေပြီ မဟုတ်လား ကိုစောဦးကို သူ့အဖေကိုအောင်ထွေးနေရာမှာ ဝင်လာတာကို တိုးတိုးမလိုလားဘူး … ”

“ကျွန်တော့်ကိုကျတော့ တိုးတိုးကခင်မင်သားပဲ”

“ခင်နှောင်းကိုယ်တိုင် အဲဒါကို အံ့သြနေတာပေါ့ … သူတို့အိပ်ရာဝင်သိပ်တော့ ကိုဇေယျအကြောင်းအကောင်းတွေချည်းပြောတာစုံနေတာပဲ … အိပ်ပျော်သွားမှပဲစကားရပ်သွားတယ် … အဲ … နောက်တစ်ချက် ကိုစောဦးအပေါ်မှာ ခင်နှောင်း ဇဝေဇဝါ သံသယတစ်ခုလည်း ရှိနေလို့”

“ဘယ်လို ဇဝေဇဝါသံသယလဲ”

“ကိုစောဦးဟာ ကလေးနှစ်ယောက်အမေခင်နှောင်းကို လိုလားတာဟာ ခင်နှောင်းပိုင်ဆိုင်တဲ့ ခြံမြေ ဆန်စက်လုပ်ငန်းတွေနဲ့ ဘဏ်အပ်ငွေတွေကို မက်မောလို့များလားလို့၊ ပြီးတော့ ကိုစောဦးဟာ ဦးသိန္ဒတို့ ကိုလှိုင်ဘွားတို့နဲ့လည်း

www.burmeseclassic.com



ခင်ခင်မင်မင် ပေါင်းနေတာတွေ့ရတယ် ... ဒါကြောင့် ခင်နှောင်း တိုးတိုးအရွယ်ရောက်တဲ့အထိ နောက်အိမ်ထောင် မပြုဘူးလို့ ခံယူချက်ထားတယ် ကိုဇေယျ"

ဒီနောက် ကျိုပြီးသွားသော ဝက်စာများကို စားခွက်ဇွေထဲသို့ လိုက်ထည့်ကြသည်။

"ကျွန်တော် တဲဆီကိုပြန်ဦးမှ မခင်နှောင်း ... "

"မနက်စာ စားပြီးမှပြန်ပါ ... အခုပဲ ခင်နှောင်းမနက်စာ အတွက် မီးဖိုကိုဝင်တော့မှာ"

မခင်နှောင်း အိမ်ပေါ် မီးဖိုဆီသို့ ထွက်သွားလေသည်။ အိမ်ပေါ်သို့ ကိုဇေယျလိုက်မသွားပေ။ အိမ်ပေါ်လိုက်သွားမိလျှင် မခင်နှောင်း မိမိကိုတစ်မျိုးထင်ပေမည်။ တိုးတိုးနှင့်ပို့ပို့လည်း ကျောင်းသွားနေကြသည်။

ကိုဇေယျ မြင်းဇောင်းဆီသို့ လျှောက်လာသည်။

မြင်းတစ်ကောင်သာ ဇောင်းထဲတွင်ရှိနေပါ၏။ မိမိအိပ်ရာမှ မထမီ အချိန်မှာပင် ကျန်တစ်ကောင်လှည်းတပ် ထွက်သွားသည်ပဲဖြစ်မည်။

မွန်းတည့်(၁၂)နာရီတွင် မခင်နှောင်းက တိုးတိုးနှင့် ပို့ပို့ကို ကျောင်းကြိုပြီး ပြန်ရောက်လာသည်။

ထမင်းဝိုင်းလည်း အသင့်ပြင်ပြီးပြီ။

စားပွဲထိပ်တွင် ကိုဇေယျကိုထိုင်စေပြီး ဘေးတစ်ဘက်တွင် တိုးတိုးနှင့်ပို့ပို့ထိုင်သည်။ ကျန်ဘေးတစ်ဘက်တွင် မခင်နှောင်းထိုင်သည်။ မိမိမရှိလျှင် မခင်နှောင်းက စားပွဲထိပ်တွင်ထိုင်



မည်ထင်ပါ၏။

ကြက်သားအာလူးရောဆီပြန်ဟင်းတစ်ခွက်၊ ပဲကြီးနှင့်ဆူးပုပ်ရွက်အရည်သောက်၊ ခရမ်းချဉ်သီးငါးပိချက်၊ ပဲပင်ပေါက်ပဲပြားကြော်၊ သခွားသီးတို့စရာ တို့ဖြင့်အားလုံးမြိန်ရှက်စွာ စားကြပါ၏။

ကိုဇေယျသည် အိမ်ကထွက်လာကတည်းက တောထဲတွင် အသားဘူးဖောက်စားသည်။ မြို့များရွာများကို ဖြတ်သန်းချိန်တွင် ဆိုင်ထမင်းဟင်း ဝယ်စားသည်။

ယခု မခင်နှောင်းချက်ကျွေးသော ဟင်းလျာများသည် ကိုဇေယျအဖို့ နတ်သုဒ္ဓါအလား စား၍ အရသာရှိလှကောင်းလှပါပေသည်။ ပထမတစ်ပန်းကန်ကုန်သွားသည်အထိ ခေါင်းမဖော်ဘဲစားသည်။ ပဲကြီးဆူးပုပ်ရွက်အရည်သောက်ကို တရွတ်ရွတ် သောက်မိပြီး အဖတ်တွေကို ဝါးသည်။

မခင်နှောင်းဟင်းချက်ကောင်းရုံမက ဟင်းခတ်တည့်အောင် စီစဉ်တတ်သည်။

အိမ်ရှင်မကောင်းတစ်ဦး ပီသပါ၏။

"ပဲကြီးနဲ့ဆူးပုပ်ရွက်ဟင်းချိုမျိုး မစားခဲ့ရတာ နှစ်နဲ့ချီပြီး ကြာခဲ့ပြီဗျာ ... ကျွန်တော်ငယ်ငယ်ထဲက အဲဒီ ပဲကြီးဆူးပုပ်ရွက်ဟင်းချိုကို သိပ်ကြိုက်တာ"

"နှစ်နဲ့ချီပြီးကြာခဲ့ပြီဆိုတော့ ကိုဇေယျရဲ့ဇနီးကချက်မကျွေးဘူးလား"

စားရင်းပင် ကိုဇေယျ ပခုံးတွန့်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဇနီးက မီးဖိုးချောင်မဝင်ဘူး အိမ်ကဘဏ္ဍာစိုး အဒေါ်ကြီးနဲ့ အိမ်ဖော်မလေးတွေ ချက်ကျွေးတာပဲ ကျွန်တော်စားခဲ့ရတာ ... ပြီး ကျွန်တော့်ဇနီးဟောင်းက ဗမာဆန်တဲ့ ဟင်းတွေကို မကြိုက်ဘူး ... ဥရောပဟင်းချို ငရုတ်သီးမပါ အချိုချက်ခေါ်မလား။ အဲဒါမျိုးကိုသာ နှစ်သက်တယ် ကြက်သားရို့(စ်)မျိုးကို ပေါင်မုန့်နဲ့စားလေ့ရှိတယ်"

ဒါဆို ကိုဇေယျာဟာ ချမ်းချမ်းသာသာထဲက လူတစ်ယောက်ပေါ့နော်။ ကိုဇေယျာပြောတဲ့ အိမ်ထောင်ရေးလက်ထပ်ခဲ့တဲ့ အခြေအနေနဲ့ ဟိုတုန်းကစားသောက်ပုံတွေကို ဆက်စပ်ပြီး တွေးမိလို့ပြောတာပါ။

ကိုဇေယျာမဖြေသေးဘဲ ပဲကြီးဟင်းကိုသာအရသာခံသောက်နေသည်။

"မာမာ ... ဦးဦးဇေယျာ ပဲကြီးဟင်းချား သိပ်ကြိုက်တာ ဒီဒီနဲ့ မတူဘူးလားဟင် ... တိုးတိုး ဦးဦးဇေယျာလုပ်သမျှတွေ လိုက်ကြည့်တာ ဒီဒီနဲ့တူတာတွေချည်းပဲ ... ဒါပေမဲ့ ဒီဒီက ဦးဦးဇေယျာလောက်တော့ ရုပ်မချောဘူး"

"ဟေး ... တိုးတိုးပြောတာနဲ့ ဦးဦးဘဝင်တွေ မြင့်သွားပြီလား ... တိုးတိုးရော ပို့ပို့ရော ဒီလောက်ချောနေတာ ဒီဒီကြီးက ချောလို့ဖြစ်မှာပေါ့ကွ"

ဒီတစ်ခါတော့ ပို့ပို့လေးက ဝင်ပြောသည်။

"မဟုတ်ဘူး ... မာမာချောလို့ ပို့ပို့တို့ချောတာ"

မခင်နှောင်း ရယ်သည်။ ဇေယျာလည်း ရယ်လေ



သည်။

ကိုယ်ပြောသောစကားကို လူကြီးတွေကရယ်လျှင် ကလေးသဘာဝအတိုင်း ဖွတ်ပြောတတ်သည်။

"ကိုကိုတိုး ပြောသလိုပဲ ဦးဦးဇေယျာက ဘာမဆို ဒီဒီနဲ့တူတယ် ... မာမာက ဦးဦးဇေယျာကို ဒီဒီနေရာမှာရာထူးခန့်လိုက်ပါလား"

"အယ် ... ပို့ပို့နော် ... ဒီကောင်မလေး"

မခင်နှောင်း မျက်နှာမထားတတ်အောင် ဖြစ်သွားသည်။ ရှက်သည့်အသွင်လေးသည် မျက်နှာတွင် ပေါ်လာသည်။

ကလေးစကား တောင်ရောက်မြောက်ရောက် မဟုတ်ပါလား။

ကိုဇေယျာလည်း ပို့ပို့စကားကြောင့် မျက်နှာပူပါလေ၏။ သို့သော် နှစ်ယောက်စလုံး လူကြီးပီပီ မသိကျိုးကျွန်နေလိုက်ကြသည်။

တိုးတိုးကတော့ညီမလေးပို့ပို့ပြောလိုက်သောစကားသည် ဘယ်အထိရောက်သွားသည်ကို ရိပ်မိပုံရသည်။

သို့တိုင်အောင် တိုးတိုးဘာမှဝင်မပြော၏။

"ဪ ... မခင်နှောင်း"

"ရှင် ... ကိုဇေယျ"

"ညက ဂိုဒေါင်ထဲမှာ မော်တော်ဆိုင်ကယ်အပျက်ကျွန်တော်တွေ့တယ်"

"အပျက်ကြီးပဲ သူတို့အဖေတောင်စောင်းပေါ်က လိမ့်ကျလို့

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးသွားတာ"

"ရတယ် မခင်နှောင်း ကျွန်တော်သေချာကြည့်ပြီးပြီ ... ကျွန်တော် ပြန်ပြင်ရင် ရနိုင်လောက်တယ် ကျွန်တော့်မှာ ငွေသုံးသိန်းပါတယ် ... အဲဒီမော်တော်ဆိုင်ကယ်ကို တစ်သိန်းနဲ့ပြန်ရောင်းပါလား"

ဦးဦးက ဘာလို့ဒီမော်တော်ဆိုင်ကယ် အပျက်ကြီးကိုဝယ်ချင်တာလဲ။ သိပ်ဟောင်းနေပြီ။ ဒီဒီရှိတုန်းက တောလမ်းခရီးတွေဆိုရင် စီးထားတာ ကြာလှပြီ။

မခင်နှောင်းကိုယ်တိုင်ပင် ဒီမော်တော်ဆိုင်ကယ်ကို ကိုဧယျက ဘာလို့ဝယ်ချင်တာလဲဟု ရင်ထဲကမေးချင်မိပါ၏။

"ဦးဦး ဒီကသွားတဲ့အခါ မော်တော်ဆိုင်ကယ်နဲ့ သွားချင်လို့ပါ"

တိုးတိုးက ထမင်းကိုလက်စသိမ်းစားပြီး လက်ဆေးခွက်တွင်လက်ဆေး လက်သုတ်ပဝါသုတ်ရင်း ...

"ဒီမှာနေတော့ကော ဘာဖြစ်လဲဦးဦး မာမာက ဦးဦးဆိုရင် ဖော်ဖော်ရွေရွေ ရှိနေသားပဲ တိုးတိုးတို့ကလည်း ဦးဦးရှိနေရင် ဘယ်သူ့ကိုမှ မကြောက်တော့ဘူးပေါ့ ... အခုဦးဦး ရောက်တာလည်း ဘာကြာသေးလို့လဲ ဦးဦးရာ"

တိုးတိုးလေးပြောသည်ကို ကိုဧယျက စိုက်ကြည့်မိသည် တိုးတိုးကလည်း ရိရိဝေဝေအကြည့်မျိုးဖြင့် ကိုဧယျကို ငေးကြည့်နေပါ၏။

နှစ်ဦးစလုံး၏ အကြည့်ထဲဝယ် သံယောဇဉ်အမျှင်



…လေးများ တစ်ဦးမျက်လုံးမှတစ်ဦးမျက်လုံးကို ယှက်သမ်းနေပါလေ၏။

တိုးတိုးလက်သုတ်ပြီး ထမင်းစားပွဲမှအပြင်သို့ ထွက်သွားသည်။ ဂိုးဒေါင်ဆီသို့ ဆက်သွားပါ၏။

ဂိုဒေါင်ထဲရောက်သောအခါထင်းရှူးသေတ္တာအဟောင်းတစ်လုံး၏ အဖုံးကို တိုးတိုးဖွင့်သည်။ အထဲမှ သံသေတ္တာအသေးစားလေးတစ်ခုကိုထုတ်ယူပြန်သည်။ သံသေတ္တာ အဖုံးကိုဖွင့်ပြန်သည်။

ခြောက်လုံးပြူးတစ်လက် ရှိနေပါ၏။

ဒသမ ၃.၈ အရွယ် ကျည်အိမ်ဘေးထုတ် ကို့(လ်) အမျိုးအစားခြောက်လုံးပြူး ဖြစ်ပါ၏။ ကျည်ဆန်အိမ်ထဲတွင် ကြေးဝါရောင်ဝင်းလက်နေသေးသည်။ ကျည်ဆန်ခြောက်တောင့်၏ ဖင်ပိုင်းကိုတွေ့ရပေသည်။

သေနတ်အရွယ်အစားနှင့် ကျည်ဆန်တွက်အားမှာ တိုးတိုးအရွယ်နှင့်စာလျှင် ကြီးမားနေလေသည်။

တိုးတိုး၏စိတ်ကူးမှာ အကယ်၍ ဦးဦးဧယျပြန်သွား၍ ရန်သူတွေနောက်ထပ်လာလျှင် ဒီသေနတ် နဲ့ ပြန်ပစ်မည်ဆိုသော စိတ်ကူးဖြင့်လာရောက်ထုတ်ကြည့်ခြင်း ဖြစ်လေသည်။

အပြင်မှ ခြေသံကြားသဖြင့် တိုးတိုးသည်သေနတ်ကို သံသေတ္တာထဲပြန်ထည့် ထင်းရှူးပုံးထဲပြန်ထည့်ပြီး အဖုံးပိတ်ခါ ထင်းရှူးပုံးပေါ်တွင် တက်ထိုင်နေလိုက်သည်။

ဂိုဒေါင်ထဲသို့ ဦးဦးဧယျ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသော တိုးတိုးကို ဖေယျုရပ်ပြီးကြည့်သည်။

တိုးတိုးကလည်း သူ့ကိုပြန်ကြည့်နေပါ၏။

ကိုဖေယျု မျက်နှာလွှဲကာ မော်တော်ဆိုင်ကယ်ထား ရာသို့ လျှောက်သွားပြီး တွန့်ကာ တိုးတိုးအနီးတွင် ဒေါက်ထောက် ထောင်သာလိုက်သည်။

ပြီး မခင်နှောင်းဆီမှ ယူလာသောစပါနာ၊ ပလာ ယာ ဝက်အူလှည့် စသည်တို့ထည့်ကာ သည်သစ်သားသေတ္တာကိုခု ကာ မော်တော်ဆိုင်ကယ်၏ကာဘရိုက်တာကို စတင်ဖြုတ်သည်။

ကိုဖေယျု တင်ပလ္လင်ခွေထိုင်ချကာထင်းရှူးသေတ္တာ ပေါ်တွင် ထိုင်နေသော တိုးတိုးကိုလှမ်းပြောသည်။

"ဒီကာဘရိုက်တာကို ဆေးရမယ် တိုးတိုးက ဦးဦးကို ကူညီ မလား"

"မကူညီဘူး"

"ဟာ ... တိုးတိုး ပြတ်လှချည်လား ဘာလို့လဲ တိုးတိုးရဲ့ ဒီဒီမော်တော်ဆိုင်ကယ်ကို ဦးဦးစီးမှာ တိုးတိုး မကြိုက်လို့ လား"

"ဒီဒီက ဘယ်တော့မှ ပြန်လာတော့မှာမှ မဟုတ်တာ ... ဦးဦးစီးတာကို တိုးတိုး ကျေနပ်ပါတယ် ... ဦးဦးစီးရင် တိုးတိုးနဲ့ပို့ပို့တောင် လိုက်စီးရမှာပဲဟာ"

"ဒါဖြင့် ဘာလို့ မကူညီချင်တာလဲ"

"ဦးဦး တခြားကို ထွက်မသွားစေချင်လို့"

"အော်ကွာ တိုးတိုးလေးရယ်"



ဟု ရင်ထဲမချိမဆန့်ဖြင့် ကိုဖေယျုညည်းလိုက်ပြီး သက်ပြင်းချမိပါ၏။

"ဦးဦး တိုးတိုးတို့ဆီမှာ နေနိုင်သလောက်နေမှာပါတိုးတိုး နောက်ဆုံးနေလို့မဖြစ်တော့မှ ဦးဦးတခြားကို သွားမှာပါ"

"နေလို့ မဖြစ်တော့တဲ့နေ့ဆိုတာ ဦးဦးဘာကိုဆိုလိုတာလဲ မာမာကိုယ်တိုင်က ဦးဦးကို ထမင်းစားပွဲမှာ အတူစားတယ် ဒီဒီသေသွားပြီးတဲ့နောက်ပိုင်းမှာ မာမာက ဘယ်ယောကျ်ား ကိုမှ အိမ်ပေါ်လည်း မဖိတ်ခေါ်ဘူး ထမင်းကျွေးဖို့ အတူ စားဖို့ဆိုတာအဝေးကြီး"

"အေးပါကွာ ... ဦးဦး ဒီမှာ နေဖြစ်မှာပါ ... ဒါပေမဲ့ တော ထဲက ဦးဦးရဲ့ ပလတ်စတစ်တဲမှာပဲ သွားနေမယ် ... တစ် နေ့လုံးတိုးတိုးတို့နဲ့အတူနေပြီး ညကျမှ တဲကိုပြန်မယ်"

"အဲဒီလိုရတယ်လေ ... တိုးတိုးတောင်ငှက်ပစ်ထွက်ရင်း ဦးဦးဆီလာမယ်ဆိုရင် မာမာကစိတ်ချမှာ ... ဟော ... ဟော အိမ်ရှေ့မှာ ကားတစ်စီးလာရပ်တယ် ဦးဦး"

တိုးတိုးညွှန်ပြရာသို့ ကိုဖေယျုလှမ်းကြည့်သည်။

အဖိုးတန် အက်(စ်)အီးလီမီတက်ဆလွန်းကားဖြူ ကြီးကို တွေ့ရပါ၏။

ကားပေါ်မှ ဆင်းလာသော ပုဂ္ဂိုလ်ကြီးတစ်ယောက် ကိုမြင်ပြီး တိုးတိုးက ပြောလိုက်သည်။

"အဲဒါ ... ဦးသိဒ္ဓိဆိုတဲ့ လူကြီးပဲဦးဦး ကိုလှိုင်သွားတော့ပါ မလာပေ ... အခြားတာပည့်နှစ်ယောက်ပါရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိဒ္ဓိနှင့် တပည့်နှစ်ယောက်အိမ်ပေါ်သို့ ... ဝင်ရောက်သွားပေသည်။

"လာ ... တိုးတိုး ဦးဦးတို့သွားမှ ... အိမ်ပေါ်မှ မခင်နှောင်းနဲ့ ပို့ပို့ပဲရှိတာ"

ကိုဧယျအိမ်ထဲ ဖြုန်းခနဲမဝင်ဘဲအပြင်မှ အရိပ်အကဲကြည့်ပြီး ပြောစကားများကို နားထောင်ကြည့်သည်။

"ကျုပ်နောက်ထပ် တစ်သိန်းထပ်တိုးပေးမယ် မခင်နှောင်း တကယ်တော့ ... ယင်းတိုက်ရွာ ၂- မြေဟာတန်ဖိုး သိပ်ကြီးမားတာမှ မဟုတ်တာ ... ကျုပ်ပေးတဲ့တန်ကြေးဟာ အမြင့်ဆုံးဈေးပါ"

"ခင်နှောင်းရဲ့ယောက်ျား ဘိုးစဉ်ဘောင်ဆက်ကနေပြီး သားစဉ်မြေးဆက်သက်ဆင်းပြီး ... ဆက်ခံလာခဲ့တဲ့ ခြံမြေနဲ့ ဆန်စက်မို့ပါ ဦးသိဒ္ဓိ ... တန်ဖိုးနည်းလို့ငြင်းနေတာမျိုးမှ မဟုတ်တာ"

"ဩော် ... မိန်းကလေး မခင်နှောင်းရယ် ... အဆက်ဆက်ကဆင်းသက်လာတဲ့ ထီးနဲ့နန်းကိုတောင် မျက်နှာဖြူတွေ ဝင်တိုက်လို့ အရှုံးပေးစွန့်ခွာရရုံမကဘူး ဘုရင်တောင်သူတို့ ခေါ်သွားတဲ့နောက်ကို လိုက်သွားရတာပဲ ... ဘာမဆို မမြဲ ဘူးပေါ့ ကွယ် စွန့်ချိန်တန်ရင်စွန့်ရတာပဲ ... ကဲ ... ကျုပ်က နောက်ထပ်တစ်မျိုးထပ်တိုးပေးဦးမယ် မခင်နှောင်းတို့ သားအမိသုံးယောက်အတွက် မြို့သစ်မှာ ခြံဝန်းနဲ့ တစ်ထပ် တိုက်တစ်လုံး မခင်နှောင်းအပိုင်ကျုပ်စီစဉ်ပေးမယ် ကလေး



နှစ်ယောက် ရဲ့နောင်ရေးအတွက်ဆိုလည်း မခင်နှောင်း မြို့သစ်မှာကျောင်းထားပေးရမှာပဲ မဟုတ်လား"

"ကလေးနှစ်ယောက်အတွက်လည်း ခင်နှောင်း စဉ်းစားပြီးသားပါ အကြီးရောအငယ်မလေးရော အတန်းငယ်သေးတော့ ဒီယင်းတိုက်က အလယ်တန်းကျောင်းမှာပဲ ရှစ်တန်းအောင်တဲ့အထိ ဆက်ထားမလို့ပါ ... မြို့သစ်မှာထားဖို့ မလိုသေးလို့ပါ"

"အာစရိ ... ဖြတ်လမ်းလိုပြီထင်တယ်"

စောင့်နေသော တပည့်နှစ်ယောက်မှ ဝါကြီးပုံရသော တပည့်ကဝင်ပြောလိုက်သည်။

ထိုစဉ်မှာပင် ...

ကိုဧယျသည် အိမ်ထဲဝင်လိုက်ပြီး တံခါးဝတွင် မားမားကြီးရပ်ပြလိုက်ပါ၏။

ကိုဧယျကို မြင်လိုက်သည်နှင့် ဦးသိဒ္ဓိ၏တပည့်နှစ်ယောက်သည် ခြိမ်းပြရာတွင် သင်တန်းဆရာက သင်တန်းသားတွေအား 'သတိ' ဟုပြောလိုက်သဖြင့် သင်တန်းသားတွေ သတိဆွဲလိုက်သလို တပည့်နှစ်ယောက် တစ်ညီတည်း မတ်ခနဲဖြစ်သွားကြလေတော့သည်။

မနေ့ညက ကိုလှိုင်ဘွားအပါအဝင်တပည့်တွေကို ဆော်တီးလွှတ်လိုက်သူမှန်း ကိုဧယျအကြောင်းသိနေသောကြောင့် ဖြစ်ပါ၏။

"အော် ... ဦးသိဒ္ဓိနဲ့ မိတ်ဆက်ပေးရဦးမယ် ... အဲဒါ ခင်

www.burmeseclassic.com

www.burmeseclassic.com



နှောင်းရဲ့အစ်ကို တစ်ဝမ်းကွဲ ကိုဧယျတဲ့"

"သြ ... သြ ... မောင်ဧယျတဲ့လား ... နာမည်ကတော့ ဟိုရှေးခေတ်က အင်မတန်စွမ်းရည်ကောင်းခဲ့တဲ့ မုဆိုးဘိုရွာသား ဦးအောင်ဧယျ နာမည်မျိုးပဲ ရဲရင့်တယ်၊ သတ္တိရှိတယ် တိုက်ရည်ခိုက်ရည် အင်မတန်ကောင်းတဲ့ ပုဂ္ဂိုလ်ကြီး ... ဦးအောင်ဧယျအတိုင်းပေါ့လေ ... တွေ့ရတာဝမ်းသာပါတယ် မောင်ဧယျ ... ကျုပ်နာမည်က ဦးသိန္ဓိပါ"

ဦးဒေဝက လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးသည်။

ကိုဧယျပြန်ပြီး လက်ဆွဲပါ၏။ လိုလားသည်ဖြစ်စေ မလိုလားသည်ဖြစ်စေ ယဉ်ကျေးမှုအရ ဖြစ်ပါ၏။

"ဟဲ ... ဟဲ ဒီလိုလေ မောင်ဧယျရဲ့ ကျုပ်က ဒီယင်းတိုက်ရွာမှာ ... ခေတ်မီခမ်းနားတဲ့ စံချိန်မီ ဟိုတယ်ကြီးတစ်ခုဆောက်မလို့ ကျုပ်ကြိုက်တဲ့နေရာက မခင်နှောင်းရဲ့နေရာနဲ့ ဟိုဘက်ကဦးချစ်မောင်ရဲ့မြေနေရာကို ကြိုက်တယ် ... အမြင့်ဆုံးဈေးကိုပေးထားပြီးသားပါ ... အခုထပ်ပြီး ငွေတစ်သိန်းထပ်တိုးပေးမယ် ... ရောင်းပါဆိုတာကို မခင်နှောင်းကငြင်းနေတယ်လေ ... ယင်းတိုက်ရွာရဲ့မြေတန်ဖိုးက ဘာမှမရှိပါဘူး ကျုပ်က အဆမတန်ပေးထားတာပါ ... ဒီအခွင့်အရေးမျိုး မခင်နှောင်းမှာ နောက်ထပ်မရနိုင်ပါဘူး"

"ကျွန်တော်ကတော့ ဒီနေရာဒေသမှာလူစိမ်းဖြစ်နေလို့ ဒီရွာနဲ့ ဒီခြံ၊ ဒီမြေ ဘယ်လောက်တန်ဖိုးရှိမှန်းတော့ မသိဘူး



ဦးသိန္ဓိ ကျွန်တော်သိတာ နားလည်တာကတစ်ခုတည်းပါ ရောင်းသူနဲ့ဝယ်သူဟာ ရောင်းသူကသူ့ပစ္စည်းကို ဘယ်လောက်ပေးပေး မရောင်းပါဘူးဆိုနေမှတော့ အရောင်းအဝယ်ဟာပျက်ပြီပေါ့ဗျာ ... ဒီတော့ ဦးသိန္ဓိလက်လျှော့ပြန်ရုံပေါ့ ..."

"ဟဲ ... ဟဲ ... ဟဲ"

ဦးသိန္ဓိသည် ရယ်သွမ်းသွေးလိုက်သည်။

"ရှေ့နေခေါ်မှ ထောင်ကျကိန်းကိုဆိုက်သွားတာပဲ၊ မောင်ဧယျဝင်ပြောမှ လုံးလုံးအရောင်းအဝယ်ပျက်တော့တာပဲ ကိစ္စမရှိပါဘူး၊ ကျုပ်ကစိတ်ရှည်ရှည်နဲ့စောင့်ဦးမှာပါ ... ကဲ သွားကြစို့ဟေ့"

ဦးသိန္ဓိ ခေါင်းဆောင်ပြီး ပြန်ထွက်သွားကြပါလေတော့၏။

✡✦✡

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၆

ညက မိုးပျောက်တော ပလတ်စတစ်တဲတွင် ကိုဧယျ ပြန်ပြီးအိပ်သည်။

တဲကိုစိတ်မချသည်လည်း ပါသည်။

ပြီး မခင်နှောင်းတို့အိမ်တွင် ဂိုဒေါင်မှာအိပ်သည်ဆိုစေကာမူ ပတ်ဝန်းကျင် အမြင်အားဖြင့် မခင်နှောင်းအိမ်တွင် ညအိပ်သည်ဟုပင် မြင်ကြသည်။

တစ်မျိုးထင်ကြပေမည်။

မခင်နှောင်းအတွက် သိက္ခာကျပေမည်။

မခင်နှောင်းကိုယ်တိုင်ကလည်း ကိုဧယျကို သူမထံတွင် အိပ်စေ့ညှိအိပ်စေလိုသည်။

မအိပ်လည်းမအိပ်စေလိုသည့် ဒွိဟသဘောလေးရှိပုံရသည်။ မခင်နှောင်းသည် မုဆိုးမကလေးနှစ်ယောက် မိခင်ဆိုသော်လည်း သူမကိုယ်ကို အင်မတန်စောင့်ထိန်းသည့် အမျိုးသမီး



ဖြစ်ပါ၏။

ဒါကိုပင် ကိုဧယျအထင်ကြီးနှစ်သက်မိသည်။ မြန်မာအမျိုးသမီးသည် ဒီလိုမှပေါ့ဟု ပထမဇနီးစိမ်းနှင့် နှိုင်းယှဉ်မှတ်ချက်ချမိသည်။

ပထမဆုံးတိုးတိုးနှင့် ပတ်သက်ခဲ့သည်။

ယခုတော့ မခင်နှောင်းမိသားစုအားလုံးအပေါ်တွင် ကိုဧယျခင်တွယ်စိတ်လေးရှိနေပြီ။

ကိုဧယျသည် လူပျိုဘဝကတည်းက ကလေးချစ်တတ်သည်။

ဇနီးစိမ်းနှင့် နောက်ဆုံးပဋိပက္ခဖြစ်ပြီး ထွက်ပြေးလာခဲ့ရသည်မှာလည်း ကလေးလိုချင်သော ကိစ္စကြောင့်ပင် ဖြစ်ပါ၏။

ကိုဧယျက ကလေးလိုချင်သည်။

စိမ်းက လုံးဝကလေးမယူပေ။ ကလေးမရအောင် စိမ်းကခင်မင်သော ဆရာဝန်များနှင့် တားဆီးထားခဲ့သည်။

စိမ်းကိုလက်ထပ်ရသည်မှာ နှစ်ဦးနှစ်ဘက်မိဘ၏ သဘောတူညီချက်ကြောင့် ဖြစ်ပါ၏။

ကိုဧယျအဖို့ကတော့ လူငယ်ချင်းချစ်ခင်သည်မဟုတ်စေကာမူ မိမိတွင်အခြားချစ်သူ မရှိနေခြင်းကြောင့် မိဘ၏ဆန္ဒအရ စိမ်းကိုလက်ထပ်ရစေကာမူ သိပ်ပြီးထောင်းထောင်းသာသာစိတ်မျိုးမရှိလှ။

အဓိကမှာ စိမ်းပင်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းတွင် 'မောင်မောင်ဦး' ဆိုသည့် ချစ်သူရှိနေ
သည်။

စိမ်း၏မိခင်ကြီးတွင် နှလုံးရောဂါရှိနေသည်။ မိခင်
ကြီးက စိမ်းချစ်သူမောင်မောင်ဦး နှင့်လုံးဝသဘောမတူ သူသေ
သွားလျှင် စိမ်းကမောင်မောင်ဦးကို လက်ထပ်ယူလိုက်မည်ကို သိ
စိုးရိမ်သည်။

ပြီး စိမ်းမိခင်ကြီးက ငွေကြေးသူတို့နှင့် တန်းတူ
ကြွယ်ဝသော ကိုဇေယျ၏မိဘများနှင့် ခင်မင်ရင်းစွဲရှိသည်။

ကိုဇေယျနှင့်သာလျှင် သူမ၏သမီးစိမ်းကို လက်ထ
ရမည်ဟု အရေးဆိုလာသည်။

စိမ်းအနေနှင့်ငြင်းပယ်လျှင် မိခင်နှလုံးရောဂါဖြင့်
သေသွားမည်ကိုစိုးရိမ်သည်မို့ ကိုဇေယျကို လက်ထပ်ခဲ့ခြင်းဖြစ်
သည်။

နှလုံးသားနှင့်ရင်ထဲက ချစ်သည်မချစ်သည်ကို ကို
ဇေယျပမာနမထား။ လင်ရယ်မယားရယ်ဖြစ်လာမှတော့ ကိုဇေယျ
ကလေးလိုချင်သည်။

စိမ်းကို ကလေးယူဖို့လည်း တိုက်တွန်းသည်။

ညားပြီးပထမနှစ်ကုန်သည်အထိ စိမ်းကိုယ်ဝန်မ
ကလေးမရ။ ဒုတိယနှစ်အထိလည်း စိမ်းကိုယ်ဝန်မရ။

ယင်းဒုတိယနှစ်မှာပင် စိမ်း၏မိခင်ကွယ်လွန်သွား
သည်။ စိမ်းအဖို့ ငွဲညှာစရာရှိပါလေတော့။

ဤမှာပင် ကိုဇေယျကလည်း ထုံးစံအတိုင်း စိမ်း



ကလေးမရသည်မှာ သားအိမ်ချို့ယွင်းချက်များရှိလေမလားဟု
တွေးမိပြီး စိမ်းကိုဆရာဝန်ထံ သားအိမ်ကို စစ်ဆေးရန်သွားဖို့ခေါ်
သည်။ ထိုအခါကျမှ စိမ်းကပြောင်ပြောင်တင်းတင်းကြီး ကိုဇေယျ
ကိုပြန်ပြောသည်။

"ဘာဆရာဝန်နဲ့မှ ပြစရာမလိုဘူး၊ ကျွန်မအမြုံမ,မဟုတ်ဘူး
ရှင်နဲ့ရတဲ့သွေး၊ ရှင်နဲ့ရတဲ့ကလေးကို မလိုချင်လို့ တမင်
တကာကို ... ကလေးမရအောင်တားထားတာ ရှင် ကျွန်မ
နဲ့ကလေးတစ်သက်လုံးမရဘူးမှတ် ... "

ကိုဇေယျ သိပ်ဒေါသဖြစ်ရသည်။

စိမ်းကိုပါးရိုက်သည်။

စိမ်းက ခေါင်းအုံးအောက်မှ သေနတ်ကိုယူပြီး ကို
ဇေယျကိုပစ်ရန် ကြိုးစားသည်။ ထိုသေနတ်မှာ ကိုဇေယျ၏သေ
နတ်ဖြစ်ပြီး မိမိအိပ်ရာခေါင်းအုံးအောက်တွင် ထားလေ့ရှိသော သေ
နတ်ဖြစ်သည်။

စိမ်းက မိမိသေနတ်ကိုယူပြီး မိမိကိုပစ်ရန်မောင်းဆွဲ
သည်။ ကိုဇေယျကအတင်းဝင်ပူးပြီး သေနတ်ကိုလုယူဖို့ ကြိုးစားရင်း
သေနတ်ကျည်ဆန်ထွက်သွားကာ စိမ်းကိုထိမှန်ပြီး စိမ်းလဲကျသွား
ခြင်းဖြစ်ခဲ့သည်။

ပစ္စတိုသေနတ်ကို ပြတင်းပေါက်မှ လွှင့်ပစ်ခဲ့ပြီး
ကိုဇေယျ အိမ်မှထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။

လွတ်ရာနေရာရောက်မှ ညီဒေဝထံ ဖုန်းဆက်
အကြောင်းကြားသည်။ ညီဒေဝက ချက်ချင်း ကိုဇေယျလွှင့်ပစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော ပစ္စတိုကို ကောက်ယူသိမ်းထားလိုက်ပြီး ကိုဇေယျအတွက် စာတစ်စောင်ငွေသုံးသိန်းနှင့် ပစ္စတိုကျည်ကပ်အပိုတွေထည့်ပြီးနှိုးသောနေရာသို့ လာပေးသွားခြင်းဖြစ်ပါ၏။

ထိုနေ့မှစပြီး ကိုဇေယျသည် ခြေဦးတည့်ရာသို့ထွက်လာခဲ့ခြင်းဖြစ်သည်။ ယင်းသို့ သုံးလေးလခြေဦးတည့်ရာ လျှောက်သွားပုန်းရှောင်ရင်း ယခု ယင်းတိုက်ရွာအနီး မိုးပျောက်တောထဲသို့ရောက်လာခြင်းဖြစ်ပါ၏။

ယခုမူ တိုးတိုးနှင့် ပတ်သက်ပြီး မခင်နှောင်းတို့ မိသားစုဖြင့် ခင်မင်နေလေပြီ။

မခင်နှောင်းတွင် အန္တရာယ်ရှိနေသည်ကိုလည်း ကိုဇေယျစိုးရိမ်ပူပင်နေလေပြီ။

တိုးတိုးနှင့် ပို့ပို့ကလေးနှစ်ယောက်ကိုလည်း ကိုဇေယျ ချစ်နေသည်။

မိမိတဲထဲတွင် အိပ်မပျော်သဖြင့် အတွေးတွေပလုံးစီပြီး စိမ်းနှင့်ဖြစ်ခဲ့သည်များကိုလည်း ပြန်တွေးမိသည်။

မခင်နှောင်း တိုးတိုး ပို့ပို့တို့အကြောင်း ဦးသိဒ္ဓိနှင့် လှိုင်ဘွားအကြောင်းလည်း တွေးနေမိသည်။

တွေးရင်းပင်။

ဇနီးဟောင်းစိမ်းနှင့် ယခုမခင်နှောင်းကို ကိုဇေယျ သူ့ဟာသူ အလိုအလျောက်ယှဉ်၍တွေးသော အတွေးဝင်ရောက်လာသည်။

စိမ်းသည်ချောမောလှပပါ၏။



မခင်နှောင်းလည်းချောမွေ့လှပသည်ပင်။

စိမ်း၏အလှက ခြံထဲတွင် တယုတယပန်းအိုးလှလှဖြင့် မြေဩဇာကျွေး ရေမှန်မှန်လောင်း ပိုးသတ်ဆေးဖြန်းပြီး စိုက်ထားသောပန်းပင်မှပွင့်သော ပန်းအလှမျိုးဖြစ်သည်။ စိမ်းသည် သူမကိုယ်ကို အကောင်းဆုံးနှင့် အဖိုးတန်အလှကုန်ပစ္စည်းတွေသုံးပြီး လှစေသည်၊ ဆံပင်ပုံကအစ ဆိုင်တွင်တန်ဖိုးကြီးပေး၍ ပုံသွင်းခြင်း၊ အင်္ကျီ၊ ထဘီဆိုလည်း အင်မတန်ပုံကျပြီး ကိုယ်လုံးအလှပေါ် လွင်စေမည့်အစများကို အကောင်းဆုံးအပ်ချုပ်ဆိုင်တွင် ချုပ်ခထောင်နှင့်သောင်းနှင့်ပေးပြီးချုပ်ဝတ်သော အဝတ်မျိုးဖြင့် လှပစေခြင်းဖြစ်သည်။

မခင်နှောင်းကျတော့ တောနက်ထဲတွင် သူ့ဟာသူ သဘာဝအတိုင်း ပွင့်နေသည့်သဇင်ပန်းလို သစ်ခွပန်းလို သူ့သဘာဝအတိုင်း အဖြစ်လိုလှနေသော အလှမျိုးဖြစ်ပါ၏။ သနပ်ခါးရေကျဲလေးနှင့်လည်းလှသည်။ တရုတ်ပိတ်ပွင့်ရိုက် ဘလောက်အင်္ကျီ၊ ထဘီနှင့်လည်း လှနေသည်။

စိတ်သဘောထားချင်း နှိုင်းယှဉ်ကြည့်ပါကလည်း စိမ်း၏စိတ်သဘောထားမျိုးမှ အနီရောင်သဘောရှိသည်။ ဒေါသကြီးခြင်း၊ မာန်မာနတက်ခြင်း၊ ရက်စက်ခြင်း။

မခင်နှောင်းကတော့ ကောင်းကင်ပြာရောင်မျိုးဟု တင်စားနိုင်သည်။ အရာခပ်သိမ်းတည်ငြိမ်အေးချမ်းတတ်သည့် သဘောသက်ဝင်ပါ၏။

အကျင့်သိက္ခာအပိုင်းတွင်း ...

www.burmeseclassic.com

www.burmeseclassic.com



စိမ်းသည် ဘယ်လိုအမျိုးသားနှင့်မဆို သူသဘော
ကျပါက တွဲရန်ဝန်မလေး။ ရုပ်ရှင်မှအစ ပါတီပွဲတွေအပျော်မွေ့သည်
အမျိုးသားတွေနှင့် အတူတွဲခြင်းပင်လျှင် ခေတ်ဆိုရှယ်ဟု ခံယူထား
သည်။ ခေတ်ပေါ်င်းသင်းဆက်ဆံရေးဟု သတ်မှတ်သည်။

မခင်နှောင်းကျတော့ သူစိမ်းယောကျ်ားပျိုနှင့်လ
တို့ခြေတို့ထိပါးမှုကိုပင် ရှောင်တိမ်းပြီး သူမကိုယ်ကို တန်ဖိုးထား
ထိန်းသိမ်းသည်။

ပလုံစီအတွေးပေါင်းစုံဖြင့် ညဥ့်နက်မှ အိပ်ပျော်သွာ
သော ကိုဧယျသည် နံနက်အိပ်ရာထကျတော့ နေမြင့်မှထမ်
တော့သည်။

အိပ်ရာထသွားတိုက်ပြီး ရေကန်ထဲမှာပင် စိမ်
နပြေ အသားလေးသွားသည်အထိ ရေစိမ်ချိုးသည်။

တစ်ပတ်ရစ် အဝတ်ကိုပင်ဝတ်ပြီး မခင်နှောင်း
အိမ်ဘက်ဆီသို့ လျှောက်လာခဲ့သည်။

ကိုဧယျရောက်သွားချိန်တွင် မခင်နှောင်းနှ
အသက်လေးဆယ်ကျော် ရုပ်သန့်သန့်ပုဂ္ဂိုလ်တစ်ယောက်စကာ
ပြောနေသည်ကို တွေ့ရသည်။ ခြံဝတွင်ရပ်ပြီး ပြောနေကြခြင်း
ပါ၏။

"ဟော ... လာ ... ကိုဧယျ။ ဒီမှာမိတ်ဆက်ပေးချင်
ဒါဟိုဘက်ခြံက ဦးချစ်မောင်လေ, ... ဒါကတော့ ခင်နှော
နဲ့အစ်ကိုတစ်ဝမ်းကွဲ ကိုဧယျတဲ့"

"အေးဗျာ ... ကိုဧယျကို အခုမှမြင်ဖူးရပေမယ့် ... ဟိုည



ကိုဧယျ စွမ်းရည်နဲ့သတ္တိကိုကြားပြီးမို့ ကျုပ်ကသိပ်အားရ
နေတာပါ"

အဲဒီညကအကြောင်း ဦးချစ်မောင်ကို မခင်နှောင်း
ကပြောပြတာလား။

"ဘယ်ဟုတ်မလဲ ... တိုးတိုးပြောပြတာလေ လူဆိုး သုံး
ယောက်နဲ့ဦးဦးဧယျဖိုက်လိုက်တာလူဆိုးသုံးယောက်စလုံး
လဲကျကုန်ပြီး အတင်းထွက်ပြေးသွားတာကို အားရပါးရ
ပြောပြတာ ... ဒါနဲ့ကျုပ်က တိုးတိုးကိုပြန်မေးတယ်၊ မှို
အရင်က တိုးတိုးအိမ်မှာ ဦးဦးဧယျဆိုတာ တစ်ခါမှမရှိခဲ့ပါ
ဘူး ... အဲဒီဦးဦးဧယျဆိုတာ ဘယ်သူလဲလို့ ကျုပ်ကမေး
တော့ တိုးတိုးက ဦးဦးဧယျကို ဦးဦးဧယျလို့ပဲသိတယ်...
တခြားဘာမှမသိဘူးတဲ့ ... လူစွမ်းကောင်းဆိုတာ မိုးပေါ်က
ကျချင်ကျလာတယ် ... မြေကြီးထဲကဘွားခနဲ ပေါ်လာချင်
လာတတ်တာပဲဘာဘာရလို့ ပြန်ပြောတယ်လေ"

သုံးဦးသား ရယ်မောကြပြန်သည်။

မခင်နှောင်းကဆက်၍ ပြောပြပြန်ပါ၏။

"ဦးချစ်မောင်က အဝေးပြေးယာဉ်ကားကြီး သုံးစီးထောင်
ထားတယ်"

"အခုလေးစီးဖြစ်သွားပြီ မခင်နှောင်း ပြီးခဲ့တဲ့လကပဲ နီဆန်
ထရပ်ကားကြီးတစ်စီးထပ်ဝယ်လိုက်သေးတယ်"

"အဲဒါ ... ဦးချစ်မောင်က အထက်မြန်မာပြည်အောက်မြန်
မာပြည်နဲ့ ပြည်နယ်အနှံ့ကုန်တင်နဝလီလိုက်တယ်လေ

www.burmeseclassic.com

www.burmeseclassic.com



ကားပျက်လည်း ခြံထဲမှာပဲ လာပြင်တယ် ကားတွေနားတဲ့ အခါမှာလည်းခြံထဲက ဂိုဒေါင်ကြီးထဲမှာ ထားတယ် အဲဒီ အလုပ် နဲ့လုပ်ငန်းတော်တော်အဆင်ပြေနေတာ၊ ဒါကြောင့် သူ့ခြံမြေကိုလည်းမရောင်းနိုင်လို့ ဦးသိဒ္ဓိနဲ့ အတိုက်အခံဖြစ် နေတာ"

"ဦးချစ်မောင်ရဲ့ အိမ်ထောင်ကကော"

"မန္တလေးမှာလေ သားတစ်ယောက် သမီးတစ်ယောက်နဲ့ နှစ်ယောက်စလုံး မန္တလေးတက္ကသိုလ်မှာတက်နေတယ်၊ ဒီ တော့ သူတို့အမေ ဦးချစ်မောင်ရဲ့ဇနီးက မန္တလေးမှာလိုက် နေရတာပေါ့"

"ဒါဆို ... တစ်ကွဲတစ်ပြားစီ နေနေရတာပေါ့"

"တစ်ကွဲတစ်ပြားဆီမဟုတ်ဘူး ကိုဇေယျရဲ့ ကျုပ်မော်တော် ကားကြီးတွေကိုက မန္တလေးကုန်တွေတင်ရတာများတယ် ဒီတော့ ကားကြီးတွေနဲ့မန္တလေးကို ကျုပ်သွားနေတဲ့အခါ နေတယ် ... ကလေးတွေအမေကလည်း ကလေးတွေ ကျောင်းပိတ်ရက်ဆိုရင် ... ဒီယင်းတိုက်ကိုလာပြီး အတူနေ တာပဲ ... ဩော် ဒါထက်မခင်နှောင်း ဒီနေ့ မွန်းလွဲတစ်နာရီ မှာ ဓမ္မာရုံကြီးမှာ ရွာလုံးကျွတ်အစည်းအဝေးခေါ်ထားတယ် မဟုတ်လား မခင်နှောင်းတက်မယ် မဟုတ်လား"

"တက်ရမှာပေါ့ ဦးချစ်မောင် ရွာလူကြီးကိုယ်တိုင်လာဖိတ် ထားတာ ... မတက်ရင် မလေးစားရာရောက်သွားမှာ"

"ကဲ ... စကားပြောလို့တော့ ကောင်းတယ် နောက်မှအေး



အေးဆေးဆေးပြောကြစို့ ကိုဇေယျ၊ ကျုပ်ပြန်မယ် ... မခင် နှောင်း ... ပြန်မယ်ဟေ့"

ဦးချစ်မောင် နှုတ်ဆက်ပြန်သွားသည်။

မခင်နှောင်းလက်ထဲတွင် အရိုးရှည်ဆင်းခွဲပုံဆိန် တစ်ချောင်းကိုင်ထားသည်ကို ကိုဇေယျတွေ့သဖြင့် မေးမြန်းလိုက် သည်။

"ပုဆိန်ကြီးနဲ့ ဘာလုပ်မလို့လဲ မခင်နှောင်း"

"ကြက်ခြံပေါ်ကိုင်းကျနေတဲ့ သရက်ပင်ကိုင်းတွေခုတ်ချင် လို့ ... ကိုင်းကျိုးရင် ... ကြက်ခြံထဲကကြက်တွေ အပေါ်ကျ မှာစိုးတယ်"

"ဒါဆိုပေးလေ ... ကျွန်တော်ခုတ်ပေးမယ် ... သစ်ပင်ပေါ် တက်ခုတ်မှရမှာ ခုတ်မယ့်သစ်ကိုင်းကို ကြိုးနဲ့ဆိုင်းထားပြီး အကိုင်းပြတ်တာနဲ့ ကြိုးဆွဲယူရမှာ ဒီအတိုင်းခုတ်ချရင် ကိုင်း တွေကြက်တွေအပေါ်ပိကျမှာပေါ့ ... ဒါကို မခင်နှောင်း ဘယ်လုပ်နိုင်မှာလဲ"

"ဟုတ်တယ် ကိုဇေယျ မခင်နှောင်းမလုပ်နိုင်လို့ ... ဦးချစ် မောင်ဆီသွားအကူအညီတောင်းတာ သူ့အလုပ်သမားတွေ အားလုံးကားတွေနောက်ပါသွားလို့ ဦးချစ်မောင်က သူလုပ် ပေးမယ်ဆိုပြီး လိုက်လာတာ ဒီကျတော့ သူလည်းသရက် ပင်ပေါ်မတက်ရဲလို့ သူလုပ်လို့ဖြစ်မှာ မဟုတ်ဘူးလို့ပြောနေ တုံး ကိုဇေယျရောက်လာတာ"

"ရတယ်လေ ... သူလုပ်လို့မဖြစ်ရင် ကျွန်တော်ကဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ပေးမှာပေါ့"

ကိုဇေယျက မခင်နှောင်းလက်မှ ပုဆိန်ကိုယူလိုက်သည်။ ပြီး ကြက်ခြံအက်ဆီသို့ လျှောက်လာသည်။

မခင်နှောင်းနောက်ကလိုက်လာပါ၏။

သစ်ပင်ရင်းတွင် ကြိုးခွေအသင့်ရှိနေသည်။

ပုဆိန်ခါးချိတ်၊ ကြိုးခွေပခုံးလွယ်ဖြင့် ... ကိုဇေယျ သရက်ပင်ပေါ်တက်သည်။

"သတိထားနော် ကိုဇေယျ၊ လိမ့်ကျမယ်"

မခင်နှောင်း သစ်ပင်အောက်မှလှမ်းပြောသံမှာ စိုးရိမ်သံလေးပါနေပါ၏။

ကိုဇေယျ ကြားရသည်မှာ နားဝင်ချိုလေသည်။

ခုတ်မည့်ကိုင်းကို မခုတ်မီ ကြိုးချီသည်။ ပြီးမှခုတ်ချ၍ပြတ်သွားသည့်ကိုင်းကို ရေတွင်း၊ ရေပုံးချပုံစံဖြင့် ချပေးသည်။ မခင်နှောင်းက ကျလာသောကြိုးချီကိုင်းကို ကြက်ခြံနှင့်လွတ်ရာသို့ ဆွဲယူသွားပြီးမှ မြေတွင်ကျစေပြီး ကြိုးကိုဖြုတ်ပေးလိုက်သည်။

မခင်နှောင်းစိတ်ထဲတွင် ထိုသို့လုပ်ရသည်ကိုပင် အလိုလိုပျော်နေပါ၏။

ကိုအောင်ဌေးမကွယ်လွန်မီကဆိုလျှင် ဒီပုံစံအတိုင်း လုပ်ခဲ့ရသည်ဖြစ်လေသည်။

ယခု ကိုဇေယျ လုပ်ဆောင်ပေးမှုများသည် ကိုအောင်ဌေးလုပ်ပေးပုံနှင့် တူပေစွ။

ကိုအောင်ဌေးကမူ လုပ်ဆောင်ရာတွင် ပျာယာခတ်



[illegible]တတ်သေးသည်။ ကိုဇေယျလုပ်ပုံကျတော့ သွေးအေးအေးနှင့် [illegible]ဆောင်ပါလေ၏။

ကိုဇေယျသည် ကိုအောင်ဌေးထက် သတ္တိပိုကောင်း[illegible]ည်ဟုမဆိုပို၍ စွမ်းဆောင်နိုင်သည်၊ ရန်သူကိုရင်ဆိုင်ရာတွင် [illegible]ည်း ကိုဇေယျက အလွန်သွေးအေးသည်။

ကိုအောင်ဌေးက ရန်သူကို ပြေလည်သောနည်းဖြင့် [illegible]ချော့နည်းကိုသုံးလေ့ရှိသည်။

ကိုဇေယျကတော့ တစ်ဘက်ကတင်းမာလာလျှင် [illegible]ာ သွေးအေးအေးဖြင့် ပို၍တင်းမာပစ်လိုက်သည်။

ဒီလိုနှင့်ပင် သရက်ပင်ကိုင်းခုတ်လုပ်ငန်းပြီးသွား[illegible]သည်။ မခင်နှောင်းက နေ့ခင်းစမ္ဘာရုံအစည်းအဝေးသွားမည်မို့ [illegible]ဇေယျသည် သူတောကတဲဆီသို့ ပြန်လာခဲ့သည်။

☆✦☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၇

"ကိုဇေယျနေပါဦးလား ထမင်းစားပြီးမှ ပြန်ပေါ့"

ဟု မခင်နှောင်းပြောလိုပါ၏။

အကယ်၍ တိုးတိုးနှင့်ပို့ပို့အိမ်မှာရှိနေလျှင်တော့ ... ထမင်းစားပြီးမှ ပြန်ပါဟုပြောမိမည်။

ယခုတော့ တိုးတိုးတို့မောင်နှမကျောင်းသွားနေကြသည်။ အိမ်ပေါ်တွင် နှစ်ယောက်တည်း မသင့်တော်သောကြောင့် မဖိတ်ခေါ်မိခြင်းအတွက် မခင်နှောင်း စိမ်မကောင်းဖြစ်ရသည်။

ကျောင်းလွှတ်ချိန်တွင် မခင်နှောင်း တိုးတိုးနှင့်ပို့ပို့ကိုသွားခေါ် အိမ်တွင်ထမင်းကျွေးပြီးမှ ဓမ္မာရုံတွင် ဖိတ်ထားသော အစည်းအဝေးသို့ သွားရောက်သည်။ ဦးချစ်မောင်နှင့်အတူဖြစ်ပါ၏။

"ဩ ... အစည်းအဝေးက ဒီလိုကိုး"

ဟု အစည်းအဝေးခန်းထဲရောက်သည်နှင့် မခင်နှောင်း မှတ်ချက်ပြုမိသည်။



အကြောင်းမှု ... အစည်းအဝေးကို ကမကထလုပ်သူ ရွာလူကြီးများ ထိုင်နေရာအလယ်တွင် မားမားကြီးရှိနေသော ဦးသိဒ္ဓိကိုမြင်တွေ့လိုက်ရသောကြောင့် ဖြစ်ပါ၏။

ဦးသိဒ္ဓိ၏ တပည့်လူမိုက်သုံးယောက်စီက ဟိုဘက်ဒီဘက်တွင် မတ်တတ်ရပ်လျက်သားရှိနေကြလေသည်။

အစည်းအဝေးအစတွင် ရွာလူကြီးဥက္ကဋ္ဌက ပဏာမမိန့်ခွန်းပြောသည့်အထဲတွင် ယင်းတိုက်ရွာ၌ ခေတ်မီဟိုတယ်ကြီးဆောက်လုပ်မည်ကို မိတ်ဆက်မိန့်ခွန်း ပြောကြလေသည်။

ဒီနောက်တော့ ဦးသိဒ္ဓိက ပြောတော့သည်။

"ဟောဒီ မြို့သစ်မြို့ထဲမှာအပါအဝင် ရွာတွေအများထဲမှာ ယင်းတိုက်ရွာဟာ ကံအကောင်းဆုံးရွာလို့ ပြောရမှာပဲ၊ ဘာလို့လဲဆိုတော့ ကျွန်တော်စံချိန်မီ အဆင့်မြင့်ဟိုတယ်ကြီး ဆောက်ဖို့အတွက် ယင်းတိုက်ရွာမှာ ဆောက်ဖို့ရွေးချယ်လိုက်လို့ပဲ"

"ဟိုတယ်ဖွင့်လိုက်တယ်ဆိုတာနဲ့ သူဌေးတွေသူကြွယ်တွေ နိုင်ငံခြားသားတွေလာပြီး တည်းခိုကြမယ် ... မြို့သစ်နဲ့ ယင်းတိုက်ရွာကို သွားလာတဲ့နိုင်လွန်ကတ္တရာလမ်းကြီး ကျွန်တော်ခင်းပေးရမယ်၊ ပထမဆုံးလမ်းခင်းလုပ်ငန်းစ,တာနဲ့ ဒီယင်းတိုက်ကရွာသူရွာသားတွေကိုပဲ ကျွန်တော် ဦးစားပေးအလုပ်ခန့်မယ်၊ ဟိုတယ်ကြီးတည်ဆောက်ရာမှာလည်း ယင်းတိုက်ရွာက လူတွေကိုပဲ အရည်အချင်းအလိုက် လစာငွေပေးပြီးခန့်ထားမယ်၊ မခန့်မီ သင်တန်းစပေးမှာက

www.burmeseclassic.com

www.burmeseclassic.com



လစာငွေပေးမယ်"

အစည်းအဝေးတက်ရောက်သော ရွာသူရွာသားတွေသည် နှစ်ခြိုက်သဘောကျစွာ လက်ခုပ်တီးကြပါ၏။

ဦးသိဒ္ဓိ ဆက်ပြောသည်။

"ဒီတော့ ... ဟိုတယ်ဆောက်ဖို့ အသင့်တော်ဆုံးနေရာကို ကျုပ်လိုက်ရွေးတယ် ... ယင်းတိုက်မြစ်ချောင်းကြီးရဲ့ ဟိုဘက်ကမ်း ဒီဘက်ကမ်း သာယာလှပတဲ့ ရှုခင်းတွေကို မြင်တွေ့စေဖို့ ယင်းတိုက်မြစ်ချောင်းဘက်ကို မျက်နှာမူဆောက်မယ်၊ ဟိုတယ်ကြီးရဲ့ကျောပိုင်းမှာ သာယာလှပတဲ့ တောတန်း ၠတောင်ကုန်းတွေထားမယ် ... အမဲလိုက်ဝါသနာပါတဲ့ နိုင်ငံခြားသားတွေနဲ့ သူဌေးသူကြွယ်တွေ အကြိုက်ဖြစ်သွားမယ် ... အဲဒီလို အဘက်ဘက်က ကိုက်ညီတဲ့နေရာကို ကျုပ်ရွေးချယ်ရာမှာ မခင်နှောင်းရဲ့မြေနေရာနဲ့ ဦးချစ်မောင်ရဲ့မြေနေရာဟာ ဟိုတယ်ဆောက်ဖို့ အသင့်တော်ဆုံးနေရာဖြစ်နေပါတယ်"

"အခု ဒီအစည်းအဝေးမှာ မခင်နှောင်းရော ဦးချစ်မောင်ရော တက်ရောက်တာကို တွေ့ရပါတယ် ... ဒီတော့ ဟောဒီအစည်းအဝေးကြီးတက်ရောက်လာတဲ့ ရွာရဲ့အကြီးအကဲ ပုဂ္ဂိုလ်ကြီးတွေရှေ့မှာရော ရွာသူရွာသားအားလုံးရှေ့မှာရော မခင်နှောင်းနဲ့ ဦးချစ်မောင်ဟာ သူတို့ပိုင်မြေကိုရောင်းပါ ကာလတန်ကြေးထက် အများကြီးပိုပြီး ကျုပ်ပေးပါ့မယ်လို့ သက်သေပြုပြောချင်တာပါပဲ ... ဒါကြောင့် ရွာရဲ့အကြီးအကဲ



လူကြီးမင်းများရော ရွာသူရွာသားတွေရော ... မခင်နှောင်းနဲ့ဦးချစ်မောင်ရဲ့ မြေနေရာကို တန်ဖိုးဆုံးဖြတ်ပေးပါ ... ဆုံးဖြတ်ပေးသလောက် ကျုပ်မငြင်းဘဲဝယ်တဲ့အပြင် မခင်နှောင်းနဲ့ ဦးချစ်မောင်ရဲ့ ရွှေ့ပြောင်းမယ့်နေရာဝယ်ပေးပြီး ရွှေ့ပြောင်းစရိတ်အားလုံး ကျုပ်ကပေးပါ့မယ်လို့ ကတိပေးပါတယ်"

ကျေးရွာလူကြီးတွေအားလုံး ဦးသိဒ္ဓိ၏စကားကို နားဝင်ပြီးသားဖြစ်ပုံရပါလေ၏။ နားဝင်အောင်လည်း ဦးသိဒ္ဓိက သူ့နည်းသူ့ဟန်ဖြင့် လုပ်ဆောင်ထားဟန်တူသည်။

ရွာဥက္ကဋ္ဌကြီးက ဦးချစ်မောင်ရှိရာသို့ လှမ်းပြောလိုက်ပါ၏။

"ကဲ ... ဘယ်လိုလဲ ချစ်မောင် ... ငါတို့ရွာရဲ့ မြေတန်ဖိုးအကြောင်း ငါအသိဆုံးပေါ့ ... ရွာတစ်ရွာရဲ့ မြေတန်ဖိုးဟာ ဘာရှိတာမှတ်လို့ ... အခုလို ဦးသိဒ္ဓိဝယ်သူဘက်က ကြိုက်နှုန်းတောင်းပါဆိုတာ အင်မတန်ရခဲတဲ့ အခွင့်အရေးတစ်ခုပဲ ... ကဲ ... ချစ်မောင် ကြိုက်ဈေးတောင်း"

"ကျုပ်တစ်ပြားမှ မလိုချင်ဘူး ကျုပ်မြေကိုလည်း လုံးဝမရောင်းဘူး၊ ဒီအစည်းအဝေးမလုပ်ခင်ကတည်းက ကျုပ်ရော ကိုအောင်ဌေးရဲ့ဇနီးမခင်နှောင်းကရော မရောင်းပါဘူးလို့ အတန်တန်ငြင်းပြီးသားပါ ... အခုဟာက ရွာလူကြီးတွေ ရွာသားတွေနဲ့ ကျုပ်တို့ကိုလှည့်ပြီး ရန်တိုက်ပေးတဲ့ အစည်းအဝေးကြီးပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်မောင်ဆက်ပြီး ဒေါ်နှင့်မောနှင့်ပြောသည်။

"ခုန ဦးသိဒ္ဓိပြောသွားတာတွေဟာ ဟိုတယ်တည်ဆောက်ရာမှာ ရွာသူရွာသားတွေအတွက် ကောင်းကျိုးတွေကိုချည်းငါးစာချပြောသွားတဲ့စကားတွေပါ ... ကျုပ်တို့ယင်းတိုက်ရွာမှာရှိတဲ့ရွာသူရွာသားအားလုံးဟာ ဘိုးစဉ်ဘောင်ဆက်ကတည်းက ဆင်းသက်ပြီးရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ ကိုယ်အလုပ်တွေကိုယ် လုပ်တဲ့လူတွေချည်းပဲ၊ ယင်းတိုက်ရွာတစ်ရွာလုံးမှာ ကိုယ့်အလုပ်နဲ့ ကိုယ် ထမင်းဝနေတဲ့လူတွေချည်းပဲ ... လမ်းခင်းတာတို့ အဆောက်အဦဆောက်တာတို့မှာ ခင်လုပ်မှ ထမင်းစားရမယ့်သူတစ်ယောက်မှ မရှိဘူး"

"အခုဟိုတယ်ဖွင့်ကြည့်စမ်း ... ရွာထဲကိုလူစိမ်းတွေတည်းခိုသူတွေ ရောက်လာမယ် ... လောင်းကစားကိစ္စတွေ ... အရက်ရောင်းတာတွေ ပါလာမယ်"

"ဦးချစ်မောင် ... အဲဒါတွေ မပြောနဲ့လေ ... အန္တရာယ်ရှိတယ်"

ဟု မခင်နှောင်းက ဒေါ်မောနှင့်ပြောနေသည့် ဦးချစ်မောင်ကို ပေါင်ကုတ်ပြီး တိုးတိုးလေး ပြောလိုက်သည်။

ဦးချစ်မောင်မလျှော့ပေ။ သူမြင်တာတွေသူဆက်ပြီးပြောသည်။ မခင်နှောင်းတား၍မရ။

"ရွာသူလူပျိုရွယ်၊ အပျိုရွယ်လေးတွေကို ငွေနဲ့ပေါက်ပြီးအကျင့်ပျက်ပြားလာမယ် ... ဟိုတယ်ဟာ ဒုစရိုက်မှောင်ခိုသမားတွေ ခြေကုတ်စခန်းယူရာ ... ခိုအောင်းရာဖြစ်လာ



မယ်"

"ဟေ့ ... လူ"

ဦးသိဒ္ဓိ၏ ညာလက်ရုံးတပည့် လိုင်ဘွားက ဦးချစ်မောင်ကို လက်ညှိုးကြီးထိုးကာ ...

"ဟေ့လူ ..."

ဟုဟန့်တားလိုက်သည်။

"ခင်ဗျားရဲ့မြေကို မရောင်းချင်နေပေါ့ ... ဘာလို့ ဟိုတယ်လုပ်ငန်းကို ပုတ်ခတ်ပြီး ပြောနေတာလဲ ... ခင်ဗျားနာချင်သလား"

မခင်နှောင်းက ဦးချစ်မောင်ကို ထပ်မံ၍ တိုးတိုးလေးပြောပြန်သည်။

"ဆက်မပြောနဲ့တော့ ဦးချစ်မောင်၊ ကိုယ့်မြေကို ကိုယ်မရောင်းရင်ပြီးတာပဲ ... ဒီအစည်းအဝေးက ထွက်သွားကြစို့ ဒါဆိုမရောင်းဘူးဆိုတာ ပေါ်လွင်နေတာပဲ"

အနားက အသက်ကြီးရွာသားကြီးကလည်း ဝင်ပြောပါ၏။

"ဟုတ်တယ် ချစ်မောင် ... မင်း ဒီဦးသိဒ္ဓိဆိုတဲ့လူကြီးနဲ့ယှဉ်မပြောနဲ့ ... ဒီလူကြီးကမြို့သစ်မှာတော်တော်တွင်ကျယ်နေတယ် ... ဩဇာရှိနေတယ် ဉာဏ်နီဉာဏ်နက်လည်း သိပ်များတယ် သူ့ကိုဆန့်ကျင်လေ မင်းနာလေဖြစ်မယ် ... ခင်နှောင်းပြောသလို အစည်းအဝေးကသာ မင်းတို့ထွက်သွား ဒါဆိုဘာမှဆက်ပြီး အစည်းအဝေးလုပ်လို့မရတော့ဘူး၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



တို့မရောင်းမှန်းလည်း ပေါ်လွင်တယ်”

မခင်နှောင်းသည် ဦးချစ်မောင်ကို လက်ကိုင်ကာ အစည်းအဝေးမှ ဆွဲထုတ်ခေါ်ဆောင်အိမ်ပြန်သွားကြတော့သည်။

ဦးသိဒ္ဓိက မခင်နှောင်းနှင့် ဦးချစ်မောင်ထွက်သွားသည်ကို လှမ်းကြည့်ရင်း လှိုင်ဘွားအား လူအများရှေ့တွင် ခေါက်ပြီး ထွက်သွားခိုင်းသည်။

ဒီနောက် အရယ်အပြုံးနှင့်ပင် ဦးသိဒ္ဓိသည် လေပြေ ထိုးကာ ...

“တကယ်တော့ ဦးချစ်မောင် ဘက်ကကြည့်ပြီး သူပြော သွားတာတွေဟာ သူ့အတွက်မမှားပါဘူး ... ဦးချစ်မောင်က အမြင်မကျယ်ဘူးလေအမြင်ကျဉ်းကျဉ်းနဲ့ပြောသွားတဲ့စကား တွေပါ”

ဟု ရယ်မောပြောဆိုရင်းအစည်းအဝေးတက်ရောက် သူအားလုံးကို လက်ဖက်ရည်နှင့် စမူဆာတိုက်ကျွေးစားသောက် စေပါ၏။

သို့သော် ...

ဦးသိဒ္ဓိ စိတ်ထဲတွင် မခင်နှောင်းနှင့် ဦးချစ်မောင်၏ မြေကိုရရှိရေးအတွက် မိမိအနုနည်းနှင့် လုပ်ဆောင်ချက် ဤမှာပင် ပြီးဆုံးပြီ။

အကြွမ်းနည်းသာလျှင် အောင်မြင်ရာဖြစ်ရတော့ မည်။ စိတ်ဒုံးဒုံးချလိုက်လေတော့သည်။

✡◆✡



## အခန်း ၈

“ဦးဦး ... ဦးဦး ... ဦးဦးဓေယျ ... ဟိုမှာလုပ်ပါဦး မီးတွေ လောင်နေပြီ”

“ဟေ”

ပလတ်စတစ်တဲထဲတွင် အိပ်ပျော်နေသော ကိုဓေယျအား တိုးတိုးက အတင်းလှုပ်နှိုးမှ ကိုဓေယျသည် ‘ဟေ’ဟုအံ့ အားသင့်စွာနိုးလာသည်။

ညကြီးအချိန်မတော် ရောက်လာသောတိုးတိုးကို ကြောင်ကြည့်နေမိသည်။

“လာပါ ... ဦးဦး ... မြန်မြန် ဘဘဦးချစ်မောင်အိမ်မီးလောင် နေလို့ တိုးတိုးတို့အိမ်ဘက်ကူးလာရင် ဆန်စက်ရော ဂိုဒေါင် တွေရော ကြက်ခြံ၊ ဝက်ခြံတွေကိုရော လောင်မှာ ...”

“ဟေ ... လာ ... လာ ဒါဆို ပြေးသွားစို့ တိုးတိုး”

အပြေးအလွှား ကိုဓေယျရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဧယျ ရောက်သွားချိန်တွင် မီးအားမှာအရှိန်တက်နေလေပြီ။

"ကိုဧယျ ... ကိုဧယျ ... ဦးချစ်မောင် သူ့အိမ်မီးလောင်နေတဲ့အထဲမှာ ပိတ်မိနေတယ် ... အဲဒါဘယ်လိုလုပ်မလဲ"

ဟု မခင်နှောင်းက စိုးရိမ်ပျာပျာသလဲ ဆီးပြောသည်။

ကိုဧယျသည် မခင်နှောင်း ဂိုဒေါင်ထဲဝင်ကာ ဂုံနီအိတ်တွေ ဆွဲထုတ်လာပြီး စိုရွှဲစေသည်။ ရေကန်တွင် ဂုံအိတ်တွေနှစ်ပြီး စိုရွှဲစေသည်။

သူ့တစ်ကိုယ်လုံးကို ရေစိုဂုံနီအိတ်တွေ ... ပတ်ခါ ဂုံနီအစိုတွေ အပိုအဖြစ်လက်ကကိုင်ရင်း ... မီးအားနည်းသောနေရာမှ ကိုဧယျ ရွတ်တိုးပြီး ဦးချစ်မောင်အိမ်ထဲသို့ ဝင်လိုက်သည်။

"ဟယ် ... မာမာ ... ဦးဦးဧယျ မီးလောင်နေတဲ့အထဲ ရောက်သွားပြီ"

မခင်နှောင်း သံဗုဒ္ဓေဂါထာရွတ်ဆို နေပါ၏။

ငါးမိနစ်အတွင်းမှာပင် ဦးချစ်မောင်အား ဂုံနီအိတ်တွေပတ်ပြီး ကိုဧယျကထမ်းပြီး မီးထဲမှပြန်ထွက်လာသည်။

မခင်နှောင်း ရှေ့မီးလွတ်ရာတွင် ဦးချစ်မောင်ကို ချထားလိုက်သည်။

ဦးချစ်မောင် သတိမေ့နေသည်ကို ဘာမှမပြုစုနိုင်သေးဘဲ ...

"ဟိုမှာ ကိုဧယျ ဦးချစ်မောင် သူ့မော်တော်ကားကြီးတွေ



အတွက် ဝယ်ပြီးလှောင်ထားတဲ့ ... ဓါတ်ဆီတွေ ဒီဇယ်ပေပါတွေ ... အဲဒါကိုသာ မီးကူးသွားရင် လုံးဝမလွယ်ဘူး"

မခင်နှောင်း ညွှန်ပြရာသို့ ကိုဧယျလှမ်းကြည့်လိုက်သည်။ ဦးချစ်မောင်ခြံထဲမှာပင် ပေနှစ်ဆယ်ခန့်အမြင့်တွင် သစ်သားတိုင်ကြီးများဖြင့် အဝီစိတွင်းမှ ... ရေစုတ်တင်ထားသော ဂါလံလေးငါးရာဝင် ရေတိုင်ကီကြီးတင်ထားသည်ကို တွေ့ရသည်။

"မခင်နှောင်း ... ပုဆိန်ပေး" ...

မခင်နှောင်းက ပြေးယူပေးသည်။

ကိုဧယျသည် ပြေးကာ ရေတိုင်ကီကြီးတင်ထားသည့်တိုင်ခြေကို ပုဆိန်ဖြင့် ခုတ်တော့သည်။

ပုဆိန်ကလည်း ပြတ်သည်။

ကိုဧယျ၏ ခုတ်ချက်တွေကလည်း ပြင်းသည်။

တစ်ခဏအတွင်းမှာပင် ရေတိုင်ကီ တိုင်ကြီးများ လှုပ်လီလှုပ်လဲ့ ဖြစ်လာသည်။

ကိုဧယျသည် ပုဆိန်ကို အဝေးသို့ပစ်ချပြီး နီဆန်လော်ရီကားကြီး ရပ်ထားရာသို့သွားကာ တက်ရောက်စက်နှိုး ... ဘက်(စ်)ဂီယာသွင်းပြီး ... ရေတိုင်ကီတိုင်များဘက်သို့ နောက်ဆုတ်အရှိန်မောင်းဖြင့် ရေတိုင်ကီတိုင်တွေကို တိုက်ပစ်လိုက်သည်။

မော်တော်ကားတွင် နောက်ဆုတ်ဘက်(စ်)ဂီယာသည် အင်အားကြီးမားသော ဂီယာဖြစ်ပါ၏။

ဝုန်းခနဲ ပထမတစ်ချက်ကိုင်ရာတွင် တိုင်များယိုင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဇေယျ ရှေ့သို့ပြန်မောင်းသွားပြီ။ ဒုတိယအကြိမ် ဘက်ဂီထိုးကာ ထပ်တိုက်ချလိုက်ပြန်သည်။

တိုင်တွေလည်းစောင်း ကျိုးပဲ့ပြီး ရေတိုင်ကီကြီးစွေစောင်းထိုးကျကာ လှောင်ထားသောရေတွေသည် ဒရဟော ဆင်းလာရာ ... လောင်နေသော မီးအားထက်ရေအားက ပိုများသဖြင့် ရေများရေနိုင်ဖြစ်ပြီး မီးတောက်ကြီးငြိမ်းသွားလေတော့သည်။

ကျန်နေသေးသော မီးကြွင်းမီးကျန်များကို ရေစိုဂုံနီအိတ်ကိုယ်စီဖြင့် ကိုဇေယျ မခင်နှောင်းနှင့် တိုးတိုးတို့လိုက်လံပုတ်ရိုက်သဖြင့် မီးများအားလုံး ငြိမ်းသွားပါလေတော့၏။

ကိုဇေယျသည် ဦးချစ်မောင်အား သူတတ်သလို သတိမေ့နေသူကို သတိရအောင်ပြုစုပေးခြင်းဖြင့် ဦးချစ်မောင်ပြန်၍ သတိရလာလေတော့သည်။

ဦးချစ်မောင်ဘေးတွင် မခင်နှောင်း၊ တိုးတိုးနှင့် ပို့ပို့တို့လည်း စိုးရိမ်စွာကြည့်နေကြပြီး ဦးချစ်မောင် သတိပြန်ရလာမှ အားလုံး'ဟင်း' ချနိုင်ကြလေတော့သည်။

"တကယ်ပဲ ကိုဇေယျ ကျုပ်မှာ အမေမွေးတဲ့အသက်မရှိတော့ဘူး ... ကိုဇေယျကယ်တင်တဲ့အသက်ပဲ ရှိတော့တယ် နို့မို့ရင် ကျုပ်မီးသဂြိုဟ်ပြီးသား ဖြစ်သွားပြီ ... ကိုဇေယျကို ဘယ်လိုကြီး ကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူးဗျာ"

"ကျုပ်ကိုချည်း ကျေးဇူးတင်မနေနဲ့ ဦးချစ်မောင် ပထမ ကျေးဇူးတင်ရမှာက တိုးတိုးဗျ တိုးတိုး ... ညဥ့်နက်သန်းခေါင် ကျုပ်နေတဲ့တောတန်းထဲကို နှစ်ဖာလုံလောက်ပြေး



လာပြီး ကျုပ်ကိုအတင်းနှိုးပြောလို့ ကျုပ်လိုက်လာနိုင်တာ နို့မို့ရင် ကျုပ်လည်းအိပ်မောကျနေတာ ဦးချစ်မောင်"

ကိုဇေယျပြောမှ ဦးချစ်မောင်သည် တိုးတိုးလေးအားကျေးဇူးတင်လှစွာဖြင့် ပွေ့ဖက်ထားလိုက်ပါ၏။

တိုးတိုး ကိုဇေယျကိုကြည့်ကာ တစ်ကိုယ်လုံးမီးထဲတိုးဝင်ထားခဲ့သဖြင့် မျက်နှာတွင် ပြာတွေ မီးသွေးမှုန့်တွေဖြင့် သရဲရုပ်ပေါက်နေသည်ကို ခုမှကြည့်ပြီး ...

"ကြည့်စမ်း ... ဦးဦးဇေယျ ... သရဲရုပ်ပေါက်နေပြီ"

ဟု ပြောကာ ကလေးရယ် ရယ်ချလိုက်ပါ၏။

"အိုကွာ ... တိုးတိုးလည်း သရဲလေးရုပ်ပေါက်နေတာပဲ"

ဟုပြောကာ ဇေယျက ရယ်ပြန်သည်။

ဟုတ်ပါ၏။

သိပ်ချောသိပ်လှသော မခင်နှောင်းကအစ အားလုံး ပို့ပို့အထိ သရဲရုပ်ကိုယ်စီပေါက်နေသည်ကို တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ... ရယ်မောကြသည်။

ရယ်မောနိုင်သော အခြေအနေကို ရောက်သွားကြပြီကိုး။

"ဦးချစ်မောင်ရဲ့ ရေစင်တိုင်ကီကြီးနဲ့ နီဆန်လော်ရီကားကြီး နောက်ပိုင်းတော့ မလွဲမရှောင်သာ ပျက်စီးသွားပြီး ဦးချစ်မောင် ဒီနည်းကလွဲပြီး တခြားလုပ်စရာမှ မရှိတာ"

"ပျက် ... ပျက်စမ်းပါစေဗျာ ဒါတွေပြန်ပြင်ရတာ အကြောင်းမှ မဟုတ်တာ ... ပြီးတော့ ဒီနီဆန်ကားကြီးကလည်း ...

www.burmeseclassic.com

www.burmeseclassic.com



ဈေးပေါလို့ ကျုပ်ဝယ်ထားလိုက်တာ … ပြန်ပြင်ပြီးမှ ဆွဲနိုင်မယ့်ကားပဲဟာ"

မခင်နှောင်းက တစ်ခုခု စဉ်းစားမိပြီးပြောလိုက်သည်။

"ရွာထဲကလူတွေ ဘယ်သူမှလာ အကူအညီမပေးကြဘူးနော်"

ဦးချစ်မောင်က 'တောက်' တစ်ချက်ပြင်းစွာ ခေါက်လိုက်သည်။

"ဒါ … ဟိုကောင်ကြီး သိဒ္ဓိရဲ့လက်ချက်ဖြစ်ရမယ် … သူ့တပည့်တွေ လွှတ်ပြီး ကျုပ်အိမ်ကိုလည်း မီးရှို့တယ် … ရွာထဲကလူတွေမလာနိုင်အောင်လည်း သူဟန့်တားထားတာဖြစ်မယ်"

မခင်နှောင်းကလေပြေဖြင့် ဦးချစ်မောင်အား နှစ်သိမ့်စကား ပြောလိုက်သည်။

"အဲဒီလို ဟုတ်ချင်မှဟုတ်မှာပါ ဦးချစ်မောင် … မီးရှို့တာကတော့ ဦးသိဒ္ဓိရဲ့လက်ချက်ပဲ ထားပါတော့ ရွာထဲကလူတွေမလာတာကတော့ ခင်နှောင်းတို့နေရာက ရွာစွန်ကျပြီးရွာနဲ့အလှမ်းဝေးတယ် မဟုတ်လား … နောက်ပြီး မီးအားသိပ်ပြီး မလောင်သေးတော့ ရွာကလူတွေ ဒီမှာမီးလောင်နေတာကို မြင်ချင်မှမြင်ကြမှာပေါ့ … ပြီး ဒီအချိန်က လူတိုင်းအိပ်မောကျလာပြီး မီးကို ငြိမ်အောင်လုပ်လိုက်တာကလည်း သိပ်ကြာမှမကြာတာ"



"ထားပါတော့လေ မခင်နှောင်းကတော့ ခွင့်လွှတ်နိုင်တာထုံးစံပဲ … ဒါပေမဲ့ သိဒ္ဓိဟာ အကြမ်းဖက်လာပြီ ဆိုတာကတော့ သေချာတယ် … မီးရှို့လို့ အားလုံးမီးလောင်ပြီး မီးလောင်ပြင်ကြီးဖြစ်သွားရင် ဒီမြေကို မခင်နှောင်းနဲ့ကျုပ်စိတ်ဓာတ်တွေကျပြီး ရောင်းရမှာဆိုတဲ့ တွက်ကိန်းနဲ့ရှို့တာဒီမယ်ဗျာ ကိုဧယျ"

ဦးချစ်မောင်က ဦးသိဒ္ဓိကို လွန်မင်းစွာ မကျေမနပ်ပြောပြီးနောက် ဒီမယ် ကိုဧယျဟု ကိုဧယျကို လှမ်းပြီးပြောသည်။

"ကိုဧယျဟာ ဘယ်ကလာပြီး ဘယ်ကိုသွားမယ့်လူမှန်းတော့ ကျုပ်မသိဘူး … ဒါပေမဲ့ ကျုပ်တောင်းပန်ပြောချင်တာကတော့ ကိုဧယျ … ဒီကနေပြီး ဘယ်ကိုမှ မသွားပါနဲ့တော့ဗျာ … ဦးသိဒ္ဓိအကြမ်းဖက်လာတာကို ယှဉ်ပြိုင်ဖို့ကျုပ်မှာရော မခင်နှောင်းမှာရော အစွမ်းမရှိပါဘူး အဲ … တကယ်လို့ မခင်နှောင်းရဲ့သိက္ခာကိုငဲ့ပြီး မခင်နှောင်းအိမ်မှာ မနေချင်လည်း ကျုပ်အိမ်မှာ လာနေစမ်းပါ ကိုဧယျ"

"အဲဒါ … ဘယ်ဖြစ်မလဲ ဘဘရဲ့ … ဦးဦးဧယျက တိုးတိုးတို့ရဲ့ ဦးဦးပဲဟာ … တိုးတိုးတို့အိမ်မှာပဲ နေရမှာပေါ့ … နော် … မာမာနော်"

မခင်နှောင်းက ဘာမှဝင်မပြောသော်လည်း တိုးတိုးဝင်ပြောလိုက်သော စကားကိုသူမ၏ခေါင်းလေးအလိုလို ညိတ်သွားမှန်း ကိုဧယျသတိထားမြင်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... အခုလည်း မခင်နှောင်း ဂိုဒေါင်ထဲက မော်တော်ဆိုင်ကယ်ကို ကျွန်တော်မြင်နေတုန်းပါ ... အဲဒီ မော်တော်ဆိုင်ကယ်ပြင်ရင်း အဲဒီဂိုဒေါင်မှာပဲ ကျွန်တော် နေပါ့မယ်"

"ဟေး ... ဒါမှတို့ဦးဦးကွ"

ဟု တိုးတိုးက ဝမ်းသာအားရ ပြောလိုက်လေသည်။

"ကဲ ... ဒါဆိုလည်း အားလုံးသရဲရုပ်ပေါက်နေတာ ရေချိုးလိုက်ကြဦးစို့"

ဦးချစ်မောင်ပြန်သွားသည်။ အိမ်ကိုမီးလောင်ထားသဖြင့် သူ၏ကားဂိုဒေါင်တွင် ယာယီနေသည်။

ကိုဇေယျနှင့် တိုးတိုးတို့နှစ်ယောက် အရင် ရေချိုးသည်။ မခင်နှောင်းနှင့် ပို့ပို့ကပြီးမှ ချိုးသည်။ ရေချိုးပြီး ပို့ပို့ကိုလည်း သနပ်ခါးရေကျဲလေး လိမ်းပေးပြီး မခင်နှောင်းကိုယ်တိုင်လည်း အသားအေးအောင်ရေကျဲလေးပင် တစ်ကိုယ်လုံးလိမ်းသည်။

ပြီး ပို့ပို့ကို သိပ်ရန် ကလေးများအိပ်ခန်းထဲသို့ ပို့ပို့နှင့် မခင်နှောင်း ဝင်လိုက်သည်နှင့် အထဲမှမြင်ကွင်းကြောင့် ခြေလှမ်းတန့်သွားပြီး ငေးကြည့်နေမိသည်။

တိုးတိုးသည် သူ့အိပ်ရာတွင် ပက်လက်ကလေးလှဲနေသည်။ တိုးတိုးကိုရင်ဘတ်အုပ် စောင်ပါးခြုံပေးထားသည်။ တိုးတိုး၏ခုတင်၌ ကိုဇေယျခြေတွဲလောင်းချထိုင်ကာ တိုးတိုးအိပ်ပျော်အောင် ရာဇဝင်ကြောင်းတစ်ခုခုပြောရင်း သိပ်နေသည်ကို မခင်နှောင်းတွေ့ရသည်။ သားလေးတိုးတိုးက ကိုဇေယျပြောသည်ကို



ငြိမ်ပြီးလေးနားထောင်နေပါ၏။

ကိုဇေယျသည် ဤအိမ်တွင် အထူးသဖြင့် တိုးတိုးကို သိပ်သံယောဇဉ် ရှိပုံရသည်။

တိုးတိုးကလည်း ကိုဇေယျကို သိပ်ချစ်သည်။

မခင်နှောင်းက အခန်းဝရပ်ခါ ချောင်းဟန့်သံပြုလေမှ ကိုဇေယျက မခင်နှောင်းကို လှမ်းကြည့်သည်။

"ပို့ပို့က အိပ်ချင်ပြီတဲ့လေ"

"ဩော် ... ဟုတ်ကဲ့ ... ဒါဆို ကျွန်တော် ဂိုဒေါင်ကိုသွားတော့မယ် တိုးတိုးရေ ဂွတ်နိုက်"

ကိုဇေယျ မခင်နှောင်းဘေးမှ အပြင်သို့ထွက်သွားသည်။

မခင်နှောင်းသည် မျက်စိတစ်ဆုံး ကိုဇေယျကို ကြည့်နေမိပါ၏။

✲ ◆ ✲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၉

ကိုဧယျသည် မခင်နှောင်း၏ ညရေးညတာ အန္တရာယ်အတွက် မခင်နှောင်း၏ ဂိုဒေါင်မှာပင် ရွှေ့ပြောင်းနေထိုင်ရန် ဆုံးဖြတ်သည်။

ဒုရဲအုပ်ကိုစောဦးက မိမိကို မြင်တွေ့သွားပြီးပြီမို့ တောထဲတွင်ဆက်လက်ပုန်းအောင်းနေစရာလည်း မလိုတော့ပြီ။

မိမိ၏သတင်းကို ကိုစောဦး မသိသေးသောကြောင့် ဖမ်းဆီးခြင်း မပြုသေးသည်သာ ဖြစ်လေသည်။ ကိုစောဦး မိမိသတင်းသိသွားပြီဆိုပါက ... မိုးပျောက်တောတွင် တဲထိုးနေနေ ဖမ်းဆီးမည်သာ။

မိမိအနေနှင့်မိမိသတင်းကို စောဦးသိလေပြီလားဆိုသည်ကိုသာ အကဲခတ်ပြီး သိပြီဆိုသည်တွင် မိမိသည် ယင်းတိုက်ရွာကို အပြီးစွန့်လွှတ်ထွက်ပြေးရမည်သာ ဖြစ်တော့သည်။

မော်တော်ဆိုင်ကယ်ကိုလည်း ပြင်လက်စနှင့်ဆက်



ပြင်ရဦးမည်မို့ ဂိုဒေါင်တွင်နေခြင်းသာလျှင် အကောင်းဆုံးဖြစ်နေပါ၏။

မော်တော်ဆိုင်ကယ်တွင် လိုအပ်နေသောပွိုင့်ပလပ်စသည်တို့ကို မြို့သစ်မြို့တွင် သွားရောက်ဝယ်ရဦးမည်။

ညအိပ်ပြီး မိုးလင်းသည်နှင့်ကိုဧယျသည် အိမ်ပေါ်သို့ပင်မတက်တော့ဘဲ ... ယာယီတဲ ဖျက်သိမ်းရွှေ့ပြောင်းရန် မိုးပျောက်တောသို့သွားဖို့ပြင်သည်။

“ဟင် ... ကိုဧယျနိုးပလား စောစောက ခင်နှောင်းတစ်ချက်လာကြည့်သေးတယ် ... ကိုဧယျအိပ်ပျော်နေလို့ ညကသိပ်ပင်ပန်းသွားတာ အိပ်ပါစေဆိုပြီး ခင်နှောင်း ပြန်သွားတာ”

မခင်နှောင်းသည် မြင်းလှည်းမောင်းသမားလေးနှင့် အတူမြင်းကို ရေချိုးပေးရန် ကိုဧယျကို လှမ်းပြောခြင်း ဖြစ်ပါ၏။

မြင်းကို ဘရပ်(ရှ်)တိုက် ဆပ်ပြာတိုက် ရေလောင်းခြင်းဖြင့် မခင်နှောင်းအခက်တွေ့ စိုရွှဲနေပါ၏။

ဝတ်ထားသည်ကိုက ဘလောက်(စ်)အင်္ကျီတစ်ထပ်တည်းနှင့် ပွင့်ရိုက်ထမီတစ်ထပ်တည်းဝတ်ထားသည်မို့ ရေစိုတတ်တို့၏ သဘာဝအတိုင်း အသားကပ်ကာ မခင်နှောင်း၏ ပင်ကိုယ်ခန္ဓာ အတင်အမို့ အစို့အပို့ အကောက်အချိုတ်တို့ရှိရင် သဘာဝအတိုင်း ပုံရိပ်ပြေးပေါ်လွင်နေလေသည်။

မခင်နှောင်းသည် အအိုသာဆိုရသည်။ အပျိုစင်ရှုံးသောက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုဇေယျသည် မခင်နှောင်းကိုကြည့်တော့ ကြည့်
မိသည်။ သို့သော် ချက်ချင်းတခြားသို့မျက်နှာလွှဲပစ်ပါ၏။ မိမိ
အကြည့် မရိုင်းစေလို၍။

"ကျွန်တော် တဲကို ပြန်မလို့"

"ဟင်း ... ဒါနဲ့ ... ညကတော့ ခင်နှောင်းရဲ့ ဂိုဒေါင်မှာ
နေမယ်ဆို"

"ဟုတ်ပါတယ် ... အခုပြန်မှာက ပစ္စည်းတွေသွားသိမ်းမ
ပါ ... ပြန်လာမှာပါ"

"ဒါဆို ... ပြန်လာမှ ကော်ဖီသောက်စို့နော် ခင်နှောင်း
စောင့်နေမယ် တိုးတိုးလည်း မနိုးသေးဘူး အိပ်တုန်းလေ"

"တိုးတိုးကျောင်းမတက်ဘူးလား ... မနေ့ညက ပင်ပန်း
ကလေးမှာ ဖျားများသွားသလား"

စိုးရိမ်စိတ်ဖြင့် တကယ်ပင် ပျာပျာသလဲမေးမိသည်

"တိုးတိုးနေကောင်းပါတယ် ... ဒီနေ့ကျောင်းပိတ်တ
လေ"

ကိုဇေယျ ထွက်ခွာလာခဲ့သည်။

ပထမရေကန်တွင် ရေကူးရေချိုးပြီး ပလတ်စတ
တဲကို ဖျက်,ကျောပိုးအိတ်ထဲထည့်၊ ပစ္စည်းအားလုံးလည်း ကျော
အိတ်ကြီးတွင်ထည့်ကာ မခင်နှောင်းအိမ် ဂိုဒေါင်သို့ ပြန်လာခဲ့သည်

ကိုဇေယျရောက်မှ ကော်ဖီဝိုင်းထိုင်ကြသည်။

တိုးတိုးက ကော်ဖီသောက်မုန့်စားရင်း ဘာစိတ်
ပေါက်သည်မသိ။



"မာမာ ... တိုးတိုးငယ်ငယ်တုန်းက ရိုက်ထားတဲ့ အခွေကို
ကြည့်ကြစို့လေ ... ဒီနေ့တိုးတိုးနဲ့ ပိုပို့ကျောင်းပိတ်ထား
တာပဲ"

"မကြည့်ချင်ပါနဲ့သားရယ်"

"ကြည့်ချင်တယ်မာမာ တစ်ခါတလေ ဒီဒီရုပ်ကို တိုးတိုး
ကြည့်ချင်တာပေါ့"

မခင်နှောင်း တစ်ခဏငိုင်သွားသည်။

"အင်းလေ ... သားကြည့်ချင်လည်းကြည့်ပေါ့။ ကိုဇေယျကို
လည်းပြရတာပေါ့ ခင်နှောင်းနဲ့ ကိုအောင်ဌေး မင်္ဂလာ
ဆောင်တုန်းက ရိုက်ထားတဲ့ဗွီဒီယိုခွေပါ။ အခွေကတစ်ရာ့ရှစ်
ဆယ်ခွေဆိုတော့ မင်္ဂလာဆောင်ရိုက်တာ အခွေမကုန်ဘူး
ကျန်တာကို တိုးတိုးနဲ့ဒီဒီက သူ့ငယ်ချင်းဗွီဒီယိုသမားလာ
တိုင်း သူတို့သားအဖတွေ ဆက်ရိုက်ထားတဲ့အခွေ ... တိုး
တိုးလေးငါးနှစ်သား အရွယ်အထိဆိုပါတော့ အဲဒီအခွေကို
မှိုတက်မှာစိုးလို့ ခဏခဏမှိုဆေးပေးထားတာ ... ကဲ ...
တိုးတိုးရဲ့ဦးဦးကို အခွေဖွင့်ပြလိုက်ပါကွာ"

တိုးတိုးက အပေါ်စက်အောက်စက်ကို ကျွမ်းကျင်
စွာ ဖွင့်ပြပါ၏။

ပထမဆုံး မခင်နှောင်းကိုအောင်ဌေးမင်္ဂလာဆောင်
သည်ကို ရိုက်ပြထားသည်။

ကျေးလက် မင်္ဂလာဆောင်ပီပီ အိမ်ရှေ့တွင် မဏ္ဍပ်
ထိုးခါ မင်္ဂလာဆောင်ခြင်းမျိုး ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဒွေးက ခေါင်းပေါင်းတိုက်ပုံအင်္ကျီချိတ်ပုဆိုးကို ဝတ်ထားသည်။

မခင်နှောင်းက ဇာပဝါခြုံကာ ကိုအောင်ဒွေးနှင့်ဆင်တူ ချိတ်ထဘီ ဝတ်ထားသည်။

ထုံးစံအတိုင်း မင်္ဂလာသြဘာဆရာက ရွတ်ဖတ်ဟောပြောပြီး အနှစ္သောအနန္တငါးပါးကို သတို့သားနှင့် သတို့သမီး ကန်တော့စေသည်။

ကိုအောင်ဒွေးက မခင်နှောင်းကိုကြည့်မဝသော မျက်လုံးအကြည့်ဖြင့် ကြည့်သလို မခင်နှောင်းကလည်း အလားတူ ကိုအောင်ဒွေးကို့ပြန်ကြည့်သည်။

သူချစ်ကိုယ်ချစ် ချစ်သူတို့၏အကြည့်မျိုးပီပြင်ပါ၏။

ထို့နောက် မင်္ဂလာပွဲလာ ဧည့်ပရိသတ်ကို အကျွေးအမွေးနှင့် ဧည့်ခံသည်ကို ပြသည်။

ပြီး သတို့သားကိုအောင်ဒွေးက သတို့သမီး မခင်နှောင်းအား ရေခဲမုန့် ဇွန်းဖြင့် ခွံ့နေပုံ၊ မခင်နှောင်းက သတို့သား ကိုအောင်ဒွေးကိုပြန်ခွံ့ပုံတို့ပြသည်။

ကိုအောင်ဒွေးနှင့် မခင်နှောင်းအပြန်အလှန် ချစ်လှကြောင်းပေါ်လွင်လှပါ၏။

ယင်းပြကွက်အရောက်တွင် ကိုဧယျက မခင်နှောင်းကို လှမ်းကြည့်သည်။

မခင်နှောင်းကလည်း ကိုဧယျကိုပြန်အကြည့်ဆုံကြပြီး မခင်နှောင်း ဦးခေါင်းငုံ့သွားပါ၏။



မည်သို့ဆိုစေ။

ဤမင်္ဂလာပွဲ ပြကွက်သည်ကိုဧယျကို ရင်ခုန်စေပါ၏။

ဒီနောက်တော့ တိုးတိုးလေးမွေးလာပြီး နို့စို့အရွယ်ပုံလေးတွေ ရိုက်ပြထားသည်။ တိုးတိုးလေး သုံးလေးငါးနှစ်သား အရွယ်အထိ အခွေကျန်ကို နှစ်နှင့်ချီရိုက်ထားခြင်းဖြစ်လေသည်။

တိုးတိုးလေး လေးငါးနှစ်သားအရွယ်၌ ကိုအောင်ဒွေး၏မော်တော်ဆိုင်ကယ် ဇွေ့တိုင်ကီပေါ်တင်ပြီး ကိုအောင်ဒွေးက ခြံကိုပတ်၍စီးနေပုံတို့ပါ ပါဝင်လေသည်။

"တွေ့လား ... တွေ့လားဦးဦးဧယျ တိုးတိုးငယ်ငယ်က စီးခဲ့တာလေ ဦးဦးမော်တော်ဆိုင်ကယ်ပြင်ပြီးရင် ဒီဒီလိုပဲ တိုးတိုးကိုတင်ပြီး စီးပေးနော် ... အခုဆိုရင် တိုးတိုးကကြီးလာပြီမို့ မော်တော်ဆိုင်ကယ်နောက်ကထိုင် ဦးဦးဧယျခါးကို ဖတ်ထားပြီး စီးလို့ရပြီ"

ကိုဧယျသည် တိုးတိုးကိုခေါင်းညိတ်ပြပါ၏။

တိုးတိုးပြောပုံလေးမှာ သားငယ်ကဖခင်အား ပူဆာသည့်အသွင်လေးပေါက်နေသည်ကို မခင်နှောင်းငေးကြည့်နေခဲ့သည်။

တိုးတိုးက အပေါ်စက်အောက်စက်ကို ပိတ်လိုက်သည်။

"ကိုကိုတိုး ... ပို့ပို့ပျင်းတယ် ခြံထဲသွားဆော့ရအောင်လေ"

"အေး ... လာ ညီမလေး သွားဆော့ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက်လက်တွဲပြီး အိမ်ပေါ်မှ ခြံထဲသို့ ဆင်းသွားကြသည်။

မခင်နှောင်းထိုင်ရာမှထ,မသွားပေ။ ထိုင်မြဲထိုင်ရင်း ပြတင်းပေါက်မှတစ်ဆင့် အဝေးသို့ငေးကြည့်နေရှာသည်။

"မခင်နှောင်း ဗွီဒီယိုခွေကြည့်ပြီး အတိတ်ကိုပြန်တမ်းတနေသလား"

မခင်နှောင်းက အဝေးကိုငေးနေရာမှ ကိုဇေယျမေးသည်ကို ဦးခေါင်းယမ်းပြရင်း ကိုဇေယျကို ပြန်ကြည့်သည်။

"ခင်နှောင်းလည်း ပုထုဇဉ်လူသားပဲ ကိုဇေယျ ... အတိတ်ကို ပြန်လှည့်တမ်းတမိတဲ့အခါလည်း တမ်းတမိတာပေါ့ ... ဒါပေမဲ့ ခင်နှောင်းအတိတ်ကို တမ်းတပြီး မိန်းမောနေတာမျိုး မရှိတော့ပါဘူး ... အခိက တိုးတိုးနဲ့ပိုပို့ရဲ့ ရှေ့ရေးကောင်းသည်ထက်ကောင်းဖို့သာ အမျိုးမျိုးစဉ်းစားတော့တာပါ"

"အဲဒါဟာ အမှန်ဆုံးပေါ့ မခင်နှောင်း ကျွန်တော့်အမြင်တော့ အတိတ်ဆိုတာ နှစ်မျိုးရှိတယ် ... ပထမအတိတ်က အခုပစ္စုပ္ပန်ကို လာပြန်ပြီးဆက်သွယ်နိုင်တာမျိုးပေါ့ ... အဲဒီအတွက်အတိတ်မျိုးကျတော့ ... မခင်နှောင်းတမ်းတသင့်တယ် ... အဲဒီအတိတ်က ကိုယ့်ကို ပြန်လာဆက်သွယ်ပြီဆိုရင် အနာဂါတ်ကို အတူပြန်လက်တွဲသွားနိုင်တယ်"

"ကိုဇေယျပြောတာ မြင့်လွန်းနေတယ် ခင်နှောင်းလိုက်မမီဘူး ... ဘာကိုဆိုလိုတာလဲ"



"မခင်နှောင်းအဖြစ်ကိုပဲ တိုက်ရိုက်မှုတည်ပြောရရင် ကိုအောင်ဌေးဟာ အပြီးအပိုင်ပြန်လမ်းမရှိ ကွယ်လွန်သွားတာမျိုး မဟုတ်ခဲ့ပဲ အကြောင်းတစ်ခုခုကြောင့် မခင်နှောင်းနဲ့ ရှင်ကွဲကွဲနေတာဆိုရင် ကိုအောင်ဌေး ပြန်လာဆက်သွယ်မှာကို မခင်နှောင်း တမ်းတသင့်တယ်လို့ ဆိုလိုတာပါ"

"ဒါတော့ ဟုတ်တာပေါ့"

"ဒုတိယ တစ်မျိုးကျတော့ ကိုအောင်ဌေးဟာ အပြီးအပိုင် ကွယ်လွန်သွားပြီးပြီ တမ်းတနေလည်း ပြန်လာတော့မှာ မဟုတ်တော့ဘူး ... ဒီတော့ အခုပစ္စုပ္ပန်မှာ အနာဂါတ်ခရီးအတွက် ကိုအောင်ဌေး လုံးဝပြန်ပြီး လက်မတွဲနိုင်တော့တာမို့ ကိုအောင်ဌေးကို တမ်းတမနေသင့်တော့ဘူးပေါ့ မခင်နှောင်း"

မခင်နှောင်း ငေးငိုင်သွားသည်။

ယခု ကိုဇေယျပြောလိုက်သည်မှာ ကိုအောင်ဌေး မမျှော်လင့်ပါနဲ့တော့၊ ကိုဇေယျကိုမေတ္တာထားပါဟုများ ပြောချင်တာလေလား။

"နို့ ကိုဇေယျရဲ့ အတိတ်ကကော ... အခုပစ္စုပ္ပန်မှာ ကိုဇေယျက တမ်းတစရာဖြစ်မနေဘူးလား"

"ကျွန်တော့်အတိတ်က အခုကျွန်တော့်ပစ္စုပ္ပန်ကို လုံးဝပြန်ပြီး ဆက်သွယ်စရာမရှိတော့ပါဘူး မခင်နှောင်း ကျွန်တော်ရဲ့အနာဂါတ်ကို ကျွန်တော့်ရဲ့ အတိတ်ကလုံးဝ ကျောခိုင်းသွားပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုဧယျမှာ သားသမီးလုံးဝမထွန်းကားခဲ့ဘူးနော်"

"လုံးဝ၊ လုံးဝကိုမထွန်းကားခဲ့ပါဘူး ... အခုကျွန်တော်ဟာ တစ်လောကလုံးမှာ တစ်ယောက်တည်းဆို ... တကယ့်တစ်ယောက်တည်းသမားပါ"

ပြောပြောဆိုဆိုပင် ကိုဧယျထိုင်ရာမှထသည်။

"ကျွန်တော်ဂိုဒေါင်ဆီသွားဦးမယ်၊ မော်တော်ဆိုင်ကယ်က တော်တော်ပြန်ကောင်းနေပြီး ပစ္စည်းနှစ်ခုလောက် အသစ်ထည့်လဲလိုက်ရင် စက်နှိုးလို့ရတော့မှာပါ"

ကိုဧယျ အိမ်ပေါ်မှ ဆင်းသွားလေသည်။

အကယ်၍သာ ကိုဧယျက ...

"မခင်နှောင်းကို ကျွန်တော့်မေတ္တာ ရှိနေပြီဟု ... ပြောလာပါလျှင် မခင်နှောင်းကလည်း ကိုဧယျကို ခင်နှောင်းရင်ထဲနှလုံးထဲက ချစ်နေမိပါပြီ ... အနာဂါတ်အတွက် လက်တွဲကြပါစို့ ... ဟုပြောလိုက်မိလေမည်လား မပြောတတ်"

သို့သော် ကိုဧယျသည် မေတ္တာအရိပ်အရောင်ပြပြီးမှ အဘယ်ကြောင့် ထွက်သွားလေသနည်း။

✡✦✡



## အခန်း ၁၀

ကိုဧယျ အိမ်ပေါ်မှ ဆင်းလာခဲ့ပြီး ဂိုဒေါင်ဘက်သို့ ခြေစတင်လှမ်းစဉ်မှာပင် တိုးတိုးနှင့် ပို့ပို့ ကိုဧယျ ထံပြေးလာသည်။

"ဦးဦး ဟိုမှာလှမ်းကြည့်စမ်း ... လယ်ထွန်စက်အကြီးကြီး တိုးတိုးတို့ရဲ့ ခြံဟိုဘက်မှာ မောင်းနေတယ် လာ ... လိုက်ကြည့်"

အဝေးမှပင် မြင်ရပါ၏။

တိုးတိုးပြောသလို လယ်ထွန်စက်အကြီးကြီး မဟုတ်ပါလေ။

ဘူး(လ်)ဒိုဇာကြီးတစ်စီးဖြစ်ပါသည်။

အင်အားကြီးစွာဖြင့် သစ်ပင်အမြစ်က ကျွတ်အောင် ကလော်နိုင်သည်။ မြေကြီးတွေကို ကလော်ခြင်း ညှိခြင်းလုပ်နိုင်သော စက်ကြီးပါပေ။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိဒ္ဓိသည် သူ၏ဟိုတယ်တည်ဆောက်ရေး လုပ်ငန်းစတင်သည်ပဲ ဖြစ်ပေမည်။

မိုးလုံးပျောက်တောတန်းနှင့် မခင်နှောင်း၏မြေခြံ စည်းရိုးကြားတွင် သစ်ပင်လုံ မြေညီ မြေကလော်နေခြင်း ဖြစ်ပါ၏။

"လာ ... တိုးတိုးနဲ့ပို့ပို့ ... ဒါ ... သူတို့ဘာသာ သူတို့အလုပ် လုပ်နေတာ ... ဦးဦးတို့နဲ့မဆိုင်ဘူး အဲဒီမြေပြင်ဘက် သူတို့ နားကို တိုးတိုးရော ပို့ပို့ရော မသွားကြနဲ့နော် ... အန္တရာယ် ရှိနိုင်တယ်"

ကလေးနှစ်ယောက် လက်တွဲပြီး ကိုဧယျပြန်လာသည် ကလေးနှစ်ယောက်က ခြံထဲမှာပင် ဆက်ဆော့နေသောကြောင့် ကိုဧယျ သူ့ဂိုဒေါင်ထဲသို့ ပြန်ဝင်လာသည်။

ဂိုဒေါင်မှာပင် ဆက်၍နားနေသည်။

အိမ်ပေါ်သို့ ကိုဧယျမသွားပေ။

အကြောင်းမှု

မခင်နှောင်းအား ကိုဧယျ ရင်ထဲကချစ်နေပေပြီ။

တိုးတိုးနှင့်ပို့ပို့ကိုလည်း နဂိုက ကလေးချစ်တတ်သော ကိုဧယျသည် သားသမီးလို ချစ်နိုင်လေသည်။

သို့တစေ ယခု ကိုဧယျ၏ လက်ရှိအခြေအနေမှာ ဆိုးဝါးနေသည်။

စိမ်း သေလေသလား ရှင်လေသလားမသိ။

မိမိနောက်သို့ ရဲကလိုက်နေလေမည်။

စိမ်းသေသွားပြီး မိမိကိုရဲက ဖမ်းမိပြီး တရားရုံးတင်



လျှင် သေဒဏ် သို့မဟုတ် ကျွန်းဒဏ် သို့မဟုတ် ထောင်ဒဏ်လေးငါးနှစ်ကျနိုင်သည်။

မခင်နှောင်းကို လက်ထပ်ပြီးမှ မိမိကိုရဲက ဖမ်းမိသွားပါက မိမိသေဒဏ်ကျလျှင် မခင်နှောင်း တပ်ဆင့် ဒုတိယ အကြိမ် မုဆိုးမဖြစ်သွားမည်ကိုလည်းကောင်း ...

မိမိကြောင့် မခင်နှောင်းသိပ်နစ်နာသွားရှာမည်။

ညနေစာထမင်းစားလာခေါ်သဖြင့် အိမ်ပေါ်သွား၍ ထမင်းစားပြီးသည်နှင့် မိမိဂိုဒေါင်ဆီသို့ ပြန်လာခဲ့သည်။

ကလေးနှစ်ယောက်က မိမိနှင့်သူတို့ မာမာကိုနှစ်ယောက်တည်းထားခဲ့ပြီး ဆင်း၍ဆော့တတ်သည်။

နှစ်ယောက်တည်းဆိုပါက မိမိ၏ချစ်ခြင်းမေတ္တာကို မခင်နှောင်းအားဖွင့်ပြောမိမည်စိုးရိမ်သောကြောင့် ချက်ချင်းဂိုဒေါင်သို့ ပြန်ခြင်းဖြစ်ပါ၏။

ဒီလို ချက်ချင်း ဂိုဒေါင်သို့ဆင်းလာသည်ပင် ကောင်းသေးတော့သည်။ အကြောင်းမှု မိမိဂိုဒေါင်ထဲ ပြန်အရောက်မှာပင် ဒုရဲအုပ် ကိုစောဦးရဲကားဖြင့် ရောက်လာသည်ကို ဂိုဒေါင်မှလှမ်းမြင်ရသည်။

မခင်နှောင်းသည် ကိုစောဦးအား အိမ်ပေါ်ခေါ်တင်ခြင်းမပြုဘဲ လှေကားအဆင်းဝမှာပင် အတွေ့ခံစကားပြောသည်ကိုလည်း ကိုဧယျတွေ့မြင်ရသည်။

ကိုစောဦးက မခင်နှောင်းအား ခြေဟန်လက်ဟန်တွေဖြင့် ပြောနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မခင်နှောင်းက ကိုစောဦးပြောသမျှကို ဦးခေါင်းခါ ယမ်းပြနေသည်ချည်းဖြစ်နေပါ၏။

နောက်ဆုံးကိုစောဦးသည် ဒေါနှင့်မောနှင့် သူ့ကား ရပ်ထားရာသို့ ပြန်လှည့်သွားသည်ကို တွေ့ရသည်။

ကားပေါ်မတက်သေးမီ ကိုစောဦးသည် သူ့ရဲကား ကို ခြေတစ်ဖက်ဖြင့် ဆောင့်ကန်ပြီးမှ တက်ရောက်စက်နှိုးကာ လို သည်ထက်ပိုသောအရှိန်နှုန်းဖြင့် လီဗာအတင်းနင်းပြီး ဆောင့်ကြီး အောင့်ကြီး မောင်းထွက်သွားလေသည်။

မခင်နှောင်းသည် အိမ်ထဲသို့ ချက်ချင်းပြန်ဝင်မသွား သေးဘဲ ကိုဖေယျရှိနေသော ဂိုဒေါင်ဆီသို့ ငေးကြည့်နေလေသည်။

ကိုဖေယျရှိရာဂိုဒေါင်သို့ မခင်နှောင်းလာမလိုလုပ် ပြီးမှ မလာတော့ဘဲ အိမ်ပေါ်ပြန်တက်သွားသည်ကိုလည်း ကိုဖေယျ သတိထားလိုက်မိသည်။

ကိုဖေယျကိုယ်တိုင်လည်း မခင်နှောင်းဆီသို့ သွား လိုစိတ်ဖြင့် သွားဖို့ဆန္ဒခြေလှမ်းလှမ်းလိုက်ပြီး ကိုယ့်စိတ်ကို ချုံးနှိမ် ကာ အိပ်ရာတွင် ပစ်လှဲချလိုက်သည်။ စောင်ခေါင်းမြီးခြုံကာ ဇွတ် မိတ်အိပ်ပစ်လိုက်လေတော့သည်။

တစ်ခဏအတွင်းမှာပင် အိပ်ပျော်သွားလေသည်။

သို့သော် ...

သတိထားပြီး အိပ်သောကြောင့် နားထဲဝင်လာ သောအသံတချို့ကြောင့် ကိုဖေယျပြန်နိုးလာပြီး ထထိုင်ကာ အသံ ကို ဘာသံလဲဟု နားစွင့်နားထောင်သည်။ ထို့နောက် ဂိုဒေါင်တံခါး



သို့သွားကာ အပြင်ဘက်အမှောင်ထဲသို့ အသံထွက်လာရာသို့ လှမ်း ကြည့်သည်။ သဲသဲကွဲကွဲ မမြင်ရ။

မိုးပျောက်တောတန်းဆီမှလာသော အသံဟုတော့ ခန့်မှန်းနိုင်သဖြင့် ထိုဘက်ဆီသို့ ကိုဖေယျလျှောက်လာသည်။

"ကိုဖေယျ"

"ဟင် ... မခင်နှောင်း ဆင်းလာသလား"

"အသံတွေကြားလို့ ဘာသံတွေလည်း မသိဘူးနော်"

"နှောင်းကဦးသိဒ္ဓိတပည့်တွေ ဒီခြံနဲ့ကပ်လျက်က မိုးပျောက် တောဘက်မှာ ဘူး(လ်)ဒိုဇာနဲ့ မြေရှင်းအပင်လှဲမြေညှိလုပ် နေတာတော့တွေ့တယ် ... ကဲ ... မခင်နှောင်း အိမ်ထဲ ပြန်ဝင်နေပါ ... ကျွန်တော်သွားကြည့်မယ်"

"ဟင့်အင်း ... ခင်နှောင်းလည်းလိုက်မယ်"

"အန္တရာယ်ရှိနိုင်တယ် မခင်နှောင်းမလိုက်နဲ့"

"အန္တရာယ်ဆိုလည်း ခင်နှောင်းကပိုပြီး ရင်ဆိုင်ရဦးမှာပေါ့။ ဖြစ်လာသမျှ အန္တရာယ်တွေက ခင်နှောင်းနဲ့ပတ်သက်လို့ ချည်းပဲဟာ၊ ခင်နှောင်းအပင်တွေကွယ်ပြီး နောက်ကလိုက် ခဲ့ပါရစေ"

ကိုဖေယျ ဘာမှမပြောတော့ဘဲ ... ပုန်းပုန်းကွယ် ကွယ်နှင့်ပင် ဆက်လာခဲ့သည်။

ဗေဒင်မမေးနဲ့ ... ဆန်ကုန်မယ်။

မလွဲမသွေ ဦးသိဒ္ဓိ၏ တပည့်တွေလက်ချက်ဖြစ်နေ ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘူး(လ်)ဒိုဇာကို မီးမိုတ်ပြီး မခင်နှောင်းခြံကာထား သော သစ်သားခြံစည်းရိုးကို ဘူး(လ်)ဒိုဇာနှင့်လှဲချနေခြင်း ဖြစ်လေ တော့သည်။

ဦးသိဒ္ဓိ၏စေခိုင်းချက် မလွဲမသွေဖြစ်ပေမည်။ မခင် နှောင်းမြေကို ဖွတ်ခိုးယူခြင်းပါ။

ခြံစည်းရိုးကို အစဖျောက်ပြီး မြေကြီးကို ရသ လောက်ခိုးယူကာ ... ညတွင်းချင်း ခိုးယူပြီးမြေတွင် ခြံစည်းရိုးပြ ကားဖို့ဆောင်ရွက်နေကြခြင်းဖြစ်တော့သည်။

ဘူး(လ်)ဒိုဇာမောင်းသူတစ်ယောက်နှင့် ကျန်နှ ယောက် ပေါင်းသုံးယောက်ဖြစ်ပါ၏။

ဘာမပြောညာမပြောပင် ကိုဇေယျသည် သူနှင့် အနီးဆုံးလူရှိရာသို့ သွားခနဲခုန်အုပ်လိုက်သည်။ အုပ်မိသည်နှင့် တ ဆက်တည်းမှာပင် ကိုဇေယျ၏ ဘယ်လက်သီးညာလက်သီးနှင့်ခြေ ဆောင့်ကန်ကွေ့ဝင်သွားတော့သည်။

ထိုပထမလူလဲကျသွားပါ၏။

ဒုတိယလူက ခြံစည်းရိုးပျက်မှ နှစ်တစ်လက်မတုတ ချောင်းကိုင်ကာ ကိုဇေယျထံပြေးဝင်လာသည်။

ကိုဇေယျ ဒူးကွေးထိုင်ချရှောင်လိုက်ခြင်းဖြင့် ဒုတိ လူ၏ ရိုက်ချက်လွတ်သွားသည်။

လွတ်သွားသည်နှင့် ရိုက်သူ၏တုတ်အလယ်ကို က ဇေယျလက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ကာ ရဟတ်လည်ဖွမ့်ချလိုက်ရ ထိုလူမှာတစ်ပတ်လည်ပြီး သူ့လက်မှတုတ်လည်းလွတ်ပြီး ကိုဇေယ



နောက်သို့ ပါသွားသည်။

ထိုစဉ်မှာပင် တတိယ ဘူး(လ်)ဒိုဇာမောင်းသူက ဘူး(လ်)ဒိုဇာ၏ ရှေ့ရှိ သံကော်ပြားကြီးကို ခလုတ်ဖြင့်မြှင်တင်ကာ ကိုဇေယျရှိရာ မောင်းလာသည်။

ကိုဇေယျက ဒုတိယလူကို သူ့တုတ်ဖြင့်ပင် သူ့ကို ရိုက်ပစ်လိုက်ရာ ထိုလူမှာ အားခနဲအော်ရင်း အဝေးသို့လွင့်ကျသွား သည်။

ဘူး(လ်)ဒိုဇာ သံကော်ပြားကြီးမောင်းလာသူက ကို ဇေယျအပေါ်သို့ တည့်တည့်ရောက်သည်နှင့် သံကော်ပြားကြီးကို ဝုန်းခနဲဖြုတ်ချလိုက်သည်။

ပြီး ဘူး(လ်)ဒိုဇာမောင်းသူသည် ကိုဇေယျအား ဖိ မိသလား မဖိမိသလားသေချာစေရန် သူ့ဦးခေါင်းကို အပြင်ဘက် စောင်းထွက်ပြီး သံကော်ပြားအောက်ကို ငုံ့ကြည့်နေသည်။

မဖိမိပါလေ။

သံကော်ပြားကြီးအကျမှာပင် ကိုဇေယျာက သူ့ ကိုယ်ကိုယ်လှဲချကာ ဘူး(လ်)ဒိုဇာ၏ အောင်ဘီးကြားထဲသို့ လိမ့်ဝင် လိုက်ခြင်းဖြင့်လွတ်သွားသည်။ ချက်ချင်းဘေးမှ ဘူး(လ်)ဒိုဇာဘေး ထွက်ခါခေါင်းထုတ်ပြီး ရှေ့မှငုံ့ကြည့်နေသည့်ဘက် ဘူး(လ်)ဒိုဇာ မောင်းသူ၏ လည်ကုပ်ကို လက်နှစ်ဖက်ဖြင့် လှမ်းခုန်ကိုင်ကာ အောက်သို့ဆွဲချလိုက်သည်။

အောက်ရောက်သည်နှင့်မောင်းသူကလည်းကိုဇေယျ ကိုပြန်လှည့်သတ်ပုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်တော့ သနားတယ်။

တစ်ယောက်ချင်းသတ်ပုတ်ဖို့ဆိုရင် ... ကိုဧယျာ အတွက် ငှက်ပျောသီးအခွံနွှာစားဖြစ်ပါ၏။

သုံးလေးချက်ပဲ လက်သီး၊ ဒူး၊ တံတောင်၊ လက်ဝါး စောင်းဝင်လိုက်သည်နှင့် ထက်တလည်း လဲပြိုသွားတော့သည်။

ကိုဧယျာသည် သုံးယောက်စလုံးပြန်ချလာလျှင် ပြန်ချဖို့ လွှတ်သွားသောတုတ်ကို ကောက်ကိုင်လိုက်သည်။

သုံးယောက်စလုံးပြန်ထလာပါ၏။

သို့သော် ပြန်မချရဲတော့ပေ။

သုံးကောင်လုံး ဘူး(လ်)ဒိုဇာပေါ် ခုန်တက်မောင်း ထွက်သွားပေတော့သည်။

ထွက်ပေးပြီမို့ ဆက်မလိုက်တော့ဘဲ တုတ်ကိုပြန် လွှတ်ပစ်လိုက်သည်။

"ကိုဧယျ ... ထိသွားသေးလားဟင်"

ထိပါဘူး ... မခင်နှောင်း"

မခင်နှောင်းသည် ကိုဧယျာရှေ့တည့်တည့်တွင် မျက်နှာချင်းဆိုင်ကာရပ်ပြီး ကရုဏာစိတ်အပြည့်ဖြင့် မေးလိုက်ခြင်း ဖြစ်ပါ၏။

"သတ်တာ ပုတ်တာနဲ့ အထိုးအကြိတ်ဟာ ကျွန်တော်ကျွမ်း ကျင်ပြီးသား အတတ်ပညာတစ်ခုဖြစ်နေတော့ ကျွန်တော့် ကို မထိမနာအောင် ရှောင်တတ်တိမ်းတတ်ပါတယ်"

"သူတို့ ခင်နှောင်းရဲ့ခြိစည်းရိုးကိုဘာလို့ဖျက်ဆီးတာလဲဟင်"



"ဖျက်ဆီးတယ်ဆိုတာထက် ... မြေရဲ့သက်မှတ်ချက်ကို ဖျောက်ဖျက်တာပဲဖြစ်တယ် မခင်နှောင်း ... "

အိမ်ဘက်ဆီသို့ နှစ်ယောက်ယှဉ်တွဲလျှောက်လာခဲ့ ကြသည်။

ကိုဧယျာသည် အမှတ်မထင် သူငယ်ချင်းချင်း ... ကူလျှောက်ရာတွင် မိမိသူငယ်ချင်း၏ ပခုံးပေါ်လက်တင်သလို ကိုဧယျ၏ လက်တစ်ဖက်က မခင်နှောင်း၏ ပခုံးပေါ်တင်ပြီး လျှောက်မိသည်။

မခင်နှောင်းသည် ကိုဧယျာက သူမ၏ကျောပြင် နောက်မှရစ်ပြီး သူမ၏ပခုံးပေါ်ကလက်တင်လာသည်ကို ရင်ခုန် သွားပါ၏။ ကိုအောင်ဌေးနှင့် ယခုလိုလမ်းတွဲလျှောက်ပြီဆိုလျှင် ကို အောင်ဌေးကလည်း သူမ၏ ပခုံးတွင် ယခုလိုပင်လက်တင်လျှောက် တတ်လေ့ရှိပါ၏။

သို့တစေ ...။

မခင်နှောင်းသည် ယခု ကိုဧယျာ မိမိပခုံးသို့တင် သောလက်ကို ပုတ်မချမိပေ။ မဖယ်ရှားမိပေ။ မသိလိုက် မသိဘာ သာပင်နေလိုက်ပေသည်။

"မြေရဲ့သတ်မှတ်ချက်ကို ဖျောက်ဖျက်တာဆိုတာကကော ဘယ်လိုလဲဟင်"

"မခင်နှောင်းရဲ့ ခြံစည်းရိုးကို အစဖျောက်တယ်နောက်ပြီး ဒီအိမ်က မြေကိုရအောင်ယူပြီး သူ့ဘက်ကိုပါလာတဲ့ မြေ ကွက်ပေါ်မှာ ခြံစည်းရိုးပြန်စိုက်မယ်ပေါ့ ... မြေခိုးတာပေါ့

www.burmeseclassic.com

www.burmeseclassic.com



မခင်နှောင်းရဲ့မြေကလည်း အကျယ်ကြီးမဟုတ်လား

"အရမ်းကိုဆိုးတဲ့လူတွေပဲနော်"

"ဝယ်မရရင် လုမယ် ခိုးမယ်ဆိုတဲ့ လူစားမျိုးတွေပေါ့ … အင်း … သိသိသာသာကြီး အန္တရာယ်ပေးလာပြီဆိုပါ… ကဲ … မခင်နှောင်း ပြန်အိပ်ပေတော့ … ကျွန်တော် … ဖျက်ဆီးသွားတဲ့ခြံကိုပြန်ကာလိုက်မယ် … မိုးလင်း… ပြန်လာမယ်"

"နေ့ခင်းကျမှ ကာပါလားဟင်"

"ဘာလို့လဲ မခင်နှောင်း"

"နက်ဖြန်မနက်ပိုင်း ခင်းနှောင်း မြို့သစ်ကိုသွားမလို့ … စာ ဆန်၊ ဆီနဲ့ ငရုတ်၊ ကြက်သွန်တွေနဲ့လည်းဝယ်ရ… တိုးတိုးနဲ့ပိုပို့တို့အတွက်လည်း အဝတ်အစား အသစ်… တွေချုပ်ပေးချင်လို့ ကလေးတွေရဲ့ အဝတ်တွေက ဟော… လာပြီလေ ခင်နှောင်းပြန်ကာမှ ခြံကိုအတူကာဖို့ ပြော… ပါ"

"ရပါတယ် ကျွန်တော်ကာနှင့်မယ်မခင်နှောင်းပြန်လာ… ဝင်ကူပေါ့"

"ကိုဇေယျာက ခင်နှောင်းကို သိပ်သက်ညှာတာပဲ"

ကိုဇေယျာဘာမှမပြော လူချင်းခွဲကာ ဂိုဒေါင်… တန်းလာသည်ကို မခင်နှောင်းကနေရာမှရပ်ပြီး ငေးကြည့်နေမိ… ပြီး တိတ်တခိုးသက်ပြင်းလေးချသည်။

✡✦✡



## အခန်း ၁၁

*ကိုဇေယျာ*

*ထမင်းစားခန်းမှ ကိုဇေယျာဖို့ ကော်ဖီအဆင်သင့်ပဲ၊ မီးကင်ပြီး ထောပတ်သုတ်ထားတယ် ပဲပြုတ်နဲ့ထမင်းလည်း ကြော်ထားတယ်။*

*ခင်နှောင်းမြို့သစ်ကို စောစောသွားပြီး စောစောပြန်လာပြီး ကိုဇေယျာနဲ့အတူ ခြံကာပေးချင်လို့။*

*ခင်နှောင်း*

ကိုဇေယျာ အိပ်ရာမှနိုးသည်နှင့် မိမိရင်ဘက်ပေါ်တွင် မခင်နှောင်းရေးပြီး တင်ထားခဲ့သောစာကို တွေ့ရှိဖတ်ရှုပါ၏။

ပြီး အိပ်ရာမှထကာ မျက်နှာသစ် သွားတိုက်ပြီး မခင်နှောင်းထားသည် … ကော်ဖီ ပေါင်မုန့် ထမင်းကြော်ကိုစား သောက်ပြီး ပေါက်တူး ဂေါ်ပြားတွေယူကာ ညကခြံစည်းရိုးပျက်နေ

www.burmeseclassic.com

www.burmeseclassic.com



ရာသို့လာခဲ့သည်။

ပထမဆုံး မြေကိုတူးပြီး တိုင်ထူပေးသည်။

ထိုအချိန်မှာပင်။

မြို့သစ်မြို့ရှိ ဦးသိဒ္ဓိ၏ ရုံးခန်းသို့ ပုတ်သိုးထားသော မျက်နှာနှင့် ရောက်လာပါ၏။

ဟိုတယ်ဆောက်လုပ်ရေးနှင့် ပတ်သက်ပြီး တခမ်းတနားဖွင့်ထားသော ... ဤရုံးတွင် ... ဦးသိဒ္ဓိ လူမြင်ကောင်းသည်အထိ လုပ်ဆောင်ရင်း။

တခြား ဒုစရိုက်လုပ်ငန်းများကိုမူ သူ၏ ခြံကျယ်ဝန်းကျယ် တိုက်အိမ်တွင်လုပ်ဆောင်လေသည်။

ဒုစရိုက်လုပ်ငန်းကိစ္စတွင် သူ၏တိုက်အိမ်ကြီးတွင် ညပိုင်း၌ လုပ်ဆောင်ပြီး ဟိုတယ်လုပ်ငန်းကို ဤရုံးခန်းတွင် မနက်ကိုးနာရီ ညနေလေးနာရီအထိ ဦးသိဒ္ဓိ ထိုင်ပြီးလုပ်ဆောင်လေသည်။

ကိုသိဒ္ဓိသည် သူ့ရုံးခန်းထဲမဝင်သေးမီ ရုံးဝတွင် တန်းစီရပ်နေသော တပည့်သုံးယောက်ကို ပုတ်သိုးမျက်နှာကြီးဖြင့်ကြည့်ပြီး ထွီခနဲ မလိုလားသော တံတွေးထွေးပုံမျိုးထွေးလိုက်သည်။

သုံးယောက်စလုံး လက်တွင်ပတ်တီးစည်းထားသူ ခြေတွင်ပတ်တီးစည်းထားသူနှင့် ကိုယ့်ဗိုက်ကြော ကိုယ့်ဟာကိုယ် နှိပ်နေကြသည်ကို ဦးသိဒ္ဓိတွေ့ရလေသည်။

ဦးသိဒ္ဓိ သူ့လုပ်ငန်းစားပွဲကြီးရှိ ဆုံလည်းကုလားထိုင်တွင်ဝင်ထိုင်သည်။

လှိုင်ဘွားက မျက်နှာချင်းဆိုင်လုကာ ထိုင်ခုံတွင်



ထိုင်ပါ၏။

"ဟင်း ... ဘာသောက်သုံးကျလဲ ... ကိုယ်က သုံးယောက် သူကတစ်ယောက်တည်း ... ဒါနဲ့ ... ဘူး(လ်)ဒိုဇာကို မောင်းပြီး ပြန်ပြေးခဲ့ရတယ်လို့ ... ကျလဲကျတဲ့ကောင်တွေ၊ ငါ့ဆီကပိုက်ဆံကျတော့ တော်ကြာပေးပါဦး တော်ကြာပေး ပါဦးနဲ့ ... အလုပ်ခိုင်းလိုက်ရင် သောက်တလွဲနဲ့အညံ့ခံရတာချည်းပဲ"

"ဒီကောင်သိပ်သွက်တယ်၊ သိပ်လျင်တယ်ဆရာကြီး လှစ်ခနဲ ကိုယ်ရှေ့မှာတွေ့လို့ ချမလို့ရွယ်တုန်း သူကနောက်ကိုဖျတ်ခနဲ ရောက်သွားပြီးကိုယ်ကိုတီးလိုက်တာမျိုးခံရတာ၊ လက်ကလည်းမြန်သလားမမေးနဲ့၊ လက်သီးချက်ကလည်း ပျင်းသလားမမေးနဲ့၊ ဒီကောင်ကစွယ်စုံလက်ပါးစောင်းရော၊ ဒူးရော၊ ခြေကန်ရော၊ တစ်တောင်တွတ်ရော၊ သိပ်သွက်တယ်"

"ဟော့ ... မင်းပထွေးမို့ ဒီလောက်တောင်ဒီကောင်ကို ချီးမွမ်းနေတာလား ... ခွေးမသားတွေ အညံ့ခံထွက်လည်းပြေးခဲ့သေးတယ်၊ ဒီတောင့်ကို ဟိမဝန္တာချီးမွမ်းခန်းလည်းထုတ်နေသေးတယ်၊ သွားကြစမ်း ... ငါ့ရှေ့ကထွက်သွားကြစမ်း"

သုံးယောက်စလုံး ထော့နင်းဖြင့်အပြင်သို့ထွက်သွားကြသည်။

ဦးသိဒ္ဓိသည် မာလ်ပိုရိုစီးကရက်မီးညှိသောက်ရင်း လှိုင်ဘွားဘက်သို့ လှည့်လိုက်ပေသည်။

"ဘယ်လိုလဲ လှိုင်ဘွား ဟိုတလောက မင်းကိုယ်တိုင် ခင်

www.burmeseclassic.com

www.burmeseclassic.com



နှောင်းကို အပိုင်သိမ်းမယ်ဆိုပြီး ခြံထဲဝင်ခဲ့တာ ဒီကောင်ဧယျလက်ချက်နဲ့ပဲ ပြန်ပြေးခဲ့ရတယ် မဟုတ်လား"

"ဟုတ်တယ် ... အာဇရီ"

"လာ ... လာ ... သေးတယ် ... ဟုတ်တယ် အာစရီလို့ ဝန်ခံကာ သွက်လိုက်တာ"

"ဒီမယ် ... အာစရီ ... အာစရီကိုယ်တိုင် ဒီကောင်ဧယျနဲ့ တစ်ပွဲလောက်စမ်းကြည့်ပါလား အာစရီခေါင်းထဲမှာ ကြယ်တွေ မီးတွေ တောက်သွားပြီး နေရာမှာတင် မေ့မြောသွားမယ်"

"ဘာကွ ... လှိုင်ဘွား ဒီလုပ်ကိုပါ ကိုယ်တိုင်လုပ်နိုင်မှတော့ မင်းတို့ကို ငါကသောင်းနဲ့ချီ ပေးကမ်းထားဦးမလား ငါမင်းတို့ကိုပေးနေတဲ့ငွေတွေဟာ အလှူငွေပေးတာမဟုတ်ဘူး စတုဒိသာကျွေးနေတာမဟုတ်ဘူး ငါ့အသက်နဲ့ ငါ့စည်းစိမ် အိုးအိမ် ငါ့လုပ်ငန်းမှာ ကာကွယ်ဖို့ပေးတာကွ"

"ဟုတ်တယ်လေ ... အာစရီ ... ကျွန်တော်တို့လည်း အတတ်နိုင်ဆုံးလုပ်ဆောင်တာပဲ ... ကဲ ... ဒါဆို အာစရီက ကျွန်တော်တို့ကို သေနတ်သုံးခွင့်ပေးလိုက် ... ဒီကောင့်ရှေ့မှာကို ကျွန်တော်ပွဲချင်းပြီး သတ်ပစ်လိုက်မယ်၊ အခုတော့ အာစရီက သေနတ်ကိုမသုံးရဘူး လူမသေရဘူးဆိုတဲ့ ပညတ်ချက်ကြီးချထားတယ် လူချင်းသတ်ပုတ်တဲ့နေရာမှာ ပညာကသိပ်စကားပြောတာ အာစရီ ဧယျာရဲ့ ကိုယ်ခံပညာဟာ ဘယ်လိုဆရာသမားကောင်းနဲ့ သင်ထားမှန်းမသိဘူး သိပ်



မြင့်တယ် ... ကျွန်တော်ကိုယ်တိုင် ခံလာရတာကိုပဲကြည့်ပေါ့ နောက်ပြီး ဒီကောင်အားသိပ်ကောင်းတယ် သိပ်မာတယ် အရက်မသောက် ... အပျော်မလိုက်စားတဲ့ကောင်မို့ သိပ်အမောလုံတယ် ရှေ့ရှည်သတ်လေ သူကပိုတက်လေပဲ ကျွန်တော်က တစ်ကွပ်ကောင်း နှစ်ကွပ်ကောင်းနဲ့ အနိုင်ချခဲ့တာပဲ ... ဒါပေမဲ့ ဒီကောင်နဲ့ချတာ ပညာချင်းယှဉ်နိုင်တယ်ထား ... ကျွန်တော်က အမောမလုံဘူး လက်ပန်းချေပန်းကျတာမြန်တယ် ... အဲဒီမှာခံရတာ"

"တော်စမ်း လှိုင်ဘွား မင်းကိုယ်တိုင်က ... ဧယျာကို ဒီကောင်အမွှန်းတင်နေတာ ငါနားခါးတယ် ... ဒီမယ် ... လှိုင်ဘွား"

"ပြောပါ အာစရီ"

"မင်းကို ငါကသေနတ်ပေးထားပေမယ့် အသေပစ်ခွင့်ပေးမထားတာကို မင်းနားလည်ရဲ့လား။ တခြားသာမန် ဘာမှမဆို ငါကကယ်နိုင်တယ် သေနတ်နဲ့ပစ်သက်လို့သေတဲ့ လူသတ်မှုမျိုးကျတော့ ငါမကယ်နိုင်ဘူး လှိုင်ဘွား ... ငါမင်းကိုပေးထားတဲ့သေနတ်ကိုက လက်နက်ပုန်းကွ ... အမှုသိပ်ကြီးသွားမယ် ... သိထား"

"ဒါကတော့ အပစ်ခံရလို့သေသွားတဲ့ ပုဂ္ဂိုလ်အဆင့်ပေါ်မှာ မူတည်ပါတယ် အာစရီ ... ခိုင်ခိုင်မာမာနဲ့ထင်ရှားပြီး နောက်ပိုင်းအုံတောင့်တဲ့လူမျိုးကို ပစ်သက်မိရင်တော့ အာစရီပြောတာမှန်တယ်ထား အခုဒီကောင်ဧယျကျတော့ ဘယ်ကူ

www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ကောင်မှန်းမသိ ... ဘယ်လိုကောင်စားမှန်းမ
ဒီနယ်မြေမှာ သူ့ဘက်က ဘာဘက်ဂရောင်းမှမရှိတဲ့ကော
ဝက်သတ်ပြီးမြေမြှုပ်မလို့ ဒီကောင်ကိုသက်ပြီး အလေ
ကို ဖျောက်ဖျက်လိုက်ရင်ပြီးတာပဲ"

"အေးပေါ့လကွာ ... မတက်သာတဲ့နောက်ဆုံး အဆ
တော့ မင်းပြောချင်သလို ဖြစ်ချင်လည်းဖြစ်လာမှာ
ဒါပေမဲ့အခုဖြစ်နေတဲ့ကိစ္စက ဖိုင်နယ်မဟုတ်သေးဘူး"

"ဘယ်တော့မှ ဖိုင်နယ်မှာလဲ အာစရိ"

"ခင်နှောင်းနဲ့ချစ်မောင်နဲ့မြေတွေ ငါ့လက်ထဲရောက်
ဖိုင်နယ်ပဲ၊ အခုအချိန်မှာတော့ ရှမြှောက်နိုင်သလော
မြှောက်ထားရဦးမယ် ... အေး ... ဒါပေမဲ့ အခုလ
ဒီကောင်ဓေယျနဲ့ ရင်ဆိုင်နေရတာဟာ ခွေးလေးခုန်လို့
မထတော့မဟုတ်တော့ဘူး ... ကျားနဲ့မုဆိုးယှဉ်ရတဲ့ အ
အနေရောက်နေပြီ ... အခု ... ငါထပ်ပြီးစဉ်းစားထား
တစ်ခုရှိတယ် လှိုင်ဘွား ... ဒီကောင်ဓေယျကို ဒုရဲအ
ဦးနဲ့ ထိပ်တိုက်တွေ့အောင် ငါတို့စီစဉ်ရမယ် ... ဓေ
စောဦးကိုတွေ့ပေးရမယ်"

"ဒါဆိုလွယ်သားပဲ ...ကိုစောဦးကိုယ်တိုင်က ... မခင်နှော
နဲ့ပတ်သက်ပြီး ဓေယျအပေါ်မကျေမနပ်ဖြစ်နေတယ်
ဟာ မခင်နှောင်းရဲ့အစ်ကိုယ်ဝမ်းကွဲဆိုတာကိုလည်း ကို
ဦးကမယုံချင်ဘူး ... ဓေယျကိုကိုစောဦးကိုယ်တိုင်က
နေတာ ... ဒါပေမဲ့ ကိုစောဦးက ဉပဒေဘောင်အတွ



သာ လုပ်ချင်တာ ..."

"အဲ့ဒါအမှန်ပဲ"

"ဒါဆို ... ညကတပည့်သုံးယောက်ဟာ ... အာစရိရဲ့နိုင်းစေ
ချက်အရ မိုးပျောက်တောတန်းထိပ်မှ ... ဘူဒိုတန်းမြေသွား
ညှိတာကို၊ ဓေယျက ဆော်လွှတ်လိုက်တယ် ... ပိုင်နက်
ကျူးကျော်ပြီးလို့ အာစရိရဲ့တပည့်သုံးယောက်ကို အနာတရ
ဖြစ်စေတယ်လို့ အာစရိကအမှုဖွင့်လိုက်ပါလား ... ဒါဆို
ကိုစောဦးက ဓေယျာကိုဖမ်းမှာ ..."

ဦးသိဒ္ဓိက ဦးခေါင်းကိုညင်သာစွာရမ်းပြလိုက်သည်။

"ညကကောင်တွေက ... ခင်နှောင်းရဲ့ခြံစည်ရိုးတချို့ကို
ဘူး(လ်)ဒိုဇာနဲ့လှဲချပြီး ခင်နှောင်းမြေပေါ်မှာ ကူး(လ်)ဒိုဇာ
မောင်းထားတဲ့လက်ရာခြေရာတွေကျန်ခဲ့တယ် ... အမှုဖွင့်
တာနဲ့ မြေကိစ္စနဲ့ပတ်သက်ပြီး ခင်နှောင်းပါလာတော့မယ်
ဉပဒေအရအမှုဖွင့်လာတာနဲ့ ခင်နှောင်းရဲ့တန်ပြန်တိုင်ကြား
ချက်အရ ... ငါတို့အပေါ်မှာတောင်အမှုပြန်ပတ်လာမယ်
လှိုင်ဘွား ... နောက်ပြီး ရဲကရော ယင်းတိုက်ရွာလူကြီးတွေ
ရွာသားတွေကရောသိနေတာ ... ဘယ်လိုမှအမှုဖွင့်လို့မဖြစ်
နိုင်ဘူး ... ငါကိုယ်တိုင်က ရဲတို့တရားရုံးတို့ကိုကြွေ့ရော
ရတာ ..."

"ဒါဆို ... ခုနအာစရိပဲပြောတယ် ... ဒုရဲအုပ်
ဓေယျကိုတွေ့ပေးလိုက်ပါလားဆိုတဲ့စကားက
နဲ့ပြောတာလဲ အာစရိ ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်းအနေနဲ့ လူရှယ်အချင်းချင်းကိုစောဦးကို စိတ်ဆွပေးတဲ့ စကားတွေပြော၊ မခင်နှောင်းဟာ ... အစက ကိုစောဦး ဘက်ကိုယိုင်နေပြီးသား ... အဲ့ဒီအချိန်မှာ ဓေယျရောက်လာ ပြီးတဲ့နောက် ... မခင်နှောင်းဟာ တစ်မျိုးဖြစ်သွားတယ် ဓေယျနဲ့ ခင်နှောင်းဟာ မောင်နှမတော်တယ်ဆိုတာ ဟုတ် မှဟုတ်ရဲ့လား ... မောင်နှမတော်တယ်ပဲထားဦး အရင်းမှ မဟုတ်တာ ... ဝမ်းကွဲမောင်နှမပဲ၊ တချို့မောင်နှမဝမ်းကွဲ ချင်းပြန်ယူထားတာတွေ အများကြီးရှိတယ် ... ဟိုတုန်းက လည်း ဓေယျဟာ ... ခင်နှောင်းအစ်ကိုဆိုပြီး တစ်ခါမှ ခင်နှောင်းတို့အိမ်ကိုမလာပါဘူး ... နောက်ပြီး ပေတိုးတို့ အလုပ်လုပ်နေတာကိုလည်း ဓေယျကလှုစွမ်းကောင်းလုပ် ပြီး မောင်တုတ်တို့၊ ပေတိုးတို့ပြန်ပြေးလာခဲ့ရတယ် ... ဒါဆို အမှုဖွင့်လိုက်ပါလားလို့စောဦးက ဥပဒေစကားပြောချင် ပြောမယ် ... မင်းပြန်ကြားရမှာက အမှုဖွင့်လိုက်ရင် မခင် နှောင်းနဲ့ချစ်မောင်ဆီက မြေဆက်လက်ဝယ်ယူရေးမှာ ... အဟန့်အတားဖြစ်သွားမှာ ဦးသိဒ္ဓိကစိုးရိမ်ပြီး ... အမှုမဖွင့် တာလို့ပြန်ပြော ... အမှုမဖွင့်ပဲ ဒီဓေယျဆိုတဲ့ကောင်ဟာ ခင်နှောင်းကိုလည်းအပိုင်သိမ်းချင်လို့ လှုစွမ်းကောင်းလုပ်ပြ နတာက ... ဒီတော့ကိုစောဦးအနေနဲ့ ဥပဒေအတွင်းက ကောင်ကို နယ်နှင်တဲ့အနေနဲ့ ... ယင်းတိုက်ရှာကမောင်း တ်ပေးပါ ... ဒါမှ ကိုစောဦးအနေနဲ့ ခင်နှောင်းကိုပြန် ဲလို့ရမှာလို့ပြောကွာ ... "



လှိုင်ဘွားက ဦးသိဒ္ဓိအား ... ခေါင်းညိတ်ပြလိုက်ပေ ဘာ့သည်။ ပြီး ... ကိုစောဦးဆီသို့ ချက်ချင်းထသွားပါလေတော့

✡◆✡

www.burmeseclassic.com



## အခန်း ၁၂

"ဟော့လူ ... ခင်ဗျားကိုကျုပ်သေနတ်နဲ့ချိန်ထားတယ်၊ ကျု
ဒု–ရဲ–အုပ်–စောဦးပဲ ... ခင်ဗျားလက်နှစ်လက်မြှောက်ပြီး
ငြိမ်ငြိမ်လေးနေစမ်း ... "

ကိုဇေယျသည် လက်နှစ်ဖက်မြှောက်ပြီးငြိမ်ငြိ
လေးပင် နေလိုက်ပါ၏။ တာဝန်ရှိ ဥပဒေဘက်တော်သားရဲ့အရာ
တစ်ဦးအား ကိုဇေယျမယှဉ်ပြိုင်သင့်ပေ။ မိမိကိုယ်တိုင်ရဲကိုရှော
တိမ်းပြေးလွှားနေရသူမဟုတ်ပါလား။

ယခု ...

ဒုရဲအုပ်ကိုစောဦးသည် ... မိမိစိမ်းကိုသေနတ်နှ
ပစ်သတ်မှုအတွက် ဖမ်းဆီးခြင်းပေလား ... ။

ကိုဇေယျ၏ လက်နှစ်ဖက်ကိုလက်ထိတ်ခတ်လိုက်
သည်။ ခြံစည်းရိုးတိုင်ဖြင့်တွဲပြီး ခတ်လိုက်ခြင်းဖြစ်ပါ၏။

"ခင်ဗျားက ... ယင်းတိုက်ရွာကိုလာပြီး မခင်နှောင်းရှေ့မှ



တော်တော်လူစွမ်းကောင်းလုပ်ပြတာကိုး ... မှတ်ထား
လူစွမ်းကောင်းဆိုတာ ဘယ်တော့မှမတည်မြဲဘူး ... သူ့
ထက်ပိုပြီးလူစွမ်းကောင်းနောက်တစ်ယောက်ဟာ ပေါ်လာ
စမြဲပဲ ... "

"ဒုတ် ... "

ခြံစည်းရိုးတိုင်ကို မျက်နှာမူပြီးလက်ယှက်တွဲခတ်
ထားသော ကိုဇေယျ၏ခါးကို ... ကိုစောဦးကနောက်မှနေပြီး
လက်သီးဖြင့် ဒုတ်ခနဲနေအောင်ထိုးလိုက်သည်။

"ဒုတ် ... "

နောက်တစ်ချက် ဘယ်လက်သီးဖြင့် ထိုးပြန်သည်။

လက်ထိတ်ခတ်ဖြင့် မရွေ့လျားနိုင်သည့်အခြေအနေ
တွင် အနီးကတအားထိုးသော ကိုစောဦး၏လက်သီးချက်မှာပြင်း၏

"ကျုပ်မေးမယ် ... ယင်းတိုက်ရွာက ခင်ဗျားထွက်သွား
မလား"

ထိုမေးခွန်းကို ကိုစောဦးမေးလိုက်သည်နှင့်ယခုကိစ္စ
သည် စိမ်းကိုသေနတ်နှင့်ပစ်ခဲ့မှုအတွက် လာရောက်အနိုင်ကျင့်မှန်း
သိသာနေပါ၏။

စိမ်းကို သတ်မှုကိစ္စမဟုတ်လျှင်ပြီးရော ဟုကိုဇေယျ
သဘောထားလိုက်သည်။

"ဒုတ် ... ပြောလေ ... "

"ဘာကိစ္စကျုပ်က ... ယင်းတိုက်ရွာကထွက်သွားရမှာလဲ"

"ကျုပ်နယ်မြေထဲမှာ ခင်ဗျားနေတာကိုမလိုလားလို့ပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာလူမျိုးဖြစ်ပြီး ... မြန်မာနိုင်ငံသားမှတ်ပုံတင်ရှိထား
သူဟာ ... မြန်မာပြည်အတွင်းဘယ်မှာနေနေရတာပဲ"

"ဟာ ... ဒုတ် ..."

ယခုတစ်ကြိမ်တော့ ကိုစောဦးကလက်သီးနှင့်စ
တော့ပေ။ ကိုဇေယျက သူ့တွင်ရှိသမျှမာဆယ်သားတွေကို တ
ထားသဖြင့် ကိုစောဦးလက်သီးချက်မှာပြင်းသလောက် ... ကို
ဦးလက်ပင်ပြန်၍နာသောကြောင့် နှစ်တစ်လက္ခဏာတစ်ချော
ဖြင့် ကိုဇေယျခါးကိုရိုက်ခြင်းဖြစ်ပါ၏။

"ခင်ဗျား ဒီရွာကထွက်သွားမလား ..."

"မသွားဘူး ..."

"ခွပ် ..."

"သွားမလား ..."

"မသွားဘူး ..."

"ခွပ် ..."

တခွပ်ခွပ်နှင့် ... ဆက်တိုက်ထိုးနေရာ ကိုဇေယျ
ခေါင်းနှင့် နှုတ်ခမ်းမှသွေးတွေယိုစီးထွက်လာပါ၏။

မျက်နှာကျတော့ ဘာမာဆယ်ကြွက်သားမှတင်
၍ မရလေပဲကိုး။

"သွားမလား ..."

ကိုဇေယျထံမှ ပြန်ဖြေသံထွက်မလာတော့
ခေါင်းငိုက်စိုက်ကျပြီး ... ဒူးညွှတ်နေပြီဖြစ်ပါ၏။ လက်ထိတ်ခတ်
ထားသည်မှာ ကိုဇေယျ၏ခန္ဓာကိုယ်တွဲလောင်းဖြစ်နေပြီ။



ကိုစောဦးက ကိုဇေယျဆံပင်ကိုဆွဲပြီး မော့စေကာ
ကြည့်လိုက်သည်။

ကိုဇေယျ သတိလစ်သွားပေပြီ။

ကိုစောဦးက လက်အိတ်ကို ဘောဖြုတ်ပွင်းဖြုတ်
လိုက်ရာ ကိုဇေယျာပတ်လက်ကြီးလဲကျသွားပေတော့သည်။

ကိုစောဦးသည် ပက်လက်သတိမေ့ ကိုဇေယျာကို
တစ်ချက်ကန်ကာ သူ့ကားဆီပြန်သွားပြီး မောင်းထွက်သွားပေ
တော့သည်။

ကိုစောဦး ကားမောင်းထွက်သွားပြီးနောက် မရှေ့
မနှောင်းမှာပင် မခင်နှောင်းကားနှင့်ပြန်ရောက်လာပေသည်။

"ဟယ် ... ယော ... ဟိုမှာကြည့်စမ်းပါဟ ဦးဦးဇေယျာ
မြေကြီးပေါ်ပက်လက်ကြီး"

"ဟယ် ..."

မခင်နှောင်းသည် ကိုဇေယျလဲကျနေသော နေရာ
ထိကားမောင်းသွားသည်။ အနီးသို့ရောက်သည်နှင့် ကားရပ်ကာ
ကမန်းကတန်း မခင်နှောင်းဆင်းသည်။

"ကိုဇေယျ ... ကိုဇေယျ ..."

လှုပ်ပြီးခေါ်သော်လည်းမရသောကြောင့် ကိုဇေယျ
၏ခန္ဓာကိုယ်အပေါ်ပိုင်းကို သူမ၏ရင်ခွင်တွင်မှီကာ ခါးဆစ်ချိုး
ထူထူထောင်ထောင်ဖြစ်စေသည်။

"မာမား ... ဦးဦးဇေယျမျက်နှာကို ရေလောင်းပေးပါလား
သွေးတွေလည်းစင်သွားတာပေါ့ ... နောက်ပြီး ဦးဦးဇေယျ

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲကို အရက်လောင်းထည့်ပါလား မာမား ... ဒီပြင် သတိမေ့နေတဲ့လူကို အဲဒီလိုလုပ်တာ တိုးတိုးမြင်ဖူးတယ်"

"အေး ... ဒါဆို တိုးတိုးရေသွားခပ် အရက်တော့ အိမ်မှာမရှိဘူး ဘဘဦးချစ်မောင်ဆီမှာရှိသလားပဲ"

"အိမ်မှာ အရက်ရှိတယ်မာမာ ... ဒီ မသေခင်က ... မသောက်ဘဲကျန်ခဲ့တဲ့ အရက်ပုလင်းကို တိုးဝှိုးသိမ်းထားတယ် ... မာမာတွေ့ရင် လွှင့်ပစ်မှာနဲ့မြောလို့"

"ဟုတ်လား ... ဒါဆို ... ရေရော အရက်ပုလင်းရောကွာ တိုးတိုး ... "

တိုးတိုးသည် အပြေးအလွှားပင်ထွက်သွားပါ၏။ တိုးတိုးစိတ်ပူပြီး ပျာယာခတ်နေသည်ကို မခင်နှောင်းငေးကြည့်မိပါ၏။

မိမိကြောင့် ကိုဧယျတွင် ကြီးမားသော အန္တရာယ်ရှိ နေရှာပြီ။

ကိုဧယျကို ငုံ့ကြည့်မိသည်။

ဦးသိဒ္ဓိ၏ လူတွေပဲလာသွားသလားဟု ကားဘီးရာသို့ မခင်နှောင်းတစ်ချက်လှည့်ကြည့်သည်။ ခုရဲအုပ် ကိုစောဦး၏ ကားဘီးရာပေလားဟုလည်း မခင်နှောင်းက ဘီးရာကြည့်ပြီးထင်မိသည်။

"ရော့ ... မာမာ ... ဒီမှာရေ ဒါက အရက်ပုလင်း"

မခင်နှောင်းသည် ရေကို ကိုဧယျ၏ ဦးခေါင်းမှ မျက်နှာပေါ်သို့လောင်းချသည်။

ပြီး အရက်ပုလင်းကိုဖွင့်ကာ ကိုဧယျပါးစပ်ကိုဟ



ပြီး ဖြည်းဖြည်းချင်းပုလင်းစောင်းထည့်ပေးသည်။

တအင်းအင်းငြီးသံနှင့်အတူ ကိုဧယျ လူးလွန့်လှုပ်ရှားလာသည်။

"ကိုဧယျ ... ကိုဧယျ ... သတိရပြီလား"

ကိုဧယျ၏ခန္ဓာကိုယ်ကို လှုပ်ခါရင်းနှုတ်မှ တတွတ်တွတ်ခေါ်ရာ ကိုဧယျမျက်လုံးပွင့်လာသည်။

"ဘယ်လိုဖြစ်တာလဲ ကိုဧယျရယ်"

"ကို ... စော ... ဦး ... လေ"

"ထင်သားပဲ ... ကဲ ... လာ ... အိမ်ပေါ်ကျမှပြောပြ။ တိုးတိုးရေ ... ဟိုဘက်ကနေပြီး ဦးဦးကိုတွဲ ... မာမားက ဒီဘက်ကတွဲမယ် အိမ်ပေါ်သွားကြစို့"

ရေနွေးကြမ်းနဲ့စပ်ပြီး ကိုဧယျ၏ မျက်နှာ ကျောပြင် ဝမ်းဗိုက်တို့ကို ဝွမ်းစရေဆွတ်ပြီး လိုက်သုတ်ပေးသည်။ ထို့နောက်ဆေးသေတ္တာယူလာကာ ဒဏ်ကြေလိမ်းဆေးများလိမ်းပေးသည်။

"ကိုကိုတိုး ... "

"ဘာလဲ ... ညီမလေး"

"ပို့ပို့ပျင်းတယ် ခြံထဲမှာ မြို့ကဝယ်လာတဲ့ ကစားစရာအသစ်တွေ ကားပေါ်မှာသွားယူပြီး ကစားရအောင်"

တိုးတိုးက ... တစ်ချက် ကိုဧယျကိုကြည့်သည်။ ကိုဧယျ တော်တော်သက်သာသွားသည်ကို တွေ့ရသည်။

"လာ ... သွားစို့ညီမလေး"

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက်လက်တွဲပြီး အပြင်ထွက်သွား ကြသည်။

မခင်နှောင်းက ကလေးနှစ်ယောက်ကို မတားပေ။

"ပြောပါဦး ... ဘယ်လိုဖြစ်တာလဲ ကိုဇေယျ"

"ကိုစောဦး ကားနဲ့ရောက်လာတာပဲ မခင်နှောင်း ... ကျွန်တော့်ကို သေနတ်နဲ့ချိန်၊ ခြံစည်းရိုးတိုင်မှာတွဲပြီး လက်ထိတ်ခတ်တယ် ... ဒါကို လက်သီးနဲ့ထိုးတယ်၊ တုတ်နဲ့ရိုက်တယ်"

"ဟုတ်တယ် ... ခါးတစ်ခုလုံးနီနေတယ် ရဲနေတယ် သူက ဘာလို့ ထိုးတာရိုက်တာလဲ"

"ဒီရွာက ကျွန်တော်ချက်ချင်းထွက်သွားရမယ်တဲ့ အဲဒါကျွန်တော်က မသွားဘူးလို့ပြောလိုက် သူက ထိုးရိုက်လိုက် သူမေးတိုင်း မသွားဘူးပြောတိုင်း ရိုက်တာထိုးတာပဲ မခင်နှောင်း ... ထိုးရိုက်လို့ ကျွန်တော်တောင့်ခံနိုင်မှန်းသိတော့ ကျွန်တော့်မျက်နှာကို ... ထိုးတော့တာပဲ ... အချက်ပေါင်းအများကြီးအထိုးခံရတော့ ကျွန်တော်ခံနိုင်ရည်မရှိတော့ဘဲ မေ့သွားတာလေ"

မခင်နှောင်းက ဆက်လက်ပြီး သူမ၏ လက်ဖဝါး နူးနူးညံ့ညံ့လေးနှင့် ဆေးလိမ်းပေးနေရာ ကိုဇေယျတွင် အလွန်နူးညံ့သော ခံစားမှုလေးခံစားရပါ၏။

စိမ်းနှင့် လက်ထပ်စဉ်ကအစ နောက်ဆုံးအချိန်ထိ သို့သော ယုယကြင်နာမှုမျိုး တစ်ခါမျှ မခံစားရဖူးပေ ကိုယ်နေ



မကောင်း ကိုယ့်ဆရာဝန်ဆီသွား၊ သူ့နေမကောင်း သူ့ဆရာဝန်နဲ့ကုစံသာနေခဲ့ကြသည်။

ယခုမှ ... ။

မခင်နှောင်း၏ အယုအယအကြင်အနာနှင့် အပြုအစုသည် ကိုဇေယျအဖို့ နှလုံးခုန် ရင်တုန်စေပေသည်။

မခင်နှောင်မှာလည်း အလားတူ ထိုနည်းနှင့်ပင်။

"ဒီလောက်တောင် နှိပ်စက်ရိုက်နှက်နေတာကိုး ... ကိုဇေယျက ဘာလို့ ဒီရွာကမသွားဘူးလို့ ဖွင့်ငြင်းတာလဲဟင်"

"ချစ်လို့ ..."

"ရှင် ..."

"ကျွန်တော် အတတ်နိုင်ဆုံးမျိုသိပ်ပါတယ် အတတ်နိုင်ဆုံးလည်း သိမ်းထားပါတယ်၊ ဒါပေမဲ့ မရတော့ဘူး မခင်နှောင်း ကျွန်တော့်တစ်သက်မှာ ဒီတစ်ခါသာချစ်ဖူးတဲ့ အချစ်မျိုးနဲ့ မခင်နှောင်းကိုချစ်တာပါ"

"ပထမအိမ်ထောင်နဲ့ကော"

"ပြီးခဲ့ ... ပြတ်ခဲ့ပါပြီ မခင်နှောင်း လက်ထပ်စဉ်ကတည်းက ကိုယ့်ဘက်ကရော သူ့ဘက်ကရော နှလုံးသားအချစ်မပါဘဲ လက်ထပ်ခဲ့ကြတာပါ"

"ခင်နှောင်း အပျိုလည်းမဟုတ်ပါဘူး ဟန်တွေပန်တွေလုပ်စရာလည်း လိုမှမလိုတာ ခင်နှောင်း ကိုဇေယျကိုချစ်ပါတယ် ကိုအောင်ဌေးနဲ့ချစ်တုန်းကလိုပဲ ... တိုးတိုးကလည်း ကိုဇေယျကို ဖခင်လိုချစ်နေပြီပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုကလည်းမကိုချစ်၊ မကလည်းဖိုကိုချစ်ဟု ... အတ်
အလင်းပွင့်ကာမှတော့ ဖိုနှင့်မချစ်ချင်းထုံးစံအတိုင်းဖြစ်သွားပါ၏
အပျို လူပျိုလည်းမဟုတ် မခင်နှောင်းကို ပွေ့ပိုက်
လိုက်သည်။ မခင်နှောင်းကလည်း ကိုဇေယျကို ပြန်ဖက်ထားပါ၏

✡◆✡



## အခန်း ၁၃

မခင်နှောင်းသည် နံနက်ကော်ဖီဝိုင်းကို မုန့်ပါအသင့်ပြင်ဆင်ပြီးသွားပြီ။

သို့သော် သားနှင့်သမီးငယ် တစ်ယောက်မှ အိမ်ထဲတွင်မတွေ့ရ၊ ခါတိုင်းနေ့တွေဆိုရင် ကော်ဖီ ... မုန့်စသည်တို့ကို မခင်နှောင်းပြင်ဆင်နေချိန်မှာပင် ဆာလှပြီ ... လုပ်ပါ မြန်မြန်ပါဟု ပြောလေ့ရှိကြသည်။

ကျောင်းပိတ်ရက်ဆိုလည်း ... နေဖင်ထိုးအောင် အိပ်ကြပြီး သူတို့နိုးလာချိန်တွင် ကော်ဖီတွေအေး မုန့်တွေအေးပင် ဖြစ်နေသည်။

ယနေ့သူတို့ အိပ်ခန်းမှာလည်းမရှိကြ။ အိမ်ပေါ်မှာ လည်းမရှိကြ။ ယနေ့ကျောင်းပိတ်ရက်ဖြစ်သည်။

ကိုဇေယျကတော့ သူ့ရဲ့ထောင့် ခန်းတွင်ရှိနေပေလိမ့်မည်။ ဒါမှမဟုတ် ... ခြံစည်းရိုးကာနေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မခင်နှောင်း ကလေးနှစ်ယောက်ကိုရှာရန် အိမ်ပေါ်မှဆင်းလာပြီး လိုက်လံရှာဖွေကြည့်ရှုရာ ...

"ဟော ... ကြည့်စမ်း"

ဟု မခင်နှောင်း အာမေဍိတ်သံထွက်ယူရပါ၏။ ပြီး မခင်နှောင်းကြည့်ပြီး ကျေနပ်သောအပြုံးလည်းပြုံးမိပါ၏။

မြင်ကွင်းမှာ ...

ကိုဖေယျ တိုးတိုးနှင့်ပို့ပို့သည် တစ်ယောက်လက်တစ်ယောက်တွဲကာ ဝိုင်းကြီးပတ်ပတ်လည်ပြီး ကခုန်ရွှင်မြူးနေပြီး ဝိုင်းအလယ်တွင် တိုးတိုး၏ ဓာတ်ခဲသုံးကက်ဆက်သီချင်းဖွင့်ထားသည်။ သီချင်း၏ တီးလုံးအတိုင်း ကနေကြခြင်းဖြစ်ပါလေ၏။

မခင်နှောင်း ငေးကြည့်နေမိသည်။

ဒီအတိုင်းဆိုပါက ကိုဖေယျသည်မိမိတို့သားအမိသုံးယောက်ရှေ့တွင် မားမားကြီးရပ်တည်နိုင်သော ယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်လာခြိမ့်မည်။

ကလေးချစ်တတ်သော နဂိုဗီဇနှင့် ပထမဇနီးတွင် သားသမီးမရခဲ့သောကြောင့် ... တိုးတိုးနှင့်ပို့ပို့အပေါ်တွင် ဖခင်၏ မေတ္တာဖြင့် ချစ်ခင်နိုင်စွမ်းရှိပေမည်။

ပြီး ကိုဖေယျ၏စိတ်ရင်းဓာတ်ခံကိုက အားနည်းသူအပေါ်တွင် ကူညီချင်စိတ်အမြဲရှိနေသူဖြစ်သည်။

ယောကျ်ားပီသသည့်နေရာမှာလည်း ... ခင်နှောင်း တစ်သက်တွင်ရှားရှားပါးပါးတွေ့ဘူးသော သူတစ်ယောက်သာဖြစ်နေပါ၏။



ပြောရလျှင် ...

မနေ့ကမှ တစ်ဦးပွင့်လင်းစွာမေတ္တာရှိချစ်ခင်စမို့ ... သူသစ်အချစ်သစ်အပေါ်တွင် ချိန်ခွင်ညှာလျှာထွက်၍ ပြောသည်ဟု ထင်မည်။

ကွယ်လွန်သွားသောကိုအောင်ဌေးလည်းယောကျ်ားပါ၏။ သဘောသားမြင့်မြတ်ကြီးမားပါ၏။ ကြင်နာစိတ် အရင်းခံသူလည်းဖြစ်ပါ၏။ အထိုက်အလျောက်သတ္တိမျိုးလည်းရှိပါ၏။

သို့တိုင်အောင် ...

ကွယ်လွန်သွားသော ကိုဌေးအောင်ပင်လျှင် ... ကိုဖေယျကိုတော့မှီအံ့မထင် ...

မခင်နှောင်းအဖို့ နောက်မှပေါ်လာသောရွှေကြာပင်အပွင့်မိုကားနေပါလားဟု ဆိုချင်သပဆိုလည်းဆိုကြပလေ့စေတော့။

ကိုဖေယျသည် မိမိအတွက်သာမက တိုးတိုးနှင့်ပို့ပို့အတွက်ပါ အစားဝင်နိုင်သူတစ်ယောက်ဖြစ်ပေသည်ဟု မခင်နှောင်း စိတ်ချစွာယုံကြည်မိသည်။

ပြီး ... အစိကအကျဆုံးမှာ မိမိရင်ထဲနှလုံးထဲကိုက ကိုဖေယျကိုတကယ်ချစ်နေမိလေပြီကော။

ရပ်ကွက်လူကြီးပိုင်းလောက်သာ တရားဝင်အောင်တိုင်ကြားကျွေးမွေးဧည့်ခံပြီး ကိုဖေယျနှင့်မိမိအတိအလင်းလက်ထပ်ရလျှင် ကောင်းလေမည်လား ဟုပင်တွေးလိုက်မိသည်။

ဟယ်အချိန်စောပါသေးတယ်။ ဆက်ပြီးကိုဖေယျ

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောမလဲဆိုတာ စောင့်ကြည့်ဦးမှ ... တော်ကြာမြင်းကမလှ
ခုံကလှုပ်တယ်လို့ ငါ့ကိုအထင်သေးသွားရင်ဒုက္ခ။

မခင်နှောင်းသည် ဝိုင်းကြီးပက်ပက်ဝိုင်းတို့လှ
အော်ပြောလိုက်သည်။

"ဇွေး ... ကော်ဖီသောက်ကြမယ်လေ ... "

မခင်နှောင်းအော်သံကြားမှ သုံးဦးသားပြေးလာ
သည်။

ပို့ပို့က ရှေ့ဆုံးမှ တိုးတိုးကအလယ်ကနှင့် ကလေ
တွေနောက်ဆုံးကျမှ ကိုဇေယျလိုက်လာသည်။

"ကိုယ် ... မနက်လေးငါးနာရီထဲက အိပ်မပျော်လို့ခြံစည်းရိ
သွားလုပ်နေတယ် နှောင်း ... ပြီးသလောက်ဖြစ်သွားပြ"

မခင်နှောင်းအနီးသို့ရောက်သည်နှင့် ကိုဇေယျသည
ကလေးတွေနောက်သို့ဆက်မလိုက်တော့ဘဲ မခင်နှောင်းနှင့်အ
တွဲလျှောက်ခဲ့သည်။ မခင်နှောင်း၏ ပခုံးတစ်ဖက်ပေါ်ကျော်ဘ
လက်တင်သူငယ်ချင်းဘက်ပုံစံဖြင့် အတူလျှောက်လာခဲ့ပါ၏။

"ကလေးနှစ်ယောက်ကြည့်ရတာ ... ကိုဇေယျနဲ့သိပ်ရေ
နေကြပုံပဲနော် ... "

"ဒါပေါ့ ... ဒါပေါ့ ... ဘယ်လောက်တိုးတက်ထွန်းကားယ
ကျေးလှပါတယ်ဆိုတဲ့ တိုင်းပြည်မှာပဲဖြစ်ဖြစ် ဘယ်လော
ရိုင်းစိုင်းတဲ့ တောကြီးမျက်မည်းထဲကလူရိုင်းတွေမှာဖြစ်ဖြ
ကလေးငယ်တိုင်းဟာ ဖအေနဲ့မအေကိုချစ်ခင်အားကိုး
တာချည်းပဲ ... နံပါတ်တစ်အားကိုးချစ်ခင်တာကတေ



ဖခင်ကရှာဖွေလုပ်ကိုင်ကျွေးတော့ ဖခင်ကိုအားကိုးစိတ်ပို
တာပေါ့ ... မိခင်ကိုတော့ သူတို့ချစ်ခင်တာသက်သက်ပဲ
လေ"

"ကိုဇေယျပြောတာ မှန်ပါတယ် ... "

"ဒီကြားထဲ ... သူ့ကိုလူမမယ်အရွယ်မှာပဲ ... ဖခင်ကဆုံး
သွားတော့ သူတို့လေးတွေရဲ့ ပန်းလိုပွင့်ပြီးလန်းဆန်းနေတဲ့
စိတ်လေးတွေဟာညှိုးသွားရှာတယ် ... အဲ ... ကိုအောင်ဌေး
ဆုံးသွားချိန်မှာ ပို့ပို့အရွယ်ကတော့ ... ဘယ်သူမရှိရှိ အမေရှိ
ရင်ပြီးရောဆိုပေမယ့် တိုးတိုးကတော့ သိတက်တဲ့အရွယ်
လေးရောက်သွားပြီ အဲဒီအချိန်မှာ တိုးတိုးနဲ့ ကိုယ်နဲ့တွေ့ဆုံ
ကြတယ်လေ"

"ပထမစပြီး တွေ့တွေ့ခြင်းကတည်းက တစ်ယောက်နဲ့တစ်
ယောက် ခင်မင်တွယ်တာရာနှစ်လိုဖွယ်ရာတွေနဲ့ သိကျွမ်း
သွားတယ် ... ဒီနောက် နှောင်းတို့ရဲ့ပြဿနာတွေမှာ ကိုယ်
ဝင်ကူညီတာတွေကြောင့် ကိုယ့်ကို တိုးတိုးက တကယ့်
လူစွမ်းကောင်းလို့ယူဆပြီး ကိုယ့်ကို ဒီဒီနေရာမှာ ဝင်လာစေ
ချင်တဲ့စိတ်လေး သူ့ရင်ထဲမှာပေါ်လာတာပဲ ... ခိုင်မြဲတဲ့
ခင်မင်မှုဖြစ်ပေါ်တယ်ဆိုပါတော့လေ"

ကိုဇေယျပြောတာတွေဟာသိပ်သဘာဝကျပါတယ်။

အိမ်ထဲသို့ ရောက်ရှိလာကြသည်။

ကိုဇေယျက ရေချိုးရန်စောနေသေးသဖြင့် လက်
နှစ်ဖက်ကိုသာ ဆေးကြောပြီး ကော်ဖီဆိုင်ထဲသို့ ဝင်ထိုင်လိုက်သည်။

"ကိုယ် တစ်ခုစဉ်းစားမိတယ် နှောင်း ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘာများလည်း ကိုဧယျ"

"ဆန်စက်ကိစ္စပါ မနက်က ကိုယ်ဆန်စက်ကို လိုက်စစ်ဆေးကြည့်တယ် ဆန်စက်ဟာမလည်ဘဲ ဒီအတိုင်းပစ်ထားရင် ပျက်စီးသွားမယ့်အခြေအနေမှာရှိတယ်"

"ကိုဧယျ ဆန်စက်အကြောင်းနားလည်လား ဟင် ... "

"နှောင်းရဲ့ဆန်စက်က တစ်နာရီတစ်တန်ကျစက်လေးပဲ၊ ကိုယ် ... နှစ်ဆယ့်လေးနာရီ တန်တစ်ရာကျစက်ကြီးတွေ အထိ ကိုင်တွယ်ခဲ့ဖူးတယ်"

"ဟယ် ... ဒါဆို သိပ်အဆင်ပြေတာပေါ့"

"ဟိုဘက်ခြံက ဦးချစ်မောင်နဲ့ နှောင်းပါတွဲလုပ်ပါလား ဆန်စက်ရဲ့ ကြိတ်ခွဲအားနဲ့ ဆန်ကောင်းဆန်သစ်ထွက်လာအောင် ကြိတ်ခွဲနိုင်ဖို့ ကိုယ်လုပ်ပေးမယ် ဦးချစ်မောင်နဲ့ နှောင်းက ထည့်ဝင်တဲ့ငွေကြေးအပေါ်မူတည်ပြီး အမြတ်ငွေ ခွဲယူကြပေါ့"

မခင်နှောင်းက မျက်ခုံးလေးနှစ်ဖက်ပင့်ပြီး သူမ၏ မျက်ဝန်းစုံဖြင့် ကိုဧယျကိုပြန်ကြည့်ကာမေးလိုက်သည်။

"ဒါက ... ဘာသဘောနဲ့ပြောတာလဲ ကိုဧယျ"

"စေတနာသဘောပါ ဒီအတိုင်းထားရင်ဝင်ငွေမရှိတဲ့အပြင် စက်ပျက်စီးသွားမှာစိုးရိမ်လို့ပါ"

"ဒါဆို ဦးချစ်မောင်နဲ့ ပါတနာလုပ်စရာလို့သေးလို့လား ကိုဧယျခေါင်းဆောင်ပြီး ... စက်လည်ပတ်နိုင်ဖို့ငွေကြေး နှောင်းမှာအပြည့်ရှိသားပဲ"

ကိုဧယျ ပခုံးတွန့်ပြမိပါ၏။



ကိုဧယျ ယခုလိုဦးချစ်မောင်နဲ့ တွဲလုပ်ရန်ပြောသည်မှာ မိမိ၏ ဘဝက မရေရာဖြစ်နေသည်ကို အရင်းခံပြီး ပြောမိခြင်းဖြစ်ပေသည်။

စိမ်းကို သေနတ်နှင့် ပစ်ခတ်မှုသည် မိမိအား ဘယ်နေ့ ဘယ်အချိန် ရဲက ဖမ်းလေမည်လဲဆိုသော မရေရာသည့်ဘဝ ဖြစ်နေပါ၏။

ထို့ကြောင့် မခင်နှောင်း၏ ဆန်စက်တွင် မိမိက တတ်စွမ်းနိုင်သလောက် လုပ်ဆောင်ပေးသည်။ မိမိအဖမ်းခံရပါက ဦးချစ်မောင်နှင့်ဆက်၍ လုပ်စေလိုသောသဘောနှင့်ဖြစ်ပါ၏။

သို့သော် ...

မိမိသည် သူချစ်သူဖြစ်နေပြီးမို့ သူမပိုင်လုပ်ငန်းကို မိမိသာလျှင် ရှယ်ယာပါတနာမပါဘဲ လုပ်ချင်သော သဘောဖြစ်နေသည်။

ခက်မှခက်။

စိမ်းကို မိမိက သေနတ်နဲ့ ပစ်မိခဲ့သည်မို့ စိမ်းသေစေလား၊ ရှင်စေလားမသိ။ သေသည်ဖြစ်ဖြစ် ရှင်သည်ဖြစ်ဖြစ် ရဲကဖမ်းမိလျှင် တရားရုံးအပြစ်ပေးခြင်းခံရမည် ဆိုသည့် အကြောင်းကြောင်းကို ဘယ်လိုဖွင့်ပြောရမလဲ။

ဤကိစ္စသည် မည်သူ့ကိုပဲဖြစ်ဖြစ် ဖွင့်မပြောသင့်သော မိမိ၏ ထိပ်တန်းလျှို့ဝှက်ချက်ကြီးမဟုတ်ပါလော။

✡✦✡

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၄

မြို့သစ်မြို့တွင် ဘယ်နေရာ၌ ဘာတွေရောင်းသည်မှန်း တိုးတိုးက အားလုံးသိပေသည်။

နှောင်း၏ ဆန်နီကားနှင့်ပင် တိုးတိုးကို အဖော်ခေါ်ခဲ့ပြီး ကိုဇေယျ မြို့သစ်သို့ မောင်းလာခဲ့ခြင်းဖြစ်ပါ၏။

ပထမ မခင်နှောင်းမှာလိုက်သော တိုလီမိုလီတွေကို လိုက်ဝယ်သည်။ ပြီးမှ မော်တော်ဆိုင်ကယ် အပိုပစ္စည်းရောင်းသောဆိုင်သို့ တိုးတိုးခေါ်ဆောင်ပြမှုဖြင့် လိုက်သွားပြီး လိုအပ်သောပစ္စည်းများကိုဝယ်သည်။

ဝယ်ယူနေစဉ်မှာပင်။

"ဘယ်လိုလဲ ကိုဇေယျ ... မော်တော်ဆိုင်ကယ်သုံး အပိုပစ္စည်းတွေ ဝယ်နေပါလား ဘာလုပ်ဖို့လဲ"

ကိုဇေယျ လှည့်ကြည့်လိုက်သည်။



မိမိနောက်တွင် ... ကိုလှိုင်ဘွားရောက်နေသည်ကို တွေ့ရပါ၏။

ဝက်တွေသတ် ကြက်ခြံဖျက်စဉ်က မိမိနှင့် သတ်ပုတ်ခဲ့ရသော ကိုလှိုင်ဘွားသည် ယခုကစပြီး မိမိကို စကားပြောသဖြင့် ကိုဇေယျကလည်း သူအားမေးလျှင် ကိုယ်အေးဆေးရမည်ဆိုသည့် သဘောထားကာ စကားပြန်ပြောခြင်းဖြစ်ပေသည်။

တိုးတိုးကမူ စိုးရိမ်သောအကြည့်လေးဖြင့် ကြည့်နေပေသည်။

"ဟုတ်တယ်ဗျ ... တိုးတိုးတို့ အဖေရဲ့ မော်တော်ဆိုင်ကယ်ကို ကျုပ်ပြင်နေတာ"

"တယ်ဟုတ်ပါလား ... မခင်နှောင်းက သူ့ယောကျ်ား မော်တော်ဆိုင်ကယ်ကို ခင်ဗျားကိုပြင်ခွင့်ပေးသလား"

"ကျုပ်က ငွေတစ်သိန်းပေးပြီး မော်တော်ဆိုင်ကယ်ကို ဝယ်လိုက်တာလေ ပြီး ကျုပ်ဘာသာပြင်တာ "

"ဪ ... ဪ ... ဒါဆို မခင်နှောင်း ငွေတစ်သိန်း ထပ်ရသွားပြီပေါ့ ငွေတွေရလေ ... မခင်နှောင်းက သူ့ခြံရောင်းဖို့ စိတ်မကူးလေးဖြစ်သွားမှာပေါ့"

"ဒါကတော့ သူ့ပစ္စည်းပဲဗျာ သူ့သဘောပေါ့"

"မခင်နှောင်း လုပ်နေတာတွေဟာ သူ့သဘောနှင့် သူမဟုတ်ပါဘူး ... "

လှိုင်ဘွားက မျက်နှာထားတင်းတင်းနှင့် ပြောခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့သာ မင်းရောက်မလာရင် မခင်နှောင်းဟာ သူ့ခြံမြေနဲ့ ဆန်စက်ကိုရောင်းမှာ"

ကိုဧယျ ပခုံးတွန့်ပြသည်။

ဝယ်စရာပစ္စည်းတွေကလည်း အားလုံးဝယ်ပြီးပြီမို့ တိုးတိုး၏ ပခုံးကိုကိုင်ကာ ပြန်ရန် ဆိုင်ထဲမှလှမ်းထွက်လာခဲ့သည်။

"ဒီမယ်ကွ ... ဧယျ"

လှိုင်ဘွားက နောက်မှခေါ်လိုက်သဖြင့် ကိုဧယျက တုန့်ခနဲရပ်လိုက်သည်။

ကိုလှိုင်ဘွားကို မျက်နှာချင်းဆိုင်လိုက်ပါ၏။

"ငါ ... မင်းအကြောင်းကို စုံစမ်းနေတယ် ဧယျ မင်းဘာကောင်လဲ၊ ဘယ်ကလာသလဲ၊ ဘယ်ကိုသွားမှာလဲ၊ ယင်းတိုက်ရွာကို ဘာလို့ရောက်လာသလဲဆိုတာတွေ ငါစုံစမ်းနေတာ ... ဘာလို့စုံစမ်းသလဲဆိုရင် ... မင်းနဲ့ မခင်နှောင်း မောင်နှမဝမ်းကွဲတော်တယ်ဆိုတာကို မယုံလို့ပဲ"

ကိုဧယျက မြူးပြူးနှင့်ပင် ပြန်ပြောလိုက်သည်။

"စုံစမ်းပါ လှိုင်ဘွား ... ကျုပ်ရဲ့ပဟေဠိကို ခင်ဗျားအဖြေရှာကြည့်မယ်ဆိုရင်တော့ ဦးသိဒ္ဓိဆီမှာတပည့်ခံပြီး ဦးသိဒ္ဓိနိုင်းသမျှလုပ်ဆောင်နေရတာမို့ ခင်ဗျားအတွက် စုံစမ်းတဲ့အချိန်မလောက်ဘူး ကျုပ်အကြောင်းစုံစမ်းမယ်ဆိုရင် ခင်ဗျားအနေနဲ့ ကမ္ဘာဦးလူသား သတ္တဝါတွေပေါ်လာတဲ့ နေရာအထိသွားပြီး စုံစမ်းရလိမ့်မယ် ကိုလှိုင်ဘွား ... ကဲ ... ဒီနေ့ကစပြီး ခင်ဗျား ... ခေတ်ဟောင်း ကျောက်ခေတ်လူသား



တွေဆီ သွားစုံစမ်းဖို့ ပြင်ဆင်တော့ဗျာ"

"မင်း ... စကားပြောသိပ်ရင့်တယ်"

"လူကောင်း လူမွန်တွေနဲ့စကားပြောတဲ့အခါ ... ကျုပ်ဒီလို မရင့်တတ်ပါဘူး"

"ဘာကွ"

ကိုလှိုင်ဘွား လက်သီးဆုပ်သည်။

"မင်းက ... ငါ့ကို လူကောင်းလူမွန်မဟုတ်ဘူးလို့ ပြောတာလား ... ကဲ ... ပြောဦးကွာ"

ကိုလှိုင်ဘွား ဆုပ်ထားသောလက်သီးကို မြှောက်လိုက်စဉ်မှာပင် ကိုလှိုင်ဘွား၏ ပခုံးတစ်ဖက်ပေါ်သို့ ကိုဧယျလက်ဝါးအုပ်ကိုင်လိုက်သည်။ ပြီး ကိုဧယျ၏ လက်ချောင်းငါးချောင်းက ကင်းခြေများတွားသွားသလို ကိုလှိုင်ဘွား၏ ပခုံးတွင်ထားပြီး တစ်ချက်နှိပ်လိုက်သည်။

"အား ... ဟား ... "

ကိုလှိုင်ဘွား မြှောက်တက်လာသော လက်သီးမှာ ထိုး၍မရတော့ရုံမက အောင်သို့ပြန်ချ၍လည်း မရတော့ဘဲ တန်းလန်းကြီးဖြစ်သွားပေတော့သည်။

တခြားခြေနှင့် လက်လည်းလှုပ်ရှား၍ မရတော့ပေ အနီးကပ်ဆုံး ဥပမာပြောရလျှင် ရုပ်ရှင်ပြနေဆဲ ဓာတ်ကောင်၏ လှုပ်ရှားမှုသည် စက်ကိုခလုတ်ပိတ်လိုက်သောကြောင့် ဆက်မလှုပ်ရှားတော့ပဲ တန်းလန်းရုပ်ကြီးဖြစ်သွားသလို ကိုလှိုင်ဘွားဖြစ်သည်။

ကိုလှိုင်ဘွားသည် မျက်စိကမြင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နားက ကြားနေသည် ပါးစပ်ကစကားပြောမည်ဆိုလည်း ပြောနိုင်သည်။

"အဲဒါ … အကြောပညာ ကိုလှိုင်ဘွား … များသောအားဖြင့် တိဘက်ပြည်နဲ့ တရုတ်ပြည်မှ ဒီအကြောပညာလိုက်စားသူတွေရှိတယ်၊ ကျုပ်တို့ သင်ကြားပေးတဲ့ဆရာကြီးကတော့ တိဘက်ပြည် တိဘက်ပြည်သား အကြောပညာရှင်တစ်ဦးပဲ။ ဒါပေမဲ့ ကျုပ်က ဆရာကြီးဆီမှာ ကတိပေးပြီးမှ သင်ယူခွင့်ရတာပါ ဒီပညာနဲ့ လူတစ်ယောက်ကိုဖြစ်စေ သက်ရှိတခြား သတ္တဝါတစ်ကောင်ကိုဖြစ်စေ သေအောင်မသတ်ရဘူးဆိုတဲ့ ကတိပဲ … ကဲ … တစ်နှစ်လောက်တော့ ဒီဆိုင်ထဲက ရှိုးကေ့(စ်)ထဲမှာ ပြထားတဲ့ အရုပ်လို နေလိုက်ဦးပေါ့ ကိုလှိုင်ဘွား တစ်ခဏအတွင်း သူဟာသူနဂိုအတိုင်း ပြန်ဖြစ်သွားမှာပါ"

ကိုဇေယျနှင့် တိုးတိုးထွက်သွားသည်။

လက်သီးတန်းလန်းကြီးနှင့် ငြိမ်ရပ်နေသည်ကို ဆိုင်ထဲကလူတွေ ငေးကြည့်နေကြသည်။

ကိုဇေယျနှင့် တိုးတိုးတို့ အပြင်ရောက် ကားပေါ်ပြန်တက်မှ ကိုလှိုင်ဘွားပြန်၍ နဂိုအတိုင်း ပြန်လှုပ်ရှားနိုင်တော့သည်။

သို့သော် … ကိုလှိုင်ဘွား ပြေးလိုက်လာချိန်ဝယ် ကိုဇေယျကားမောင်းထွက်ပြေးသွားလေပြီ။

ဆက်မောင်းလာရင်းမှာပင် လမ်းဘေးတစ်နေရာတွင် ဒုရဲအုပ်စောဦးနှင့် အခြားလူတစ်ယောက်ရပ်စကားပြောနေရာ



ဆန်နီကားမောင်းသွားသော ကိုဇေယျကို နှစ်ယောက်စလုံး သေချာကြည့်ကြသည်ကို ကိုဇေယျ သတိထားမိသည်။

"ဟိုမှာ … ဦးစောဦးနှင့် ဒီပြင်လူတစ်ယောက် … ဦးဦးကို သေချာစိုက်ကြည့်နေတာ တိုးတိုးမြင်တယ် ဦးစောဦးက ဦးဦးဇေယျကို ကြည့်ပြီး လက်ညှိုးထိုးပြတယ်။ အဲဒီလူကြီးက သေချာလိုက်ကြည့်ပြီး … ခေါင်းညိတ်ပြတာကလည်း တိုးတိုးမြင်တယ်"

ကိုဇေယျသည် တိုးတိုးပြောပြသမျှကို သူကိုယ်တိုင်သည်း မြင်မိပါ၏။

တစ်ခုထူးခြားနေသည်မှာ ကိုစောဦးနှင့် ရပ်စကားပြောပြီး ခေါင်းညိတ်ပြသူက ဒီနယ်သားမဟုတ်ပဲ … တခြား ဒီပြင်တစ်နေရာရာတွင် ကိုဇေယျမြင်ဖူးသလိုလိုရှိသော လူတစ်ယောက်မှန်းတော့တွေးမိသည်။

သို့သော် …

ထိုလူအား ဘယ်မြို့ဘယ်နေရာတွင် တွေ့ခဲ့ဖူးလေသလဲဟူ၍တော့ ကိုဇေယျမမှတ်မိပါလေ။

ယင်းတိုက်ရွာ အိမ်သို့ပင် ကိုဇေယျ မောင်းလာခဲ့ပေတော့သည်။

✡◆✡

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၅

"မာမာရေ ... မာမာ ... လုပ်ပါဦး ပို့ပို့တော့ ဒုက္ခပဲ"

တိုးတိုးသည် မိုးပျောက်တောစပ်မှ အထိတ်တလန့် အသံဖြင့်ပြောရင်း ရှိုက်ကြီးတငင်ပြေးဝင်လာသည်။

ကိုဧေယျက တိုးတိုးကို ဆီးပွေ့ထားလိုက်သည် တိုးတိုးပြေးဝင်လာစဉ် ကိုဧေယျနှင့် မခင်နှောင်းမှာ ဝက်စာကျိုနေစဉ်ဖြစ်ပါ၏။

"ဘာဖြစ်တာလဲ သား ... ဘာဖြစ်တာလဲဟင် ... ပိုပိုကော ညီမလေး ပိုပိုကော"

မခင်နှောင်း ဝက်စာကျိုလှော်တက်ကြီးကိုပစ်ချပြီး တိုးတိုးကိုပွေ့ကပ်ခါ အငန်းမရ ပူပန်စွာမေးလိုက်သည်။

တိုးတိုးကလက်ထဲမှ သားရေပွလေးကို ထောင်ပြရင်းပြောသည်။



"တောစပ်မှာ လူကြီးနှစ်ယောက်နဲ့တွေ့တယ် ပို့ပို့ကို သူတို့ဖမ်းထားလိုက်တယ် တိုးတိုးကိုပြန်လွှတ်ပြီး ... မင်း ... အမေကိုပြောလိုက်တဲ့"

"ဟင် ... ပို့ပို့ကို သူတို့ကဘာလို့ဖမ်းတာလဲဟင်"

"တိုးတိုးကို မင်းအိမ်ပြန်သွားတဲ့ မနက်ဖြန်ညနေထိ သူတို့ဟာ မိုးပျောက်တောထဲက တိုက်ပျက်ကြီးက စောင့်နေမယ်တဲ့ အခုအချိန်ကစပြီး မနက်ဖြန်ညနေအထိ မင်းအမေခင်နှောင်းတစ်ယောက်တည်း တိုက်ပျက်ကြီးထဲကို လာချင်တဲ့အချိန်မှာလာခဲ့တဲ့ ဘယ်သူ့ကိုမှ အဖော်ခေါ်မလာခဲ့ရဘူးတဲ့ မာမားတစ်ယောက်တည်းလာရမယ်တဲ့ အဖော်ပါလာတာကို အဝေးကလှမ်းမြင်တာနဲ့ ပို့ပို့ကိုဆက်ပြီး တိုက်ထဲမှာ ပို့ပို့အလောင်းကိုထားခဲ့မယ်တဲ့ သေသေချာချာမှတ်ထားတဲ့ ဦးဦးဧေယျကို လုံးဝခေါ်မလာရဘူးတဲ့ ... တိုးတိုးနဲ့ ပို့ပို့ တောစပ်ငှက်ပစ်သွားရင်း အဲဒီလူကြီးနှစ်ယောက်နဲ့တွေ့တာမာမား ဒါနဲ့ တိုးတိုး ပြေးပြန်လာခဲ့တာ"

တိုးတိုးစကားအဆုံးတွင် ... မခင်နှောင်းငိုချလိုက်တော့သည်။

"ဒုက္ခပါပဲ ... ကိုဧေယျရယ် ... သမီးလေးကို သူတို့နှိပ်စက်ကြတော့မှာပဲ သမီးလေးကကြောက်တတ်နဲ့ ... ဒါ ... တိုးတိုးကြောင့်ဖြစ်ရတာ လစ်ခနဲ သားရေပွကိုင်ပြီး တောစပ်ကိုသွားတယ် ... တိုးတိုးကြောင့် ... တိုးတိုးကို မာမားရိုက်မယ် ..."

www.burmeseclassic.com

www.burmeseclassic.com



မခင်နှောင်းက ငိုရင်းရှိုက်ရင်း တိုးတိုးအားရိုက်ရန် လက်ရွယ်သည်ကို ကိုဇေယျက မခင်နှောင်းလက်ကို ဖမ်းဆွဲရင်း မခင်နှောင်းကိုပါ သူ့ရင်ခွင်ထဲ ဆွဲပွေ့ထားလိုက်သည်။

"ကလေးကိုရိုက်တော့ကော ဘာထူးမှာလဲ နှောင်း အခု ကိုယ်တို့ဘာလုပ်ရမလဲဆိုတာကိုသာ စဉ်းစားရမှာ ... ကဲ ဒီမှာ တိုးတိုး ဦးဦးမေးမယ် သေချာစဉ်းစားပြီးမှ တိုးတိုးဖြေနော် ... "

တိုးတိုးက ငိုရှိုက်ရင်း ခေါင်းညိတ်ပြသည်။

"ပို့ပို့ကို ဖမ်းထားလိုက်တဲ့ လူနှစ်ယောက်ဟာ ဘယ်သူ ဘယ်ဝါဆိုတာ တိုးတိုးသိသလား ... "

"ဟင့်အင်း ... တိုးတိုး တစ်ခါမှ မမြင်ဖူးတဲ့ လူနှစ်ယောက်"

"တိုးတိုး သေချာစဉ်းစားကြည့်ပါဦးကွာ ယင်းတိုက်ရွာမှာရော မြို့သစ်မြို့မှာရော တိုးတိုးသိတဲ့လူတွေ မြင်ဖူးတဲ့လူတွေ အများကြီးပဲဟာ"

"တိုးတိုး မသေချာဘူး ဦးဦး အဲဒီလိုပုံစံနဲ့ လူတွေဟာ မြို့သစ်မြို့မှာ အများကြီးပဲဟာ"

"ဆိုပါဦး ဘယ်လိုပုံစံနဲ့ လူနှစ်ယောက်လဲ ... အခု တိုးတိုး တွေ့လာတဲ့အတိုင်းပဲ သူတို့ပုံစံကို ဦးဦးကိုပြောပြပါဦး"

"ဘောင်းဘီရှည်ကိုယ်စီဝတ်တယ် ပါတိတ်ဆင်အင်္ကျီတွေ ဝတ်ထားတယ် အင်္ကျီတွေကို ကျယ်သီးတပ်မထားဘူး ဘောင်းဘီအပြင်ထုတ်ထားတယ် တစ်ယောက်က ပျော့ဖက်ဖက် အဝတ်ဦးထုပ်ဆောင်းထားတယ် နောက်တစ်ယောက်



က ရှားပါးတဲ့ ကက်ဦးထုပ်ကို လျှာနောက်ပြန်ဆောင်းထားတယ် သူတို့ကိုယ်က အရက်စော်နံနေတယ်"

"ဒါဆို ... ဦးဦးထပ်မေးမယ် ... ဒီအိမ်ကို ဦးဦးရောက်ပြီးမှ လာစော်ကားတဲ့လူတွေကို ဦးဦးဖိုက်လွှတ်လိုက်တဲ့ ... လူတွေရဲ့ ပုံစံမျိုးတွေလား"

"ဟုတ်တယ် ... အဲဒီပုံစံတွေပဲဆိုတာတော့ တိုးတိုးသေချာ ပြောရဲတယ် ... "

ကိုဇေယျက မခင်နှောင်းအားပွေ့ဖက်ထားရာမှငုံ့ပြီး ပြောလိုက်သည်။

"ဦးသိဒ္ဓိရဲ့တပည့်နှစ်ယောက်ပဲ ဖြစ်ရမယ် ... နှောင်း"

မခင်နှောင်း ခေါင်းညိတ်ထောက်ခံပါ၏။

ကိုဇေယျက တိုးတိုးကိုဆက်၍မေးပြန်သည်။

"အဲဒီနှစ်ယောက်က ပို့ပို့ကိုဖမ်းထားပြီး နက်ဖြန်ညနေထိ မာမာတစ်ယောက်တည်းလာခဲ့ရမယ်လို့ ပြောတုံးက မာမာလာရင် ငွေတွေဘယ်လောက်ယူခဲ့လို့ကော မမှာဘူးလား"

"အဲဒီလိုတော့မမှာဘူး ... မာမာတစ်ယောက်တည်းအဖော် မပါဘဲလာခဲ့ရမယ် ... အထူးသဖြင့် ဦးဦးဇေယျကို လုံးဝ မခေါ်ခဲ့ရဘူးလို့ပဲပြောတာ ... "

ကိုဇေယျက ပွေ့ဖက်ထားသောတိုးတိုးကိုရော ... မခင်နှောင်းကိုရောလွှတ်ပေးလိုက်သည်။

"နှောင်း ... နည်းနည်းသွေးအေးသွားပြီလား ... "

"ရပါတယ် ... ကိုဇေယျပြောချင်တာကိုသာပြောပါ ...

www.burmeseclassic.com

www.burmeseclassic.com



နှောင်းထင်တာကို ပထမပြောပြမယ် … ပိုပို့ရွေးဖို့ငွေ
ဘူး၊ နှောင်းတစ်ယောက်တည်း အဖော်မပါဘဲလာရမယ်
တာကိုထောက်ရင် ကိုလှိုင်ဘွားလက်ချက်ပဲဖြစ်ရမယ် …
သူက နှောင်းကိုအမြွကြံစည်ဖို့ကြိုးစားနေတဲ့လူပဲ … အ
ကြံစည်ပြီးရင် နှောင်းကမထူးတော့ပါဘူးဆိုပြီး သူ့ကိုလ
ထပ်မယ်လို့ လူဘိန်းတွေး … တွေးတုန်းပဲဖြစ်မယ် …

ကိုဇေယျက ဦးခေါင်းကိုခါပြလိုက်သည်။

"ကိုလှိုင်ဘွားဟာ … ဦးသိဒ္ဓိကိုကျော်ပြီး ဘာမှမလုပ်ရဲ
လူမှမဟုတ်တာ … ကိုယ်ထင်တာကတော့ သူတို့လက်
မှာ … နှောင်းရဲ့မြေကိုသူတို့ဝယ်ယူကြောင်းစာချုပ်စာတ
တွေအတင်းလုပ်ထားမယ် … နှောင်းကသွားပြီး အဲ့ဒီစာ
ပေါ်မှာလက်မှတ်ထိုးမှ … ပိုပို့ကိုလွှတ်မယ်လို့ အကျပ်
မယ်ထင်တာပဲ … "

"ဒါဆို … နှောင်းဘာလုပ်ရမလဲဟင် … "

"အဲ့ဒါကိုပဲ … ကိုယ်စဉ်းစားနေတယ် နှောင်း … "

"နှောင်းတော့ဘာမှ စဉ်းစားလို့မရဘူး၊ သမီးလေးအတွ
ခေါင်းမီးတောက်နေတယ် … ဒီကိစ္စကိုစောဦးကိုသွားပြ
ရင်ကောင်းမလားကိုဇေယျ … "

"မကောင်းဘူး ရဲကိုတိုင်လိုက်တာနဲ့ ပိုပို့အတွက် ချက်ချ
အန္တရာယ်ဖြစ်သွားမယ် … ဒုတိယအချက်က ကိုစောဦးကို
တိုင်ကရော စိတ်ချရတဲ့လူလား … ကိုစောဦးဟာ ဦးသိ
သိမ်းသွင်းထားတာကို ခံနေရတဲ့လူဖြစ်ရင်သွားတိုင်လ



အကြောင်းထူးမှာမဟုတ်ဘူး … "

"ဒါဆို … ဘယ်လိုလုပ်မလဲကိုဇေယျ … နှောင်းဘာမှမစဉ်းစားတတ်တော့ဘူး … ကိုဇေယျပဲစဉ်းစားပေးပါ … "

ကိုဇေယျ စဉ်းစားပါ၏။

"ဒါထက် … တိုက်ပျက်ကြီးဆိုတာက မိုးပျောက်တောရဲ့ ဘယ်နားမှာလဲ … နှောင်း"

"မိုးပျောက်တော အလယ်လောက်မှာတဲ့ … "

"ဘယ့်နှယ့်တောကြီးခေါင်ခေါင် တောနက်ထဲမှာတိုက်ဆောက်ထားရတယ်လို့ … "

"ဒါကကြာပြီ … ခင်နှောင်းတို့မမွေးခင် ဟိုးရှေးခေတ်ကတည်းက ဆောက်ထားတာတဲ့ … ရှမ်းစော်ဘွားတွေနဲ့ ရှမ်းမင်းညီမင်းသားတွေဟာ တောလိုက်အမဲလိုက်ဖို့လာကဲတဲ့အခါ … ဒီမှာ တစ်လကိုးသီတင်းတည်းခိုပြီးနေဖို့ဆောက်ထားတာပဲ … အဲ့ဒီခေတ်တုန်းက မိုးပျောက်တောထဲမှာ ကျားတွေ၊ ကျားသစ်တွေ၊ ပြောင်တွေ၊ သမင်ဒရယ်တွေ ရှိတယ်တဲ့ … ဆင်တွေတောင်ရှိတယ်လို့ပြောတာပဲ … ဒါကြောင့် ဗိုလ်တဲအခိုင်အမာဆောက်ထားတာတဲ့ … အခုတော့ လူတွေကပျဉ်တွေခွာယူ၊ သွတ်တွေခွာယူနဲ့ … တိုက်တဲပျက်ကြီးဖြစ်နေတာလို့ ကိုအောင်ဌေးက ခင်နှောင်းကို ပြောပြဖူးတာပဲ ကြားဖူးတယ် ကိုဇေယျ … ခင်နှောင်းတော့မရောက်ဖူးဘူး … "

ပြောပြီး … မခင်နှောင်း ငိုချပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးတော့ ... တောနက်ကြီးထဲမှာ သိပ်ကြောက်နေရှာမှာပဲ ... သမီးလေးကို သူတို့ ရိုက်ပုတ်နှိပ်စက်ကြမလား မသိဘူး ကိုဇေယျရယ် ..."

"ရိုက်စရာနှက်စရာ ... နှိပ်စက်စရာမှမဟုတ်တာ ... သူတို့ လုပ်တာကိုက နှောင်းရဲ့မြေကိုလိုချင်လို့လုပ်ကြတာ – အကြောင်းမဲ့ကလေးကိုရိုက်ပုတ်စရာမရှိပါဘူး ... ပြီးတော့ ပို့ပို့နဲ့အတူ ဦးသိဒ္ဓိတပည့်တွေရှိနေတာပဲ၊ ပို့ပို့မှာ တောနက်ထဲမှာမို့ ကြောက်မယ်မထင်ပါဘူးနှောင်း ..."

"ခင်နှောင်းတို့ဘာပဲဖြစ်ဖြစ် သမီးလေးဘေးကင်းရန်ကင်းဖြစ်ရင်ပြီးရော ... ခြံနဲ့မြေကိုရောင်းပစ်မလားတောင်စဉ်းစားလာပြီ ... အဲ့ဒါ ဘယ်လိုသဘောရလဲဟင် ... ကိုဇေယျ"

"အင်း ... အဲဒီအဆင့်ကတော့ နောက်ဆုံးအဆင့်ထားမယ်လေ၊ ဒီကြားထဲ ကိုယ် ... နှောင်းအတွက် အကောင်းဆုံးဖြစ်အောင်ဘာလုပ်ပေးနိုင်မလဲဆိုတာ စဉ်းစားဦးမယ် – ပို့ပို့လည်းပြန်လွတ်ရမယ် ... နှောင်းရဲ့ခြံကိုလည်း မရောင်းရစေရတဲ့နည်း ကိုယ်စဉ်းစားနေပါတယ် ... နှောင်း"

နှစ်ယောက်စလုံး ခေတ္တခဏငြိမ်သွားကြပြန်သည် အတန်ကြာမှ ကိုဇေယျက မခင်နှောင်းကို မေးလိုက်သည်။

"ဦးသိဒ္ဓိဟာ ... မြို့သစ်မြို့ဇာတိလား နှောင်း"

"မြို့သစ်မှာ ဇာတိဆိုတဲ့လူတစ်ယောက်မှမရှိဘူး; ကိုဇေယျ ဟိုရွာဒီရွာတွေမျိုးစုံဖျက်သိမ်းပြီး မြို့သစ်မြို့ကိုတည်ထောင်ပေးတာ ... ဒီမှာတင် စီးပွားရေးစားကျက် ဦးသိဒ္ဓိကလာဖွင့်



တာ တစ်နေ့တခြားစီးပွားပိုဖြစ်လာတာ ..."

"ဒါဆို ... ဦးသိဒ္ဓိရဲ့ မိသားစုကကော ..."

"ဦးသိဒ္ဓိမှာ ... ဇနီးမရှိဘူး၊ ကွယ်လွန်သွားတာတာလား၊ ကွဲသွားတာလားတော့မသိဘူး ... ဒါပေမဲ့ ငွေနဲ့ပေါက်ပြီး အပျော်မယားမျိုးတွေတော့ရှိတာပေါ့ ... သူ့မှာ သမီးအရင်းတစ်ယောက်တော့ရှိတယ် ... နာမည်က သူဇာဝိုင်းတဲ့ ... ရန်ကုန်တက္ကသိုလ်မှာလိုလို ... မန္တလေးတက္ကသိုလ်မှာလိုလို တက်နေတယ်လို့ပြောကြတာပဲ ..."

"သူ့နာမည်က ... သူဇာဝိုင်း ဟုတ်လား ..."

"ဟုတ်တယ် ... ကိုဇေယျ"

"အသက်ကော ဘယ်လောက်ရှိသွားပြီလဲ ..."

"နှစ်ဆယ့်လေးနှစ်ဆယ့်ငါးလောက်တော့ ရှိပြီထင်တယ် ... သီတင်းကျွတ်တို့ ဒီဇင်ဘာတို့ ကျောင်းရက်ရှည်ပိတ်တဲ့အခါမျိုးမှာ ... သူ့အဖေဦးသိဒ္ဓိရှိရာ မြို့သစ်မြို့မှာလာနေတတ်တယ် ... ခင်နှောင်း သူဇာဝိုင်းကို တစ်ခါနှစ်ခါတွေ့ဖူးတယ် ချောချောလှလှပဲ ..."

"အသက်နှစ်ဆယ်လေးနှစ်ဆယ့်ငါးအရွယ်ဟာ တက္ကသိုလ်မှာ ကျောင်းသူဖြစ်နိုင်ပါ့မလား ... အင်းပေါ့လေ ဆေးတက္ကသိုလ်တို့၊ စက်မှုတက္ကသိုလ်တို့မှာဆိုရင်တော့ ... ဆယ်တန်းအောင်တာလည်းနောက်ကျရင် ... ဒီအသက်အရွယ်ရှိချင်ရှိမှာပေါ့ အဲတချို့ဘွဲ့လွန်မဟာဝိဇ္ဇာ၊ မဟာသိပ္ပံဆက်တက်တဲ့လူတွေဆိုလည်း အသက်အစိတ်လောက် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တာပဲ … ဒါဆို မြို့သစ်မြို့ရဲ့ဘယ်နေရာ၊ ဘယ်ရပ်ကွက် ဘယ်လမ်းထဲမှာ ဦးသိဒ္ဓိအိမ်ရှိသလဲ”

“မြို့သစ်မြို့ရဲ့မြောက်ဘက်အစွန်ပိုင်း သိရိရတနာလမ်းထဲမှာ ဦးသိဒ္ဓိအိမ်ရှိတယ် … သူကသိရိရတနာလမ်းရဲ့မြောက်ဘက် အစွန်ဆုံးတိုက်အိမ်ကြီးပဲ … မြေကေအကျယ်ကြီးလိုချင်လို့ အစွန်ဆုံးနေရာကိုယူလိုက်တာလို့ ပြောကြတာပဲ ခြံတံခါး အုတ်တိုက်မှာ … သိဒ္ဓိဂေဟာဆိုတဲ့ဆိုင်းဘုတ်ရှိတယ်”

“သူ့ကပည့်တွေကော … ဦးသိဒ္ဓိခြံထဲမှာပဲနေကြသလား”

“ဦးသိဒ္ဓိဟာ … သူ့တပည့်လူယုံတစ်ယောက်နှစ်ယောက်ပဲ သူ့အိမ်မှာ ခေါ်ထားတယ်လို့ … ဦးချစ်မောင်ကပြောဘူး တာပဲ … ဦးချစ်မောင်ပြောတာက ဦးသိဒ္ဓိခြံထဲမှာမွေးထား တဲ့ အင်းခွေးကြီးသုံးကောင်အကြောင်းနဲ့ ပတ်သတ်ပြီးပြော တာပါ … အင်းခွေးကြီးတစ်ကောင်ကို ငါးသောင်းနဲ့တောင် ဦးသိဒ္ဓိပေးဝယ်တာကို အမိကပြောတာပါ … ”

“အဲဒီအင်းခွေးကြီးသုံးကောင်အကြောင်းကိုပဲ … နှောင်း သိသလောက်ပြောပြပါဦး”

“နေ့ပိုင်းမှာ တစ်နေ့လုံးအင်းခွေးကြီးသုံးကောင်ကို လှောင် အိမ်ကိုယ်စီနဲ့လှောင်တယ်တဲ့ … ညကျမှ လှောင် အိမ်ထဲက လွှတ်တယ်တဲ့၊ အဲ့ဒီခွေးကြီးသုံးကောင်ကိုမနက်ပိုင်းပြန်သွင်း တဲ့တစ်ချိန်ရယ် … နေ့ခင်းမွန်းတည့်ချိန်ရယ်၊ အစာကျွေး တယ်တဲ့ … ညနေပိုင်းထပ်မကျွေးတော့ဘူးတဲ့ ဒါမှ … ဆာ လောင်တဲ့ခွေးကြီးတွေဟာ ဒေါသကြီးနေပြီး မြင်မြင်ကရာ



ကို မဲပြီးကိုက်အောင်လို့တဲ့၊ နေပါဦး ကိုဇေယျက … ဦးသိဒ္ဓိအိမ်အကြောင်း အသေးစိတ်ဘာလို့ ဒီလောက် မေး နေတာလဲ … ”

“ဦးသိဒ္ဓိရဲ့ ခြံနဲ့အိမ်ထဲကို ဒီညကိုယ်ဝင်မယ် … နှောင်း”

“အို … မဟုတ်လိုက်တာ … အန္တရာယ်အကြီးကြီးပဲဟာ”

“ဒီနည်းပဲ ကိုယ်စဉ်းစားမိတယ် နှောင်း … ဒီနည်းသာ အကောင်းဆုံးလို့ ကိုယ်ယူဆတယ် … ဦးသိဒ္ဓိကို ကိုယ်ကိုယ် တိုင်အမိဖမ်းခေါ်လာခဲ့မယ် … သူတို့ဦးသိဒ္ဓိကိုပြန်လိုချင်ရင် ပို့ပို့ကိုပြန်ပေးပေါ့ … ဦးသိဒ္ဓိနဲ့ပို့ပို့ပြန်လဲပေးရမယ်၊ ဒါဆို … နှောင်းရဲ့ခြံနဲ့မြေရောင်းဖို့လက်မှတ်ထိုးပေးစရာမလိုတော့ ဘူး …

“သိပ်ကိုအန္တရယ်ကြီးလွန်းပါတယ် ကိုဇေယျ … ဒီလောက် ကြီးအထိ နှောင်းအတွက်မစွန့်စားပါနဲ့ … ကိုယ်ကသူ့ပိုင်နက် ထဲကိုတစ်ယောက်တည်းဝင်ရမှာပါ၊ အောင်မြင်ဖို့ရာခိုင်နှုန်း သိပ်နည်းပါတယ် … သူ့အိမ်မှာသူ့တပည့်တွေ သေနတ်တွေ နဲ့ … ကိစ္စမရှိဘူး၊ ပို့ပို့အတွက်ပဲဟာ … ဒီခြံနဲ့ဒီမြေကို နှောင်းစွန့်လွှတ်မယ်”

“ကိုယ့်မှာလည်း ပစ္စတိုတစ်လက်ပါတာပဲ … ကိုယ်ဒီနည်းကို ပဲစမ်းမယ် … ကိုယ်ကျိုးစားလျက်မအောင်မြင်ချင်လည်း လွတ်အောင်တော့ ပြေးနိုင်မှာပါ၊ ကိုယ်ကို သူတို့လည်းမိနိုင် မလွယ်ပါဘူး … မအောင်မြင်တဲ့အဆုံးကျမှ နှောင်းရဲ့ခြံမြေ ကို ရောင်းပြီး ပို့ပို့လေးကိုပြန်ရွေးပေါ့ … ”

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကိုဇေယျရဲ့ခင်နှောင်းအတွက် ကိုဇေယျမစွန့်စားသင့်ဘူးလားဟင် ...,"

နှစ်ယောက်သား ပိုက်ထွေးထားကြပါ၏။

✡✦✡



## အခန်း ၁၆

– ဦးသိဒ္ဓိကို ပို့ပို့နဲ့ပြန်လဲပါ။

– ပို့ပို့ပြန်ရမှ ဦးသိဒ္ဓိကိုပြန်ပေးမည်။

– ပို့ပို့သေလျှင် ဦးသိဒ္ဓိသေရမည်။

ကိုဇေယျ သည်စာသုံးကြောင်းကို တင်ကြိုးထားပါ၏။ ဟိုရောက်မှရေးလျှင် အချိန်မရဖြစ်မည်။

ပြီး ... ကိုဇေယျသည် တင်ကြို၍ပြင်ဆင်သင့်သောကိစ္စအဝဝကို တင်ကြိုပြင်ဆင်သည်။

ပို့ပို့ကို ဖမ်းထားပြီးသည့်နောက် ဦးသိဒ္ဓိ၏လူတချို့သည် မခင်နှောင်းအိမ်မှ လှုပ်ရှားမှုကိုတစေ့တစောင်း၊ ချောင်းမြောင်းကြည့်နေကြမည်ကိုလည်း ... ကိုဇေယျသတိထားသည်။

နှောင်းကိုရော တိုးတိုးကိုပါအိမ်အပြင်သိပ်မထွက်စေပဲ ... အိမ်တဲမှာပင်နေစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဇေယျသည် မခင်နှောင်းရေခဲသေတ္တာထဲမှ သိုးသားဘူးကိုဖောက်ခါ အိပ်ဆေးများရောခပ်ပြီး ဂွတ်ဂွတ်အိပ်ဖြင့် ထုပ်လိုက်သည်။

ညနေ(၅)နာရီတွင် မြင်းလှည်းသမားသည် မြင်းလှည်းသိမ်းပြန်ရောက်လာသည်။

မြင်းလှည်းကိုဖြုတ် မြင်းကိုဇောင်းသွင်းစသည့် မြင်းလှည်းသမားလုပ်ပုံကိုင်ပုံကို အစအဆုံး ကိုဇေယျကြည့်နေသည်။

မြင်းလှည်းသမားဝတ်စားပုံကိုလည်း ကိုဇေယျကြည့်သည်။ ရှမ်းဘောင်းဘီ အနက်ပွပွဝတ်ထားသည် စွပ်ကျယ်လက်စကဝတ်ထားသည် ဦးခေါင်းနဖူးပတ်လည်တွင် မျက်နှာသုတ်ပဝါ(တဘက်)ပတ်လည်ပေါင်းထားသည် တိုက်ပုံအနက်ဝတ်ထားသည်။

မြင်းလှည်းသမားနှင့် နှောင်း နေ့တွက်ရှင်းပြီးသွားပါ၏။

"နှောင်း ..."

"ရှင် ... ကိုဇေယျ"

"နှောင်းမှာ ကိုအောင်ငွေးဝတ်ခဲ့တဲ့ ရှမ်းဘောင်းဘီအနက် တိုက်ပုံအင်္ကျီအနက်နဲ့ မျက်နှာသုတ်ပဝါ အရှည်တစ်ထည်ရှိလားဟင်"

"ရှိတယ် ကိုဇေယျ ... ကိုအောင်ငွေးရှိတုန်းက သူတို့ ရိုးရာပွဲသွားရင်းဝတ်တဲ့ ... အဝတ်အစားပဲ အားလုံးရှိတယ် ... အနက်တစ်စုံနဲ့ ပင်နီတစ်စုံလေ ..."



"အနက်တစ်စုံ ကိုယ့်ကိုခဏပေး"

မခင်နှောင်းက ချက်ချင်းယူပေးပါ၏။

ည(၉)နာရီတွင် ပထမ မခင်နှောင်း၏ ခြံပတ်လည်တွင် အိမ်ကိုချောင်းမြောင်းနေသူများရှိမရှိ အရိပ်အခြေကို ကိုဇေယျ သိမသာလျှောက်ရှာဖွေကြည့်သည်။

တစ်ယောက်တလေမှ မသင်္ကာဘွယ်မတွေ့ရပေ ကျေးရွာထုံးစံအတိုင်း ည(၈)နာရီဆို အိပ်ရာဝင်ကြသည်။

အကယ်၍ ဦးသိဒ္ဓိ၏ တပည့်တွေ တစ်နေ့လုံးစောင့်ကြည့်သည်ဆိုလျှင်လည်း မခင်နှောင်း အိမ်ကိုည(၈)နာရီကတည်းက တံခါးပိတ်၊ မီးပိတ်ထားစေခြင်းဖြင့် ... အိပ်ရာဝင်ကြပြီဟု ယူဆကာစောင့်ကြည့်သူများပြန်လေသည်သာဖြစ်ပါ၏။

ကိုတေဇ ဗိုးဗိုးဝါးဝါးအိမ်ပေါ်ပြန်တက်ခဲ့ပြီး ... ရှမ်းဘောင်းဘီအနက် တိုက်ပုံအင်္ကျီအနက် နဖူးအုပ်တဘက်ပတ်ပြီး ဝတ်ဆင်လိုက်သည်။

ပစ္စတိုကိုခါးကြားထိုးလိုက်သည်။

"ကိုဇေယျ ဘာနဲ့သွားမှာလဲဟင် ... ကားယူသွားပါလား ဒါမှ ... အရေးရှိ မြောင်းထွက်ပြေးနိုင်တာပေါ့ ..."

"မယူဘူးနှောင်း ... မောင်တော်ကားက စက်သံမြည်တယ် လူလည်းရိပ်မိမယ် ... နှောင်းရဲ့ဆန်နီကားကို တစ်ရွာလုံးက ဆဲနေတာ ... ကိုယ်မြင်းလှည်းနဲ့သွားမလို့ ... မြင်းလှည်းသမားပုံစံဝတ်ထားတာကြည့်လေ ... တိုးတိုးလေးကော အိပ်ပြီလား ..."

www.burmeseclassic.com

www.burmeseclassic.com



"အိပ်သွားပြီ ကိုဇေယျ ... တစ်နေ့လုံးသူ့ညီမလေးအတွက် ငိုရတာမောမောနဲ့ ... အစောကြီးအိပ်သွားတယ်"

"တိုးတိုးကိုသနားတယ် ... နှောင်းကိုလည်းသိပ်ချစ်သိပ်သနားတယ် ... ပို့ပို့လေးကိုလည်း ကိုယ်သနားတာပဲ"

"နှောင်းတို့မိသားစုသုံးယောက်လုံးကိုလည်း ... ကိုဇေယျ သိပ်ချစ်တာပဲမဟုတ်လား ... "

"သိပ်ချစ်တာပါတယ် ... နှောင်း"

"အို ... ကိုဇေယျရယ်"

မခင်နှောင်းသည် ကိုဇေယျ၏ရင်ခွင်ထဲကို ဝင်လိုက်သည်။ ကိုဇေယျက မခင်နှောင်းကို ကျစ်ကျစ်ပါအောင်ပြန်ဖက်ပြီး... ပါးချင်းကပ်ထားသည်။ ပြီး ... နဖူးပြင်လေးကို မွှေးသည် ပါးပြင်လေးကိုမွှေးသည်။

"ကဲ ... ကိုယ်သွားသင့်ပြီ နှောင်း ... "

လူချင်းခွာလိုက်ပါ၏။

"သိပ်ကိုသတိရှိမှ တန်ရာကျမယ်နော် ကိုဇေယျ ... ကိုဇေယျလုပ်ပုံက ကျားဂူထဲကိုဇွတ်ဝင်သလို ဖြစ်နေတယ်"

"စိတ်ချ၊ နှောင်း ... ကိုယ်ဘာဆိုဘာမှမဖြစ်စေရဘူး ... ကိုယ်ကို့ဗေဒင်က ဟောထားပြီးသား ... "

"ဘာ ဟောထားလဲ ... "

"အိမ်ထောင်နှစ်ဆက်ရမယ်တဲ့ ... ဒုတိယအိမ်ထောင်နဲ့ကျမှမြဲပြီး ကလေးတစ်ဒါဇင်ရမယ် ... အသက်ရှစ်ဆယ်ကျော်အထိ ကလေးရတုန်းတဲ့ ... "



"အယ် ... ကြည့် ... နှောင်းကအကောင်းပြောတာမှတ်လို့"

ချစ်စနိုးကိုဇေယျ၏ ရင်အုပ်ကြီးကို မခင်နှောင်းက ...က်သီးဆုပ်လေးနှင့် ထိုးပါလေ၏။

ကိုဇေယျသည် မြင်းလှည်းတွင်မြင်းလှည်းအသစ် ...တ်လိုက်သည်။ ပထမမြင်းမှာ တစ်နေ့လုံးလှည်းဆွဲထားရသဖြင့် ...ရေးအကြောင်း ဒုန်းမောင်းလျှင် သိပ်မပြေးနိုင်ဘဲ ခြေကုန်နေမည် ...သောကြောင့် ... နောက်အသစ်တစ်ကောင်ကို တက်ခြင်းဖြစ်ပါ

မြင်းလှည်းမောင်းပြီး ကိုဇေယျထွက်လာခဲ့သည်။

မြို့သစ်မြို့နှင့် ယင်းတိုက်ရွာလမ်းမှာ ရှစ်မိုင်ခန့်ရှိပြီး ...မ်းဟိုဘက်ဒီဘက်တွင် တောင်ယာတဲများ ကွက်ကြားရှိလေ ...ည်။

မြို့သစ်မြို့တွင် ရုပ်ရှင်၊ရဲစခန်း၊ဆေးရုံငယ်စသည်တို့ ...ဖြင့် ညမိုးချုပ်စေကာမူ ရွာနီးခြောက်စမှ ရွာသူရွာသားတွေ ကျိုး ...ရှိသည်ကို တွေ့ရပါ၏။

ထိုကြောင့်လည်း ကိုဇေယျမောင်းသော မြင်းလှည်း ... ဖြတ်သွားဖြတ်လာမြင်းလှည်းဟု သဘောထားကာ အထူးဂရု ...ခြင်းမရှိပေ။

ည(၁၀)နာရီခွဲတွင် ကိုဇေယျ၏ မြင်းလှည်း မြို့သစ် ...ဘဲသို့ ဝင်လာခဲ့လေပြီ။

မြို့၏မြောက်ယွန်းယွန်းခန့်မောင်းခဲ့သည်။

ဦးသိန္ဓိ၏ မြို့စွန်မြို့ဖျား ခြံကျယ်တိုက်အိမ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



အဝေးမှပင် လှမ်းမြင်ရသည်။ ခြံပတ်လည်တွင် ဟိုနေရာတစ်ပွင့် ဒီနေရာတစ်ပွင့်မီးလုံးများ ထွန်းထားသည်ကိုလည်း တွေ့ရသည် သို့တစေ မြို့ငယ်များ၏ ထုံးစံအတိုင်း မီးဗို့အားမပြည့်သဖြင့် မီးလုံး အလင်းရောင်များ အားနည်းသည်။

အလွန်အရိပ်ကောင်းပြီး မှောင်ကျသောညောင်ပင် ကြီးတစ်ပင်အောက်တွင် မြင်းလှည်းကို ရပ်လိုက်သည်။ မြင်းဇော် ကြိုးကို ညောင်ကိုင်းတစ်ကိုင်းတွင် ချည်လိုက်သည်။

အမှောင်ရိပ်ကို အကာအကွယ်ယူပြီး ဦးသိဒ္ဓိ၏ ခြံ စည်းရိုးပတ်လည်ကို လိုက်ကြည့်သည်။

အုတ်စည်းရိုးပတ်လည်တစ်လျှောက်လုံး မြင့်မား မက အပေါ်တွင် ပုလင်းကွဲများ သံချွန်များစိုက်ထားသဖြင့် အု စည်းရိုးပေါ်တက်ကျော်ရန် မလွယ်ပေ။

ရှာလျှင် တွေ့သည်သာ။

အတွင်းဘက်ခြံစည်းရိုးအနီးတွင် ပေါက်နေသော သရက်ပင်ကြီး၏ ကိုင်းတချို့ကို စည်းရိုးအပေါ်မှ အပြင်သို့ကျ ရောက်နေသည်ကို တွေ့ရပါလေ၏။

အနိမ့်ဆုံးကိုင်းသည်(၈)ပေအမြင့်ခန့် ရှိမည်။

ကိုဇေယျသည် နောက်သို့ခြေလှမ်းဆုတ်ခါအရှိန်နှ ပြေးပြီး သရက်ကိုင်းကို ခုန်ဆွဲလိုက်လေသည်။

မိပါ၏။

လက်နှစ်ဖက်တွဲလောင်းမှ ဘားတန်းကစားသ တစ်ပတ်လည်ရှမ်းလှည့်ကာ သစ်ကိုင်းပေါ်သို့ တက်ရောက်ခွထိုင်



မိသည်။

"ဝေါင်း ... ဝေါင်း ..."

အင်းခွေးကြီးသုံးကောင်သည် သစ်ရက်ပင်ကိုင်း၏ လှုပ်ခါမှုကို မော့ကြည့်ပြီး ဟောင်လေသည်။

ခွေးသတ္တဝါသည် သူ့သဘာဝကိုက မျက်စိရှင်ပြီး နားပါးသည်။ အနံ့ခံလည်း သိပ်ကောင်းသည်။ သင်ကြားပေးပါက အမဲလိုက်၍ပင်ရသည်။

ကိုဇေယျသည် တင်ကြိုတွက်ချက်ထားသည့်အတိုင်း အိပ်ဆေးတွေခတ်ထားသော အသားဘူးထဲမှ ... အသားတွေကို ခွေးကြီးသုံးကောင်ရှိရာသို့ ပစ်ချကျွေးလိုက်သည်။

ခွေးတွေသည် ဆာလောင်နေသည်မို့တစ်ကြောင်း အသားဘူးမှ အသားတွေသည် အရသာရောအနံ့ရောကောင်းသော ကြောင့်လည်းကောင်း ... အငန်းမရစားကြလေတော့သည်။

ခွေးကြီးများကို ကိုဇေယျငုံ့ကြည့်သည်။

တကယ်ထွားကျိုင်းလှသော ခွေးကြီးများဖြစ်ပါ၏။ တစ်ကောင်တစ်ကောင်သည် ကျားပေါက်တစ်ကောင်လောက်ကြီး သွားလေသည်။ အကောင်ကြီးသဖြင့် သူတို့ဟောင်သံသည်ပင် ... ဝုတ် ... ဝုတ် ဟုမထွက်ပဲ ဝေါင်း ... ဝေါင်းနှင့် အာခေါင်သံကြီး ထွက်နေပါ၏။

စည်းရိုးတံခါးအတွင်းဘက်တွင် အစောင့်ဒရဝမ်တစ် ယောက်ရှိလေသည်။ အစောင့်ဒရဝမ်သည် ဤအိမ်ကြီးတွင် ပိုင် စောင့်ခဲ့သမျှ တစ်ခါမှ ဘာမှမဖြစ်ဘူးသောကြောင့် တာဝန်အရ

www.burmeseclassic.com



စောင့်သော်လည်း မျှော်ဆစွာငိုက်မြည်းနေလေသည်။

ခွေးကြီးသုံးကောင်၏ဟောင်သံအကြားတွင် အစောင့်ဒရဝမ်က တစ်ချက်လှမ်းကြည့်သေးသည်။

ခွေးတွေပြန်ငြိမ်သွားသဖြင့် သူလည်းပြန်ငိုက်လေတော့သည်။

ကိုဗေယျသည် အားလုံးကို စိတ်ရှည်စွာဖြင့်စောင့်နေပါ၏။ ကြည့်နေပါ၏။

ဆယ်မိနစ်အတွင်း၌မှာပင် အသားဘူးထဲတွင်ပါသော အိပ်ဆေးက အစွမ်းပြလေတော့သည်။ ခွေးကြီးသုံးကောင်သည် စားပြီးသွားသည်နှင့် ဟိုသွားသလိုလို ဒီသွားသလိုလိုတစ်ခဏလုပ်နေပြီးနောက် တစ်ကောင်တစ်နေရာစီလှဲချပြီး အိပ်သွားလေတော့သည်။

ကိုဗေယျသည် အမှောင်ဆုံးနေရာကိုရွေးပြီး သရက်ပင်ကိုင်းမှ စည်းရိုးအတွင်းဘက်သို့ သွားလာခဲ့ကာ လက်နှစ်ဖက်တွဲလောင်းခိုရင်းအောက်သို့ ညင်သာစွာခုန်ဆင်းလိုက်သည်။

နံရံကပ် သစ်ပင်ကွယ်ပုန်းပြီး အစောင့်အိမ်လေးသို့ အရောက်လာခဲ့ကာ ငိုက်မြည်းနေသောအစောင့်၏ ပခုံးမှမေးကြောကိုနှိပ်လိုက်ရာ အစောင့်မှ ဂူးဂူးဝါးဝါးဖြင့်ပင် သတိမေ့သွားတော့သည်။ သူသည် နှစ်နာရီခန့်ကြာအောင်မေ့သွားစေဖို့ ကိုဗေယျနှိပ်လိုက်ခြင်းဖြစ်ပါ၏။

အစောင့်၏ခါးတွင် ချိတ်ထားသော သော့တွဲကို ကိုဗေယျ ယူလိုက်သည်။



ခြံတံခါးသော့ကို အရင်ဖွင့်လိုက်သည်။ ပြန်ထွက်ပါကလွယ်ကူစေရန် ဖြစ်ပါသည်။

မှောင်ရိပ်ခိုကာ အိမ်ကြီး၏ဝင်ပေါက်ဆီသို့လာခဲ့သည်။ သံဘာဂျာတံခါးကြီးသာပိတ်ထားပြီး အတွင်းမှ သစ်သားတံခါးမပိတ်ထားပေ။

သံဘာဂျာတံခါးကြီးအပြင်ဘက်တွင် ပက်လက်ကုလားထိုင်နှင့် ဒုတိယအစောင့်ရှိနေပြန်သည်။

ဒုတိယအစောင့်က ငိုက်မြည်းခြင်းမရှိပေ။

ဆေးပေါ့လိပ်ဖွာလိုက် ရေနွေးကြမ်းသောက်လိုက်ရှိနေပါ၏။ ပေါ်တီကိုအပေါ်မှ ထွန်းထားသော မီးပွင့်ကလည်း လင်းနေသေးသည်။

ကိုဗေယျ အရမ်းဝင်၍မဖြစ် ပုန်းကွယ်ရင်းဟိုဟိုဒီဒီ မျက်စိဖြင့် တစ်ခုခုရှာဖွေကြည့်သည်။

မလှမ်းမကမ်းတွင် ဘီယာဘူးခွံနှစ်ခုကို တွေ့ရသည်။ တစ်လုံးကိုကောက်ယူကာ ဆန့်ကျင်ဘက်အမှောင်ထဲသို့ ဘူးခွံကို လွှဲပစ်လိုက်သည်။

ဘီယာဘူးခွံအောက်ကျသံ … လိမ့်သွားထွက်ပေါ်လာသည် … တံခါးစောင့်သည် မားဆွဲကာကုန်းကွကုန်းကွဖြင့် အသံကြားရာဆီသို့ သွားနေတော့သည်။

ဒုတ်။

ကိုဗေယျကြောင်တစ်ကောင်အသွားလို ခြေဖှမ်းသွက်ဖြင့်လိုက်သွားက ခါးကိုင်တံခါးစောင့်၏လည်ကုပ်ကို လက်ဝါး

www.burmeseclassic.com

www.burmeseclassic.com



စောင်းတစ်ချက် ခုတ်လိုက်သည်။

တံခါးအစောင့် အားလျားမှောက်ကြီးလဲကျသွားပါလေတော့သည်။ အချိန်အတန်ကြာအောင် သတိမေ့နေပေဦးမည်။

ကိုဧယျ သံဘာဂျာတံခါးဆီသို့ပြန်လာကာ ဆွဲတွန်း ဖွင့်ကြည့်သည်။ တပည့်များအားကိုး အစောင့်များအားကိုးဖြင့် သံဘာဂျာတံခါးမှာ အတွင်းသော့ခတ်မထားသောကြောင့် ပွင့်သွားပါ၏။

တကယ်တော့လည်း တော်ရုံလူဆိုပါက ခြံစောင့်အင်းခွေးကြီးသုံးကောင်ကိုပင် ကျော်ဖြတ်နိုင်မည် မဟုတ်ပါလေ။

ကိုဧယျ အိမ်ထဲသို့ ဝင်ခဲ့သည်။

ဦးသိဒ္ဓိအိပ်ခန်းကို အလွယ်ပင်တွေ့ရှိ၍ ဝင်ရောက်လိုက်တော့သည်။

"ဟေ့ ... ဟေ့ ... မင်းဘာကောင်လဲ"

ဦးသိဒ္ဓိသည် တစ်တောင်နှစ်ဖက်အားယူကာ ပက်လက်အနေအထားမှထရန် ကြိုးစားလိုက်စဉ်မှာပင် ကိုဧယျ၏ လက်ချောင်းငါးချောင်း၏ အကြောပညာဖြင့် ဦးသိဒ္ဓိ၏ ပခုံးပေါ် တင်ကာ ညှစ်လိုက်သည်။

ဦးသိဒ္ဓိတစ်ချက်တည်းငြိမ့်သွားပါ၏။

ဦးသိဒ္ဓိကို ပခုံးပေါ်ထမ်းကာ ကိုဧယျထမ်းလိုက်သည်။

အိတ်ထဲတွင် အသင့်ရေးယူလာခဲ့သော စာရွက်ကို ဦးသိဒ္ဓိအိပ်ရာပေါ်တွင် တင်ထားခဲ့ကာ ထပ်မံအချိန်မဖြုန်းတော့ဘဲ



အသင့်ပွင့်နေသောတံခါးများမှ ထွက်ခဲ့ပြီး ရပ်ထားသောမြင်း လှည်းဆီသို့ လာခဲ့သည်။

မြင်းလှည်းပေါ်သို့ ဦးသိဒ္ဓိ၏အတ္တဘောကြီးကို လဲလျောင်းပုံစံတင်လိုက်ပြီး ကိုဧယျအေးဆေးစွာပင် မြင်းလှည်းကို ပြန်ကွေ့ပြီး ယင်းတိုက်ရှာဘက်သို့ မောင်းလာခဲ့လေတော့သည်။

ဘေးမသီရန်မခပဲ ... မခင်နှောင်းခြံထဲသို့မြင်းလှည်းဝင်လာပြီး ကိုဧယျမောင်းလာသည်ကို တွေ့သည်နှင့် မအိပ်ပဲစောင့်နေသော မခင်နှောင်းသည်ကိုဧယျဆီသို့ အပြေးလေးသွားလေတော့သည်။

"အဆင်ပြေလားဟင် ... ကိုဧယျဘာမှမဖြစ်ဘူးနော်"

"သိပ်ပြေတာပေါ့နှောင်း ... မြင်းလှည်းနောက်ခန်းကိုကြည့်လိုက်လေ"

မခင်နှောင်းကြည့်လိုက်ရာ ဦးသိဒ္ဓိမလှုပ်မယှက်လဲလျောင်းနေသည်ကို တွေ့ရပါ၏။

"အဲဒါ ... ဘယ်လိုလုပ်မလဲဟင် ... "

"ကိုယ်ငှနေတဲ့ ဂိုဒေါင်မှာပဲ ဦးသိဒ္ဓိကိုထားမယ် နက်ဖြန်တစ်ချိန်ချိန်မှာ သူတို့ဟာ ပိုပို့ကိုခေါ်လာပြီး ဦးသိဒ္ဓိနဲ့ပြန်လဲမှာပါ နှောင်း"

"သူတို့လဲမှ လဲပါ့မလားဟင်"

"သိပ်လဲတာပေါ့နှောင်း၊သူတို့ဘက်ကကြည့်ရင် ဦးသိဒ္ဓိဟာ သိပ်တန်းဖိုးကြီးမားပြီး ... ပိုပို့က သူတို့အတွက် တန်ဖိုးမရှိတာ ... စောင့်ကြည့်နှောင်း သူတို့ဟာ ပိုပို့ဘကိုပို့ပြီး

www.burmeseclassic.com

www.burmeseclassic.com



လဲရမယ်"

"အေးအေးဆေးဆေးမလဲဘဲ ... သူတို့လူအုပ်နဲ့ သေနတ်တွေနဲ့ ဦးသိဒ္ဓိကို ဖွတ်ဝင်လုရင်ကော"

"အဲဒီအခြေအနေဖြစ်လာရင် ဦးသိဒ္ဓိကို ဓါးစာခံထားပြီး ကိုယ်ပြန်တိုက်မယ် ... နောက်ဆုံး သူတို့သိပ်ပြင်းထန်လာရင် ဦးသိဒ္ဓိကို ကိုယ်ပစ်သတ်လိုက်ရုံပေါ့ နှောင်း"

"ဒါဆို သိပ်အကြမ်းပတမ်းတွေ ဖြစ်ကုန်မှာပဲနော် ကိုဇေယျ"

"သူကြမ်းရင် ကိုယ်ကြမ်းပဲ နှောင်း၊ ကိုယ်အသေခံပြီး ကြမ်းပစ်မယ် ... စိတ်ချနှောင်းသူတို့အဲဒီလို လုံးဝမကြမ်းရဲဘူး ဦးသိဒ္ဓိဟာ သူတို့ရဲ့ အရှင်သခင်ပဲ ... အေး ... ဦးသိဒ္ဓိ ပို့ပို့ကိုပြန်လဲပေးပြီးသွားရင်တော့ သူတို့ကြမ်းချင်ကြမ်းလိမ့်မယ်"

"တကယ်လို့ ရဲကိုတိုင်ပြီး ဦးသိဒ္ဓိကိုလာထောင်ရင် ကော"

"အဲဒီလို ရဲကိုသူတို့မတိုင်ရဲပါဘူး ... ရဲကိုတိုင်ရင် ပို့ပို့ကိုပြန်ပေးဆွဲမှုပါ ပေါ်လာမှာကို သူတို့ထည့်တွက်ရမယ် ... ဦးသိဒ္ဓိအနေနဲ့ ဒုရဲအုပ်ကိုစောဦး တစ်ယောက်ကိုသာ သိမ်းသွင်းလို့ ရချင်ရမယ် ... ရဲအဖွဲ့တစ်ဖွဲ့လုံးကို သိမ်းသွင်းလို့မရပါဘူး ... ကိုစောဦးအထက်မှာ ရဲအုပ်စခန်းမှူးရှိနေသေးတာ ... ကိုစောဦးက ဒုရဲအုပ်ပဲဟာ ... နောက်ပြီး အခုကိစ္စလုပ်လာတာ ... ဘာသက်သေမှမမြင်ဘူး အစောင့်တွေဟာ ကိုယ်ဘယ်သူမှန်းမမြင်ခင်သတိမေ့သွားကြတာ ... စိတ်အေးအေးထားပေတော့ နှောင်း ... နက်ဖြန်သူတို့



လဲမှာ သေချာတယ် ... တကယ်လို့ လာမလဲရင် ကိုယ်နောက်တစ်နည်းထပ်လုပ်ဖို့လဲ စဉ်းစားပြီးသားပါ နှောင်း"

ဦးသိဒ္ဓိကို မြင်းလှည်းပေါ်မှ ထမ်းလာကာ ဂိုဒေါင်တွင်ထားလိုက်သည်။

"ကဲ ... နှောင်းသွားအိပ်တော့ ... နှောင်းစိတ်ရောလူရောပင်ပန်းလှပြီ ... အနားယူလိုက်ပါ"

နှောင်းသည်ဘာမပြော ညာမပြော ကိုဇေယျ၏ပါးပြင်ကို ရှုတ်ခနဲ နမ်းပြီး သူမ၏အိမ်သို့ပြန်သွားလေတော့သည်။ အိပ်ရာတွင် လဲလျောင်းလိုက်သည်။

နှောင်း အိပ်မပျော်ပေ။

အကယ်၍ အိပ်ပျော်သွားပါကလည်း ကိုဇေယျပါဝင်သော မင်္ဂလာအိပ်မက်လေးတွေ မက်ပါရစေဟု နှောင်း ဆုတောင်းလိုက်ပါ၏။

✡✦✡

www.burmeseclassic.com

www.burmeseclassic.com



ကိုဇေယျ၏တွက်ကိန်းသည် ဒက်ထိကြီးကို မှန်ကန်ကြောင်းတွေ့ရပါ၏။

နောက်နေ့နံနက်(၈)နာရီလောက်မှာပင် မခင်နှောင်းအိမ်ရှေ့ခြံပေါက်သို့ အက်(စ်)အီးကားဖြူကြီးတစ်စီး ထိုးဆိုက်လာလေတော့သည်။

ခြံထဲသို့မဝင်၊ခြံပေါက်ဝမှာပင်ရပ်သည်။

အက်(စ်)အီး အဖိုးတန်ကားဖြူကြီးကို အမျိုးသမီးတစ်ဦးမောင်းလာသည်ကို တွေ့ရသည်။ အခြား လူပိုတစ်ဦးမျှမပါပေ။

မခင်နှောင်းသည် အိမ်ပေါ်မှ လှမ်းကြည့်နေသည်။

ကိုဇေယျကလည်း ဦးသိဒ္ဓိကို ယခုလက်မောင်းကိုင်ကာ ... ဂိုဒေါင်ပေါက်မှ အက်(စ်)အီးကားဖြူနှင့် အမျိုးသမီးကို ကြည့်နေသည်။



"အဲဒါ ... ကျုပ်သမီး သူဇာဝိုင်းပဲ မောင်ဇေယျ ... မန္တလေး တက္ကသိုလ်မှာ နည်းပြဆရာမလုပ်နေတယ် ... ကျုပ်အကြောင်းကြားမှာလိုက်လို့ ခွင့်ထပ်ရက်ယူပြီး ဖအေဆီကို လာတာ ... မနေ့ကမှရောက်လာတာ"

ဦးသိဒ္ဓိက ကားမောင်းလာသောသူ့သမီးအကြောင်းကို ကိုဇေယျအားပြောပြနေသည်။

ကိုဇေယျက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ကြည့်မြဲကြည့်နေသည်။

ကားဖြူကြီးမောင်းသော အမျိုးသမီး၏ ဟိုဘက်ခြမ်းရှေ့တံခါးပွင့်လာသည်။

ပို့ပို့သည် ... ကားပေါ်မှဆင်းကာ အိမ်ထဲသို့ပြေးဝင်လာသည်။

"မာမာ ... မာမာ ... မာမာ"

မခင်နှောင်းလှေကားက ပြေးဆင်းလာကာ သမီးလေးပို့ပို့ကိုဆီးပြီး ပွေ့ဖိုက်ချီထားလိုက်သည်။

ပို့ပို့လက်ထဲတွင် နိုင်ငံခြားချောကလက်ပြားသုံးပြားကိုင်ထားပါ၏။

"ဘယ်လိုလဲ မောင်ဇေယျ ... ကျုပ်ပြန်သွားလို့ရလောက်ပြီ ထင်ပါရဲ့"

ကိုဇေယျကဆုပ်ကိုင်ထားသောဦးသိဒ္ဓိလက်မောင်းကို လွှတ်ပေးလိုက်သည်။

"ပြန်သွားလို့ရပါပြီ ဦးသိဒ္ဓိ ဒါပေမဲ့ ဦးသိဒ္ဓိကားပေါ်ပြန်တက်

www.burmeseclassic.com



မောင်းထွက်တဲ့အထိ ကျွန်တော် ပစ္စတို့နဲ့ချိန်ထားတယ်ဆိုတာတော့ သိထားပါဦးသိဒ္ဓိ တကယ်လို့ ကိုလှိုင်ဘွားဟာ ညဏ်နီညဏ်နက်တွေသုံးပြီး ဦးသိဒ္ဓိလွတ်လာတာနဲ့ ဝရုန်းသုန်းကားလုပ်ရင်တော့ ကျုပ်က ဦးသိဒ္ဓိကိုပဲ တကယ်ပစ်မှာ"

ဦးသိဒ္ဓိက ရယ်ပါ၏။

"စိတ်ချမောင်ဇေယျ ... လှိုင်ဘွားဟာ သံပတ်ပေးခလုတ်နှိပ်မှ လှုပ်ရှားတက်တဲ့ စက်ရုပ်ပဲ ... သူ့မှာ ညဏ်နီလည်းမရှိ ... ညဏ်နက်လည်းမရှိ ... ကျုပ်နိုင်းတာကလွဲပြီး ... သူ့ဦးနှောက်နဲ့ သူ့ဟာသူ့ဘာမှလုပ်တတ်တဲ့ကောင်မဟုတ်ဘူး ... အဲ ... တကယ်လို့ပေါ့လေ ... မောင်ဇေယျမှာ လက်ရှိအလုပ်လည်းမရှိဘူး ... အားလပ်နေတယ်ဆိုရင် ကျုပ်ဆီမှာ အလုပ်လုပ်ပါလား ... အခကြေးငွေ ကျုပ်မသတ်မှတ်ဘူး ... မောင်ဇေယျကြိုက်သလောက်သာ တောင်း ကျုပ်ပေးမယ် ... ကျုပ်မှာ မောင်ဇေယျလိုလူတစ်ယောက်ရှိရင် ကျုပ်လုပ်ငန်းတွေ နှစ်ဆပိုအောင်မြင်နိုင်တယ် ... ကဲ ... ကျုပ်ပြန်ပြီ မောင်ဇေယျ"

ဦးသိဒ္ဓိသည် ဣန္ဒြေရရပင် သူ့ကားဖြူကြီးဆီသို့ တစ်လှမ်းချင်းလျှောက်သွားသည်။

ဦးသိဒ္ဓိကားပေါ်ထိုင်မိပြီး တံခါးပြန်ပိတ်သည်။ ကားဖြူကြီး ငြင်သာစွာလိမ့်ထွက်မောင်းသွားသည်။

ထွက်မောင်းအသွားတွင် သူစာပိုင်းထိုင်သည့်ကား



ပြတင်းပေါက်မှ စာရွက်လေးတစ်ရွက် လွှင့်ပစ်ထားခဲ့သည်ကို ကိုဇေယျရော မခင်နှောင်းရောတွေ့သည်။

ကိုဇေယျက ထွက်ပြီး စာရွက်လေးကိုကောက်ယူကြည့်လိုက်သည်။

* ဦးသိဒ္ဓိကို ပိုပို့နှင့်ပြန်လဲပါ။
* **ပိုပို့ပြန်ရမှ ဦးသိဒ္ဓိကိုပြန်ပေးမည်။**
* **ပိုပို့သေလျှင် ဦးသိဒ္ဓိသေရမည်။**

မိမိရေးပြီး ထားခဲ့သောစာရွက်လေးပင်ဖြစ်နေပါ၏။ ဦးသိဒ္ဓိ၏ အိပ်ရာထက်တွင် မိမိတင်ထားခဲ့သည်။ သမီးသူ့စာပိုင်းက ၎င်းစာရွက်လေးကို ယခုပြန်ချထားခဲ့ခြင်း ဖြစ်လေသည်။

ကိုဇေယျက စာရွက်၏ကျောဘက်သို့ လှန်ကြည့်လိုက်ပြန်သည်။

စာရွက်ကျောဘက်တွင် အမျိုးသမီး၏လက်ရေးမှန်းသိသာသောရေးထားသည့်စာတမ်းလေးပါရှိသည်။ ကိုဇေယျဖတ်ကြည့်သည်။

**"စွမ်းဆောင်သွားသော အရည်အသွေးကို ချီးကျူးပါ၏"**

ဟု ... အပြာရောင်ဘော(လ်)ပင်ဖြင့် ရေးထားသောစာတမ်းကို ဖတ်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အင်းရွေးကြီးသုံးကောင်ကို အိပ်ပျော်သွားစေခြင်း။

တံခါးစောင့်နှစ်ယောက်ကို သတိမေ့စွာထားခဲ့ခြင်း ဦးသိဒ္ဓိကို အရှင်လတ်လတ် ဖမ်းယူခေါ်ဆောင်သွားခြင်းကို ချီးကျူး ပါ၏ဟု ဘုံစာပိုင်းကဆိုလိုခြင်းပေကား မသိ။

သူ့စာပိုင်းရေးသောစာကြောင်းကိုဖတ်ပြီး ကိုဇေယျ ပခုံးတစ်ချက်တွန့်လိုက်ပါ၏။

✡✦✡



## အခန်း ၁၇

အရာရာသည် ငြိမ်သက်လျက်ရှိနေသည်။

ဦးသိဒ္ဓိဘက်မှ လှုပ်ရှားမှုမရှိပါလေတော့။

မှန်တိုင်းကျခါနီး လုံးဝလေငြိမ်နေခြင်းပေလား။

ထိုးမည့်ဆင်နောက်တစ်လှမ်းဆုတ်နေခြင်းပေလား တော့မပြောတတ်။

ညည်သို့ဖြစ်စေ ကိုဇေယျနှင့်မခင်နှောင်းတို့အဖို့တော့ ထိုးကိုင်ထားပြီး သတိထားနေသည်သာ။

နေပူလျှင် ဖွင့်ဆောင်းမည်။

မိုးရွာလျှင်လည်း ဖွင့်ဆောင်းမည်။

ကိုဇေယျပြန်လည်ပြင်ဆင်လိုက်သော မော်တော် ဆိုင်ကယ်သည် ယနေ့စက်နှိုးလို့ရပြီ။

စီးလို့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ရပြီကွ မော်တော်ဆိုင်ကယ် စီးရတော့မယ်"

တိုးတိုးက ဝမ်းသာအားရထခုန်အော်ဟစ်ပြောတော့သည်။

ကိုဇေယျက ပို့ပို့ကို မော်တော်ဆိုင်ကယ်တိုင်ကီကို ခွထိုင်စေသည်။ တိုးတိုးကိုနောက်ဖင်ထိုင်ခုံတွင် ထိုင်စေပြီး ... ခြံကျယ်ကြီးထဲတွင် ပတ်ချာလည်စီးတော့ မောင်းတော့သည်။

တိုးတိုးနှင့်ပို့ပို့ပျော်နေကြသည့်ဖြစ်ခြင်း။

ထမင်းမေ့ဟင်းမေ့ သုံးယောက်သားမော်တော်ဆိုင်ကယ်စီးနေကြသည်။

မခင်နှောင်းသည် အိမ်လှေကားထစ်တွင် ပေါင်တံလေးနှစ်ဖက်စင်း ခြေတွဲလဲထိုင်ရင်း ကိုဇေယျနှင့်သားလေးသမီးလေးပျော်နေပုံကိုကြည့်ကာ ကြည့်နူးမဆုံး ပြုံး၍မဆုံးဖြစ်နေသည်။

အတန်ကြာသွားပြီးမော်တော်ဆိုင်ကယ်ကိုကိုဇေယျက ထိုင်နေသောမခင်နှောင်းအနီးတွင် ရပ်လိုက်သည်။

"ကဲ ... တိုးတိုးနဲ့ပို့ပို့ခဏဆင်း မာမာကိုတစ်လှမ်းပေးစီးမယ်လေ"

"ဟုတ်တယ် ... ဟုတ်တယ် ... မာမာအလှည့်"

တိုးတိုးက နောက်ခုံမှခုန်ဆင်းလိုက်သည်။ ပို့ပို့ကို ကိုဇေယျက ပွေ့ချီချပေးသည်။

"လာ ... နှောင်း"

"ဟွန်း ... ကိုဇေယျကလည်း ရှက်စရာကြီး"

တိုးတိုးကပင် ဝင်ပြောသည်။



"အမယ် ... မာမာက ခုမှဘာရှက်တာလဲ ... ဒီဒီရှိတုန်းက ဒီဒီနောက်မှာ မာမာအမြဲလိုက်စီးနေကျပဲဟာ"

ဒါတော့မှန်သည် ကိုအောင်ဌေးမော်တော်ဆိုင်ကယ်စီးသည့်အခါ တစ်ခါတစ်ရံ မခင်နှောင်းက နောက်မှထိုင် ... ကိုအောင်ဌေး၏ခါးကိုဖတ် ပခုံးကိုကိုင်ဖြင့် စီးခဲ့သည်။

"ဒါကတော့ကိုအောင်ဌေးက ကိုယ့်ခင်ပွန်းပေကိုး"

ယခု ကိုဇေယျနှင့် ချစ်ကြပြီဆိုစေကာမူ လူသိရှင်ကြားတရားဝင်လက်ထပ်ရသေးသည်မဟုတ် ပတ်ဝန်းကျင်ကို မခင်နှောင်းရှက်နေသည်။

မခင်နှောင်းရင်ထဲတွင် ဘာလို့ရှက်နေသည်ကို ကိုဇေယျသဘောပေါက်လေသည်။ နှောင်းအနေနှင့် မိမိကို လက်ထပ်ချင်နေပြီ။

မိမိကလည်း ချစ်စွာသောနှောင်းကို ခုချက်ချင်းပင်လက်ထပ်လိုပါ၏။

သို့သော် ...

မိမိဘဝမှာ မရေရာ။ ဥပဒေစက်ကွင်းမှ ထွက်ပြေးလာသူ တစ်ယောက်သာဖြစ်နေသည်။ ဘယ်နေ့ရဲ့အဖမ်းခံရမည်မသိ၊အဖမ်းခံရသည်နှင့် ကြိုးဒဏ်လား ကျွန်းဒဏ်လား၊ထောင်ဒဏ်လား အပြစ်ခံရပေမည်။

မိမိနှောင်းအပေါ်တွင် ထားရှိသည့်စစ်မှန်သောမေတ္တာစေတနာကြောင့် နှောင်းအား ဒုတိယအကြိမ် မုဆိုးမလေးထပ်မဖြစ်စေလို။ ဒုတိယအကြိမ် လင်ကွဲမလေး မဖြစ်စေလို။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... လာပါနှောင်း ခြံပြင်ထွက်စီးတာမှ မဟုတ်တာ ခြံထဲပတ်စီးမှာပါ"

မခင်နှောင်းနောက်ခုံတွင် ခြေနှစ်ဖက်ဘေးချ ကိုဇေယျပခုံးနှစ်ဖက်ကိုကိုင်ပြီး တက်စီးပါ၏။

ခြံပတ်၍ပင် စီးကြသည်။

မခင်နှောင်း သိပ်ပျော်ပါ၏။ သိပ်ကြည်နူးပါ၏။

ကိုဇေယျကိုယ်တိုင်နှောင်းကိုတင်စီးရသည့်အတွက် အရမ်းပျော်ပါ၏။

အကယ်၍ နောက်ကြောင်းရှင်းလျှင် ယင်းတိုက်ရွာမှာပင် နှောင်းကိုလက်ထပ်ပြီး နှောင်းရယ်ကိုယ်ရယ် တိုးတိုးနှင့်ပို့ပို့ရယ် ရာသက်ပန် အတူတူပျော်ပျော်ပါးပါး နေလိုမိပါ၏။

မော်တော်ဆိုင်ကယ်စီးကြပြီးနောက် ကိုယ်စီရေမိုးချိုးသန့်စင်ကာ နံနက်စာထမင်းဝိုင်းကြတော့သည်။ စားရင်းပင် ကိုဇေယျက ပြောသည်။

"ကဲ ... မော်တော်ဆိုင်ကယ်တော့ ကောင်းသွားပြီ ... နှောင်းရဲ့ဆန်စက်ကိုလည်းကိုယ်အားလုံး လျှောက်ကြည့်စစ်ဆေးပြီးပြီ ... ဆန်စက်က အားလုံးကောင်းနေတာပဲ ဘွိုင်လာရေဖြည့် မီးဖိုမောင်းရင် လည်နိုင်တဲ့ အခြေအနေမှာရှိတယ် ... အဲ ... ငါးပုံကျောက်နဲ့ဆန်ဖြူကျောက်ကိုတော့ ဆေးသားထပ်တင်ဖို့ လိုမယ်"

"ကိုဇေယျ ... ငါးပုံနဲ့ဆန်ဖြူကျောက်ကို ဆေးတင်တတ်သလား"



ကိုဇေယျ ခေါင်းညိတ်ပြသည်။

"ကိုယ်တတ်ပါတယ် ဆန်စက်တစ်ခုရဲ့ရှေ့ပိုင်းရော နောက်ပိုင်းရောကိုယ်လုပ်တတ်ကိုင်တတ်ပါတယ် နှောင်း" ...

ဆန်စက်၏ရှေ့ပိုင်းဆိုသည်မှာ ငါးပုံ၊ဆန်ဖြူ၊ဘိလပ်ကာ၊ အယ်လီဗေတာ စသည်များက စပါးမှ ဆန်ဖြစ်သည်အထိ လည်ပတ်လှုပ်ရှားပေးသော အပိုင်းကိုဆိုလိုသည်။

ဆန်စက်၏နောက်ပိုင်းဆိုသည်ကတော့ ဘွိုင်လာပိုင်း အင်ဂျင်ပိုင်းကိုဆိုခြင်းဖြစ်ပါ၏။

"အခုနေနှောင်းရဲ့စက်ကို ပြန်လည်မယ်ဆိုရင် နဝလီကြိတ်ခွဲလာမယ့်သူတွေကော ရှိမလား"

"ရှိတာပေါ့ကိုဇေယျ ... ယင်းတိုက်ရွာက လယ်သမားတွေရော ရွာနီးချုပ်စပ်က လယ်သမားတွေရော စပါးဝယ်ဆန်ကြိတ်ရောင်းတဲ့ကုန်သည်တွေရော အများကြီးရှိတယ် ... ခင်နှောင်းနဲ့ကိုအောင်ဌေးရဲ့ ဖောက်သည်ဟောင်းတွေပဲ၊ အခု ကိုအောင်ဌေးဆုံးပြီးတဲ့နောက် ခင်နှောင်းကဆန်စက်ကိုပိတ်ထားတော့ သူတို့အားလုံး မြို့သစ်မြို့က ဆန်စက်မှာ သွားကြိတ်ခွဲနေရတယ်၊သွားစရိတ်လာစရိတ်နဲ့ သယ်ယူပို့ဆောင်စားရိတ်တွေ သိပ်ကြီးသွားတာပေါ့ ... ခင်နှောင်းဆန်စက်မှာဆိုရင် ယင်းတိုက်ချောင်းက လှေသမ္ဗန်တွေ နဲ့လာပြီး ဆန်စက်ဘေးကမ်းကပ်ရုံပဲ ... ကုန်းလမ်းလှည်းနဲ့လာတဲ့လူဆိုလည်း အများကြီးခရီးပိုနည်းသွားတယ် ... သူတို့အတွက် စရိတ်ကျဉ်းသွားတယ် ကိုဇေယျ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မှာ ငွေသုံးသိန်းပါလာတယ် ... အဲဒီငွေကို နှောင်း သုံးပြီး ဦးချစ်မောင်နဲ့ရှယ်ယာစပ်ပြီး ဆန်စက်ပြန်လည်ဖ လား ... စက်ကထွက်လာတဲ့ ဆန်ရော ... ဆန်ကွဲရော ဖွဲ နုရောရောင်းရသမျှ ... ဦးချစ်မောင်နဲ့ ငွေအချိုးကျ အမြတ် ခွဲယူလေ"

မခင်နှောင်းက ကိုဓေယျ၏မျက်နှာကို အားမလို အားမရ အကြည့်မျိုးဖြင့်ကြည့်ပြီး ပြန်ပြောပါ၏။

"ဦးချစ်မောင်နဲ့စပ်စရာ ... ရှယ်ယာလုပ်စရာလိုလို့လား ကိုဓေယျ ... ခင်နှောင်းမှာလည်း မြို့သစ်မြို့ဘဏ်မှာအပ် ထားတဲ့ငွေတွေလုံလုံလောက်လောက်ရှိနေတာပဲ ... ကိုဓေယျသာ ဦးဆောင်ပြီးလုပ်ပေးရင် ဘဏ်ကငွေလိုသလောက် ခင် နှောင်းထုတ်ယူလိုက်နိုင်တာပဲဟာ ... အခုစက်ပိတ်ထား ရတာက ခင်နှောင်းကိုယ်တိုင် ကလေးနှစ်ယောက်တာဝန် နဲ့ရော ... မိန်းမသားအနေနဲ့လုပ်ရတာ ... အဆင်မပြေတာ ကြောင့်ရော စက်ပိတ်လိုက်တာ ... ကိုဓေယျခေါင်းဆောင် ပြီး လုပ်ပေးပေါ့"

မခင်နှောင်း၏စကားကို အဆုံးအဖြတ်ပေးရလျှင် သူမအားမိမိက လက်ထပ်ပြီး သူမ၏ခင်ပွန်းအဖြစ် အစစအရာရာ သူမ၏မိသားစုအိမ်ထောင်၌ ဦးစီးစေလိုမှန်း ကိုဓေယျသိပါ၏။

နှောင်းမိမိကို တစ်မျိုးအထင်လွဲမသွားစေရန် ကိုဓေ ယျ ဖွင့်ပြောသင့်ပြီဟု ဆုံးဖြတ်လိုက်သည်။

"ကိုယ် ... နှောင်း ကိုလက်ထပ်ချင်ပါတယ် နှောင်း ချစ်



ချင်းကြီးကိုလက်ထပ်ချင်လောက်အောင်ကိုလည်း နှောင်း ကိုကိုယ်ချစ်နေတာပါ ... ဦးသိဒ္ဓိရန်နိုင်ရော တိုးတိုးနဲ့ပို့ပို့ တို့အတွက် ရှေ့အရေးတွေရော ကိုယ် နှောင်းမိသားစုရဲ့ ခင်ပွန်းဖခင်နေရာမှာ တကယ်နေချင်တယ် ... ဒါပေမဲ့ ... "နှောင်ကို ကိုယ်လက်ထပ်လိုက်ခြင်းအားဖြင့် နှောင်းပဲ နစ်နာသွားမလားဆိုပြီး လက်ထပ်ဖို့ ဖွင့်မပြောတာပါ"

"လက်ထပ်လိုက်ရင် ခင်နှောင်းမှာ ဘာလို့နစ်နာသွားမှာလဲ ကိုဓေယျ"

ကိုဓေယျချက်ချင်းမဖြေဘဲ ... စားသောက်နေသော တိုးတိုးဘက်သို့ လှည့်ကြည့်သည်။

တိုးတိုးရှေ့တွင် ကိုဓေယျသည် သူအကြောင်းမှန် တွေမပြောလိုပေ။ မိမိအကြောင်းမှန်တွေ တိုးတိုးကြားသိသွားပါ က မိမိပေါ်အထင်သေးသွားမှာ သိပ်စိုးရိမ်သည်။ မိမိအပေါ်တွင် တိုးတိုးအချစ်လျော့သွားမည်ကိုလည်း စိုးရိမ်မိသည်။ တိုးတိုးသည် အသက်(၈)နှစ်ဆိုစေကာမူ အရာရာတွင် သိလွယ်သောနားလည် သောကလေးဖြစ်နေပါ၏။

ပို့ပို့က အရင်စားပြီးသွားသည်။

တိုးတိုးလည်း သူစားသည်ကို လက်စသိမ်းလက် ဆေးလက်သုတ်ပြီး ...

"လာဟေ့ ... ညီမလေး ... ခြံထဲဆင်းဆော့ရအောင်"

ပို့ပို့က ဘာမဆိုအစ်ကို၏နောက်လိုက်မလေးပီပီ တိုးတိုးခေါ်ရာသို့ လိုက်ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးသည် သူမ၏မာမာနှင့် မိမိတို့ လက်ထပ်ရေးကိစ္စဆက်ပြီး လွတ်လပ်စွာပြောနိုင်စေရန် သူ့ညီမလေးကို တမင်ခေါ်ပြီး ရှောင်ထွက်သွားခြင်း ဖြစ်နိုင်ပါ၏။

"ကဲ ... ဆက်ပြောကိုဗေယျ ... ကိုဗေယျကို ခင်နှောင်း 'လက်ထပ်ရင် ခင်နှောင်းနစ်နာမှာ စိုးရိမ်တယ်ဆိုတာလေ ခင်နှောင်းဘာလို့နစ်နာမှာလဲ ... အခုကိုဗေယျရောက်လာတာ ခင်နှောင်းတို့သားအမိကို ကာကွယ်ပေးနေတာပဲဟာ"

"ကိုယ် ... နှောင်းကို တိုတိုနဲ့လိုရင်းကိုပဲ ပြောမယ်နှောင်း ကိုယ်ဟာလူသတ်ဝရမ်းပြေးဘဝနဲ့ နှောင်းတို့ဆီကို ရောက်လာတဲ့လူတစ်ယောက်ပဲ ... "

"အယ်"

"ကိုယ့်ကို အထင်သေးသွားပြီလား နှောင်း"

မခင်နှောင်းက ဦးခေါင်းလေးယမ်းပြသည်။

"အထင်သေးမသွားပါဘူး။ အံ့ဩသွားတာပါ ကိုဗေယျလို အင်မတန်စိတ်ထားကောင်းပြီး ... ကြင်နာတတ်တဲ့လူတစ်ယောက်ဟာ လူသတ်ဝရမ်းပြေး ဘယ်လိုဖြစ်နိုင်မှာလဲလို့ပါ ကိုဗေယျဘယ်သူ့ကို ဘာလို့သတ်မိတာလဲဟင်"

"ကိုယ့်ဇနီး 'စိမ်း' ကိုပဲနှောင်း"

"ဟင်း ... ကိုယ့်ဇနီးကိုပဲ"

"ဘာလို့"

"စိမ်းက ကလေးမယူတဲ့ကိစ္စနဲ့ပေါ့လေ ... အဲ ကလေးမယူတာနဲ့ပတ်သက်ပြီး တစ်ယောက်တစ်ခွန်းစကားထများ



တာဆိုတာကတော့ နောက်ဆုံးဖြစ်သွားတဲ့ကိစ္စဆိုပါတော့ တကယ်တော့ လက်ထပ်ပြီးတဲ့နောက်မကြာခင်ကပဲ သူက ကိုယ့်ကိုမကျေနပ် ကိုယ်ကသူ့ကိုမကျေနပ်ကြတဲ့ ဝမ်းတွင်း မကျေနပ်တာတွေကတော့ သူ့ရင်ထဲမှာရော ကိုယ့်ရင်ထဲမှာရော အစိုင်အခဲဖြစ်နေတာကြာပြီ ဆိုပါတော့ ... ရန်ဖြစ်တဲ့နေ့က စိမ်းကခေါင်းအုံးအောက်ကသေနတ်ကို ယူပြီး ကိုယ့်ကိုပစ်မလို့ ဒါကို ကိုယ်ကအတင်းသေနတ်ဝင်လုတာ လုရင်း သေနတ်ကျည်ဆန်ထွက်သွားပြီး စိမ်းရင်ဘတ်ထိသွားတယ်၊ လဲကျသွားတယ် ... မလှုပ်တော့ဘူး"

"သေရောလား ကိုဗေယျ"

"ဒါတော့မသေချာဘူး၊ ရှေ့ဒီစာဖတ်ကြည့် နှောင်း ဒီစာဟာ စိမ်းကို ကိုယ့်သေနတ်နဲ့ပစ် ထွက်ပြေးခဲ့ပြီးမှ ကိုယ့်ညီဆီက ငွေတွေနဲ့ရော ဒီသေနတ်ရောအတူပေးပို့လိုက်တာပဲ ... "

မခင်နှောင်းစာကိုယူဖတ်ကြည့်ပါ၏။

"စာထဲမှာတော့ ... ကိုဗေယျဇနီးသေဆုံးသွားတယ်လို့ မရေးထားပါဘူးနော်"

"သေမယ်ရှင်မယ် မဆုံးဖြတ်နိုင်သေးဘူး ဆရာဝန်ကဆေးကုသဆဲလို့ရေးထားတယ်နှောင်း သူသေသွားရင် လူသတ်မှုပဲ ... သူမသေလည်းသေနတ်နဲ့ပစ်မှုအတွက်ကတော့ ကိုယ့်အပေါ်အမှုပတ်မှာပဲ ... အခုကိုယ်လွတ်နေသေးတာဟာ မြို့သစ်မြို့ရဲ့စခန်းကို ကိုယ့်သတင်းမရောက်သေးလို့ ... ကိုယ့်ကိုမဖမ်းသေးတဲ့သဘောပဲ"

www.burmeseclassic.com

www.burmeseclassic.com



မခင်နှောင်းသက်ပြင်းချရပါ၏။

"ကိုယ်ဒေါက်လျှောက်ထွက်ပြေးလာခဲ့တာပဲ နှောင်း ... တောလမ်းတောင်လမ်းတွေကချည်း ပုန်းလျှိုးပြီးပြေးခဲ့တာ ... ဒါပေမဲ့ မိုးပျောက်တောထဲမှာ တိုးတိုးလေးနဲ့စဉ်းစားမိတာက နှောင်းတို့မိသားစုအားလုံးအပေါ်မှာ ခင်မင်ရာက သံယောဇဉ်ဖြစ်သွားလို့ ကိုယ်ဘယ်လိုမှထပ်မပြေးနိုင်ဖြစ်နေတာ ... ပထမကိုယ့်စိတ်ကူးက ဟိုဘက်နိုင်ငံရောက်တဲ့အထိ ပြေးဖို့ပဲ ... ကိုယ်ဒီမှာနေသရွေ့တော့ နှောင်းတို့ကိုအတတ်နိုင်ဆုံး စောင့်ရှောက်ကာကွယ်ပေးဖို့ ဆုံးဖြတ်ထားတယ် ... နှောင်းအတွက်လည်း အကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့ချင်တယ် ... ဒါကြောင့် ဦးချစ်မောင်နဲ့ ပါတနာလုပ်ပါ လို့ကိုယ်ပြောရတာပဲ နှောင်း ... ကဲ ... ကိုယ်မြို့သစ်မြို့ကိုသွားတယ် ... ကျောက်ဆေးနဲ့လိုအပ်တာတွေသွားဝယ်မယ်"

ခင်နှောင်းခမျာ ခေါင်းညိတ်ပြရုံကလွဲပြီး တခြားဘာအကြံမှ မပေးတတ်ပါလေ။

ထမင်းစားသောက်ပြီး ... နေ့ခင်း မောင်နှမနှစ်ယောက်အိပ်နေစဉ်မှာပင် မော်တော်ကားကိုယူကာ ကိုဇေယျမြို့သစ်ဘက်သို့ မောင်းလာခဲ့သည်။

ယင်းတိုက်မှ မြို့သစ်မြို့အစွန်ပိုင်းသို့ မောင်းဝင်ရာတွင် ဦးသိဒ္ဓိ၏ ပစ္စည်းမျိုးစုံသိုလှောင်ထားသော ဂိုဒေါင်ကြီးများကို ဖြတ်ကျော်ရပါ၏။



ယင်းဂိုဒေါင်လမ်းသို့ ... ဖြတ်မောင်းစဉ် အမျိုးသမီးတစ်ဦးသည် ဂိုဒေါင်ထဲမှ ထွက်လာကာ ကိုဇေယျမောင်းလာသောကားကိုလက်တားပြီး ရပ်ခိုင်းလေသည်။

ကိုဇေယျက ရပ်ပေးရင်း အမျိုးသမီးကို သေချာစွာကြည့်လိုက်သည်။

သူဇာဝိုင်းဖြစ်နေပါ၏။

ဦးသိဒ္ဓိ၏တစ်ဦးတည်းသောသမီး မသူဇာဝိုင်းဖြစ်နေလေတော့သည်။

✡✦✡

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၈

"ဩ ... ဩ ... တားမဲ့တားမိတော့လည်း ကိုဧယျမောင်း လာတဲ့ကားကိုမှ တားမိလျက်သားဖြစ်သွားတာကိုး"

သူဇာဝိုင်းက ကားရပ်ပေးမှ ကားမောင်းသူ ကိုဧယျကို သေချာစွာကြည့်ကာ အရယ်အမောလေးနှင့် သောသောလေး ပြောလိုက်ခြင်းဖြစ်လေတော့သည်။

သူမသည် နဂိုရုပ်ကိုယ်တိုင်ကချောမောလှပသည် ရယ်ကာမောကာ ပြုံးကာ ပြောသောအခါပို၍ပင်လှပချောမောပါ၏။

လမ်းလျှောက်ပုံမှာလည်း ခြေကားခြင်း၊ခြေလိမ်ခြင်း ဝေ့ဝိုက်ခြင်းမရှိ ပကတိကြည့်ကောင်း ခြေအလှမ်းတို့သည် သိပ်ကြည့်ကောင်းပါ၏။ ကြားဘူးနားဝနှင့်တင်စားချက်ပြုရလျှင် ဆင်မသန်သာခြေလှမ်းပုံစံမျိုးဟု ပြောရမလားမပြောတတ်။



"မနက်ကအိမ်ကကားနဲ့ ဒီဂိုဒေါင်ပစ္စည်းစာရင်းတွေကို လာစစ်တာလေ ... ဖေဖေသွားစရာရှိလို့ ကားကိုပြန်လွှတ်ပေးလိုက်တယ် ... ပစ္စည်းစာရင်းစစ်တာကပြီးသွားပြီ ... အိမ်ကကားကအခုထိမလာသေးဘူး၊ ဝိုင်းကပြန်ချင်ပြီ ... ဂိုဒေါင်ထဲမှာသိပ်အိုက် သိပ်မွန်းလို့ပေါ့။ ဘတ်(စ်)ကားစီးဖို့ကျတော့လည်း တိုးတိုးဝှေ့ဝှေ့ရော အတက်အဆင်းရော စိတ်ပျက်စရာ ... ဒါကြောင့်ကြုံတဲ့ပရိုက်ဗိတ်ကားကို လက်တားပြီး မြို့ထဲလိုက်ချင်လို့ လက်တားကာ ကိုဧယျနဲ့ ပက်ပင်းဆုံလိုက်တာလေ"

ကိုဧယျက တစ်ခွန်းမှပြန်မပြောသေးဘဲ သူဇာဝိုင်းကိုသာကြည့်နေသည်။ အကဲခတ်ကြည့်သည့်သဘောမျိုးကြည့်ခြင်း ဖြစ်လေသည်။

ပြီး သူဇာဝိုင်းထွက်လာသော ဂိုဒေါင်ကိုလည်း လှမ်းကြည့်သည်။ ဂိုဒေါင်ထဲတွင် အသက်(၅၀) အရွယ်ခန့်လူကြီးတစ်ယောက်ထိုင်ကာ ဆေးပေါ့လိပ်သောက်နေသည်ကို တွေ့ရသည်။ ဂိုဒေါင်စောင့်ဖြစ်ပေမည်။ ရိုးရိုးကြီးပုံစံဖြစ်သည် လျှိုင်ဘွားဇင် တပည့်တွေပုံစံမျိုးမဟုတ်

"ဘယ်လိုလဲ ကိုဧယျ ဝိုင်းကထိုက်ချင်လို့ ဒီလောက်စကားတွေအရှည်ကြီးပြောနေတာ ကိုဧယျက လိုက်ခဲ့ပါလို့ဖိတ်ခေါ်သင့်တယ်ထင်ပါတယ်နော်"

"စိတ်တော့မရှိပါနဲ့ မသူဇာဝိုင်း အခုကျွန်တော့်ကားနဲ့လိုက်မယ်ဆိုရင် မသူဇာဝိုင်း ပခုံးလွယ်ထားတဲ့စလင်းဘက်အိတ်

www.burmeseclassic.com

www.burmeseclassic.com



ကို ကျေးဇူးပြုပြီးဖွင့်ပြပါလား သေနတ်တစ်လက်တလေ များပါနေမလားလို့ပါ သေနတ်ကိုတော့ … ကျွန်တော်က ကြောက်တတ်တယ်လေ”

သူဇာဝိုင်းထပ်မံရယ်ပြန်သည်။

“ကဲ … ကြည့် … အကုန်ကြည့်”

သူဇာဝိုင်းက စလင်းဘတ်အိတ်လေးကို မြှောက်ပြီး ဗျိုခနဲ … ဗျိုခနဲ … အိတ်၏ဇစ်များကို ဆွဲဖွင့်ပြလေသည်။

ငွေစက္ကူတစ်ထပ်၊နှုတ်ခမ်းနီ၊ကရင်းပတ်၊သော့တွဲ ရေမွှေးပုလင်းလက်ကိုင်ပဝါ စသည်တို့ကို သာတွေ့ရပါ၏။

“တက်ပါ … မသူဇာဝိုင်း”

သူဇာဝိုင်းက ကားခေါင်းကိုပတ်ကွေ့လျှောက်ပြီး ကိုဇေယျ၏ ဘေးကူရှင်တွင် တံခါးဖွင့်ဝင်ထိုင်ပြီးသည်နှင့် ကိုဇေယျ ကားပြန်မောင်းထွက်သည်။

“မြို့သစ်မြို့က ဦးသိဒ္ဓိ ရဲ့သမီးဖြစ်နေတဲ့ မသူဇာဝိုင်းကိုတော့ ပိုက်ဆံအိတ်ထဲမှာ … သေနတ်တစ်လက်မပါနိုင်ဘူးလို့ ကျွန်တော် ဘယ်ယုံကြည်ရဲမလဲဗျာ”

“အင်း”

သူဇာဝိုင်းထံမှ 'အင်း' ဟုလေရှည်ဆွဲပြီးငြီးသံသဘော ထွက်လာသည်။ ကိုဇေယျပြောသည်ကိုလက်ခံသည့်သဘောမျိုး ဖြစ်ဟန်တူပါ၏။

“ဒါပေါ့လေ … ဒါပေါ့ … ဖေဖေနဲ့ပတ်သတ်တယ်ဆိုတော့ ကိုဇေယျဒီလိုပဲမြင်မှာပေါ့ … ဖေဖေကြောင့်ခက်တယ်



ကိုဇေယျ”

“အဲဒါ … အမှန်ပဲ … ဦးသိဒ္ဓိကြောင့် မခင်နှောင်းမှာရော ဦးချစ်မောင်မှာရော တော်တော်အခက်တွေ့နေကြတယ်။ အဲဒါတွေ မသူဇာဝိုင်းသိပြီးသားတွေ ဖြစ်နေမှာပါ ပိုပိုလေး ကိုပြန်ပေးဆွဲထားတာကိုတောင် မသူဇာဝိုင်းကိုယ်တိုင် ကားမောင်းပြီးပြန်လိုက်ပို့တာပဲ”

“အဲဒီကိစ္စတွေ ဝိုင်းဂယ်နဏာမသိတာ အမှန်ပဲ ကိုဇေယျ ဝိုင်းက မန္တလေးမှာနေတာကိုး … ဝိုင်းသိတာက ဖေဖေဟာ မြို့သစ်မြို့မှာ ကြီးကျယ်ခမ်းနားတဲ့ဟိုတယ်ကြီးတစ်ခု ဆောက်ဖို့ လုံးပန်းနေတယ်ဆိုတာလောက်ပဲသိတယ်၊အခု အခေါက်မှာ ဖေဖေကခွင့်ယူပြီးပြန်လာခဲ့စမ်းဆိုလို့ ပြန်လာ မှ မခင်နှောင်း ဦးချစ်မောင်တို့ခြံမြေကိစ္စနဲ့ ဖေဖေပတ်သတ် နေတာကိုသိရတာပါ အဲ … ဝိုင်းကိုဖေဖေလှမ်းခေါ်လိုက် တာလဲ အဲဒီဟိုတယ်ဆောက်ဖို့ မြေနေရာကိစ္စတိုင်ပင်ချင် လို့ပဲတဲ့ … ”

“သြော် … သြော် … ”

ကိုဇေယျတုံ့ပြန်ပုံက စကားအလိုက်အထိုက်ပြော သည့်သဘောသာသက်ဝင်နေသောကြောင့် သူဇာဝိုင်းက ကိုဇေယျ မောင်းနေသည့်ဘက်သို့ ကိုယ်တစ်ခြမ်းစောင်းလှည့်ကာ မေးလိုက် သည်။

“ကိုဇေယျက ဝိုင်းကိုပြန်မေးဖို့ကောင်းတယ်”

“ကျွန်တော်က ဘာပြန်မေးဖို့ကောင်းတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်းဖေဖေက ဝိုင်းကိုပြန်ခေါ်ပြီး ဘာတွေများတိုင်ပင်သလဲလို့ပေါ့"

"ဒါကမသူဇာဝိုင်း သားအဖရဲ့အတွင်းရေးနဲ့ကိုယ်ရေးကိုယ်တာတွေပဲ"

"ဟုတ်ပါတယ် ... ဒါပေမဲ့ ဖေဖေနဲ့ဝိုင်းတိုင်ပင်ကြတဲ့အထဲမှာ ကိုဧယျှဟာ အဓိကကျတဲ့နေရာကပါနေလို့ပဲ ... ဒါထက် ... ကိုဧယျှအရင်ကတည်းက ... ဝိုင်းကိုသိနေသလား ... ဝိုင်းကို အခုတွေ့တာနဲ့ ဝိုင်းဟာဘယ်သူပါလို့ မပြောဘဲနဲ့ ဝိုင်းကို ဖေဖေရဲ့သမီး သူဇာဝိုင်းမှန်းသိနေသလားလို့"

"မသူဇာဝိုင်းကလည်း ကျွန်တော့်ကို မြင်မြင်ချင်း 'ဧယျှ' မှန်းသိနေတယ် ဟိုတုန်းက ကျွန်တော့်ကို မသူဇာဝိုင်း သိနေသလား"

"ဟိုအရင်က မသိခဲ့ပါဘူး အခုဒီရောက်မှ ဖေဖေနဲ့တိုင်ပင်တဲ့အထဲမှာ ကိုဧယျှအကြောင်းက အဓိကပါနေလို့ ကိုဧယျှမှန်း ဝိုင်းသိရတာပါ ပြီး ပိုပိုလေးကိုပြန်ပို့တော့ ဖေဖေနဲ့ ကိုဧယျှ ဂိုဒေါင်ဝမှာစကားရပ်ပြောနေတာကို ဝိုင်း လှမ်းမြင်ပြီး ကိုဧယျှရုပ်ကို မြင်ဖူးသွားတာပါ"

"ကျွန်တော်လည်း မသူဇာဝိုင်းကို မသိဘူး မမြင်ခဲ့ဘူးပါဘူး ဦးသိဒ္ဓိအကြမ်းဖက်မှုတွေကြောင့် ... မခင်နှောင်းက ဦးသိဒ္ဓိအကြောင်းပြောရင် ဦးသိဒ္ဓိမှာ မသူဇာဝိုင်းဆိုတဲ့သမီးတစ်ယောက်ရှိမှန်းသိရတာပါ ... ပိုပို့ကိုလာပို့တုန်းက မသူဇာ



ဝိုင်းကိုကျွန်တော်ပထမဆုံး မြင်ဖူးတာပါ ... အဲ ... ဦးသိဒ္ဓိ မသူဇာဝိုင်းသားအဖ မြေကီစွတိုင်ပင်တဲ့အထဲမှာ ကျွန်တော်က ဘာလို့အဓိကဖြစ်တယ်ဆိုတဲ့စကားကို ကျွန်တော်နားလည်အောင် မသူဇာဝိုင်းရှင်းပြမလား"

"အင်း ... ဖေဖေဟာ တော်တော်ချမ်းသာနေပါပြီကိုဧယျှ ဝိုင်းကြွားပြောတာမဟုတ်ဘူးနော် ... ဝိုင်းပြောမယ့်စကားထဲမှာ 'ဖေဖေချမ်းသာနေတာကိုလိုအပ်လို့ ထည့်ပြောတာ"

"ကျွန်တော်သဘောပေါက်ပါတယ် ... ဆက်ပြောပါ"

"ဖေဖေချမ်းသာလာခဲ့တာလည်း ကိုယ့်အတွက်အမြတ်များများရပြီး အကျိုးရှိတဲ့အလုပ်ဆိုရင် ဘာအလုပ်ကိုဖြစ်ဖြစ်လုပ်လို့ချမ်းသာလာတာပဲ ... အကျိုးများများရှိမယ့်အလုပ်ဆိုရင် ဖေဖေဟာ ဘယ်လောက်အခက်အခဲတွေ့တွေ့ နောက်မဆုတ်ပဲ ရှေ့တိုးလုပ်ခဲ့တာချည်းပဲ ... လုပ်သမျှလည်း အောင်မြင်ခဲ့တယ်ပေါ့ဒယ်"

"အင်း ... ဦးသိဒ္ဓိလုပ်တာတွေများ များသောအားဖြင့်တော့ ဥပဒေနဲ့ဆန့်ကျင်တဲ့လုပ်ငန်းမျိုးတွေလုပ်တာဖြစ်မှာပေါ့ ... ဒီခေတ်ထဲမှာ အဲဒီလိုအလုပ်တွေပဲ ချမ်းသာသွားတာပဲဟာ"

"ကိုဧယျှ ... ဘာလို့ ဖေဖေ့ကို အဲဒီလိုစွတ်စွဲနိုင်သလဲ"

"ဦးသိဒ္ဓိနဲ့ ကျွန်တော်ဟာ နှစ်ချီသုံးချီလောက် နှစ်ပါးသွားခဲ့ကြပြီး မသူဇာဝိုင်း၊ ဒီတော့လည်း ဦးသိဒ္ဓိအကြောင်းကို ကျွန်တော်သိသင့်သလောက်သိလာတယ် ဆိုပါတော့"

"ဖေဖေနဲ့ကိုဧယျှ နှစ်ပါးသွားခဲ့တယ်ဆိုတာ ဘာကိုဆိုလို

www.burmeseclassic.com

www.burmeseclassic.com



တာလဲ ကိုဇေယျ"

ကိုဇေယျက သူ့စကားကိုသူ့ဟာသူပင် ပြုံးလိုက်ပါ၏။

"ဇာတ်ပွဲတွေထဲမှာ မင်းသားနဲ့မင်းသမီးနှစ်ပါးသွားတာကို မသူဇာဝိုင်မြင်ဖူးမှာပေါ့"

"မြင်ဖူးပါတယ်"

"အဲ ... နှစ်ပါးသွားကပြတဲ့ အချိန်မှာတော့ မင်းသားနဲ့ မင်းသမီးဟာ ကမ္ဘာပေါ်မှာ အချစ်ဆုံးလင်မယားအနေနဲ့ သရုပ်ဆောင်သွားတယ် မဟုတ်လား"

"ဟုတ်ပါတယ်ကိုဇေယျ"

"အဲ ... နှစ်ပါးသွားခန်းလည်း ကပြလို့ ပြီးသွားရောကန့်လန့်ကာနောက်မှာ မင်းသားကလည်း သူ့နေရာသူပြန်နေ မင်းသမီးကလည်း ... သူ့နေရာသူပြန်နေလိုက်တာပဲ ... တကယ်လင်မယားမှမဟုတ်တာကိုး ... အဲဒါလိုပါပဲ မသူဇာဝိုင်း"

"ဘာအဲလိုပါပဲလဲ ကိုဇေယျ"

"ဦးသိဒ္ဓိနဲ့ကျွန်တော်လည်း ပွဲကြီးပွဲကောင်းတွေချလိုက်ကြတာ သုံးလေးပွဲပဲ၊ ဒါပေမဲ့ ကျွန်တော်တို့ချလိုက်တာကို ရဲအဖွဲ့မသိလိုက်ဘူး၊ ဘေးသက်သေမမြင်လိုက်ဘူး၊ ချပွဲပြီးသွားရင် ဦးသိဒ္ဓိကလည်း သူ့ဟာသူနေပဲ ကျွန်တော်လည်း ကိုယ့်ဟာကိုယ်နေပဲ ... နောက်ဆုံးပွဲမှာ ဦးသိဒ္ဓိ ပိုပိုလေးကို ပြန်ပေးဆွဲတယ်၊ ကျွန်တော်က ဦးသိဒ္ဓိကိုပြန်ပြီး တန်ပြန်



ပြန်ပေးဆွဲပြီး နောက်ဆုံးလူချင်းဖလှယ်တာနဲ့ ပြီးသွားတာပဲ အဲဒါ ဦးသိဒ္ဓိနဲ့ ကျွန်တော်နှစ်ပါးသွားခဲ့တာလေ"

သူဇာဝိုင်းက ကိုဇေယျပြောပုံကို နှစ်ခြိုက်စွာအသံသားထွက်အောင်ပင်ရယ်ပါ၏။

လွင်ပြီးချိုမြသော ရယ်သံလေးပါပေ။

"ဖေဖေနဲ့ကိုဇေယျချပွဲကို မင်းသားမင်းသမီးနှစ်ပါးသွားခန်းနဲ့ နှိုင်းယှဉ်ပြောတာဟာ ဆီလျော်သလိုလို ... မဆီလျော်သလိုလိုပါ၊ ဒါပေမဲ့ ကိုဇေယျပြောပုံလေးက ရယ်စရာကြည်နူးစရာကောင်းပါတယ် ဟုတ်သင့်သလောက်လည်းဟုတ်ပါတယ် အဲဒီကိုဇေယျနဲ့ဖေဖေနှစ်ပါးသွားအချိုးတိုင်းမှာ ဖေဖေကမအောင်မြင်ခဲ့ဘူး ... သူလိုချင်တာမရခဲ့ဘူး ... ဒါကြောင့်ဝိုင်းကို ခွင့်ယူပြန်လာခဲ့ဆိုပြီး တိုင်ပင်တော့တာပါပဲ ... ဖေဖေ့မှာ တိုင်ပင်စရာဆိုလို့ ဒီအဖေနဲ့ဒီသမီးပဲရှိတာကိုး ... ကိုလှိုင်ဘွားလိုလူကို လူယုံတော်ညာလက်ရုံးဖေဖေကထားပေမယ့် ကိုလှိုင်ဘွားဟာ ... အကြမ်းသမားသက်သက်ပဲ ... ဦးနှောက်ပိုင်းကျတော့ ညံ့တယ် ... ဖေဖေနဲ့ဝိုင်း ဘာတွေတိုင်ပင်တယ်ဆိုတာကိုကော ကိုဇေယျမသိချင်ဘူးလား"

"သိချင်တယ်တော့မဟုတ်ဘူး ... ကျွန်တော်က အခုမသူဇာဝိုင်းနဲ့အတူ ကားစီးလာတာဟာ မသူဇာဝိုင်းပြောတာကိုနားထောင်ဖို့သာရှိတာပဲ ... အခုလည်းပြောပြရင်း နားထောင်မယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ကိုဇေယျပြောပုံကြီးက ပေါ့ရွှတ်ရွှတ်ကြီး ... ဒါပေမဲ့ ဝိုင်းဖေဖေနဲ့တိုင်ပင်တာကိုပြောပါ့မယ်"

ကိုဇေယျက ဘာမှပြန်မပြောပေ။

"ဖေဖေကပြောတယ် ... ဖေဖေဟာလုပ်ငန်းတွေလုပ်ခဲ့သမျှထဲမှာ အခုလုပ်ငန်းလောက်ခက်ခက်ခဲခဲလုပ်ရတာ မရှိခဲ့ဘူးတဲ့ ... အခုလုပ်ငန်းမှာ ဟိုတယ်ကြီးဆောက်ဖို့ မြေနေရာဟာ မခင်နှောင်းနဲ့ဦးချစ်မောင်ရဲ့မြေနေရာဟာ သိပ်အဓိကကျနေတယ်တဲ့ ... စီးပွားရေးသဘောအရ ဖေဖေက မခင်နှောင်းနဲ့ ဦးချစ်မောင်ရဲ့မြေနေရာကို အငန်းမရလိုချင်နေတယ်"

"အဲဒါတွေ ကျွန်တော်သိပြီးသားပဲ"

"ဟုတ်ပါတယ် ... ကိုဇေယျက သိရုံမကဘူး၊ မခင်နှောင်းဘက်ကရပ်တည်ပြီး အကာအကွယ်ပေးနေတာကိုး ဖေဖေမအောင်မြင်တာတဲ့ ... ကိုဇေယျက အစွမ်းအဆထက်မြက်လွန်းနေတယ်တဲ့"

"ကျွန်တော့်ကိုချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"တကယ်ပြောတာပါ မြှောက်ပင့်ပြောတာလုံးဝမပါဘူး ... ဝိုင်းကိုဖေဖေက အဲဒီဟိုတယ်ဆောက်ဖို့ မြေကိစ္စတိုင်ပင်ဖို့ခေါ်လိုက်တယ်၊ ပိုပိုလေးကိုပြန်ပေးဆွဲတဲ့နေ့မှာပဲ ဝိုင်းမြို့သစ်မြို့ဖေဖေ့အိမ်ကို ပြန်ရောက်လာတယ် ... အဲရောက်ရောက်ချင်းပဲ ... မြေကိစ္စဝိုင်းနဲ့ တိုင်ပင်ဖို့ခေါ်ပေမယ့် ဝိုင်းနဲ့ တိုင်ပင်စရာမလိုတော့ဘူးတဲ့ ဒီတစ်ချီမှာတော့ မခင်



နှောင်းဟာ လုံးဝမငြင်းဆန်နိုင်အောင် သူလုပ်ထားပြီးပြီလို့ပြောတယ်"

ကိုဇေယျ ... သူဟာသူကျိတ်ပြုံးမိပါ၏။

"အဲ ... နောက်တစ်နေ့မိုးလင်းလို့ကြည့်လိုက်တာနဲ့ ခြံကြီးထဲမှာ ဖေဖေသိပ်အားကိုးတဲ့ အင်းခွေးကြီးသုံးကောင်ကလည်း ပိုးလိုပက်လက်အိပ်ပျော်နေကြတယ်၊ ခြံစောင့်တံခါးစောင့်နှစ်ယောက်လည်း သတိမေ့နေကြတယ် ... ဖေဖေလည်းအိပ်ခန်းအိပ်ရာထဲမှာ မရှိတော့ဘဲ အိပ်ရာပေါ်မှာတင်ထားတဲ့စာလေးတစ်စောင်ဝိုင်းတွေ့ရတယ် ... အဲဒီစာကို ဝိုင်းဖတ်ပြီး အဲဒီစာရေးတဲ့သူရဲ့လက်ချက်ဟာ ဘယ်သူလဲလို့ ကိုလှိုင်ဘွားကိုမေးတော့ ဒါဟာ ကိုဇေယျလက်ချက်ပဲလို့ ကိုလှိုင်ဘွားကပြောတယ်"

ကိုဇေယျ ပခုံးတွန့်ပြပါ၏။

"ကိုလှိုင်ဘွားသဘောကတော့ ပိုပိုကိုလည်းသတ်ပစ်မယ် ဖေဖေ့ကိုလည်းသူလက်နက်ကိုင်တပည့်တွေနဲ့ ပြန်တိုက်ပြီးယူမယ်လို့ပြောတယ် ... အဲတော့ ဝိုင်းကရှင်ဟာ ဘာမှဦးနှောက်မရှိတဲ့လူပဲ အဲဒီလိုလုပ်ရင် အားလုံးထောင်ထဲရောက်သွားမယ်လို့တောင် ငေါက်လိုက်ရသေးတယ်"

"မြို့သစ်မြို့ထဲသို့ ကားဝင်လာလေပြီ"

"ကိုဇေယျရဲ့စာကို ဖတ်ပြီး ဝိုင်းကိုယ်တိုင်ကိုဇေယျရဲ့ လုပ်ဆောင်ချက်တွေကို ရင်ထဲကလှိုက်လှိုက်လှဲလှဲ ချီးကျူးမိတယ်"

www.burmeseclassic.com



"ဒုတိယအကြိမ် ကျွန်တော့်ကိုရှိုးကျူးလို့ ကျေးဇူးတင်ပါတယ် မသူဇာဝိုင်း အခုအဲဒါတွေပြောနေတာဟာ သာမညတွေပါ မသူဇာဝိုင်း အဓိကဘာပြောချင်နေသလဲ"

"ဟုတ်ကဲ့ ... အဓိက ဝိုင်းပြောချင်တာကတော့ မခင်နှောင်းဟာ သူ့ခြံမြေကို ရောင်းပေးဖို့ပါ ... မခင်နှောင်းရှေ့မှာ ကိုဧေယျက မားမားကြီးရပ်တည်နေလို့ ဖေဖေ့မှာ အခက်အခဲတွေ့နေရတာပါ ... မခင်နှောင်းကသာမြေကို ရောင်းလိုက်ရင် ဦးချစ်မောင်ရဲ့မြေရဖို့ကိစ္စက ဖေဖေ့အတွက် ဘာမှမခက်တော့ဘူးလေ ... ဦးချစ်မောင်ကိုယ်တိုင်က သူ့သားသမီးရော သူ့ဇနီးရော မန္တလေးမှာထားတာဆိုတော့ သူ့လုပ်ငန်းတွေနဲ့မြေကို ကြိုက်ဈေးနဲ့ရောင်းပြီးပြန်ရုံပေါ့ ... အဲ ကိုဧေယျကသာ မခင်နှောင်းကို ဒီခြံဒီမြေကို ရောင်းလိုက်ပါလို့ တစ်ခွန်းပြောရင် မခင်နှောင်းကရောင်းမှာ သေချာတယ်တဲ့ ကိုဧေယျ ... အဲဒါကိုလုပ်ပေးရင် ဝိုင်းတို့သားအဖကို ကူညီရာရောက်ပါတယ်"

"ဒါဆို ... မခင်နှောင်းက ခြံမြေရောင်းဖို့ ကျွန်တော်က မခင်နှောင်းကို တွန်းအားပေးပေးပါလို့ပဲ အဓိက မသူဇာဝိုင်း ပြောချင်တာ မဟုတ်လား"

"ဖေဖေကတော့ အဲဒီလို ဝိုင်းကို မခိုင်းသေးပါဘူး ... ဒါပေမဲ့ ဖေဖေ့မှာ အဲဒီလိုအာသီသရှိနေမှန်းသိလို့ပါ ... ဖေဖေဟာ ခုမှကိုဧေယျပြောသလို မခင်နှောင်းဆီက မြေကိုရဖို့အကြမ်းနည်းတွေသုံးခဲ့ပြီးပြီလေ ... မအောင်မြင်ခဲ့ဘူး ကိုဧေယျရှိနေ



သရွေ့ရှေ့ဆက်ပြီး ဖေဖေကလည်း မကြမ်းချင်တော့ဘူး ဖေဖေထပ်ပြီး သိပ်ကြမ်းရင် ရဲအဖွဲ့က ဖေဖေ့ကိုပဲ အရေးယူခံရမှာ ဖေဖေကစိုးရိမ်တယ်၊ ဒါကြောင့်အနုနည်းဖြစ်တဲ့ ကိုဧေယျက မခင်နှောင်းကို တိုက်တွန်းပေးပါလို့ ဝိုင်းပြောတာပါ ... အဲ ... ပြောတာပါဆိုတာထက် တောင်းပန်တာပါဆိုတာ ပိုမှန်မှာပါ"

"ဒုရဲအုပ်ကိုစောဦးကို ဦးသိဒ္ဓိက ပိုင်နေတာပဲ၊ ရဲကသိသွားမှာ ဘာစိုးရိမ်စရာရှိလဲ"

"ကိုစောဦးကို ဖေဖေမပိုင်ပါဘူး ... ကိုစောဦးနဲ့ဖေဖေဟာ အကျိုးတူ ဦးတည်ချက်သဘောချင်းတိုက်ဆိုင်မှုရှိနေရုံပါ ... ကိုစောဦးက မခင်နှောင်းကို လက်ထပ်ချင်တယ် ... အဲ ကိုစောဦးက မခင်နှောင်းကို လက်ထပ်နိုင်ရင် ကိုစောဦးဆီက ဒီခြံဒီမြေကို ဖေဖေကအခုလောက် အခက်အခဲမရှိပဲ ဝယ်လို့ရမယ်လို့တွက်တယ် ... အဲဒီသဘောပဲရှိတာပါ ကိုဧေယျ ကိုစောဦးကို ဖေဖေကမပိုင်ပါဘူး ... ကိုစောဦးကိုယ်တိုင်ကလည်း၊ မခင်နှောင်းအပေါ် ဓားကပ်နေတာက လွဲရင် ဘာမဆို ဥပဒေနဲ့တိတိကျကျ လုပ်တဲ့လူပါ"

"ဒါဆို ... အခု ... မသူဇာဝိုင်း ကျွန်တော့်ကားကို လက်တားပြီးလိုက်လာတာဟာ တမင်တကာ ဒီစကားတွေပြောချင်လို့ မခင်နှောင်းကို တိုက်တွန်းပေးဖို့ စကားတွေပြောချင်လို့စောင့်ပြီး ကားကိုတားတဲ့သဘောပေါ့ ... "

"အဲ"

www.burmeseclassic.com

www.burmeseclassic.com



သူဇာဝိုင်းထံမှ အာမေဋိတ်သံ ထွက်ပြီးမှဆက်ပြော လေသည်။

"အဲဒါကျတော့ ... တိုက်ဆိုင်မှုသက်သက်ပါ ကိုဖေယျ အခုပြောတဲ့စကားတွေကို နက်ဖြန်သဘက်လောက်ကျရင် ဝိုင်းကိုယ်တိုင်သီးသန့်ကိုဖေယျကို တွေ့ဖို့ချိန်းပြီးပြော စီစဥ်နေတာပါ ... အခုဟာက လာပြီးတိုက်ဆိုင်နေလို့ ဖွင့် ပြောပြလိုက်တာပါ"

"ကဲ ... မြို့သစ်ထဲရောက်ပြီ ... မသူဇာဝိုင်း ဘယ်မှာဆင်း မလဲဘယ်ကိုပို့ပေးရမလဲ ... အလုပ်တိုက်ကိုလား ... အိမ်ကို လား"

"အဲဒီဈေးလမ်းက ဖေဖေ့အလုပ်တိုက်မှာပဲ ဆင်းမှာပါ ဒါပေမဲ့ ဝိုင်း မဆင်းခင် ဝိုင်းပြောတာကို ကိုဖေယျက အဖြေ ပေးဦးလေ ... မခင်နှောင်းခြံရောင်းဖို့ ကိုဖေယျကပြောပေး ဖို့လေ"

"ကောင်းပြီ ... မခင်နှောင်းက သူ့ခြံနဲ့မြေကိုရောင်းဖို့အထဲ ကျွန်တော်ကတိုက်တွန်းပေးလိုက်လို့ ... မခင်နှောင်းက ရောင်းပြီးဆိုရင်တော့ ကျွန်တော့်အတွက် မသူဇာဝိုင်းက ဘယ်လိုအကျိုးပြန်ပြုပေးမလဲ"

"ဟုတ်ပြီ"

သူဇာဝိုင်းအားတက်သရောပြောရ၏။

"ကိုဖေယျ ငွေဘယ်လောက်လိုသလဲပြော ... ဝိုင်း ဖေဖေ့ တိုင်ပင် ပြီးပေးမယ်၊ အားမနာနဲ့ ကိုဖေယျ လိုသလောက်



ပြောပါနော်"

"ကျွန်တော် ငွေမလိုချင်ဘူး"

"ဒါဆို ကိုဖေယျတခြားဘာလိုချင်သလဲ ... ပြော"

"မသူဇာဝိုင်းက ကျွန်တော်မောင်ဖေယျကို တရားဝင် လက် ထပ်တာကို လိုချင်တယ်"

"အယ်"

ထပ်မံအာမေဋိတ်သံထွက်သွားပြန်သည်။

"အဲဒါ ... လုံးဝမဖြစ်နိုင်ဘူး"

"ဟုတ်ကဲ့ ... အဲဒါလုံးဝမဖြစ်နိုင်သလို မခင်နှောင်းခြံမြေ ရောင်းဖို့ကလည်း လုံးဝကြီးကိုမဖြစ်ပါဘူး ... ကဲ ... ရောက် ပါပြီ ... ဆင်းပေတော့ မသူဇာဝိုင်း"

ကားရပ်ပေးသည်ကိုသူဇာဝိုင်းကကားတံခါးဆောင့် ဖွင့်ပြီး ဒေါ်မောလေးနှင့်ဆင်းသည်။

ပြီး ... တံခါးကိုပြန်ဆောင့်ပိတ်သည်။

ကိုဖေယျပြုံးဖြီးဖြီးနှင့်မောင်းထွက်လာတော့သည်။

✡✦✡

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၉

သီတင်းတစ်ပတ်အတွင်းမှာပင် ...

ယင်းတိုက်ရွာ မခင်နှောင်း၏ဆန်စက်မီးခိုးခေါင်း တိုင်မှ မီးခိုးတလူလူထွက်လာလေတော့သည်။

ပထမ စစခြင်း သုံးရက်လောက်မှာတော့ မခင် နှောင်းသည် စပါးတွေဝယ်ပြီး သူ့ဆန်စက်ဖြင့်ကြိတ်ခွဲသည်။ ထွက် လာသော၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနုတို့ကို ပေါင်ချိန်တင်းချိန် အိတ်သွတ်၍ ပြန်ရောင်းသည်။

ကိုယ့်ဆန်စက်ကြိတ်ခွဲပြီးမှ မခင်နှောင်းမွေးထား သော ကြက်နှင့်ဝက်တွေအတွက်လည်း တခြားမှာအစာမဝယ်ရ လေတော့။

ဆန်စက်ခေါင်းတိုင်မှ မီးခိုးတလူလူထွက်ခြင်းသည် အနီးပတ်ဝန်းကျင်ကျေးရွာတို့အား ယင်းတိုက်ရွာ ဆန်စက်ပြန်လည် ပြီဟု ကြော်ငြာပေးရာရောက်ပေသည်။



ပတ်ဝန်းကျင်ကျေးရွာများမှ စပါးလှည်းများ၊စပါး လှေသမ္ဗန်များ နဝလီကြိတ်ခွဲရန် ရောက်လာကြလေတော့သည်။

မခင်နှောင်း၏ဆန်စက်လုပ်ငန်းပြန်လည်တွင်ကျယ် ပြီဖြစ်ပါ၏။

ကိုဇေယျက ခြံခြင်းကပ်လျက် ဦးချစ်မောင်ကိုခေါ် ပြသည်။

“ဟာ ... ကျုပ်က ... ကျုပ်ကားတွေ ခရီးထွက်နေရင် အိမ်မှာအားနေတဲ့လူပဲ ... ဆန်စက်အကြောင်းသိပ်လေ့လာ ချင်တာပေါ့ ... ဒါဟာကျုပ်အတွက် ပညာအသစ်တစ်ခုပဲ ဟာ”

ဦးချစ်မောင်က စိတ်အားထက်သန်စွာ လာရောက် လေ့လာသဖြင့် ... ကိုဇေယျက စိတ်ရှည်လက်ရှည် ဆန်စက်ဖွဲ့စည်း ကြိတ်ခွဲထွက်ရှိလာသည်တို့ကို ရှင်းပြသည်။ လက်တွေ့လိုက်လံ ကြည့်ရှုစေသည်။

ပခုံးထမ်း စပါးသယ် အမျိုးသားအမျိုးသမီးအလုပ် သမားများသည် လှည်းမှလှေမှစပါးများကို ပခုံးထမ်းဆောင်ရွက် သယ်ယူကြပေသည်။

“ဒါက စပါးဇလားပဲ ဦးချစ်မောင် ... ဇလားထဲကို လောင်း ချတဲ့စပါးတွေထဲမှာ ဖုံ ... သဲ ... ခဲတွေပါတတ်တယ်။ အဲ ဒါကို ဟောဒီဆန်ကာကြီးက စပါးနဲ့ဖုံ၊သဲ၊ခဲ တွေကိုခွဲပြီး ဖုံ သဲ၊ခဲတွေကို ထုတ်ပစ်ပေးတယ် ... စပါးစေ့က အလေးချိန် ပေါ့တယ် ... ဖုံ၊သဲ၊ခဲက အလေးချိန်စပါးစေ့ထက်ပိုလေး

www.burmeseclassic.com

www.burmeseclassic.com



တယ် ... ဒီတော့ ဆန်ကာကဲ ရှေ့တိုးနောက်ငင်လှုပ်ခါပေးတာကြောင့် ဖွဲ့သဲခဲဟာ သူ့အလေးချိန်နဲ့သူ တခြားခွဲထွက်သွားတယ် ... ဖွံ့ဖြိုးပေါ့တဲ့ စပါးတွေက ဆန်ကာပေါ်မှာ ကျန်ခဲ့တယ်"

"အေးဗျ ... ဘယ်ဆိုးလို့လဲ မိန်းမတွေ စကောထဲမှာထည့်ပြီး ရိုက်ခါသလို လုပ်တဲ့အတိုင်း ဒီဆန်ကာက စက်အားနဲ့ လုပ်ပေးတယ် သဲဘာဝကျတယ်ဗျာ ဒီတော့ ဖွဲ့သဲခဲစင်သွားတဲ့ စပါးတွေက ဘယ်လိုသွားသလဲ ကိုဇေယျ"

"အဲဒီစပါးတွေကို အယ်လီဗေတာခွက်တွေက စက်သယ်ပြီး ငါးပုံကျောက်ထဲကို ထည့်ပေးတယ် ငါးပုံကျောက်က စပါးတွေကို အခွံနွှာပေးတယ်"

"ဩ ... ငါးပုံကျောက်က အခွံနွှာပေးတယ် ဟုတ်လား ဒါဆို ... စပါးကနေပြီးဆန်ဖြစ်သွားပြီပေါ့"

"ဆန်တော့ဖြစ်သွားတယ် ဒါပေမဲ့ လုံးတီးဆန်ဘဝပဲရှိသေးတယ် စပါးတစ်စေ့မှာ အခွံရယ် အကာရယ် အနှစ်ရယ် သုံးထပ်ရှိတယ် ... ငါးပုံကအခွံချွတ်ပေးတဲ့ ဆန်လုံးတီးမှာ အကာတွေရှိနေသေးတယ် ... အညိုရောင်အကာတွေပေါ့ အဲဒီ လုံးတီးဆန်ကို ငါးပုံကနေပြီး အယ်လီဗေတာခွက်တွေနဲ့ သယ်ပြီး ဘီလပ်ဆန်ကာကို ပို့ပေးရပြန်တယ်"

"ဘီလပ်ဆန်ကာက ဘာလုပ်ပေးပြန်တာလဲ"

ကိုဇေယျက ဦးချစ်မောင်အား တစ်ခုချင်းတစ်ဆင့်ခြင်းရှင်းပြပြီး လှုပ်ရှားနေသော စက်ပစ္စည်းတွေကိုလည်း တစ်ခုချင်းလိုက်ပြပါ၏။



"ငါးပုံက အခွံနွှာပေးလိုက်တဲ့ လုံးတီးဆန်ထဲမှာ မအောင်မြင်တဲ့ စပါးလုံးပိန်လုံးညှပ်မျိုးကို ငါးပုံကမခွဲပဲ လွှတ်ပေးလိုက်တယ် ... လုံးပိန်လုံးညှပ်ကိုမိအောင် ငါးပုံကျောက်ကို ချိန်ပြီးခွဲလိုက်ရင် ပင်ကိုအတန်းပြည့်စပါးတွေ ကျိုးပဲ့သွားမှာစိုးလို့ ... ငါးပုံကလုံးပိန်လုံးညှပ်ကို လွှတ်ပေးရတာ ... တခါတလေ ဆန်ထဲမှာ စပါးစေ့လေးတွေပါလာတာ ဦးချစ်မောင်တွေ့ဘူးမှာပေါ့"

"တွေ့ဘူးတယ် ကိုဇေယျ"

"အဲဒါမအောင်မြင်တဲ့ လုံးပိန်လုံးညှပ်စပါးစေ့တွေပဲ ဒါပေမဲ့ လုံးပိန်လုံးညှပ်ဆိုတာမျိုးက သိပ်ညှို့တဲ့စပါးမှာသာပါတာပါ အင်မတန်အပါနည်းတတ်ပါတယ် ... ဒီတော့က ဘီလပ်ဆန်ကာက လုံးတီးဆန်ကိုသက်သက်၊လုံးပိန်လုံးညှပ် စပါးစေ့တွေကို သပ်သပ်ခွဲခြားပေးလိုက်ပြန်တယ် ... လုံးပိန်လုံးညှပ် စပါးစေ့တွေကိုတော့ ငါးပုံကိုပြန်သယ်သွားစေတယ် အဆင့်မီလုံးတီးဆန်ကျတော့ အယ်လီဗေတာခွက်နဲ့ပဲ ... ဆံဖြူကျောက်ဆီထပ်ပို့ပေးပြန်တယ် ... ပေဘဒါဆန်ဖြူကျောက်ပဲ"

ဆန်ဖြူကျောက်ရဲ့တာဝန်ကတော့ ဘာလုပ်ပေးလဲ

"ဆန်ဖြူကျောက်က သူ့ဆီရောက်လာတဲ့ လုံးတီးဆန်က အကာတွေကို ပွတ်ပြီး ဆန်သားဖြူလာစေတယ် ... အဲဒီမှာ ဆန်ဖြစ်သွားပြီ လုံးတီးကိုပွတ်လိုက်တဲ့ အမှုန့်တွေက

www.burmeseclassic.com



ဖွဲ့နုဖြစ်သွားတယ်"

"ဒီလိုကျတော့လည်း … အခုကိုဧယျှရှင်းပြတာနဲ့ စပါးက နေပြီး ဆန်ဖြစ်လာတာ သူ့နေရာနဲ့သူဟုတ်တဲ့လို့ပါလား … ကျုပ်ကော တချို့တော်တော်များများလူတွေကော ဆန်ကို ချက်ပြီးထမင်းစားနေပေမယ့် စပါးကနေပြီး ဆန်ဖြစ်လာ တာကို မသိကြဘူး … သမန်ကာလျှံကာပဲ ဒါထက် ဆန်ကွဲ ကျတော့ ဘယ်ကထွက်လာတာလဲ ကိုဧယျှ"

"ဆန်ဖြူကျောက်မှာ လုံးတီးကနေအကာတွေစင်အောင် ဖွဲ့ အမှုန့်ဖြစ်အောင် ကျောက်ပွတ်တဲ့အခါမှာ ဆန်ရုံဆန်သား ညံ့တဲ့ဆန်တချို့ဟာ ကျောက်ပွတ်ဒဏ်ကိုမခံနိုင်ပဲ … ဆန် စေ့တွေဟာ ချိုးဖဲ့သလိုဖြစ်သွားတာဟာ ဆန်ကွဲဖြစ်လာတာ ပဲ"

"အေးဗျာ … အခုကိုဧယျှ တစ်ခုချင်းပြပြီး ရှင်းပြမှပဲ စပါးကနေဆန်ဖြစ်လာတာကို သဘောပေါက်တော့တယ် စပါးတစ်စေ့ကနေပြီး ဆန်တစ်စေ့ဖြစ်လာဖို့ မလွယ်ပါလား လို့လည်း သဘောပေါက်လာတယ် … ဟဲ … ဟဲ … ဆန် ကြိတ်တာ အားလုံးကိုကြည့်ပြီး လူ့ဘဝမှာ အမေကမွေး ထုတ်လိုက်တဲ့လူတွေဟာ … လူတော်လူကောင်းတွေဖြစ် တဲ့လူကဖြစ်၊လူညံ့လူဖျင်းတွေဖြစ်တဲ့လူကဖြစ်ဆိုတဲ့ တရား ဘက်ကကြည့်ရင်တောင် ဘာဝနာတစ်ခုရတာပဲ"

"အခုကျွန်တော်ပြောပြနေတာတွေက အကြမ်းဖျင်းသဘော ပဲရှိသေးတယ် ဦးချစ်မောင် အသေးစိတ်ပြောရရင် ဆန်စက်



ကြီးလည်ပတ်ဖို့ … ဘွိုင်လာပိုင်း၊အင်ဂျင်ပိုင်းတွေကျန်သေး တယ် အဲဒါတွေက စက်ရဲ့နောက်ပိုင်းမှာ သူ့စက်ဆရာနဲ့သူ လုပ်ရတာ အခုကျွန်တော် ဦးချစ်အောင်ကိုလိုက်ပြတာက ဆန်စက်ရဲ့အရှေ့ပိုင်းလုပ်ငန်းပဲရှိသေးတယ်"

"အေးဗျာ … ကိုဧယျှာတတ်စွမ်းနိုင်မှုတွေကတော့ တ ကယ့်ကို အံ့မခန်းပါပဲ၊ မခင်နှောင်းအတွက်တော့ ကိုဧယျှာ ဟာ ဘိုးဘိုးအောင်ပဲဗျို့ … "

✡✦✡

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၀

"ဒါဆိုရင် ကိုဇေယျာက ခင်နှောင်းကို လုံးဝတွန်းအားမပေးဘူး မတိုက်တွန်းဘူးဆိုတဲ့သဘောပေါ့ သမီး ... "

"အဲဒီသဘောပဲ ဖေဖေ သူကရွှတ်တီးရွှတ်နောက် သဘောနဲ့တောင်ပြောလိုက်သေးတယ် ... ဝိုင်းကသူ့ကိုလက်ထပ်မယ်ဆိုရင် မခင်နှောင်းရဲ့ ခြိမ့်မြေရောင်းဖို့ တိုက်တွန်းပေးမယ်တဲ့လေ ... အဲဒါကို ဝိုင်းကလုံးဝလက်မခံဘူးလို့ပြောတော့ သူကလည်း မခင်နှောင်းကိုလုံးဝမတိုက်တွန်းဘူးလို့ ပြောသွားတာပဲ"

ဦးသိဒ္ဓိသည် ဆိုဖာတွင် ဖင်ဖြုတ်အောင်ထိုင်နေရင်း မျက်နှာကျက်အမိုးဖြူအား မော့ကြည့်ကာ အလေးအနက်စဉ်းစားသည့်ပုံသွင်ရှိနေပါ၏။

"ဒါဆို ... ဇေယျက သမီးကသာသူ့ကိုလက်ထပ်ပါ့မယ်ဆိုရင်



သူကခင်နှောင်းကို ခြံမြေရောင်းဖို့ တိုက်တွန်းပေးမယ်ဆိုတဲ့သဘောမသက်ရောက်နေဘူးလားသမီး"

"အလကားပါ ... သူပြောတာအရွှတ်အနောက်ပြောတာပါ၊ တမင်တကာရွဲ့ပြောတဲ့သဘောမျိုးပါ ဖေဖေ"

"တကယ်လို့ သူပြောတာဟာ အတည်ပြောတာဆိုရင်ကော သမီး"

"အယ် ... ဖေဖေ့ဟာက ... "

"ဟုတ်တယ် သမီး ဇေယျကိုဖေဖေကိုယ်တိုင် သိပ်သဘောကျနေတာအမှန်ပဲ လူကတော့်တော့်ကို ထက်မြက်တယ် ဥပဒေရပ်ကိုကြည့်ဦး တော်တော်သန့်တယ် ... သမီးတို့တက္ကသိုလ်ပညာပိုင်းမှာလည်း ဇေယျဟာမခေဘူးထင်တယ် ... အခုဆို ခင်နှောင်းရဲ့ဆန်စက်ကို သူလည်ပေးလိုက်တာ သမီးမျက်မြင်ပဲ ယင်းကိုကိုရှားက ခင်နှောင်းဆန်စက်လည်လိုက်လို့ ဒီမြို့ပေါ်က ဆန်စက်တချို့တောင်အလုပ်အနားသွားတယ်လို့ကြားတယ် စပါးလှည်းတွေ လှေတွေ အလာကျဲသွားတယ်တဲ့ ... ဒီကောင်ဇေယျ ဘွဲ့ရစာတတ်ပေတတ်ထဲကဖြစ်မယ် အရာရာမှာလည်း တတ်ကျွမ်းတယ် စွမ်းဆောင်နိုင်စွမ်းရှိတယ် ဦးနှောက်သိပ်ကောင်းတယ် ဖေဖေ့ဆီက လိုင်ဘွားလိုကောင်နဲ့ ဘာဆိုဘာမှမဆိုင်ဘူး"

သူဇာဝိုင်း မျက်လုံးလေးပြူးကာ သူမ၏ဖေဖေ့ကို အံ့သြသောအကြည့်နှင့်ကြည့်ပြီး ကိုဇေယျနှင့်အတူ နီးကပ်စွာအတူမော်တော်ကားစီးလာခဲ့ဘူးသည်ကို ပြန်လည်၍ သူဇာဝိုင်းမျက်စိထဲ

www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်မိသည်။

ဖေဖေပြောတာမှန်ပါ၏။ ကိုဇေယျသည်ပစ္စလက္ခ နေသောကြောင့် သူ၏မျက်နှာမှာ နေလောင်လေလောင် အနာ ရွတ်မကင်းဖြစ်နေပြီး အသားရောင်ကကြေးနီရောင်ပေါက်နေသော်လည်း အကျီကြယ်သီးပြုတ်နေသော သူ၏ရင်ညွန့်နေရာ ကားမောင်းရင်းဘရိတ်နင်း ကလပ်(ရှ်)နင်းခြေ အလုပ်အရှားခြေအကြွတွင် ခြေသလုံးသားပေါ်လွင်လာသောနေရာတို့တွင် ဖြူဝင်းသော အသားရောင်ရှိနေသည်ကို သူဇာဝိုင်း အမှတ်မထင်မြင်ရသည်။

ကိုဇေယျ၏ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့သည် သူ၏မျက်နှာကျအနေအထားနှင့် တော်တော်ကြည့်ကောင်းသည်လည်းဖြစ်ပါ၏။

အထူးသဖြင့် ကိုဇေယျ၏နှုတ်ခမ်းစုံသည် ထူထူထဲထဲလေးရှိပြီး သူပြုံးရယ်ပါက အပေါ်နှုတ်ခမ်းအောက်နှုတ်ခမ်းပွင့်သွားကာ ပုလဲစီသွားဖြူတန်းပေါ်လာသည်မှာ ငုံရာမှပွင့်သောပန်းနယ်ကြည့်ရှုတင့်တယ်ပါပေ၏။

အရပ်အမောင်း၊ ခြေတံလက်တံနှင့်သူ၏ ကိုယ်ထည်မှာကျစ်ပြီး အချိုးလည်းကျပေသည်။

အလွန်နည်းပါးသော အရည်အတွက်ဖြင့်တချို့အမျိုးသမီးဖြစ်စေ ... တချို့အမျိုးသားဖြစ်စေမြင်လိုက်ရုံဖြင့် နှစ်လိုစွဲမက်ဖွယ်အဆင်းသဏ္ဍာန်နှင့် အလုပ်အရှားအပြောအဆိုအပြုအမူလေးတွေ ရှိတတ်ရလေသည်။

ကိုဇေယျတွင် ယင်းထိုစွဲမက်နှစ်လိုဖွယ်လေးများ



ရှိနေသည်ကိုလည်း သူဇာဝိုင်းမြင်လိုက်ရပါ၏။

စေ့စေ့တွေးမှ ကိုဇေယျ၏ အရည်အသွေးတွေပေါ်ထွက်လာခြင်းဖြစ်ပါ၏။

သို့သော်

ကိုဇေယျနှင့်မိမိမှာ နာရီပိုင်းမျှသာ တွေ့ဘူးပြောဘူးသူဖြစ်နေသည်။

စိမ်းလွန်းနေသည်။

ထို့ပြင် သူဇာဝိုင်း၏ရုပ်၊ သူဇာဝိုင်း၏ပညာ အရည်အချင်းဖြင့် မန္တလေးမှာပင် ဆရာဝန်ငယ်တွေ၊စစ်ဘက်နယ်ဘက်အရာရှိတွေ၊နိုင်ငံခြားသင်္ဘောလိုက် သင်္ဘောအရာရှိတွေ သူမအားချဉ်းကပ်သည်မှာ တစ်ပုံကြီးအများကြီး ...

"တကယ်တော့ ကိုဇေယျဟာ ဖေဖေရဲ့ ရန်သူပဲမဟုတ်လား ဖေဖေ ... နောက်ပြီး ကိုဇေယျဟာ မခင်နှောင်းဘက်က သက်စွန့်ကြိုးပန်းလုပ်ပေးနေတာကလည်း ရှာသဘောမှန်း၊ ညာသဘောမှန်းမှ မသိတာ"

"မောင်ဇေယျဟာ ခြေဖြေဖြေ အင်မတန်ခန့်ညားပြင်းထန်နေတဲ့ ယင်းတိုက်ရွာကိုတယ်ကြီးဆောက်တည်ရေးမှာ ခင်နှောင်းနဲ့ချစ်မောင်ဘက်ကရပ်တည်ပြီး ကာနဲ့ပို့နဲ့ခဲ့နေတာ အပေါ်နဲ့အတားဖြစ်နေတာမှန်တယ် ... အဲဒါချိုးကျတော့ ပြောင်းပြန်လှန်ပစ်တဲ့ လုပ်ကွက်မျိုးနဲ့ ကိုယ့်လုပ်ငန်းအောင်မြင်စေတဲ့နည်းကို ပြန်စဉ်းချင်တာပဲ သမီး"

"ဘယ်လို ပြောင်းပြန်နည်းလဲ ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့တာ မောင်ဧယျှဟာ ခင်နှောင်းတို့ဘက်က
မရပ်တည်တော့ဘဲ ဖေဖေ့ဘက်ကရပ်တည်လာတဲ့သူဖြ
လာရင် ဆိုတဲ့ပြောင်းပြန်နည်းပဲ ... အေး ... မောင်ဧယျ
သာဖေဖေ့လူဖြစ်လာရင် အခုလက်ရှိဖေဖေရဲ့လုပ်ငန်းတွေ
မှန်သရွေ့ မောင်ဧယျှလိုလူကို ဖေဖေအားလုံးမျက်နှာလွှ
နိုင်တယ် မောင်ဧယျှ ဦးဆောင်လုပ်ရင် ဖေဖေ့အတွက်
အများကြီးအကျိုးပိုပြီးရှိလာနိုင်တယ် ... မောင်ဧယျှ
လူတော်လူကောင်းတစ်ယောက် မဟုတ်လား ... လှိုင်ဘွ
လိုကောင်ကတောင် သမီးကိုမျှော်လင့်နေသေးတယ်ဆို
တော့ ... "

"ဘာရယ်ဖေဖေ ... ကိုလှိုင်ဘွားက သမီးကိုမျှော်လင့်တယ်
ဟုတ်လား"

"ဟုတ်တယ် လှိုင်ဘွားက သူဟာဖေဖေ့အတွက် အသက်
ပဓာနမထားပဲ ဆောင်ရွက်ပေးခဲ့တာ များလှပါပြီတဲ့၊ လယ်
ပိုင်ရှင်ဟာ သူ့သမီးကို သူ့သူရင်းငှားနဲ့ ပေးစားတာတို့ ...
စက်ရုံပိုင်ရှင်လုပ်ငန်းပိုင်ရှင်ကြီးတွေဟာ သူတို့သမီးနဲ့ မန်နေ
ဂျာတို့ကို နေရာချပေးတာတွေ အများကြီးပါတဲ့ ... ဆိုတဲ့
စကားမျိုးတွေ လှိုင်ဘွားဆီက ထွက်လာတာ ဖေဖေကြား
တယ် အဲ ... သူပြောတာဟုတ်သင့်သလောက်လည်းဟုတ်
နေတယ် ဒါပေမဲ့ လှိုင်ဘွားလို လူညံ့ကိုတော့ ဖေဖေ့လုပ်
ငန်းတွေမှာ လွှဲအပ်လို့မရနိုင်ဘူး ... မောင်ဧယျှလို လူမျိုး
ရင်တော့ လွှဲအပ်နိုင်တဲ့ အလားအလာတွေအများကြီးရှိတယ်



ဖေဖေချမ်းသာသမျှ ဆက်လက်ပြီးထိန်းသွားရုံမက ဒီထက်
တိုးတက်အောင်လုပ်နိုင်တဲ့ အရည်အချင်းတွေရှိနေတယ်"

"ဝိုင်းဟာ ပညာတတ်တစ်ယောက်ပါ ဖေဖေ ... မန္တလေး
မှာ ဝိုင်းကိုချဉ်းကပ်တဲ့ဆရာဝန်တွေ အရာရှိတွေ အများကြီး
ပါ"

"ဖေဖေ့လုပ်ငန်းအတွက် ဆရာဝန်ဘာလုပ်ဖို့လဲ၊အရာရှိဘာ
လုပ်ဖို့လဲ၊ မိန်းမဟာမိန်းမပဲ တစ်နေ့ကျရင် ယောကျ်ားအရိပ်
ကိုခိုလှုံရတာပဲ သမီးမဟာဝိဇ္ဇာအောင်ပြီ ... တက္ကသိုလ်မှာ
ပြန်ပြီး နည်းပြဆရာမဖြစ်နေတာကတခြား၊ဖေဖေ့လုပ်ငန်း
တွေ သမီးအမွေဆက်ခံရမှာက တခြားပဲ၊ဖေဖေအသက်ကြီး
လို့ လုပ်ငန်းခွင်မဝင်နိုင်ရင်ပဲဖြစ်ဖြစ် ... ဖေဖေအသက်ကြီး
လို့ သေသွားရင်ဖြစ်ဖြစ် ဖေဖေ့လုပ်ငန်းအမွေတွေ သမီး
ဆက်ခံရမှာ၊ရှင်းရှင်းပြောရရင် ဖေဖေ့လုပ်ငန်းတွေကကြမ်း
တယ်၊မိန်းမသားလည်းဖြစ်ပြန် အပျိုလည်းဖြစ်ပြန်ဆိုတဲ့
သမီးအနေနဲ့ ဘယ်လိုမှမအုပ်ချုပ် မလုပ်ကိုင်နိုင်ဘူး ... အို
ကွယ် ... သမီးမပြောနဲ့ တော်ရုံအရည်အချင်းနဲ့ယောကျ်ား
တစ်ယောက်တောင် ဖေဖေ့လုပ်ငန်းတွေကို မလုပ်နိုင်ဘူး
လှိုင်ဘွားလိုကောင်မျိုးနဲ့မရဘူး အဲ ... မောင်ဧယျှနဲ့ဆိုရင်
ဖြစ်နိုင်လောက်တယ်သမီး ဖေဖေပြောတာ သဘောပေါက်
စမ်းပါ မိဝိုင်း ... "

သူဇာဝိုင်းဘာမှပြန်မပြောပေ။

"တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်လာစေနိုင်တယ်သမီး ...

www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့မောင်ဇေယျ အဆင်ပြေသွားတာနဲ့ ခင်နှောင်း
ချစ်မောင်ခြံ ဖေဖေ့လက်ထဲရောက်လာမှာ သေချာတ
နောက်တစ်ချက်က ဖေဖေရဲ့ဟိုတယ်ဆောက်လုပ်ရေး
ဟာစီမံကိန်းကြီးအောင်မြင်သွားအောင် မောင်ဇေယျ
လုပ်ပေးနိုင်တဲ့ အရည်အချင်းတွေရှိတယ် … ဖေဖေမျက်
လွှဲနိုင်တယ် ဒီဟိုတယ်ကြီးထဲမှာ ဖေဖေငွေတွေ သိန်းပေါ
အများကြီးစိုက်ထားပြီ သမီး … ဒီဟိုတယ်ကြီးအောင်
သွားရင် တချို့လုပ်ငန်းအသေးတွေကိုတောင် ဖြုတ်ပစ်
ဖေဖေအနားယူဖို့ စိတ်ကူးရှိထားတယ်”

“သမီးအခုလက်ရှိ တက္ကသိုလ်နည်းပြဆရာမအလုပ်မှာ
နေတယ်ဖေဖေ အလုပ်ထွက်ပစ်ရမှာ နှမြောစရာကြီး”

“သမီးကိုတက္ကသိုလ်မှာ စပြီးထားကတည်းက အ
သဘောမျိုး သမီးသွားနေဆိုတဲ့သဘောနဲ့ ဖေဖေထားခဲ့
ပဲ သမီးရဲ့ဘွဲ့ရပညာနဲ့ အလုပ်ကိုလိုလားလို့မှ မဟုတ်
ဘာပြောပြောတစ်နေ့ကျရင် တစ်ဦးတည်းသောသမီး သ
ပိုင်းဟာ ဖေဖေဦးသိဒ္ဓိရဲ့ အမွေကိုဆက်ခံရမှာပဲ … အဲ
သေချာသဘောပေါက်ဖို့ သမီး”

“ကောင်းပြီလေ … ဖေဖေဒီလောက်ကြီးတောင် အ
ပြင်းထန်နေရင် သမီးရဲ့နည်းပြဆရာမအလုပ်က လစာ
သုံးလေးလယူလိုက်မယ် … ပြီး … ဖေဖေဆန္ဒအတိုင်း
ဇေယျနဲ့ ပူပေါင်းကြည့်မယ် … ဖေဖေအခုလက်တ
သိပ်လိုချင်နေတာက မခင်နှောင်းရဲ့ခြံမြေရှိဖို့ပဲ မဟု



လား အဲဒါဆို သမီး ကိုဇေယျကို ပူးပေါင်းကြည့်ပြီး လုပ်
ဆောင်ပေးမယ် ဒါဆို ဖေဖေကျေနပ်တယ် မဟုတ်လား”

“အေး … လတ်သလော အဲဒါကိုကျေနပ်တယ်”

“ဖေဖေ့အသက် ငါးဆယ်သာသာပဲရှိသေးတာပဲ … ကျန်းမာ
ရေးလည်းသိပ်ကောင်းသိပ်နုပျိုသေးတာပဲ … ဖေဖေနောက်
ထပ်အကြာကြီး အလုပ်လုပ်နိုင်သေးပါတယ် … ထားပါ
တော့လေ … အဲဒါတွေက နောက်ကိစ္စတွေလို့ပဲ”

သားအဖတိုင်ပင်ခြင်းမှ ဤအဆင့်အထိ ပြီးမြောက်
သွားပါ၏။

✡✦✡

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၁

ကံကြမ္မာရယ်မေး … ကိုယ်ရေးကြိုကလေပြီ။

ပြာလဲ့ကြည်လင်နေသော ကောင်းကင်ကြီးကို တိမ်ညိုတိမ်မည်း တိမ်သလ္လာတွေ ဖုံးလေပြီ။

မော်တော်ဆိုင်ကယ်ဖြင့် တိုးတိုးနှင့်ပိုပိုကို တင်စီးလိုက်တစ်လှည့်။

မခင်နှောင်းကို တင်စီးလိုက်တစ်လှည့်။

ဆန်စက်ခေါင်းတိုင်မှ မီးခိုးတလူလူထွက်လေတိုင်း ဆန်စက်မှဆန်တွေတသွင်သွင် ကျလာလိုက်ဖြင့် ကြည်နူးချမ်းမြေ့နေကြစဉ်မှာပင် …

ဦးချစ်မောင်သည် မြို့သစ်မြို့မှ ပြန်လာပြီး သူ့အိမ်ကိုပင်မဝင်ပဲ … မခင်နှောင်းအိမ်ခြံဘက်သို့ အပြေးအလွှားရောက်လာသည်။



"ကိုဇေယျကော … ကိုဇေယျကော"

အမောတကော မေးပါ၏။

ကိုဇေယျအိမ်ထဲမှ ပြေးထွက်လာသည်။

မခင်နှောင်းလည်း ပြေးထွက်လာသည်။

"ဘာဖြစ်လာလဲ … ဦးချစ်မောင်၊ ခင်ဗျားကိုကြည့်ရတာ အမောတကောကြီးပါလား"

"အမောတကောကြီးမှ တကယ့်အမောတကောကြီးပဲ ကိုဇေယျ အချိန်မီနဲ့အချိန်ရအောင် မြို့သစ်က မိတ်ဆွေဆီက စက်ဘီးငှားပြီး တအားနင်းပြေးလာတာ … ကိုဇေယျ ပြေးပေတော့ … ပြေးဆိုခုချက်ချင်းပြေးရင် အချိန်ရသေးတယ်"

"ဗျာ … ကျွန်တော်ပြေးရမယ် … ဟုတ်လား၊ ဘာလို့လဲ ဦးချစ်မောင်"

"ဘာလို့မှန်းတော့မသိဘူး ဒုရဲအုပ်ကိုစောဦး ခေါင်းဆောင်တဲ့အဖွဲ့ဟာ ယင်းတိုက်ရွာမှာ ရောက်နေတဲ့ ကိုဇေယျကို ဖမ်းမလို့စဉ်စီနေတာ ကျုပ်ကိုယ်တိုင် မျက်စိနဲ့မြင်ခဲ့တယ် မနေ့ညဦးပိုင်းက ခရီးကပြန်လာတဲ့ ကျုပ်ရဲ့လော်ရီကားတစ်စီးဟာ မြို့သစ်မြို့အဝင်မှာ ကလေးတစ်ယောက်ကို တိုက်မိတယ် အဲဒီအမှုကြောင့် မြို့သစ်မြို့ရဲစခန်းက ကျုပ်လော်ရီကားကြီးကိုရော မောင်းတဲ့ဒရိုင်ဘာကိုရော ဖမ်းပြီးစခန်းမှာထားတယ်၊ အဲဒီကိစ္စကြောင့် ကျုပ်မြို့သစ်မြို့ရဲစခန်းကို လိုက်သွားတာ ဟိုရောက်တော့ ကျုပ်ရဲ့ကားတိုက်မှုကို

www.burmeseclassic.com

www.burmeseclassic.com



ဘေးချိတ်ပြီး ကိုဇေယျကိုဖမ်းဖို့ စိုင်းပြင်းနေကြတာကို တွေ့တယ် ရန်ကုန်ကလာတဲ့ လူစိမ်းနှစ်ယောက်ကိုလည်း ဒုရဲအုပ်ကိုစောဦးနဲ့အတူတူ တွေ့တယ် ဒါနဲ့ အဲဒါအဖွဲ့ထဲက ကျုပ်နဲ့ခင်တဲ့ ရဲသားကိုဖြိုးကို ဘာဖြစ်တာလဲလို့မေးကြည့်တော့ ကိုဖြိုးကပြောပြတယ် ယင်းတိုက်ရွာမှာ မခင်နှောင်းအိမ်မှာရောက်နေတဲ့ ဇေယျဆိုတဲ့ လူသတ်ဝရမ်းပြေးကို သွားဖမ်းမလို့ စီစဉ်နေကြတာတဲ့ ဆရာကိုစောဦးနဲ့အတူရှိနေတဲ့လူနှစ်ယောက်က ရန်ကုန်ကလာတဲ့လူတွေတဲ့၊ အဲဒီလူနှစ်ယောက်က ကိုဇေယျကိုတစ်ပြည်လုံးအနှံ့လိုက်ရှာနေတာတဲ့၊အဲဒါ ကျုပ်မြင်ခဲ့သိခဲ့သမျှတွေပဲ ကိုဇေယျ၊ ကိုဇေယျပြေးပေတော့ ... ပြေးပေတော့"

ကိုဇေယျ ပါးစပ်ဟောင်းလောင်းဟသွားပါ၏။ ပြီး မခင်နှောင်းကို လှည့်ကြည့်သည်။

မခင်နှောင်း ငိုလေပြီ။

ကိုဇေယျသည် ဦးချစ်မောင်ရှေ့မှာပင် မဆင်ချင်နိုင်တော့ပဲ မခင်နှောင်း၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"ကိုယ်ပြေးရမှာပဲ နှောင်း ... ကိုယ့်ကို နှောင်းနားလည်ပါတယ်နော်"

မခင်နှောင်းက ခေါင်းညိတ်ပြပြီး ငိုလျက်သား ကိုဇေယျရင်ခွင်ထဲသို့ ဦးခေါင်းမျက်နှာ တိုးကပ်ထားလိုက်သည်။

ကိုဇေယျက ညင်သာစွာပင် မခင်နှောင်းကိုပွေ့ပိုက်ထားသည်။



"ကိုယ် ... ထွက်မပြေးဘဲ အဖမ်းခံလည်း နှောင်းကိုခွဲခဲ့ရမှာပဲ နှောင်း ... မြို့သစ်မြို့က ကိုယ့်ကိုဖမ်းပြီး ရန်ကုန်ရဲစခန်းကိုပို့မှာပဲ၊ ကိုယ့်အတွက် အနည်းဆုံးထောင်ကျမှာပဲ နှောင်း ဘယ်နှစ်နှစ်ကျမလဲဆိုတာကတော့ အမှုအပေါ်မှာ မူတည်နေတယ် ... ဒီတော့ကိုယ်ထွက်ပြေးမယ် လစ်ရင် လစ်သလို နှောင်းဆီကိုယ် လာခဲ့ပါ့မယ် နှောင်း"

"ခင်နှောင်း နားလည်ပါတယ် ကိုဇေယျ သဘောလည်း ပေါက်ပါတယ် ... ကိုဇေယျကို ခင်နှောင်းသိပ်ချစ်ပါတယ် ပြေးပေတော့ ကိုဇေယျ ပြေးပေတော့ ... ခင်နှောင်းအဖို့ကတော့ ကလေးနှစ်ယောက်နဲ့အတူ ကိုဇေယျပြန်လာတဲ့ အထိစောင့်တော့မှာပါ ... နှစ်ပေါင်းကြာချင်သလောက်ကြာပါစေ ကိုဇေယျပြန်အလာကိုပဲ ခင်နှောင်းစောင့်နေမှာပါ ... သစ်ငုတ်တိုက ပြန်ပြီးထွက်တဲ့ အကိုင်းအခက်အရွက်တွေဟာ ရာသက်ပန်ပါကိုဇေယျ"

"ကိုယ်အိပ်နေတဲ့ ဂိုဒေါင်ထဲမှာ ငွေသုံးသိန်းရှိတယ် နှောင်း"

"အို ... နှောင်းမလိုဘူးကိုဇေယျ၊ နှောင်းမှာငွေကြေးအလုံအလောက်ရှိနေတာပဲဟာ၊ ကိုဇေယျပဲယူသွားပါ ပြေးရင်းလွှားရင်း ကိုဇေယျမှာငွေလိုမှာ မော်တော်ဆိုင်ကယ်ယူသွားကိုဇေယျ ဒီအတိုင်းပြေးလို့ သူတို့လက်က လွတ်ဖို့မလွယ်ဘူး"

"ဟုတ်တယ် ကိုဇေယျ၊ သူ့ကိုလာမှာက မော်တော်ကားရော၊ မြင်းတွေနဲ့ရော လာမယ်လို့ ကျုပ်ကြားခဲ့တာ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကရှေ့အဝေးကြီးရောက်အောင် ပြေးထားနိုင်မှ ... ”

ဟု ဦးချစ်မောင်ကလည်း စိုးရိမ်တကြီး ဝင်ပြောပါ၏။

“ကျွန်တော် ဘယ်ဘက်ကိုပြေးရင် ကောင်းမလဲ ဦးချစ်မောင်”

ဦးချစ်မောင် တစ်ခဏစဉ်းစားပြီးမှ ပြောသည်။

“မီးပျောက်တောအဆုံးသာ အရှေ့ဘက်ဦးတည်ပြီးပြေး ကိုဇေယျ ... လမ်းရယ်လို့တော့ သီးသန့်မရှိဘူး ... တောတိုးပြီး ဝင်ရမှာပဲ ... မော်တော်ဆိုင်ကယ်နဲ့ဆိုရင် ရလောက်တယ် ... ဒီဆိုနယ်စပ်နဲ့ အနီးဆုံးပဲ ... မီးလုံးကွယ်တောအရှေ့ဘက် ငါးမိုင်လောက်သွားရင် နှာမောင်းတောင်ကိုရောက်သွားမယ် ... အဲဒီတောင်က ဆင်နှာမောင်းလို ပြေပြေလျှောလျှောနဲ့ မြင့်သွားတာ ... အဲဒီနှာမောင်းတောင်ထိပ်က ဟိုဘက်ကိုဆင်းသွားရင် တောင်ခြေရောက်တာနဲ့ နယ်စပ်နဲ့ သိပ်နီးသွားပြီ ... မှောင်ခိုသမားတွေကတော့ ခြေကျင်တက်ခြေကျင်ဆင်းကြတာပဲ”

“ဒါဆို ... အဲဒီလမ်းအတိုင်း ကျွန်တော်ပြေးတော့မယ်ဆိုသည်နှင့် ဦးချစ်မောင်က ကျောပိုးအိတ်သွားယူပေးသည်။

“ပြေး ... ပြေး ... မြန်မြန်ပြေးနိုင်မှ ... ”

“အေးဗျာ ... ကျွန်တော်မရှိရင် နှောင်းကိုဦးချစ်မောင်စောင့်ရှောက်ပေးပါ ... ဆန်စက်လည်း ဦးချစ်မောင် အကူအညီနဲ့ဆက်လည်ပေးပါ ... လုပ်ငန်းကိုတော့ ... နှောင်းကနားလည်ပြီးသားပါ၊ ဒါပေမဲ့ မိန်းမချောမုဆိုးမလေးဆိုတော့ သိပ်ထိကြဘူးပေါ့ဗျာ ... အဲဒါကိုဦးချစ်မောင်စောင့်ရှောက်ပေးဖို့အဓိကပါ၊ ထပ်ပြီးမှာချင်သေးတယ်”

“မှာပါ ... ကျုပ်အတတ်နိုင်ဆုံး ဆောင်ရွက်ပေးဖို့ကတိပေးပါတယ်”

“တိုးတိုးနဲ့ ပိုပို က ငယ်သေးတယ် ... ဦးချစ်မောင်က ဘကြီးအရင်းလို ဂရုစိုက်ပေးပါဗျာ”

“ဟာ ... စိတ်ချ ... ဒီကလေးတွေ ဒီအသက်အရွယ်ထိ ကျုပ်နဲ့ခြံချင်းကပ်နေလာတာ သံယောဇဉ်ရှိထားပြီးသားပါ ... အခုကိုဇေယျကမှာတော့ ပိုပြီးဂရုစိုက်ပေးတယ် ... ကျုပ်အသက်ကိုရော ကျုပ်အိုးအိမ်ပစ္စည်းတွေကိုရော မီးလောင်တုန်းက ကိုဇေယျကယ်တင်ပေးတဲ့ ကျေးဇူးက အကြီးကြီး‚ကြီးပဲဟာ ... စိတ်ချ ... စိတ်ချ”

“ကဲ ... သွားမယ် ... နှောင်း၊ ဦးချစ်မောင်”

ကိုဇေယျ မော်တော်ဆိုင်ကယ်ကိုခွ၊ စက်နှိုးပြီး ... တစ်ချိုးထဲ နောက်ကိုပြန်မကြည့်တော့ပဲ မောင်းထွက်သွားလေသည်။

“ဦးဦး ... ဦးဦး ... ဘယ်လဲ ... တိုးတိုလိုက်မယ်လေ”

ဘယ်နေရာတွင် မောင်နှမကစားနေသည်မသိ ပြေးထွက်လာပြီး တိုးတိုးကအတင်းအော်ပြောသည်ကို ကိုဇေယျသည် မော်တော်ဆိုင်ကယ်ကို တစ်ချက် တုန့်ခနဲရပ်လိုက်ပြီးမှ ... ရှူးခနဲ စက်ကိုမောင်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မရပ်တော့ဘဲ ဆက်မောင်းသွားသည်ကို မောင်နှမနှစ်ယောက်လက်တွဲပြီး ငေးကြည့်နေသည်ကို နှောင်းမြင်တွေ့ရသဖြင့် တစ်ချီတည်း မျက်နှာလက်ဝါးအုပ် ရှိုက်ကြီးတငင်ငိုချလိုက်လေတော့သည်။

☆◆☆



## အခန်း ၂၂

ဦးချစ်မောင်၏ သတင်းမှာမှန်လေစွ။

ကိုဇေယျထွက်သွားပြီး မိနစ်နှစ်ဆယ်ခန့်အကြာမှာပင် ရှေ့ဆုံးမှရဲကားတစ်စီးနောက်တွင် မော်တော်ဆိုင်ကယ်နှစ်စီးနှင့် မြင်းစီးနှစ်ယောက် ဒီရကြမ်းဝင်လာသည်ကို တွေ့မြင်ရတော့သည်။

ရှေ့ကားတွင် မောင်းသူနှင့်ဒုရဲအုပ်ကိုစောဦးပါရှိသည်။ ကားနောက်တွင် အရပ်ဝတ်အရပ်စားနှင့် လူစိမ်းနှစ်ယောက်ပါလာသည်။ ရန်ကုန်မှလိုက်လာသူ နှစ်ယောက်ဖြစ်မည်။

မော်တော်ဆိုင်ကယ်နှစ်စီးနှင့် မြင်းနှစ်ကောင်စီတွေမှာ သေနတ်ကိုင်ရဲသားတွေ ဖြစ်ပါ၏။

ကိုဇေယျက မော်တော်ဆိုင်ကယ်စီးကျွမ်းပြီးသားဖြစ်သည်။ နှောင်း၏ကွယ်လွန်ခင်ပွန်း ကိုအောင်ဌေး၏ မော်တော်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ကလည်း အင်အားကြီးသော အင်ဂျင်နှင့် တောစီးဘီးတာရာများဖြစ်နေသည်။

မိုးပျောက်တောသည် အတွင်းပိုင်းရောက်လေတောထူလေပါပေ။ ထင်းခုတ်သမားတွေ တောလိုက်မုဆိုးတွေသွားလာသည့် တစ်ပေအကျယ်ခန့်လမ်းများ တချို့နေရာတွင်ရှိသော်လည်း ကျန်နေရာတွင် ဘာလမ်းမှမရှိပါလေ။

ကိုဖေယျှသည် ကောင်းကင်မှနေကိုလှမ်းကြည့်ပြီး အရှေ့ရှူးရှူးသို့သာ မောင်းနေသည်။

"ဒိုင်း"

နောက်မှပစ်လိုက်သော သေနတ်သံကိုကြားပါ၏။ သို့သော် ... ဘယ်လောက်လက်ဖြောင့်ရဲသားဖြစ်စေ ပစ်မှတ်ကိုထိမှန်ဖို့မလွယ်ပေ။ သစ်ပင်၏ပင်စည်ကြီးတွေ ခံနေသည်။ မော်တော်ဆိုင်ကယ်က သူ့အရှိန်နှင့်သူရွေ့လျားနေသည်။ ရိပ်ခနဲတွေ့ ရိပ်ခနဲ ပျောက်သွားသည်။

ကိုဖေယျှကို မထိပါလေ။

ကိုဖေယျှ အရှေ့ရှူးရှူးကိုသာ ဆက်မောင်းသည်။ လမ်းမရှိသော်လည်း မော်တော်ဆိုင်ကယ်ကြီးကိုက အကြမ်းခံတောစီးဆိုင်ကယ်နှင့် တောတိုးမောင်းနိုင်လေသည်။

"ဆက်မောင်းစမ်း ... ဆက်မောင်းစမ်း ..."

ကိုစောဦးက ယာဉ်မောင်းရဲသားကို ဒရစပ်အမိန့်ပေးသော်လည်း ရဲကားမှာဆက်ပြီး ဘယ်လိုမှမောင်းမရအောင် တောတန်းကြီးရှေ့က ပိတ်ကာဆီးထားနေလေတော့သည်။



"ဘယ်လိုမှ ဆက်မောင်းလို့ မရတော့ဘူး ဆရာ"

"ဒါဆို ... ဒီကားပေါ်ကပဲ မင်းစောင့်"

ကိုစောဦးကားပေါ်မှ ဆင်းကာ မော်တော်ဆိုင်ကယ်စီး ရဲသားနောက်မှ ခွထိုင်ရင်း ဆက်လိုက်သည်။

ရိပ်ခနဲမြင်သည်နှင့် ရိပ်ခနဲလှမ်းပစ်သော်လည်း ကိုဖေယျှကလည်း ရွေ့လျားနေသည်။ ပစ်သောရဲသားကလည်း ရပ်ပြီး ချိန်ပြီး ပစ်ရသည်မျိုးမဟုတ်ပဲ မော်တော်ဆိုင်ကယ်ပေါ်မှ မြင်းပေါ်မှ လှမ်းပစ်ရသောကြောင့် ကိုဖေယျှကို လုံးဝမထိမမှန်ပါလေ။

သို့ဖြင့်ပင် ...

ကိုဖေယျှသည် နွာမောင်းတောင်ပေါ်သို့ မော်တော်ဆိုင်ကယ်ဖြင့် တက်ခဲ့သည်။ တောင်ပေါ်တွင်လည်း သစ်ပင်တွေတောတွေထူထပ်သဖြင့် ကိုဖေယျှ အတင်းကုတ်ကပ် ဆိုင်ကယ်အင်ဂျင်၌ အားအကြီးဆုံး ဂီယာထိုးတက်လေသည်။

ကိုဖေယျှသည် တောင်ထိပ်အထိမတက်ပေ။ တောင်ထိပ်အထိတက်လျှင် နောက်မှလိုက်လာသူတွေ၏ သေနတ်ပစ်ကွင်းထဲရောက်သွားနိုင်သောကြောင့် တောင်၏ခါးခြမ်းကို ခရပတ်လမ်းကြောင်းမျိုးဖြင့် မောင်းနှင်တက်ရောက်လေသည်။

ဤနည်းဖြင့် တောင်၏ဟိုဘက်ခြမ်းအဆင့်ပိုင်းသို့ ကိုဖေယျှရောက်သွားလေတော့သည်။

ဒုရဲအုပ်ကိုစောဦးနှင့် အဖွဲ့မှာ အခက်အခဲတွေ့ရပါ၏။

ကိုစောဦး အရပ်ထဲမှ ငှားယူလာသောမော်တော်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ် နှစ်စီးမှာ ဝမ်းတူးဖိုက်စီစီ မြို့ပေါ်စီးသက်သက်သာ ဖြစ်သည်။ ဆိုင်ကယ်၏ဘော်ဒီအားရော အင်ဂျင်အားရောပျော့သည်။ အကြမ်းမခံနိုင် တောလမ်းတောင်လမ်းတွင် မဆွဲနိုင်မရုန်းနိုင်ဖြစ်တော့သည်။

ကိုစောဦးနှင့်အတူနှစ်ယောက်စီးသော ဆိုင်ကယ်က ဝိတ်ကိုမထမ်းနိုင်၊ မတက်နိုင် ကိုစောဦးအောက်ဆင်းပြီး ဆိုင်ကယ်ကို တွန်းတင်ပေးရသည်။

မြင်းနှစ်ကောင်ကလည်း ပြင်းလှည်းဆွဲသောမြင်းများမို့ မြို့ပေါ်ကတ္တရာလမ်းတွင် လှည်းဘီးအလိမ့်နှင့် အလိုက်သင့်ဆွဲနိုင်သော်လည်း တောလမ်းတောင်လမ်းထဲကျတော့ မသွားတတ်မလာတတ်ဖြစ်ရုံမက ခဏခဏမြင်းလန့်သေးသည်။

"ကိုစောဦးတို့အဖွဲ့ ဆင်နှာမောင်းတောင်ပေါ်ရောက်ချိန်တွင် ကိုဇေယျအား အစအနပင် မတွေ့လေတော့ပြီ"

ကိုစောဦးက တောင်ဆင်း ဆင်ခြေလျှောတစ်ဝိုက်နှင့် ဟိုဘက်နယ်စပ်ဆီသို့ မှန်ဘီလူးဖြင့် ကြည့်၍ရှာသည်။

ကိုဇေယျအရိပ်အရောင်ကိုပင် မတွေ့ပါလေတော့။

ကိုစောဦးဆက်ပြီး လိုက်လိုသော ဆန္ဒမရှိပါတော့။ အကယ်၍ဆက်လိုက်ပြီး ကိုဇေယျ ဟိုဘက်နိုင်ငံထဲသို့ နယ်စပ်ဝင်သွားပါကလည်း ကိုစောဦးတို့ ဘာမှမတတ်နိုင်။ မိမိအနေနှင့် တာဝန်ကျေပြီဟုလည်း ယူမှတ်သည်။

နောက်တစ်ကြောင်းမှာ ... ကိုစောဦးသည် ကိုဇေယျ ထွက်သွားပြီမို့ မခင်နှောင်းအား ပြန်လည်ချဉ်းကပ်နိုင်ပြီ



သော အတွေးလည်းရှိနေပေသည်။

"ကဲ ... ပြန်မယ် ... ဆက်လိုက်လည်း ဒီလူဟိုဘက်တူသွားရင် ငါတို့ဘာမှမတတ်နိုင်တော့ဘူး"

ကိုစောဦးတို့အဖွဲ့နောက်ကြောင်း ပြန်လှည့်တော့သည်။

အမှန်တကယ်မှာ မူကား ...

ကိုဇေယျသည် တောင်စောင်းအဆင်းကိုဆင်းရင်၊ တစ်နေရာတွင် တောင်စောင်း၌ ဟိုက်ဝင်သွားသော လိုဏ်ဂူလိုတစ်နေရာကိုတွေ့ရှိသဖြင့် ထို ဟိုက်လိုဏ်ဂူထဲသို့ မော်တော်ဆိုင်ကယ်ရော ... လူရောဝင်ပုန်းနေလိုက်ခြင်း ဖြစ်ပါ၏။

တောင်ပေါ်မှ ဘယ်လိုကြည့်ကြည့် ဟိုက်လိုဏ်ဂူကို မတွေ့မြင်နိုင်။ အတွင်းသို့ခွက်ဝင်နေသောကြောင့် ဖြစ်လေသည်။

ကိုဇေယျသည် ကိုစောဦးတို့အဖွဲ့ဆက်ပြီး လိုက်လေလေသလား၊ မလာလေသလား အသံဗလံများကို နားစွင့်ထောင်နေသည်။

လိုက်လာလျှင် သူတို့၏မော်တော်ဆိုင်ကယ်သံကြားရမည်။

မြေကြီးကို နားကပ်ပြီး ထောင်ခြင်းဖြင့် သူတို့အဖွဲ့ဆင်းလာလျှင် မြေကြီးတွင် တုန်ခါမှုအသံကြားနိုင်သည်။

ဘာသံမျှ မကြားရ။

ကိုဇေယျသည် တစ်နာရီနီးပါး ထိုဟိုက်လှိုင်ဂူမှအပင်

www.burmeseclassic.com

www.burmeseclassic.com



နားနေလိုက်ရင်း အသင့်နားစွင့်ထားသည်။

ကိုစောဦးတို့အဖွဲ့ နောက်ကြောင်းပြန်လှည့်သွားပြီ မှန်း သေချာသွားသည်။

ကိုဧယျ အေးအေးဆေးဆေးထိုင်ကာ စဉ်းစား တော့သည်။

ကိုဧယျတွင် သူယူနေကျကြောပိုးအိတ်ကြီး ပါမြဲ ပါလာလေသည်။

သူ့အနေနှင့် နယ်စပ်တွင်မြန်မာငွေနှင့် သူတို့နိုင်ငံ သုံးငွေလဲလှယ်နိုင်ရန် ငွေသုံးသိန်းပါလာသည်။

ဘာဆက်လုပ်ရပ့်ါဟု စဉ်းစားနေစဉ်မှာပင် ကိုဧယျ နားထဲသို့ အလိုလို တိုးတိုးလေး၏အသံကို ကြားယောင်မိသည်။

"ဦးဦးဧယျ နေဦးလေ ... တိုးတိုးလိုက်မယ်"

ဟု ကြားယောင်မိခြင်းဖြစ်ပါ၏။ ကိုဧယျရင်ထဲ တွင် ကျင်ခနဲခံစားလိုက်ရသည်။

ထိုမျှမကသေး

မိမိ မခင်နှောင်းအိမ်၌ မရှိတော့သည်နှင့် ဦးသိဒ္ဓိက ရော ကိုစောဦးကရော မခင်နှောင်းအားအကြီးအကျယ် အနှောင့် အယှက်ပေးတော့မည်။ အနိုင်အထက်အပြုအမူတွေ ပြုကျင့်တော့ မည်။

ကိုစောဦးကလည်း မခင်နှောင်းကို နည်းအမျိုးမျိုး ဖြင့် အပိုင်သိမ်းဖို့ ကြိုးစားတော့မည်သာ။

ကိုဧယျ မခင်နှောင်းကို သိပ်ချစ်သည်။ မခင်



နှောင်းကလည်း မိမိကိုပြန်ပြီး သိပ်ချစ်သည်။

ကိုဧယျသည် ဘာပဲဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ်ပလေ့ စေတော့ မိုးပျောက်တောအထိပြန်သွားပြီး ပုန်းလျှိုးကွယ်လျှိုးနှင့် ခင် မခင်နှောင်းတို့ မိသားစုကို စောင့်ရှောက်ကာကွယ်မည်ဟု ဆုံး ဖြတ်လိုက်ပါလေတော့သည်။

✡✦✡

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၃

“တကယ်ပင် ဦးသိဒ္ဓိသည် ပွဲလန့်တုန်းဖျာအရခင်းဖို့ ကြိုးစားလေတော့သည်။

ကိုဇေယျနောက်သို့ ကိုစောဦးတို့အဖွဲ့ လိုက်သွားပြီး ဆိုသည်နှင့် ယင်းတိုက်ရွာတွင် ကိုဇေယျလည်းမရှိ ကိုစောဦးလည်း မရှိချိန်အတွင်း မခင်နှောင်းအား ခြိမြေအရောင်းအဝယ်စာချုပ်ကို အကြမ်းနည်းဖြင့် လက်မှတ်ထိုးစေဖို့လုပ်ငန်း ချက်ချင်းကြီးကို လုပ် လိုက်ပါလေတော့၏။

နေ့ကူးအောင်ပင် မစောင့်။

ညပိုင်းမိုးချုပ်ချိန်တွင် ပုန်းလျှိုးကွယ်လျှိုးဖြင့် မခင် နှောင်းခြံထဲသို့ ဦးဒေဝသည် လိုင်ဘွားနှင့်လက်ပါးစေ နှစ်ယောက် အားလုံးသေနတ်ကိုယ်စီ ကိုင်ဆောင်ပြီး ရောက်လာသည်။

ကိုဇေယျ နံနက်ပိုင်းက ပူပူနွေးနွေးကြီး ထွက်သွား သည်ကို မခင်နှောင်းငိုရှိုက်ရင်း စိတ်မချမ်းသာဖြစ်ရသည်။ နာလည်



နေပြီဖြစ်သော တိုးတိုးကလည်း စိတ်ကလေး မပျော်ပေ။

သို့တိုင်အောင်

ညီမလေးပို့ပို့က ပျင်းသည်။ ကစားချင်သည်ဆိုသ ဖြင့် တိုးတိုးသည် ညီမလေးပို့ပို့နှင့် မြွေလှေကား၊ အံစာကစားနည်း ထိုင်ကစားပေးနေသည်။

ထိုစဉ်မှာပင်

မခင်နှောင်း၏ အိမ်တံခါးကို ဝုန်းခနဲဆောင့်တွန်းပြီး ဦးသိဒ္ဓိက ရှေ့ဆုံးမှဝင်လာသည် လိုင်ဘွားနှင့်တပည့်နှစ်ယောက် နောက်မှပါလာသည်။

အထဲရောက်သည်နှင့် ဦးသိဒ္ဓိသည် မခင်နှောင်းကို အမိအရ လှမ်းဆွဲလိုက်သည်။

တိုးတိုးလေးက သိပ်လျင်ပါ၏။

ချက်ချင်းအခြေအနေကို နားလည်ကာ လှစ်ခနဲ ထွက်ပြေးတော့သည်။

အိမ်ရှေ့ပေါက်တွင် ဦးသိဒ္ဓိ၏တပည့်နှစ်ယောက်ရပ် နေသည်မို့ တိုးတိုးတို့ကို နောက်ဖေးဘက်သို့ ပြေးခဲ့သည်။

“ဟောကောင် … အောင်မောင်း ဟိုကောင်လေးနောက်ကို ပြေးလိုက်ပြီး ဖမ်းခေါ်ခဲ့စမ်း ဒီကောင်လေးက သိပ်ပါးတယ် သိပ်နားလည်တယ်၊ ဒီကောင်လေး လွတ်သွားလို့မဖြစ်ဘူး”

အောင်မောင်းဆိုသော တပည့် တိုးတိုးနောက်ဝင် လိုက်သွားသည်။

တိုးတိုးက မီးဖိုထဲရှိစားပွဲအောက်တွင် ပုန်းနေလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပုန်းရင်း ဟိုဟိုဒီဒီလိုက်ကြည့်ရာ တိုးတိုးနှင့် မလှမ်းမကမ်းတွင် ဘလက္ခသံ မီးပြောင်းကိုမြင်ရသည်။ မီးမီးထင်းမီးမွှေးသည့် အခ လေမှုတ်ပေးသော သံမီးပြောင်းဖြစ်ပါ၏။ သံတလက္ခပိုက်လုံး တင် ပေးသာသာရှည်သည်။

ထိုသံပိုက်လုံး မီးပြောင်းကို တိုးတိုးလှမ်းယူလိုက်သည်။

မီးဖိုထဲသို့ အောင်မောင်းရောက်လာသည်။ အောင်မောင်းသည် တိုးတိုးကိုရှာဖွေသော မျက်လုံးဖြင့်အနှံ့ကြည့်သည်။

ဘယ်မှာမှမတွေ့။

နောက်ဆုံးအောင်မောင်းသည် စားပွဲအောက်သို့ ကြည့်ပါလေတော့၏။

ငုံ့လာသော အောင်မောင်း၏ဦးခေါင်းကို တိုးတိုးက သံမီးပြောင်းပိုက်လုံးဖြင့် သူ့အင်အားလေးရှိသလောက်နှင့် ရိုက်ချလိုက်သည်။

အားကန်အော်ကာ အောင်မောင်ပစ်လဲကျသွားသည်နှင့် တိုးတိုးသည် စားပွဲအောက်မှပြန်ထွက်ခဲ မီးဖိုးတံခါးဖွင့်ပြီး ခြံကြီးထဲသို့ ပြေးဆင်းသွားတော့သည်။

တိုးတိုးသည် ဂိုဒေါင်ဘက်ဆီသွားရမည်။

ဂိုဒေါင်ထဲမှ ထင်းရှူးသေတ္တာထဲတွင် ဒီဒီရှိစဉ်က ကိုင်ဆော်သောခြောက်လုံးပြူး သေနတ်ရှိနေသည်။

ဒီဒီခြောက်လုံးပြူးသေနတ်ကို ယူပြီး လူဆိုးတွေ ပစ်မည်ဟု တိုးတိုးစိတ်ကူးသည်။



သံမီးပြောင်းအရိုက်ခံလိုက်ရသော အောင်မောင်းမှာ ဦးခေါင်းမှသွေးတွေ ယိုစီးရင်းညှော်ခန်းဘက်သို့ ပြန်ဝင်လာပြီး ပြောလိုက်သည်။

"ကောင်လေး ကျွန်တော့်ကို သံပိုက်လုံးနဲ့ခေါင်းကိုရိုက်ပြီး ကျွန်တော်လဲနေတုန်း မီးဖိုတံခါးပေါက်က ဆင်ပြေးသွားတယ် ဆရာ ..."

"ဟာ ... မင်းသော်ကသုံးမကျတဲ့ကောင်ပဲ ကလေးရဲ့ အရိုက် ခေါင်းကွဲတောင်ခံရတယ်လို့ ဆက်လိုက်စမ်း ... ဒီကောင်လေးကိုမိမှ ဖြစ်မယ်"

လိုင်ဘွားက ပိုပိုလေးကိုကြမ်းကြမ်းတမ်းတမ်းကိုင် ဖမ်းထားရင်း အောင်မောင်းကိုဆက်၍ အမိန့်ပေးသည်။

ဦးသိဒ္ဓိသည် မခင်နှောင်း၏ရှည်အုံအောင်မည်းနက် ရှည်လျားသောဆံပင်ကို ဆောင့်ဆွဲကိုင်နှောက်လှန်ဆွဲချလိုက်သည်။ မခင်နှောင်းမှာ ခေါင်းမော့ပြီး နာကျင်စွာခံစားရပါ၏။

"ထိုးစမ်း ... ဒီစာချုပ်ပေါ်မှာ နင့်လက်မှတ်ထိုးစမ်း ခင်နှောင်း"

"မထိုးဘူး"

"ဟာ ... ဒီမှဆိုးမ"

ဟုရေရွတ်ရင်း မခင်နှောင်း၏ ပါးတစ်ဖက်ကို သူ့လက်ဝါးကြီးဖြင့် ဖျန်းခနဲ ရိုက်လိုက်သည်။

"အောင့်မလေး ..."

မခင်နှောင်း နာကျင်စွာ လဲကျသွားသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"မာမာ … မာမာ … မာမာ"

ပို့ပို့လေးက သူ့မာမာ အနှိပ်စက်ခံနေရသည်ကိုမြင်ပြီး တအားငိုချကာ သူ့အမေကို ဟစ်ခေါ်သည် ခေါ်နေသဖြင့် လှိုင်ဘွားက ကလေးကို နာရင်းပိတ်အုပ်လိုက်သည်။

"သမီးလေးကို မနှိပ်စက်နဲ့ … "

မခင်နှောင်းအော်ပြောသည်။

"ဒါဆို … ဒီနေရာမှာ နင်လက်မှတ်ထိုး … ခင်နှောင်း"

မခင်နှောင်း မတတ်နိုင်တော့ပြီ။

မိမိနာကျင်သည်က အရေးမကြီး သမီးလေးပို့ပို့ နှိပ်စက်သည်ကိုတော့ မကြည့်ရက်နိုင်။

"ပေး … လက်မှတ်ထိုးမယ်"

ဦးသိဒ္ဓိက စာချုပ်လက်မှတ်ထိုးရမည့်နေရာကို လက်ညှိုးထောက်ပြရင်း ဘော(လ်)ပင်ပေးလိုက်သည်။

"ခင်နှောင်း"

ဟု လက်မှတ်ထိုးပါလေ၏။ သို့သော် မခင်နှောင်း ဉာဏ်ရှိသည်။ မိမိ၏ထိုးမြဲလက်မှတ်ပုံစံမဟုတ်ပဲ ခင်နှောင်းဟု ဖြီး သလိုရေးထိုးလိုက်ခြင်းသာ ဖြစ်ပါ၏။

မခင်နှောင်း၏ ထိုးမြဲလက်မှတ်ကို တစ်ခါမှမမြင်ဘူးသော ဦးသိဒ္ဓိသည် မခင်နှောင်းစာချုပ်တွင် လက်မှတ်ထိုးသည်ကိုပင် ကျေနပ်သွားလေတော့သည်။

"ဟာ … ဆရာကြီး"

အိမ်တံခါးဝတွင် အသင့်သေနတ်ကိုင်စောင့်နေသည့်



တပည့်တိုင်းကျော်က အထိတ်တလန့်အသံဖြင့် ဦးသိဒ္ဓိကို လှမ်းခေါ်လိုက်သည်။

"ဘာလဲ တိုင်းကျော်"

"ခြံဝမှာ ဒုရဲအုပ်ကိုစောဦးရဲ့မော်တော်ရောက်လာတယ် ဆရာကြီး"

"ဟာ … ဒီကောင်ဟုတ်ပ့ါမလား၊ စောဦးက ဧယျနောက်ကိုလိုက်ဖမ်းနေတာပဲဟာ"

"မဟုတ်ဘူး ဆရာကြီး ဒီကောင်စောဦး ညနေစောင်းမိုးချုပ်စက မြို့သစ်ကို ပြန်ရောက်လာတယ် … တစ်ဖွဲ့လုံးပြန်လာတာ ဧယျကို မမိခဲ့ကြဘူး"

"ဟာ … ဒါဆို မဖြစ်ဘူး အခုတို့လုပ်နေတာတွေ ဒီကောင်မြင်သွားရင် ခင်နှောင်းစာချုပ်လက်မှတ်ထိုးလည်း တရားမဝင်ဖြစ်တော့မယ်"

လှိုင်ဘွားက ဝင်ပြောပါ၏။

"ရတယ် အာစရိ … ဒီကောင်စောဦးအိမ်ထဲဝင်လာတာနဲ့ ကျုန် တော်နဲ့တိုင်းကျော်က တီးပစ်မယ် … ပြီးရင် ခင်နှောင်းရော စောဦးရော ကောင်မလေးပို့ပို့ရော သတိမေ့အောင်ဆော်ပြီး ဒီအိမ်ကို ဓာတ်ဆီလောင်းမီးရှို့မယ် သူတို့အားလုံးမီးထဲပါသွားရောပေါ့ အာစရိ"

မခင်နှောင်းမီးထဲပါ သေဆုံးသွားပါက သူမလက်မှတ်ထိုးပြီးသား စာချုပ်သည် တရားဝင် အတည်ဖြစ်မည်ဟု ဦးသိဒ္ဓိ တွက်ပြီး

"အေး … ကောင်းတယ် … အဲဒီအတိုင်းလုပ်ပေတော့

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွား"

ဦးသိဒ္ဓိက ခင်နှောင်းနားထင်ကို သေနတ်ပြောင်းတေ့ကာ အံသံထွက်သည်နှင့် ပစ်သတ်မည်ဟု ပြောထားသည်။

ပိုပိုလေးမှာ လှိုင်ဘွားရိုက်နှက်မှုကြောင့် သတိမေ့နေပြီ။

"ဒေါက် ... ဒေါက် ... ဒေါက်"

အပြင်မှ တံခါးခေါက်သံထွက်လာသည်။

လှိုင်ဘွားက သေနတ်ကိုအပြားလိုက်ပြီး ပိုပိုကိုပစ်ချထားခဲ့ကာ တံခါးရွက်ဖြင့် သူ့ကိုယ်ကိုကွယ်ပြီး တံခါးဖွင့်လိုက်သည်နှင့် ဦးခေါင်းကို အမှေ့အလဲရိုက်ရန်ဖြစ်ပါ၏။

သေနတ်ဖြင့်ပစ်၍မဖြစ်။ သေနတ်သံကြားလျှင် ယင်းတိုက်ရှာသူရှာသားတွေ ရောက်လာနိုင်သည်။

ကိုစောဦးကလည်း မခင်နှောင်းခေါကပ်ပြီး ဘာမှမစဉ်းစားဘဲ သတိလက်လွတ်ဝင်လာသည်။ ကိုဖေယျာမရှိတော့ပြီမို့ မခင်နှောင်းအား အပိုင်စီးရန် တစ်ယောက်တည်းလာခြင်းဖြစ်ပါ၏။

ကိုစောဦး ခေါကပ်စိတ်ဖြင့် တံခါးဖွင့်သည်နှင့် အိမ်ထဲသို့ ဝင်လာလိုက်ပေတော့သည်။

ခွပ် ... ခွပ် ...

လှိုင်ဘွားက လက်ဝါးကပ်ထားသော သေနတ်ပြားနှင့် စောဦး၏ ဦးခေါင်းကိုနှစ်ချက်ဆင့်ရိုက်လိုက်သည်နှင့် စောဦးမှာအားလျှားမှောက်ကြီး လဲကျသတိလစ်သွားပါလေတော့သည်။

✡✦✡



အောင်မောင်းသည် တိုးတိုးကိုခြံထဲတွင်လိုက်ရှာရာ တိုးတိုးမြင်းဇောင်းထဲသို့ လှစ်ခနဲဝင်ပြေးသွားသည်ကို ရိပ်ခနဲတွေ့လိုက်သောကြောင့် အောင်မောင်းမြင်းဇောင်းဆီသို့ လာခဲ့သည်။

တိုးတိုးသည် ဉာဏ်ရှိပြီးပါးနပ်သော ကလေးဖြစ်ပါ၏။ သူ့ဒီဒီ၏သေနတ်ရှိရာ သွားရမည့်ဂိုဒေါင်လမ်းတွင် ကြားၶမြင်းဇောင်းရှိနေသေးသည် မြင်းဇောင်းမှတဆင့် ဂိုဒေါင်သို့ကူးသွားရေးအတွက် မြင်းဇောင်းထဲသို့ ဝင်ခဲ့ခြင်းဖြစ်သည်။

အကြောင်းမှု မိမိနောက်သို့ မီးဖိုထဲ့တွင်မိမိမျဉ်းလုံးဖြင့် ရိုက်လိုက်သော လူဆိုးလိုက်လာသည်ကို မြင်လိုက်သောကြောင့် မြင်းဇောင်းထဲသို့ ဝင်လိုက်ခြင်းလည်းဖြစ်ပါ၏။

မြင်းဇောင်းထဲရောက်သည်နှင့် ဘာဆက်လုပ်ရမည်ကို တိုး စဉ်းစားသည်။

မြင်းဇောင်း၏အနေအထားမှာ ရှေ့မှသာ ဝင်ပေါက်ရှိပြီး ဘေးနှစ်ဘက်နှင့်နောက်ကျောဘက်တွင် အပေါက်မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးလိုက်ဝင်လာပါက မိမိမှာထွက်ပေါက်မရှိ ပိတ်မိတော့မည်။

မြင်းဇောင်းထဲတွင် မြင်းနှစ်ကောင်စလုံးရှိနေသည်။

မြင်းနှစ်ကောင်ကိုကြည့်ပြီး တိုးတိုးအကြံတစ်ခုရပါ၏။ တိုးတိုးတို့၏မြင်းနှစ်ကောင်မှာ တစ်ကောင်က အုန်းခွံရောင်ဖြစ်ပြီး နောက်တစ်ကောင်က အနက်ရောင်ဖြစ်သည်။

အုန်းခွံရောင်မြင်းက သဘောကောင်းသည် အတို့အထိနှင့် အရိုက်အနက်ခံသည်။

အနက်ကောင်က စိတ်ဆတ်သည်။ သူ့ကိုတို့ထိရိုက်နက်လျှင် မတပ်ရပီသည်။ နောက်ပြန်ကန်သည် ရှေ့ခြေနှစ်ဘက်ဖြင့် ခွာပေါက်သည်။

လူနှင့်ရှိင်ယှဉ်ပြောလျှင် မြင်းအနက်ကောင်သည် သူ့ခါးကိုတို့လျှင် ယားတတ်သည် ယောင်တတ်သည် သူ့ခါးကိုတို့လိုက်လျှင် နောက်ခြေနှစ်ဖက်ဖြင့် ကန်သောအကျင့်ရှိသည်။

တိုးတိုးသည် မြင်းအနက်ကြီးဘေးတွင် ပုန်းနေလိုက်သည်။

လူဆိုးဝင်လာပေပြီ။ ဟိုရှာဒီကြည့်ဖြင့် ကြည့်သည်။ ခါးကိုင်းခေါင်းငုံ့ဖြင့် တိုးတိုးကို လိုက်ရှာသည်။

ပတ်ကွေ့ရှာရင်း လူဆိုးသည်မြင်းအနက်ကြီးနောက်ဘက်သို့ ရောက်လာသည်။

"ဒီမှာဗျ" ...

တိုးတိုးအသံပြုလိုက်ရာ တိုးတိုးအသံလာရာသို့



လူဆိုးလှည့်အကြည့်မှာပင် တိုးတိုးသည်မြင်းအနက်ကြီး၏ ခါးကိုတို့လိုက်သည်။

"ဖျောင်း ... ဖျောင်း"

မြင်းနက်ကြီး နောက်ပြန်ခြေစုံနှစ်ဖက်ကန်လိုက်တော့သည်။

လူဆိုး၏မျက်နှာတစ်ချက် ရင်ပတ်တစ်ချက်ကို ထိမိစွာ မြင်းကန်ခံလိုက်ရသည်။

လူဆိုးဘာတတ်နိုင်တော့မည်နည်း။

အား အား အိအိပင်မအော်နိုင်ဘဲ နေရာမှာပင် ပုံလဲကျသွားလေတော့သည်။

ဂိုဒေါင်ဆီသို့ တိုးတိုးဆက်ပြီး ထွက်ပြေးလာခဲ့သည်။

ဂိုဒေါင်အနီးသို့ အရောက်မှာပင် လူတစ်ယောက်က ပြေးလာသောတိုးတိုးကို ဆီးပွေ့ဘက်တားလိုက်ခြင်း တိုးတိုးခံလိုက်ရသည်။

ထိုလူ၏မျက်နှာကို တိုးတိုးသေချာမြင်လိုက်သည်နှင့် ဝမ်းသာအားရ ခေါ်လိုက်သည်။

"ဦးဦး ... ဦးဦးဇေယျ"

ကိုဇေယျက တိုးတိုးပါးစပ်နှုတ်ခမ်းကို လက်ဝါးဖြင့်ပိတ်လိုက်ပြီး သူ့နှုတ်ခမ်းကို ကျန်လက်တစ်ဖက်၏လက်ညှိုးချောင်းဖြင့် ကန့်လန့်ပြလိုက်သည်။

အသံမပေးနဲ့ စကားမပြောနဲ့ဟု ဆိုလိုခြင်းမှန်း တိုးတိုးသဘောပေါက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် တိုးတိုးသည် ဦးဦးဧေယျ၏ နားတစ်ဘက်သို့ကပ်ပြီး တိုးတိုးလေးပြောသေးသည်။

"ဝမ်းသာလိုက်တာ ဦးဦးရယ် ... အိမ်ထဲမှာ ဦးသိဒ္ဓိကြီး မာမာ့ကို နှိပ်စက်နေတယ်"

ကိုဧေယျမှောင်ရိပ်နိုကာ အိမ်ဆီသို့ချဉ်းကပ်သွားတော့သည်။

✡✦✡



## အခန်း ၂၄

အပြင်အမှောင်ထဲမှ အိမ်ထဲသို့ချောင်းကြည့်သည်။

လှိုင်ဘွားသည် တစ်အိမ်လုံးကို ခါတ်ဆီတွေဖြန်းနေပေပြီ။

လှိုင်ဘွားကို လှမ်းပစ်ရန် ခါးကြားပစ္စတိုကို ကိုဧေယျ စမ်းယူလိုက်သည်။

"ဟိုက် ... ခါးကြားတွင် ပစ္စတိုမရှိတော့ပြီ"

မိမိတောလမ်းတောင်လမ်းတွေကို ဒရကြမ်းမော်တော်ဆိုင်ကယ်နှင့် ပြေးခဲ့စဉ်က မောင်တော်ဆိုင်ကယ် အကြိမ်များနှုဆောင့်သဖြင့် ခါးကြားထဲမှ ပစ္စတို ပြုတ်ကျကျန်ခဲ့သည်ဖြစ်မည်။

အိမ်ထဲတွင် ဦးသိဒ္ဓိက သေနတ်တစ်လက် ကိုလှိုင်ဘွားက သေနတ်တစ်လက် ကိုယ်စီကိုင်ထားကြသည်။

လူနှစ်ယောက်သေနတ်ကိုယ်စီကိုင်ထားသူအား မိမိတစ်ယောက်တည်း လက်နက်မဲ့ဗလာဝင်တိုက်ရမည်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



အင်မတီအင်မတန်ကြီး စွန့်စားရပေမည်။

မိမိသည် မိမိ၏လွတ်မြောက်ရေးကို ရခဲ့ပြီးမှ မခင်နှောင်းနှင့်တကွ ကလေးနှစ်ယောက်အပေါ် သံယောဇဉ်ငြိတွယ်မှု ကြီးမားသောကြောင့် ပြန်လာခဲ့ခြင်းဖြစ်သည်မို့ ...

ယခုမထူးတော့ပြီ။

မခင်နှောင်းတို့အတွက် နောက်ဆုံးစွန့်စားလိုက်တော့မည်ဟု ဆုံးဖြတ်သည်။

လှိုင်ဘွားသည် အိမ်ကိုစောင့်ဆိုင်းကြည့်နေ၏ မိမိရပ်ကြည့်နေသော ပြတင်းပေါက်အနီးသို့ ရောက်လာပေသည်။

လှိုင်ဘွားသည် ထိုနေရာမှာပင်ရပ်၍ ကုန်သွားသော ဓာတ်ဆီပုံးကို လွှင့်ပစ်၍ အိတ်ထဲမှသစ်သားမီးခြစ်ကို ထုတ်ယူပြီး ရှဲကန် မီးခြစ်တစ်ဆံခြစ်လိုက်သည်။ မီးတောက်လောင်သော မီးခြစ်ဆံကို စိကရက်တိုကောက်ပြီး လွှင့်ပြစ်သလို ဓာတ်ဆီဖြန်းထားသော အိမ်အလယ်သို့ ပစ်တောက်လိုက်သည်။

ဝုန်းခနဲ မီးတောက်လောင်ပြီး မီးတောက်ကို လှိုင်ဘွားငေးကြည့်နေစဉ်မှာပင် ကိုဇေယျသည် မှန်ပြတင်းကို အင်အားဖြင့်ကိုယ်လုံးတိုက်ဖွင့်ဝင်လိုက်သည်။ အထဲသို့ဝင်လိုက်သည်နှင့် လှိုင်ဘွားအားနောက်မှ ခုန်အုပ်ပြီးသားဖြစ်ပါ၏။

ခုန်အုပ်လိုက်သည့်အားဖြင့် နှစ်ယောက်စလုံး ကြမ်းပြင်တွင်လုံးထွေးရစ်ပတ် လဲပြိုကျသွားတော့မည်။

လူချင်းပူးကပ်ပြီး ကွာထွက်မသွားရေးကို ကိုဇေယျ အထူးသတိထားပြီး လှိုင်ဘွားကိုပူးကာ ဖက်တွယ်ထားပါ၏



ပူးကပ်မှုကွာဟသွားသည်နှင့် လှိုင်ဘွားက မိမိတို့သေနတ်နှင့် ပစ်နိုင်ခွင့်ရသွားမည်ဖြစ်သောကြောင့်ပါတည်း

ဦးသိဒ္ဓိသည် သေနတ်ကိုင်ရင်း ဘတစ်ပြန်ကျားတစ်ပြန်လုံးသတ်နေသော လှိုင်ဘွားနှင့် ကိုဇေယျဆီသို့ သေနတ်တစ်ချိန်ချိန်ဖြစ်နေသည်။

ကိုဇေယျ၏ ကိုယ်ထည်ကျောပြင်သို့ ပစ်ကွင်းရသည်နှင့် ဒိုင်းခနဲ ဦးသိဒ္ဓိက ထိုးပစ်သည်။

မထိပါလေ။

မခင်နှောင်းက သူမအား ဦးသိဒ္ဓိကလက်တစ်ဖက်ဖြင့် ဖမ်းချုပ်ခြင်း ခံထားရာမှ ဦးသိဒ္ဓိ၏ သေနတ်ပစ်လက်ကို ရုန်းကန်ရင်း အပေါ်သို့ မြှောက်လိုက်သောကြောင့် ကျည်ဆံခေါင်မိုးသို့ ထွက်သွားခြင်းဖြစ်သည်။

"အား ... ဒီခွေးမ"

ဦးသိဒ္ဓိမှာ မခင်နှောင်းကို ချုပ်ကိုင်ထားရာမှ မလွတ်မလွတ်ရဲပေ။

ကိုလှိုင်ဘွားနှင့် ကိုဇေယျ၏ ပူးသတ်နပန်းပွဲမှာ လူးရင်းလိမ့်ရင်း ကန်ရင်းကျောက်ရင်း ထိုးရင်းနှက်ရင်းနှင့် အတန်ငယ်ကြာသွားသည်။

သတ်ပုတ်ပွဲ ကြာမြင့်သည့်ဒဏ်ကို လှိုင်ဘွားမခံနိုင်ပေ။ အသတ်အပုတ် ပညာတွင်ရထားပေမင့် အရက်နှင့်သောက် မိန်းမလိုက်သဖြင့် လှိုင်ဘွားတွင် ရေရှည်ခွန်အားမရှိပေ။ အဆီအစ်ဝပြီး ကိုယ်ထည်ကြီးမားခြင်းသာ ရှိသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွား လက်ပန်းခြေပန်းကျစပြုပြီး

ကိုဧယျအဖို့ကတော့ သတ်ပုတ်လေလေ … ပို၍မာကျောလာလေလေဖြစ်ပါ၏။

သို့သော်

ဤအိမ်ထဲတွင် … ဦးသိဒ္ဓိကလည်း မိမိကို သေနတ်နှင့်ပစ်ဖို့အခွင့်အရေး စောင့်နေသည်။ အိမ်ကြမ်းပြင်ကိုလည်း မီးစွဲလောင်နေပေပြီ။

ကိုဧယျအတွက် သတ်ပုတ်ဝွင်ကျဉ်းလွန်းနေသည်။ ကိုလှိုင်ဘွားကို မိမိအနိုင်ရပြီး သူ့လက်မှသေနတ်ကို အရယူနိုင်ပါက ဦးသိဒ္ဓိလက်ထဲမှ မခင်နှောင်းကို ကယ်တင်နိုင်မည်။

နွားကို ကျားဆွဲပုံစံဖြင့် ပူးရင်းလုံးရင်းပွင့်နေသော တံခါးဝကြီးပေါက်သို့ အရောက်လှိုင်ဘွားကို ပူးဆွဲရင်း တံခါးဝရောက်သည်နှင့် လှေကားထစ်များပေါ်သို့ လိမ့်ဆွဲယူရင်း ဒလိမ့်ဒလိမ့်နှစ်ယောက်လုံးလှေကားမှကျပြီး မြေပြင်သို့ ရောက်သွားလေတော့သည်။

ဤနေရာတွင် ကိုဧယျမှားသွားလေပြီ …

လှေကားမှ ဒလိမ့်ဒလိမ့်နှင့် အောက်မြေပြင်သို့ရောက်သည်နှင့် လိမ့်ကျလာသောအရှိန်ဖြင့် လှိုင်ဘွားနှင့်သူချင်းကွဲသွားလေတော့သည်။

လူချင်းကွဲသည်နှင့် နှစ်ယောက်လုံးမတ်တတ်ရပ်ချိန်ဝယ် လှိုင်ဘွားက မလွတ်တန်းအနေခံပြီး ဆုတ်ကိုင်ထားသောသေနတ်ဖြင့် ကိုဧယျအား ထိုးချိန်လိုက်တော့သည်။



"ကဲ … မင်း … ဘာတတ်နိုင်သေးလဲ ဧယျ"

ဘုရား တရားသာအောက်မေ့ပေတော့။

"ဒိုင်း … ဒိုင်း … ဒိုင်း"

သုံးချက်တိတိ သေနတ်သံထွက်လာသည်။ ညပိုင်းတိတ်ဆိတ်ချိန်ဝယ် ဆက်တိုက်သေနတ်သံမှာ ဟိန်းထွက်လာလေတော့သည်။

သို့သော်။

ကိုဧယျ ဘာဆိုဘာမှမဖြစ် ပကတိရပ်မြဲရပ်နေကာ အံ့သြနေမိသည်။

လှိုင်ဘွားသာလျှင် ပထမသေနတ်သံတစ်ချက်ပေါ်ထွက်အလာတွင် တွန့်ခနဲဖြစ်သွားပြီး ဆက်တိုက်အပစ်တွင် လှိုင်ဘွားမြေပေါ်သို့ အုံးဘုံးကြီးလဲကျသွားသည်ကို တွေ့ရတော့သည်။

လှိုင်ဘွားလဲကျသွားလေမှ လှိုင်ဘွားနောက်တွင် သေနတ်ကိုလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပစ်ခတ်သော တိုးတိုးလေးကို ကိုဧယျမြင်ရတော့သည်။

တိုးတိုးသည် လှိုင်ဘွား၏နောက်ကျောဘက်ခြောက်ပေလောက်အကွာတွင် ရပ်ခါ သူ့ဒီဒီထားခဲ့သောခြောက်လုံးပြူးသေနတ်နဲ့ သူ၏လက်လေးနှစ်ဖက်ဖြင့် ကျစ်ကျစ်ပါ သေနတ်ဒင်ကို ဆုပ်ကိုင်ပြီးတစ်ချက်ချင်း ခလုတ်ဆွဲကာ ပစ်လိုက်ခြင်းဖြစ်ပါလေတော့၏။

"ဟင် … တိုးတိုး … ကြည့်စမ်း … ဦးဦးအသက်ကို တိုးတိုးကယ်လိုက်တာပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဧယျသည် တိုးတိုးကို တအားပြေးဖတ်ထားလိုက်မိတော့သည်။

ဦးသိဒ္ဓိသည် မခင်နှောင်း၏လည်ပင်းကို သေနတ်ပြောင်းတေ့ပြီး ရှေ့ကာဗာအဖြစ် ချုပ်ကိုင်ထားရင်း အောက်သို့ဆင်းလာသည်ကို ကိုဧယျရော တိုးတိုးပါ လှမ်းမြင်သည်။

အခြေအနေမကောင်းတော့ပြီမို့ ဦးသိဒ္ဓိသည် မခင်နှောင်းကို ဓါးစာခံအဖြစ်ခေါ်ကာ သူ၏အက်(စ်)အီးကားဖြူကြီးဆီသို့ တရွေ့ရွေ့ ခေါ်ဆောင်နေပေသည်။ မခင်နှောင်းမှာ ဦးသိဒ္ဓိဇွတ်ဆွဲ လည်ပင်းအစ်ခံသဖြင့် ဒရွတ်တိုက်ပါနေလေသည်။

"ဟိုမှာ ... မာမာ ... ရှေ့ ဦးဦးသေနတ်"

သို့သော် ...

တိုးတိုးလက်မှသေနတ်ကို ကိုဧယျရယူဖို့ မလိုတော့ပေ။

ရှေ့မီးကြီးနှစ်လုံး ထိန်လင်းစွာထိုးပြီး ကားကြီးတစ်စီး ခြံထဲသို့ မောင်းဝင်လာလေတော့သည်။

ကားကြီးမှာ ဦးချစ်မောင်၏လော်ရီကားကြီးဖြစ်ပြီး ဦးချစ်မောင်ကိုယ်တိုင် မောင်းလာခြင်းပင်။

ကားမီးရောင်ထိန်ထိန်လင်းတွင် ဦးသိဒ္ဓိ၊ မခင်နှောင်းအား သေနတ်နားထင်တေ့ လည်ပင်းတစ်ဘက်ရစ်ပတ်ပြီး ဒရွတ်တိုက်ခေါ်နေသည်ကို ထင်ထင်ရှားရှားကြီး ဖြစ်နေတော့သည်။

ရဲကားကြီးပေါ်မှ မြို့သစ်မြို့ရဲစခန်းမှူး ခြောက်လုံး



ပြူးကိုင်ဆင်းလာသည်။ နောက်မှပြောင်းရှည်သေနတ်ကိုင် ရဲသားများလည်း ခုန်ဆင်းလာကြလေသည်။ အားလုံးသည် ဦးသိဒ္ဓိကို ဝိုင်းချိန်ထားလိုက်သည်။

"အမျိုးသမီးကို လွှတ်လိုက်ပါ ဦးသိဒ္ဓိ"

ရဲအုပ်စခန်းမှူး၏အမိန့်ကို ဦးသိဒ္ဓိလိုက်နာပါ၏။

မခင်နှောင်းကို လွှတ်ပေးလိုက်သည်။

မခင်နှောင်းသည် လွှတ်သွားသည်နှင့် အိမ်ထဲမီးလောင်ထဲတွင် သမီးလေးပို့ပို့ ပိတ်မိနေသဖြင့် အိမ်ထဲသို့ ဇွတ်ဝင်ပြေးသွားသည်။

ကိုဧယျသည် လွှားခနဲ လွှားခနဲ မခင်နှောင်းနောက်သို့ပြေးလိုက်သည်။

မခင်နှောင်းသည် သမီးပို့ပို့လေးကို ချီထားပြီး သတိမေ့နေသော ဒုရဲအုပ်ကိုစောဦးအား ငုံ့ကြည့်နေသည်ကို ကိုဧယျတွေ့ရသည်။

ကိုဧယျသည် မခင်နှောင်းဆီသွားကာ မခင်နှောင်းအားပွေ့ပိုက်လိုက်သည်။

မခင်နှောင်းကလည်း ပို့ပို့ကိုပွေ့ချီထားလျက်ကပင် ကိုဧယျကို လက်တစ်ဖက်ဖြင့် ပြန်ဖတ်ထားလိုက်သည်။

"ပြေးတော့ကိုဧယျ ... ငပြေးပေတော့၊ အပြင်မှာရဲတွေရောက်နေပြီ"

"ကိုယ်မပြေးတော့ဘူး မခင်နှောင်း ... ကိုယ်အဖမ်းခံလိုက်တော့မယ် ကိုယ်ပြေးခဲ့တာ လွှတ်သွားပါပြီ နှောင်းရဲ့ က

www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို စိတ်မချလို့ ပြန်လာတာ ကိုယ်ထင်တဲ့အတိုင်းပဲ ဦးသိဒ္ဓိ နှောင်းတို့ကို အနိုင်ကျင့်တာပဲ မဟုတ်လား၊ အခုတော့ နှောင်းတို့မှာ ဦးသိဒ္ဓိအန္တရာယ်ကင်းသွားပြီလေ ကိုယ်အဖမ်းခံလိုက်မယ်"

ကိုဇေယျသည် သောက်ရေတစ်ခွက်ခပ်ပြီး သတိမေ့နေသော ကိုစောဦးမျက်နှာသို့ ရေဖြန်းရေလောင်းချရာ ကိုစောဦးသည် တအီးအီးညည်းရင်း သတိပြန်ရလာသည်။

သူ့အား ကိုဇေယျက မွေ့ပိုက်ပြီးသတိပြန်ရအောင်လုပ်ပေးနေသည်ကို ကိုစောဦး တွေ့မြင်ရပါ၏။

ကိုစောဦး မတ်တတ်ရပ်လိုက်သည်။

ကိုဇေယျက မိမိကို လက်ထိတ်ခတ်ဖမ်းပေတော့ဟု လက်နှစ်ဖက်ပူးပြီး ရှေ့သို့ထုတ်ပေးသည်။

ကိုစောဦးက ကိုဇေယျကို လက်ထိတ်မခတ်သေးဝဲငေးကြည့်ရင်း ပြောလိုက်ပါ၏။

"ဆောရီးပဲ ကိုဇေယျ … ရန်ကုန်က ကိုညိုဆိုတဲ့လူနဲ့ သူ့အဖော် ရောက်လာပြီး ကျွန်တော်ရဲစခန်းမှာ တိုင်ချက်ဖွင့်တယ်၊ ကိုဇေယျဟာ စိမ်းဆိုတဲ့ အမျိုးသမီးကို သေနတ်နဲ့ပစ်သတ်ပြီး ထွက်ပြေးတိမ်းရှောင်နေသူပါတဲ့ ဒါကြောင့် ကိုဇေယျကို ကျွန်တော်ဖမ်းဖို့လိုက်လာတယ် အဲဒါ ဟုတ်သလား ကိုဇေယျ ကိုညိုဆိုတဲ့လူကိုကော ကိုဇေယျသိသလား"

"သိပါတယ် ကိုညိုဟာ ကျွန်တော့်ဇနီးစိမ်းရဲ့ မောင်တစ်ဝမ်း



ကွဲ"

"အေးဗျာ … ကိုဇေယျကအဖမ်းခံမှတော့ ကျွန်တော်ကိုဇေယျကို လက်ထိတ်မခတ်ချင်ပါဘူး ကိုညိုတိုင်ချက်ဖွင့်တဲ့အမှုအရ ကိုဇေယျကို ရန်ကုန်ဖြစ်ပွားနယ်မြေ ရဲစခန်းကိုပဲပြန်ပို့ပေးမှာပါ"

ကိုဇေယျအားလက်ဆွဲပြီး ကိုစောဦးသည် သူ့အထက်အရာရှိ စခန်းမှူးရဲအုပ်ဆီသို့ ခေါ်သွားလေတော့သည်။

အိမ်ထဲတွင်မီးလောင်သည်ကို လူအုပ်ဖြင့်ဝိုင်းပြီးငြိမ်းသတ်လိုက်ပါ၏။

ကိုညိုတွေ့သည်နှင့် ကိုဇေယျကို မေးလိုက်ပါ၏။

"နောက်ဆုံးတော့ မိတာပဲမဟုတ်လား ကိုဇေယျ … ကျုပ်ခင်ဗျားနောက်ကိုခြေရာခံလိုက်ရတာမောလှပြီ … ခုမှပဲ ဒီမှာမိတော့တယ်"

"စိမ်းကော ဘယ့်နှယ့်လဲ ကိုညို သေသွားပြီလား"

"အဲဒါတော့ ကျုပ်မသိဘူး မမစိမ်းကိုဆေးရုံခေါ်သွားတုံးမှာပဲ ဦးလေးထူးနဲ့ ဒေါ်လေးမွန်က ကျုပ်ကိုငွေငါးသောင်းပေးပြီး ခင်ဗျားနောက်ကို မိအောင်လိုက်စမ်းဆိုလို့ အဲဒီနေ့ကစပြီး ကျုပ်ခင်ဗျားနောက်ကို လိုက်နေတာ ရန်ကုန်မှာ ဘာတွေဖြစ်မှန်းကျုပ်မသိဘူး"

ကိုဇေယျ ပခုံးတွန့်ပြလိုက်ပါ၏။

မြင်းခေါင်းထဲမှ အောင်မောင်းကိုရော တိုးတိုးလက်ချက်ဖြင့် နောက်ကျောတွင် သေနတ်ဒဏ်ရာတွေရ‌စေကာမူ

www.burmeseclassic.com

www.burmeseclassic.com



မသေသောကိုလှိုင်ဘွားကိုရော မြို့သစ်မြို့ဆေးရုံသို့ ရဲအချုပ်ဖြင့် ပို့ပေးဖို့ စီစဥ်သည်။

ဦးသိဒ္ဓိကို လက်ပူးလက်ကျပ်ကြီးအမြင်ဖြင့်ပင် ဖမ်းလိုက်သည်။

အဖြစ်အပျက်မှာ –

ဦးချစ်မောင်သည် ဟိုဘက်ခြံမှနေပြီး ဦးသိဒ္ဓိလှိုင်ဘွားနှင့်တပည့်နှစ်ယောက် အက်(စ်)အီးကားကြီးဖြင့် မခင်နှောင်းအိမ်ထဲသို့ ဝင်သွားသည်ကို တွေ့သဖြင့် ပုန်းလျှိုးပြီး အိမ်ထဲသို့ လိုက်ကြရာ ဦးသိဒ္ဓိက စာချုပ်တွင် မခင်နှောင်းအားနှိပ်စက် လက်မှတ်ထိုးခိုင်းသည်ကို တွေ့သည်နှင့် သူ့ခြံထဲပြန်လာပြီး လော်ရီကားကြီးကိုမြို့သစ်မြို့ရဲစခန်းသို့ မောင်းသွားပြီး စခန်းမှူးအား တိုင်တန်းခြင်းဖြင့် ယခုအားလုံးဖမ်းမိခြင်းဖြစ်လေတော့သည်။

မခွင်နှောင်း ... တိုးတိုးနှင့်ပိုပိုမျက်ရည်စက်လက် ငိုပြီး ကိုဇေယျအား ဝိုင်းဖက်ထားကြလေသည်။

"မငိုနဲ့နှောင်း ဟိုရောက်ရင်အမှုအနေအထားပေါ်မှာ မူတည်ပြီး ကိုယ်အပြစ်ကြီးကြီးခံချင်ခံရမယ် အပြစ်ပေါ့ပေါ့ခံချင်ခံရမယ် အပြစ်ကြီးခံရလို့ သေဒဏ်ကျွန်းဒဏ်ဆိုရင်တော့ နှောင်းနဲ့ကိုယ် ဒီဘဝဒီမျှသာပေ့ါနှောင်း အပြစ်ပေ့ါရင်တော့ အပြစ်ကလွတ်တာနဲ့ ကိုယ်နှောင်းဆီကို ပြေးလာခဲ့မှာပါ စိတ်ချနှောင်း ကိုယ့်အနေနဲ့ လူကိုယ်တိုင်ပြန်မလာနိုင်တောင် ကိုယ့်ဝိညာဉ်က နှောင်းဆီပြန်လာမှာပါ"

"ခင်နှောင်းတစ်သက်လုံး ကိုဇေယျပြန်အလာကို မျှော်နေ



မယ် ကိုဇေယျ"

တိုးတိုးလေးမှာ ငိုသည်ကလွဲပြီး ပြန်မပြောတတ်ရှာပေ။

"ဦးဦးဇေယျ ဘယ်သွားမလို့လဲဟင် ပိုပိုတို့နဲ့အတူတူ နေမယ်ဆို ပိုပို ဦးဦးနဲ့မော်တော်ဆိုင်ကယ်စီးရတာ သိပ်ပျော်တာပဲ"

ဦးသိဒ္ဓိနှင့် ကိုဇေယျတို့ အက်(စ်)အီးကားဖြူနှင့်ပင် တင်ဆောင်ကာ ရဲစခန်းသို့ခေါ်ဆောင်သွားလေတော့သည်။

ဘာပဲဖြစ်ဖြစ် ကိုဇေယျကျေနပ်ပါပေပြီ။ ပထမမီးမှာ လှိုင်ဘွားဓါတ်ဆီလောင်း မီးရှို့သောအိမ်မှာ လောင်ကျွမ်းခြင်း မကြီးမားမီ အားလုံးလူအင်အားဖြင့် ငြိမ်းသတ်နိုင်သည်။

ဒုတိယမီးမှာ ဦးသိဒ္ဓိ၏မြေတိုက်ပွဲကြီး ပြီးဆုံးသွားသည်။ ဒါတွေကို ကိုဇေယျကျေနပ်ရပါ၏။

သို့စေကာမူ

– မခင်နှောင်းအဖို့ တောက်လောင်နေသောမီးတစ်မီး ကျန်ခဲ့ရှာသည်။

ရင်ထဲနှလုံးထဲက တကယ်အစစ်အမှန်ချစ်ရသော ကိုဇေယျဖြင့် ကွဲကွာပူဆွေးတောက်လောင်သော အချစ်မီးပင် ဖြစ်ပါလေတော့၏။

✡◆✡

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၉

မှုံပြာရီ ရာသီတွေပြောင်း၊တစ်ဆောင်းသစ်ပြန်ပြီ

ကိုဇေယျ ယင်းတိုက်ရွာ မခင်နှောင်းအိမ်မှ ထွက်ခွာလာသည်မှာ တစ်နှစ်နှင့်ဆောင်းတစ်ပတ်လည် လေးလ ... စုစုပေါင်း တစ်နှစ်နှင့်လေးလရှိသွားလေပြီ။

နှောင်းသည်ရန်ကုန်မှလူကြုံကိုတွေ့တိုင်း ကိုဇေယျအကြောင်းမေးရသည်မှာ အမော။

ဦးချစ်မောင်အား ရန်ကုန်လိုက်သွားပြီး ကိုဇေယျသတင်းမေးဖို့လည်းလွှတ်သည်။

"ဟာ ... မခင်နှောင်းရ ရန်ကုန်မြို့ဆိုတာ နေရပ်လိပ်စာအတိအကျမသိရင် မောင်ဇေယျဘယ်မှာလဲလို့ လိုက်ရှာမေးရတာ ကောက်ရိုးပုံထဲ အပ်ကျတာကိုရှာရသလိုဖြစ်မှာပေါ့ နင်ကလည်းသူ့လိပ်စာ အတိအကျကိုမှ မသိတာ"



ကိုဇေယျမရှိတော့ကာမှ ဦးချစ်မောင်သည် ကိုဇေယျသင်ပေးခဲ့သမျှဖြင့် မခင်နှောင်း၏ ဆန်စက်ကိုဦးစီးဆောင်ရွက်ပေးပြီး လည်ပတ်စေပါ၏။

သို့သော် ... မိုးတွင်းကာလ၌ လယ်သမားများလယ်ဆင်းချိန်မှာတော့ ဆန်စက်ကို ပိတ်ထားလေသည်။ ယခု ဆောင်းတစ်ပတ်လည်ပြန်ပြီမို့ မခင်နှောင်းသည် ဆန်စက်ပြန်လည်ရေးကိစ္စရှိလာပြန်သည်။ ကိုဇေယျသာ အခုပြန်ရောက်လာလျှင် ဘယ်လောက်သာယာစိုပြေလိုက်မည်နည်းဟုလည်း ကိုဇေယျကို တမ်းတမှန်းဆ ဖြေမဆီဖြစ်နေပါလေ၏။

ဦးသိဒ္ဓိ၊လှိုင်ဘွား၊ အောင်မောင်းတို့အားလုံးပစ်မှုထင်ရှားသဖြင့် ထောင်ကိုယ်စီကျသွားလေသည်။

ဦးသိဒ္ဓိတအားကြီး နှောင်တရသွားပါလေ၏။ ထောင်ကလွတ်လျှင် ရဟန်းဝတ်မည်ဟုပင် ကြားနေရလေသည်။

သို့သော် ယုံ၍တော့မရ။ ဦးသိဒ္ဓိသည် ဒုက္ခတွေ့မှ နှောင်တရပြီး ခွေးမြီးကောက်ကျည်တောက်စွတ်ဖြစ်ချင်ဖြစ်ဦးမည်။

အကယ်၍ ကိုဇေယျသာရှိနေပါက မခင်နှောင်းသည် ဦးသိဒ္ဓိ၏ အန္တရာယ်ကိုသောချိတ်ကာ ငရဲမင်းကိုပင် ရင်ဆိုင်ရဲ၏။

ယနေ့နှင်းတွေ ဝေလွန်းပါ၏။ မျက်နှာချင်းဆိုင်လူလာရပ်သည်ကိုပင် မမြင်ရ၊ မသဲကွဲ။

တိုးတိုးနှင့်ပိုပိုသည် နှင်းထုထုထဲတွင် ထော်ဂူပုန်းတမ်းခြံထဲတွင် ကစားနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု တိုးတိုးက ပုန်းပြီး ပိုပိုကရှာရမည့်အလှည့်သို့ တိုးတိုးသည် နှင်းထုထုထဲသို့ ပြေးဝင်ခဲ့ရာ အင့်ခနဲနေအောင် လူကြီးတစ်ယောက်နှင့်တိုက်မိတော့သည်။

ထိုလူကြီးက ကျောပိုးအိတ်ကြီးလွယ်ကာ ပလတ်စတစ်ခြင်းကြီးတစ်လုံးဆွဲထားသည်။

တိုးတိုးသည် အချီခံရသဖြင့် ဝန်လူကြီးမျက်နှာနှင့်တစ်ပြေးညီအရှိတွင် ထိုလူကြီးမျက်နှာကို သေချာကြည့်လိုက်သည်။

"ဟင် ... ဦးဦးဇေယျ ... "

"ဇအေးပေ့ါ ... ဦးဦးဇေယျပေါ့ တိုးတိုး"

"ဟာ"

ဟု အာမေဋိတ်သံလေးထွက်လာပြီး တိုးတိုးသည် ကိုဇေယျ၏လည်ပင်းပခုံးကို တအားကြီးဘက်ထားလေတော့သည် ကိုဇေယျကလည်း တိုးတိုးကို ကျစ်ကျစ်ပါဘက်ထားပါ၏။

"မာမာရေ ... ဝေး ... မာမာ ... ဒီမှာလာကြည့်စမ်း ... လာကြည့်ပါဆို ... မြန်မြန်လာကြည့်မာမာရဲ့"

တိုးတိုး၏ ဝမ်းသာအားရတအားကုန်းအော်သံကြောင့် မခင်နှောင်းအိမ်ထဲမှ အထိတ်တလန့် ပြေးထွက်လာခဲ့သည်။

"ဟဲ့ ... သား ... တိုးတိုး ဘာဖြစ်လို့လဲ အထိတ်တလန့်နဲ့"

"ဒီမှာလေ ... မာမာရဲ့ ... ဦးဦးဇေယျလေ ... ဦးဦး ဇေယျ ပြန်လာပြီလေမာမာရဲ့"

မခင်နှောင်းလက်ကို အတင်းတိုးတိုးကဆွဲကာ မြင်



သာအောင် ကိုဇေယျနှင့်မျက်နှာချင်းဆိုင်ဖြစ်အောင် ... ဆွဲကပ်ပေးလိုက်သည်။

ကိုဇေယျမျက်နှာကို ခင်နှောင်းမြင့်ရပြီ။

မခင်နှောင်းမျက်နှာကို ကိုဇေယျမြင်ရပြီ။

သို့သော် အတန်ကြီးကြာအောင် စကားလုံးတွေထွက်မလာ ... တစ်ယောက်ကိုတစ်ယောက်ကြောင်ကြောင်ငေးငေးကြီးသာ ကြည့်နေမိကြပါ၏။

မမျှော်လင့်သော ပြန်လည်ဆုံခြင်းပေကိုး

ကိုဇေယျသည် တိုးတိုးကိုချီရာမှ အောက်ချသည်။ ဆွဲခြင်းကိုလည်းချထားပြီး မခင်နှောင်း၏ ကိုယ်လုံးလေးကို သူ၏ရင်ခွင်ကြီးထဲခန့် တအားကြီးဆွဲသွင်းပြီး တအားကြီးကိုဖက်ထားလိုက်တော့သည်။

မခင်နှောင်းကလည်း ဝမ်းသာကြည်နူးခြင်းများစွာဖြင့် ကိုဇေယျကို ပြန်ဖက်ထားလိုက်သည်။

ပါးချင်းကပ်ထားသည် ဤကပ်ထားသောပါးနှစ်ခုကြားသို့နှင်းမှုန်မတိုးနိုင်၊ လေပြေလေညှင်းပင် မတိုးနိုင်။

"နှောင်း"

"ကိုဇေယျ"

"ကိုယ် ... နှောင်းဆီပြန်လာပြီလေ"

"အရမ်းကြီးကို ဝမ်းသာတာပေါ့"

စကားပြတ်သွားပြီ ပို၍တိုး၍တစ်ယောက်ကို တစ်ယောက်ကျစ်ကျစ်ပါ ဖက်ထားကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကောင်လယ်လေး တိုးတိုးသည် လှစ်ခနဲ ဤအနားမှ တခြားသို့ထွက်သွားသည်။

ဦးလေး ပိုပိုကို နှင်းမှုန်တွေကြားတွင် လိုက်ရှာပြီး ဦးဦးဇေယျ ပြန်လာကြောင်း အားရပါးရပြောရပေဦးမည်။

"ကိုဇေယျ ထောင်မကျဘူးပေါ့နော်"

"ထောင်တော့မကျဘူး၊ အမှုစစ်ကာလအတွင်း အချုပ်ထဲမှာ ဆယ်လနေခဲ့ရတယ်၊ စိမ်းကသူကိုယ်တိုင်က သေနတ်နဲ့ပစ်တာ မဟုတ်ပါဘူး၊ သေနတ်လုရင်း အလိုလိုကျည်ဆန်ထွက်သွားပြီး သူ့ကိုထိမှန်သွားတာပါလို့ ထွက်ဆိုပေးတယ်"

"ဒါဆိုလည်း အဲဒီစိမ်းက ဘယ်ဆိုးလို့လဲ"

"အင်း ... သူ့အကျိုးကိုယ့်အကျိုးဆိုပါတော့ ... စိမ်းက သူ့ရှေ့နေနဲ့ကိုယ့်ကိုတဆင့်ညှိတယ် သူအဲဒီလိုထွက်ဆိုပေးမယ် အဲဒီအတွက် လင်မယားအပြတ်ကွာရှင်းစာချုပ်မှာ ကိုယ်က တရားဝင်လက်မှတ်ထိုးပေးရမယ် ဒုတိယအချက်က စိမ်းနဲ့ကိုယ်နဲ့ လက်ထပ်ပြီးမှ လက်ထက်ပွားပစ္စည်းမှန်သမျှ သူ့ကို အားလုံးတရားဝင်လွှဲအပ်ပေးရမယ်လို့ ညှိတယ် အဲဒါကိုယ်ကသဘောသူခေါင်းညိတ်လို့ ကိုယ့်ကို တရားရုံးမတင်တော့ပဲ အမှုအလိုလိုပြီးသွားတယ် ... အမှုပြီးသွားအောင်လည်း စိမ်းကဆောင်ရွက်ပေးတယ် ... တကယ်လို့ စိမ်းကအဲဒီအတွက်ဆိုမပေးရင် ... ကိုယ်တရားရုံးအတင်ခံရမယ် ... အထိုက်အလျောက် တရားရုံးကချမှတ်တဲ့ အပြစ်ဒဏ် ထောင်ဒဏ်တွေခံရမယ်၊ ကိုယ်ထောင်ကျသွားချိန်အတွင်း



စိမ်းအနေနဲ့ နှစ်ဦးပိုင်ပစ္စည်းကို ဘယ်လိုမှ ခွဲဝေလို့ မရဘူး... သူအဲဒီလို ထွက်ဆိုပေးတဲ့အတွက် နှစ်ဦးပိုင်ဆန်စက်နဲ့ ဆီစက်ကို သူ့ကိုလွှဲအပ်ပေးလိုက်တယ်"

"ဒါနဲ့တောင် ကိုယ်ကခင်နှောင်းဆီကို အကျိုးအကြောင်း လေးစာမရေးဘူးနော်"

"တမင်မရေးတာပဲ နှောင်း ကိုယ်နှောင်းဆီကို အခုလို မမျှော်လင့်ဘဲပြန်လာတာကို နှောင်းမြင်တာနဲ့ တအားကြီး ဝမ်းသာသွားစေချင်လို့ တမင်မရေးတာ"

"ကို ... ကိုဇေယျရယ် ... နှောင်းဝမ်းသာလိုက်တာ နှောင်း ကိုယ့်ကို သိပ်ချစ်တာ"

ယင်းအခိုက်မှာပင် တိုးတိုးနှင့်ပိုပို့တို့အပြေးအလွှား လေးရောက်လာကြသည်။

"ဦးဦးမော်တော်ဆိုင်ကယ်စီးမယ်လေ မော်တော်ဆိုင်ကယ် ကောဟင်"

"ရှိတယ် တိုးတိုးရဲ့ မာမာကို ဦးသိန္တတို့ နှိပ်စက်နေတုန်းက မော်တော်ဆိုင်ကယ်စီးပြီး ဦးဦးဝင်လာရင် ဦးဦးလာမှန်း သူတို့မော်တော်ဆိုင်ကယ်သံကြားမှာစိုးလို့ မိုးပျောက်တောထဲက ဂူကြီးတစ်ဂူထဲမှာ မော်တော်ဆိုင်ကယ်ကို ထားခဲ့တယ်"

"ဒါဆို ... သွားယူကြမယ်လေ"

"အေး ... နေပွင့်လာပါစေဦး ... နေပွင့်မှ အိမ်ကမြင်းလှည်းနဲ့ မိုးပျောက်တောထဲက ဂူဆီကို အားလုံးသွားမယ်လေ

www.burmeseclassic.com

www.burmeseclassic.com



ဟိုကျရင် မော်တော်ဆိုက်ကယ်ယူပြီး ဦးဦးနဲ့တိုးတိုးက မော်တော်ဆိုင်ကယ်စီးပြီး ပြန်လာမယ် … မာမာနဲ့ ပို့ပို့က မြင်းလှည်းနဲ့ပြန်မောင်းလာကြတာပေါ့ … အဲဒါပျော်စရာမကောင်းဘူးလားကွာ"

"ဟာ … အရမ်းအရမ်းကြီးကို ပျော်စရာကောင်းတာပေါ့"

တိုးတိုးနှင့် ပို့ပို့သည် ပြိုင်တူကောင်းကင်သို့မော့ကြည့်ပြီး ပြိုင်တူပင် အော်၍ပြောလိုက်ကြလေသည်။

"နေမင်းကြီးရယ် မြန်မြန်ပွင့်ပါတော့"

လွင်သော ချိုသောအသံလေးနှစ်ခုဖြင့် အော်၍ ဆုတောင်းလိုက်သည့်မှာ ကြည်နူးစရာအပြည့်ပါတဲ့ကွား။

နားကြပါဦးစို့ …

တက္ကသိုလ်တင်မြင့်

www.burmeseclassic.com